www.burmeseclassic.com

စိုးမိုးစာပေ

# ပျူး

အဲဒီည လမင်းလည်း ဒီဂျေနဲ့က
တိမ်တွေလည်းစပန်းနှစ်ဂီတထဲစီးဝင်
ရင်ခွင်လည်းနွေဦးအဝင်စောခဲ့ပြီ

ဂီတထဲစီးဝင် ရင်ခွင်လည်းနွေဦးအဝင်စောခဲ့ပြီ

SHWE KYI

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၀၁၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၀၀၃၁၂
အဖုံးဒီဇိုင်း - Idea Kyaw & Kyaw Oo
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မြန်မာစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အုတ်ကြီးမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဝေ
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ချူး
[illegible]
ချူး၊ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၀ - စာ၊ ၀၂ × ၁၈ စင်တီ။
(၁)[illegible]

## အခန်း (၁)

လေဆိပ်တာဝါထဲက ထွက်လိုက်သည်နှင့် ရှုရှိုက်မိသော အောက်စီဂျင်က စိတ်အာရုံကို ကြည်လင်လန်းဆန်းသွားစေသည်။

နှစ်ပေါင်းများစွာ ဝေးကွာနေပေမယ့် အမိမြန်မာပြည်၏ ရေမြေသည် ရို့(စ်) အတွက်တော့ နွေးထွေးနေခဲ့တုန်းပါပဲ။

နေခြည်ရင့်ရင့်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်နွေးနွေးက ရို့(စ်) မျက်နှာလေးကို ကျီစယ်သွား၏။ ရို့(စ်) ခေါင်းလေးမော့ကာ အသက်ကို ပြင်းပြင်းလေး ရှူပစ်လိုက်သည်။

တကယ့်ကို အရသာရှိလိုက်တာ။

နံဘေးပတ်ဝန်းကျင်ကိုတောင်မေ့ကာ ရို့(စ်) စိတ်လွတ်ကိုယ်လွတ်ကလေး ကြည်နူးလို့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာမဆန်သော ရှီ(စ်)ရဲ့ဝတ်စားဆင်ယင်မှုလေးက လှပသော ခန္ဓာကိုယ်လေးရဲ့ အလှတရားတွေကိုတော့ ထင်းထင်းရှင်းရှင်းလေး ပေါ်လွင်စေသည်။

ပေါင်လယ်ခန့်အထိပဲရှိသော အနီရောင်ဝတ်စုံအကျပ်လေးက ခန္ဓာကိုယ် ချပ်ချပ်ရပ်ရပ်လေးနှင့် ငေးကြည့်လောက်အောင် ကြည့် ကောင်းပါသည်။

ဖြူစင်ဝင်းညက်နေသော အသားအရေလေးတွေက ကြည်လင် ကာ အကျီလက်ပြတ်လေးကြောင့် လက်မောင်းသားလေးတွေက ဝင်းမွတ် နေသည်။ လည်တိုင်လေးက ပြည့်ပြည့်လေး ပလက်တီနမ်ကြိုးပျော့ပျော့ လေးပဲ ဆင်ထားတာမို့ ရှင်းရှင်းလေး ဖြစ်သည်။

မပေါ်ကနီရောင် ဆံပင်အခွေအလိပ်လေးတွေနှင့် မျက်နှာလေး က ချစ်စရာကောင်းသည်။ 'တော်ဝင်ရှီ(စ်)' ဆိုသော အမည်လေးနှင့် လိုက်ဖက်အောင် ရှီ(စ်) အလှတရားတွေက တော်ဝင်ဆန်ပါသည်။

မျက်ခုံးမျက်ဝန်းလေးတွေက နက်မှောင်တောက်ပသည်။ နု ညက်ပြီး အစက်အပြောက်ကင်းစင်သော ပါးပြင်လေးတွေက သွေးကြော စိမ်းစိမ်းလေးတွေကိုတောင် မြင်ရသည်အထိ ရှင်းသန့်ကြည်လင်လွန်း၏။

နှာတံလေးက ချွန်မြမြလေး။ ထောင့်ချိုးညီသော နှုတ်ခမ်းလေး တစ်စုံနှင့် မေးဖျားချွန်ချွန်လေး။ တော်ဝင်ရှီ(စ်)ရဲ့ လှပသော မျက်နှာလေး သည် စွဲမက်ဖွယ် အလှတရားတွေနှင့် ပြည့်ဝစွာ ရှိပါသည်။

အလှနတ်သမီးလေး ကြည်နူးလွတ်လပ်စွာ ပျော်နေတာကို





မိန်မိန် ကိုယ်တိုင်လည်း သတိလက်လွတ် ငေးကြည့်နေမိ၏။

ပြောရလျှင် ရှီ(စ်)ဆိုတာက မိန်မိန်နှင့် ညီအစ်မဝမ်းကွဲတော် ပါသည်။ ငယ်ပေါင်းသူငယ်ချင်းတွေဟုလည်း ဆိုနိုင်သည်။ တက္ကသိုလ် အတူကျောင်းတက်ပြီးတော့ ရှီ(စ်) အမေရိကားကို ထွက်သွားခဲ့တာ ဖြစ်သည်။

ဟိုမှာပဲ ပညာတွေသင်၊ ဖခင်ဖြစ်သူဘက်က ဆွေမျိုးတွေနှင့် နေနေခဲ့တာ ရှစ်နှစ်ကျော် ကိုးနှစ်ကြာသည်။

အခုတော့ ရှီ(စ်) မြန်မာပြည်ကို ပြန်ရောက်လာပါပြီ။

"ရှီ(စ်) ကားထဲဝင်တော့လေဟာ ဘွားက နင့်ကို လေဆိပ်က ကြိုခဲ့ပြီးတာနဲ့ နာရီဝက်အတွင်း အိမ်ကို အရောက်ခေါ်လာဖို့ ငါ့ကို မှာလိုက်တာဟ"

မိန်မိန့်သတိပေးစကားကို အပြုံးမျက်နှာလေးနှင့် ရှီ(စ်) ခေါင်း လေးငုံ့ကြည့်ပေမယ့် ခန္ဓာကိုယ်လေးကို ခုန်ဆွဆွလှုပ်နေတာက ရပ်မသွား သေးပါ။

"ခဏလေးပါ မိန်ရယ်၊ ငါ အခုမှ ဒီမြေကြီး ဒီရေ ဒီလေကို ရှူရှိုက်ခွင့်ရတာမို့ပါဟာ ခဏလေးနော် ပလိစ် ပလိစ်"

"နင်ကတော့လေ မတွေ့ရတာ ဆယ်နှစ်နီးပါးရှိပေမယ့် ဒီ အတိုင်းပဲ၊ ရင့်ကျက်လာမလား မှတ်တယ် ဘာမှမထူးဘူး၊ အရင် အချိုးအတိုင်းပါပဲလား ရှီ(စ်)ရယ်"

"ဒါ ငါ့စတိုင်ပဲလေဟာ အဟင်း ခစ် ခစ် မှုပိုင်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးဝင့် နှုတ်ခမ်းလေးတွန့်ကာ ရို(စ်)ဆိုတော့ မိန်မိန်ကားတံခါးမှာ လက်ထောက်ရပ်ရင်း ကြည့်နေမိသည်။

အမြဲတမ်း ရယ်မောပျော်ရွှင်နေတတ်သော ရို(စ်)သည် အခုလည်း ကလေးတစ်ယောက်အတိုင်းပဲ ဖြစ်သည်။

ရို(စ်)ကိုတော့ မိန်မိန် မနိုင်တာမှ လုံးဝ မနိုင်တာပါ။ မိန်မိန့်ဘဝမှာ ရို(စ်)ဗိုလ်ကျတာကို အမြဲတမ်း ခံယူနေကျမို့ ဒီလောက်ကတော့ စာမဖွဲ့လောက်ပါ။

ပြောရရင် ဘွားကိုယ်တိုင်က ရို(စ်)ကို အလိုလိုက် ချစ်တာ ဖြစ်သည်။ မိဘနှစ်ပါးစလုံး မရှိတော့ကတည်းက ရို(စ်)သည် ဘွားရင်ခွင်မှာပဲ ကြီးပြင်းခဲ့ရတာ ဖြစ်သည်။ မိဘတွေ ကားအက်ဆီးဒင့်ဖြစ်ကာ ဆုံးပါးကုန်တော့ ရို(စ်)သည် မိခင်ဖြစ်သူရဲ့အမေဖြစ်သော ဒီအဘွားနှင့်ပဲ ရှင်သန်ခဲ့သည်။

ဘွားကလည်း ရို(စ်)အဖော်ရအောင် မိန်မိန်ကိုပါ ခေါ်ယူမွေးစားကာ စောင့်ရှောက်ခဲ့တာဖြစ်သည်။

သားမက်ဖြစ်သူဘက်က ဆွေမျိုးတော်တွေက ရို(စ်)ကို အမေရိကားခေါ်ကာ သူတို့နှင့် ခဏအတူလာနေဖို့ခေါ်တော့ ဘွား ခွင့်မပြုချင်ဘဲ ပြုခဲ့ရရှာသည်။ အခုတော့ ရို(စ်) ဘွားရင်ခွင် ပြန်ရောက်လာပြီ။

"အား အမလေးဗျာ နာလိုက်တာ"

မိန် အတွေးလွန်နေတုန်း ရုတ်တရက် ကြားလိုက်ရသော အော်သံကြောင့် အထိတ်တလန့် လှည့်ကြည့်မိသည်။





ရို(စ်)ရဲ့အနောက်ဘက်က ယောကျ်ားတစ်ယောက် ခြေထောက်တစ်ဖက် ခုန်ဆွ ခုန်ဆွလုပ်ကာ မျက်နှာကြီး ရှုံ့မဲ့နေသည်။ ရို(စ်)တစ်ယောက်ကတော့ ဘာပြဿနာရှာလိုက်ပြန်ပြီလဲမသိပါ။

"ဆောရီး ဆောရီးနော် ရှင့်ခြေထောက်ကို ရို(စ်) တက်နင်းသွားမိတယ်ထင်တယ်၊ ဆောရီးပါ"

ရို(စ်) တောင်းပန်နေသည်။ မိန်မိန်ကတော့ ရင်ထိတ်ချင်နေပြီ။ အပျော်လွန်ကာ ခုန်ဆွနေသည့် ရို(စ်)ရဲ့လေဒီရှူးဒေါက်ဖိနပ်နှင့် အနင်းခံလိုက်ရသောသူကတော့ အတော်နာသွားမှာ သေချာသည်။

မျက်နှာကြီးရှုံ့မဲ့ကာ ဝေဒနာကို ခံစားနေရပုံက မသက်သာလှပါ။

"ခင်ဗျားဗျာ အားပါးတရ တက်နင်းပြီးမှ တောင်းပန်ရသလား တစ်ခါတည်း အသေသတ်ပြီးမှ နာနပ်ယူပါတော့လားကွာ အ ကျွတ်ကျွတ်"

မကျေမနပ် မျက်ဝန်းတွေနှင့် ရို(စ်)ကို ခွန်းတုံ့ပြန်နေပုံက ယောကျ်ားတန်မဲ့ ရန်တွေ့သလိုမို့ ရို(စ်) မျက်ခုံးလှလှလေးတွေ စုကျုံ့သွား၏။

တကယ်ဆို မတော်တဆတက်နင်းမိတာလေးကို အော်လိုက်တာမှ မြွေပေါက်လိုက်သည့်အတိုင်း။ ရုပ်လေးကဖြူးလျက်နှင့် မျက်နှာကြီး မဲ့ရှုံ့ထားတာက အမြင်ကပ်စရာကောင်းသည်။ အခုထိတောင် မပိသတ်နေတုန်းမို့



www.burmeseclassic.com

www.burmeseclassic.com



''ရှင် တော်တော်နာသွားလား''

စေတနာနှင့် စာနာမေးမိတာကို မျက်ခုံးထူထူတွေ တွန့်ချိုးကုပ်ကာ စူးစူးဝါးဝါး စိုက်ကြည့်ရင်း

''ခင်ဗျားလေး ဒေါက်ဖိနပ်ကြီးချွတ်ပြီး ကိုယ့်ခြေထောက်ကို ပြန်ရိုက်ကြည့်ပါလား၊ ကလေးမဟုတ် သူငယ်မဟုတ် ကစုန်ပေါက်ပြီး အားကြီးနဲ့ တက်နင်းတာကိုး''

ပြောပုံက တကယ့်ဘု။ မျက်နှာချောချောက ဂျစ်ပေပေစတိုင်နှင့် မှုန်ကုပ်နေတာ လုံးဝမလိုက်ဘက်။ ဒီလို တုံ့ပြန်မှုမျိုးကို ရှီ(စ်)ဆိုတဲ့ သူမကလည်း တုံ့ပြန်ဖို့အသင့်။ ဒါပေမဲ့ အနားရောက်လာသော မိန့်မိန့်ကြောင့် ဘာမှပြန်မပြောလိုက်နိုင်ခဲ့ပါ။

''ကဲ လာပါ ရှီ(စ်)ရယ်၊ ကျွန်မ တောင်းပန်ပါတယ်နော်၊ ရှီ(စ်) နင့်အိမ်က စေ့စပ်ပွဲက နင် ပြန်မလာမချင်း အထမြောက်မှာ မဟုတ်ဘူးဟ''

မိန့်မိန့် သတိပေးမှ ရှီ(စ်) မျက်ခုံးလေးတွေ ပင့်တက်သွားကာ ကိုယ့်ကိုစောင့်နေကြမည့် ဘွားနှင့်ဧည့်သည်တွေကို သတိရတော့သည်။

''ဟုတ်ပါရဲ့ မေ့နေလိုက်တာ လစ်ရအောင်''

ပြောရင်း ကားတံခါးဖွင့်ဝင်ထိုင်ပြီးမှ ဒေါသအိုး ကိုလူချောကို ဆံနွယ်လေးတွေ ဆတ်ခနဲ ခါရမ်းလှည့်ကြည့်ကာ

''ဟေ့ ဆောရီးနော် နောက်ကြုံမှ အကြွေးပြန်ဆပ်မယ် အိုကေ''

မထိတရိလေးပြောပြီး နောက်ဖြစ်အောင် နောက်ပစ်လိုက်သေး





၏။ မိန့်မိန့်ကလည်း အလိုက်တသိ ကားလေးကို ဝေါခနဲ မောင်းထွက်လိုက်၏။

ကိုရွှေဒေါသအိုးလေး ပေါက်ကွဲကျန်ခဲ့မည်ထင်သည်။ ဒါပေမဲ့ ရှီ(စ်) စိတ်အာရုံတွေကတော့ ပတ်ဝန်းကျင်ရှုခင်းတွေကိုငေးကာ ဘွားကို အာရုံထဲမှာ မြင်လာ၏။ ဘွားနှင့်ပြန်ဆုံရမှာ ကြည်နူးစရာကောင်းပေမယ့် မြန်မာပြည်ကို ရောက်ရောက်ချင်း ကြိုစောင့်နေသည့် ပြဿနာထုပ်ကြီးကတော့ ဆိုးပါသည်။

''ရှီ(စ်) အိမ်ကပြဿနာကို နင် ဘယ်လိုရှင်းမှာလဲ''

ရှီ(စ်) စိတ်ကို မြင်သိနေပုံရသော မိန့်မိန့်ကလည်း ကားမောင်းနေရင်းမှ မမြို့သိပ်နိုင်ဘဲ မေးလာသည်။

ရှီ(စ်) နှုတ်ခမ်းလေးတွေမဲ့ ပခုံးလေးကို ဟန်ပါပါ တစ်ချက်တွန့်ပြီးမှ သဘောကျစွာ လက်ခနဲ ရယ်လိုက်သေး၏။

''ငါ့ဆီမှာ ဒီစေ့စပ်ပွဲကြီးပျက်စေဖို့ လက်နက်ကြီးတစ်ခု ပါလာတယ်၊ ငါ့ဘဝကို အိမ်ထောင်ဆိုတဲ့ အကျဉ်းထောင်ကြီးထဲမှာ ရေကျသလို မမြုပ်နှံနိုင်ဘူး၊ ငါက ငါ့ရဲ့အနာဂတ်မှာ လွတ်လပ်မှုကို အချိုးကျကျ အသုံးချသွားဖို့ စီစဉ်ထားပြီးသားလေ''

ရှီ(စ်) ပြောနေတာကို မိန့်မိန့် နားမလည်နိုင်သလို မျက်တောင်လေးတွေ ပုတ်ခတ်ပြီး တစ်ချက်လှည့်ကြည့်သည်။

''နင် ဘာတွေပေါက်ကရ လုပ်မလို့လဲ၊ ငါတော့ နင်တို့မြေး အဘွားနှစ်ယောက်ကို ခရီးရောက်မဆိုက် ကွိုင်မတက်စေချင်ဘူးဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘွားကလည်း နင့်ကို ယောကျ်ားပေးစားမယ့်အစီအစဉ်ကို လုံးဝ လက်လျှော့မှာမဟုတ်ဘူးနော်''

''အေးပါ ငါ သိပြီးသားပါ၊ ဘွား ဘာလို့ ငါ့ကို ယောကျ်ားပေးစားချင်သလဲဆိုတာ''

''ဘာလဲ နင်က ဘာသိတာလဲ''

''ဘွားက မသေခင် မြေးချွဲချင်နေတာလေ၊ ငါ သားသမီးတွေ ရသွားမှ သူနဲ့မြန်မာပြည်မှာ တစ်သက်လုံးနေမှာလို့ ယုံထားတာ''

''အေးလေ ဘွားက နင့်ကို မြန်မာပြည်မှာပဲ သူနဲ့အတူ တစ်သက်လုံးနေမှာလို့ ယုံထားတာ''

''အေးလေ ဘွားက နင့်ကို မြန်မာပြည်မှာပဲ သူနဲ့အတူ တစ်သက်လုံးနေစေချင်တာ၊ နင် ငြင်းလို့ မလွယ်ဘူးနော်''

မိန်မိန် စကားကို ပြုံးပြုံးလေးပဲ နားထောင်နေလိုက်မိသည်။ ဘွားရဲ့အိုင်ကျူလောက်တော့ ရို့(စ်)ကလည်း ကြိုမြင်ပြီးသားပဲလေ။

ရို့(စ်) ရောက်တာနှင့် စေ့စပ်ပွဲလုပ်ကာ မငြင်းနိုင်အောင် အပိုင်စီစဉ်သည်။ ဒါပေမဲ့ ဒီစေ့စပ်ပွဲက အထမမြောက်မှာ ရို့(စ်) တစ်ယောက်ပဲ သိပါသည်။

တော်ဝင်ရို့(စ်) ဆိုတာကလည်း ဘွားရဲ့မြေးပဲလေ။

■ ■ ■



## အခန်း (၂)

ယယ်စဥ်ကတည်းက ကိုယ်နေထိုင်ကြီးပြင်းခဲ့သည့် အိမ်ကြီးက နှစ်လိုဖွယ် ဆီးကြိုနေသည်။ ယခင်ကထက်ပင် အဆောင်အယောင် အသစ်အဆန်းတွေဖြင့် ပို၍ ခမ်းနားထည်ဝါနေ၏။

အိမ်ကြီး၏ခြပ်မဲ့အထိအတွေ့တွေက နိုးအီမသွားပါ။ ယယ်စဥ်က အငွေ့အသက်အတိုင်း ရင်းနှီးနေဆဲ။

ဧည့်ခန်းအဝကို ဝင်လိုက်သည်နှင့် သင်းထုံချိုအီသော ပန်းရနံ့တို့က ရို့(စ်)ကို ဆီးကြိုနှုတ်ဆက်သည်။

မျက်ဝန်းလေးတွေ မှေးစင်းပြီး ကြိုင်လှိုင်သင်းပျံ့သည့် ပန်းရနံ့တို့ကို လောဘတကြီး ရှူရှိုက်မိသည်။

''မြေးလေး ရို့(စ်)''



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းကျယ်ကြီးထဲတွင် ညှော်သည်များဖြင့် ထိုင်နေသော ဘွားကိုတွေ့ရသည်။ ရို့(စ်)ကိုတွေ့တော့ ဝမ်းသာလှိုက်ဖိုမှုဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။ ဘွားအသံက စိတ်လှုပ်ရှားမှုကြောင့် အနည်းငယ်ပင် တုန်ခါနေ၏။

ရို့(စ်)လည်း ကြည်နူးပျော်ရွှင်မိတာ အမှန်။ ပီတိမျက်နှာကြီးဖြင့် ဆီးကြိုနေသော ဘွားဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားမိသည်။ ဘွား၏မျက်နှာက ဝတ်ထားသော စိန်တွေနှင့်အပြိုင် လင်းလက်နေ၏။

ဘွားရင်ခွင်ထဲသို့ ကလေးငယ်တစ်ယောက်လို ခေါင်းတိုးနိုဝင်လိုက်မိသည်။ မေတ္တာတရားတွေ ပြည့်နှက်နေသည်။ ဘွားရင်ခွင်က ရို့(စ်)အတွက် အိစက်နွေးထွေးနေသည်။

မိဘတွေ မရှိတော့သည့်နောက်ပိုင်းမှာ ရို့(စ်)က ဘွားရင်ငွေ့ဖြင့် အသက်ရှင်ခဲ့ရသူဖြစ်သည်။ ဘွားရဲ့မေတ္တာတရားတွေကို ရို့(စ်) အပြည့်အဝ ခံစားနားလည်မိပါသည်။

"အို မြေးရယ်၊ တကယ့် နိုင်ငံခြားသူကြီးလို ခေတ်ဆန်ပြီး လှလာလိုက်တာကွယ်"

ပြည့်တင်းနုမွတ်နေသော ရို့(စ်)မျက်နှာလေးကို လက်ကလေးနှစ်ဖက်ဖြင့် ပင့်မော့ဆွဲယူရင်း ပြောသည်။ ဘွား အသံလှိုင်းတွေက ပီတိတွေဖြင့် တုန်ခါနေ၏။

ဘွားအေနှင့်မြေး အလွမ်းသယ်နေကြပုံကို ညှော်ပရိသတ်တွေက အပြုံးမျက်နှာတွေဖြင့် ကြည့်နေကြသည်။ ဂုဏ်ယူဝံ့ကြွားဟန်အပြည့်ပါသောအကြည့်ဖြင့် ထိုသူတွေကို ဘွားက လှမ်းကြည့်လိုက်၏။

"ကဲ ကိုဖေဇော်မြင့်နဲ့ မခင်ထိပ်ထားတို့ရေ မြေးလေး ရောက်လာပြီဖြစ်တဲ့အတွက် ကလေးတွေရဲ့စေ့စပ်ပွဲလေး စလိုက်ကြရအောင်ကွယ်"

ဘွားက စေ့စပ်ပွဲစတင်ဖို့ စကားစလိုက်သည်။ ဦးဖေဇော်မြင့်က ဘွားစကားကို တရိုတသေဖြင့် တုန့်ပြန်ပြောဆို၏။

"ဟုတ်ကဲ့ မာမီကြီး အရင်ဆုံး သားနဲ့သမီးကို မိတ်ဆက်ပေးလိုက်ရအောင်"

ဦးဖေဇော်မြင့်က ရို့(စ်)နှင့် သူ့ဘေးမှာထိုင်နေသော သားဖြစ်သူကို ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး

"သူက ဦးရဲ့တစ်ဦးတည်းသော သား မြတ်သူရ ပါ၊ သမီး"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ကိုမြတ်သူရ၊ ကျွန်မက ရို့(စ်)ပါ"

ရို့(စ်) ကြည်လင်ဆုံးအပြုံးဖြင့် ပြန်လည်နှုတ်ဆက်လိုက်၏။ ရို့(စ်)၏ဟန်ပန်က ရှက်ရွံ့ခြင်း၊ မဝံ့မရဲဖြစ်ခြင်း လုံးဝမရှိ။ သမားရိုးကျမိတ်ဆွေတစ်ယောက်ကို မိတ်ဆက်ရသလိုပင်။

ပေါ့ပါးသွက်လက်ကာ ရဲတင်းလွန်းနေတာကို မြတ်သူရ သတိထားမိမှာ သေချာသည်။

"ရို့(စ်) ဆိုတဲ့ နာမည်က ကျွန်တော့်ဘဝထဲကို နိုဝင်နေခဲ့တာ







www.burmeseclassic.com

www.burmeseclassic.com



ကြာပါပြီ၊ လှချင်းသာ အခုမှ တွေ့ဖူးတာပါ၊ ကြားထဲမှာ မတွေ့ဖြစ်ခဲ့တဲ့ ကုန်လွန်ခဲ့တဲ့အချိန်တွေကို နှမြောမိတယ်ဗျာ''

အလှဲ့ ဘယ်ဆိုးလို့လဲ၊ မြတ်သူရ ဆိုတဲ့လူက ရုပ်ကသာ ပုံမလာတာ အပြောအဆိုက ယဉ်ကျေးသိမ်မွေ့သား။ ကဗျာတစ်ပုဒ် ရွတ်ပြသလို ညက်ညောနေ၏။ ရို့(စ်)စိတ်ထဲမှာ ခပ်ကျိတ်ကျိတ် ဝေဖန်ပြုံးလေး ပြုံးမိသည်။

ဒီအခြေအနေရောက်မှတော့ ရို့(စ်) ကိုယ်ရေးလာတဲ့ ဇာတ်ညွှန်းကို ဖွင့်ချပြရတော့မှာပေါ့။

ဘွားနှင့်တကွ ညေ့ခန်းထဲရှိ ဦးဖေဇော်မြင့်တို့ ဇနီးမောင်နှံနောက်ပြီး အပြောကောင်းလွန်းသော မြတ်သူရ၊ တခြားဧည့်သည်လေးဦးတို့ကို ဝေ့ဝဲကြည့်လိုက်မိသည်။

မိန်မိန်က ညေ့ခန်းထောင့်တစ်နေရာရှိ စန္ဒရားခုံမှာထိုင်ကာ ရို့(စ်)ကို အသေအချာ အကဲခတ်နေ၏။ ရို့(စ်)ရဲ့ လျှို့ဝှက်ချက် ဘာလဲ ဆိုတာ သူမလည်း သိချင်နေမှာပေါ့။

''ဘွား စီစဉ်တဲ့ ခေ့စပ်ပွဲလေး မစခင်မှာ ရို့(စ်) ဘွားဆီမှာ ဝန်ခံစရာတစ်ခုရှိပါတယ်၊ ရို့(စ်) ဘွားမသိအောင် အပြစ်တစ်ခု လုပ်ခဲ့မိပါတယ်''

ရို့(စ်) ပြောပြောဆိုဆို ဘွားဘေးမှာ ထိုင်နေရာမှ ထလိုက်၏။ မွေးပွကော်ဇောပေါ်သို့ ခပ်ကျုံ့ကျုံ့လေး ဆင်းထိုင်လိုက်သည်။

အားလုံးငြိမ်သက်သွားကြသည်။ ရို့(စ်)ကို တအံ့တဩ ငိုင်းကြည့်





နေကြ၏။ ဘွားကိုယ်တိုင် ဘာတွေ စတာန့်ထွက်နေပြန်ပြီလဲ ဆိုတာမျိုးဖြင့် ငုံ့ကြည့်နေရှာ၏။

''ဒီလောက်လိမ္မာတဲ့ ဘွား မြေးလေးက ဘွားမသိအောင် ဘာတွေများ လုပ်ခဲ့လို့လဲကွယ်၊ ဘွားကို မြန်မြန်ပြောစမ်းပါ၊ ရင်တွေထိတ်လွန်းလို့ပါ''

ဘွားက ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း မေးသည်။ ဘွား၏ မျက်ဝန်းအစုံမှာ စိုးရိမ်ပူပန်ခြင်းတွေ တွဲခိုနေတာ ရို့(စ်) မြင်လိုက်ရသည်။

တောင်းပန်ပါတယ် ဘွား။ ဘွား လိုချင်တဲ့ဘဝမျိုးကို မဖန်တီးပေးနိုင်တဲ့ မြေးကို ခွင့်လွှတ်ပါလို့ စိတ်ထဲမှပဲ တောင်းပန်လိုက်သည်။

''လွန်ခဲ့တဲ့ နှစ်လလောက်က မြေး ဟိုဘက်တိုင်းပြည်မှာ ဒန်ဆာမော်ဒယ်တစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တယ် ဘွား''

''အလို ဘုရား ဘုရား''

''ဟင်''

''အို''

ဘွား၏ တအံ့တဩ ရေရွတ်သံနှင့်အတူ အာမေဋိတ်သံတွေ ဆူညံစွာ ပေါ်ထွက်လာသည်။ ဘွား မျက်နှာချက်ချင်း သွေးဆုပ်ဖြူလျော့သွား၏။

''ခွင့်လွှတ်ပါ ဘွား၊ ဒီကိစ္စကို ဘွားဆီ လှမ်းအသိပေးမလို့ စီစဉ်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ ကယ်လ် ကယ်လ်ဗင် ရုတ်တရက် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့တယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြခြင်း မျက်နှာများပေါ်သို့ အုံ့သြခြင်းအလွှာတစ်လွှာ ထပ်မံလွှမ်းခြုံသွားသည်။

"ဒါ ဒါဆို ငါ့မြေးက မုဆိုးမ ဖြစ်သွားရပြီပေါ့"

ဘွားအသံက အပြစ်တင်လိုသော အသံမျိုးမဟုတ်။ ရို့(စ်) အပေါ် စာနာနားလည်သော သဘော။ သနားကရုဏာဖြစ်သော အသံမျိုးသာဖြစ်သည်။

မြတ်သူရ အီလည်လည် မျက်နှာမျိုးဖြင့် ရို့(စ်)ကို လှမ်းကြည့်သည်။

နတ်မိမယ်လေးတစ်ယောက်ကို ပိုင်ဆိုင်ရတော့မယ်ဆိုသည့် အပျော်တွေ ပီတိတွေ လိုချင်တပ်မက်မှုတွေ သူ့အာရုံမှာ လွင့်ပျောက်ကုန်မှာ သေချာ၏။

မျှော်လင့်ချက်တွေ ဖရိုဖရဲဖြင့် စိတ်ပျက်နေတာက မျက်နှာမှာ အထင်းသား။ ဦးဖေဇော်မြင့်နှင့်ဒေါ်ခင်ထိပ်ထားတို့လည်း မျက်နှာတွေ ပျက်ယွင်းနေကြသည်။ ဘာပြောလို့ ဘာဆိုရမှန်းတောင် မသိအောင် အနေခက်နေကြ၏။

ညွှီ့သည်တွေကတော့ ခပ်ဆိတ်ဆိတ် ငြိမ်သက်နေကြသည်။ ဇာတ်ပွဲ ဘယ်လိုအဆုံးသတ်မလဲဆိုတာ သိချင်စိတ်ပြင်းပြသော မျက်နှာတွေဖြင့် အကဲခတ်နေကြ၏။

မိန်မိန်ကတော့ ရို့(စ်)ကို နားလည်နိုင်သော အကြည့်ဖြင့် ခပ်ဝေးဝေးက လှမ်းကြည့်နေသည်။





"အောင်မလေး မြေးရယ် ဘာလို့ ဘွားကို စောစောစီးစီး မပြောရတာလဲကွယ်၊ ခုတော့ မောင်ဖေဇော်မြင့်တို့ဇနီးမောင်နှံနဲ့ မြေးလေး မြတ်သူရကို ဘွား ဘယ်လိုမျက်နှာမျိုးနဲ့ တောင်းပန်ရမှာလဲ၊ ဘယ်မိဘ ကရော သူတို့သားကို အသစ်စက်စက် မုဆိုးမလေးနဲ့ ပေးစားချင်မှာလဲ၊ ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ"

ရို့(စ်) ခေါင်းတောင် မဖော်ဝံ့တော့သော ပုံစံဖြင့် ဘွားရှေ့မှာ ခပ်ကျုံ့ကျုံ့လေး ထိုင်နေလိုက်သည်။ ဒီအချိန်မှာ ဘွားပေးသော အပြစ်ကို ခံယူဖို့ ရို့(စ်) ပြင်ဆင်ထားပြီးသား။

"နောက် နောက်ပြီး ရို့(စ်) ပြောစရာ ကျန်သေးတယ် ဘွား၊ အခု ရို့(စ်) ရို့(စ်)မှာ ကိုယ်ဝန်ရှိချင်သလို ဖြစ်နေပြီ"

"ဟင် တကယ် တကယ်ပြောနေတာလား မြေး"

အဆိုးထဲမှ အကောင်းဟူသော ခံစားမှုမျိုးဖြင့် ဘွား မျက်နှာ ဝင်းထိန်သွားသည်။

မသေခင် မြေးချီရတော့မည်ဆိုသည့် ဝမ်းသာမှုကြောင့် ပြုံးရောင်ပင်ခပ်သန်းသန်း ဖြစ်သွားရှာ၏။

ဦးဖေဇော်မြင့်တို့ မိသားစု ဆက်ပြီး မနေသင့်တော့ဘူးဆိုတာ သဘောပေါက်သွားသည်။ သားဖြစ်သူ မြတ်သူရကို ပြန်ကြဖို့ မျက်ရိပ်လှမ်းပြနေ၏။

ကျန်သော ညွှီ့သည်တွေပါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ထပြန်ရန် ဟန်ပြင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားကလည်း အကင်းပါးပါသည်။ ရို့(စ်) ကိစ္စကို ဆက်မပြော တော့တဲ ရပ်ထားလိုက်သည်။ ခုအခြေအနေမှာ စေ့စပ်ပွဲကိစ္စက ဖျက်သိမ်း ဖို့သာ ရှိတော့သည်။ ဘွား အရှိန်ယူသလို ချောင်းတစ်ချက်ဟန့်လိုက်၏။

"အဟမ်း အခြေအနေကတော့ လုံးဝ ထင်မှတ်မထားဘဲနဲ့ ပြောင်းလဲသွားပြီ မောင်ဖေဇော်မြင့်နဲ့ မခင်ထိပ်ထားရေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေရှေ့မှာခေါ်ပြီး မင်းတို့မိသားစုကို အရှက်ခွဲသလို ဖြစ်သွားတယ်ကွယ်၊ ဘွား မင်းတို့ကျေနပ်အောင် ဘယ်လို တောင်းပန် ရမလဲဆိုတာ မသိတော့ပါဘူးကွယ်"

အရှိန်အဝါတွေ စည်းစိမ်ဥစ္စာတွေနှင့် ကြီးမြတ်လှသော ဘွား၏ တောင်းပန်တိုးလျှိုးသံကို ဦးဖေဇော်မြင့်တို့မိသားစု မခံယူဝံ့ကြပါ။

"ကံကြမ္မာက ဖန်တီးလာတာပဲ မာမီကြီးရယ်၊ ကျွန်တော်တို့ စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားပါဘူး၊ မာမီကြီး စိတ်သက်သာသလို နေပါ၊ ဆွေမျိုးမတော်ကြရပေမယ့် မာမီကြီးကို ကိုယ့်မိဘလိုပဲ သဘော ထားပါတယ်"

"ဟုတ်ပါတယ် မာမီကြီးရယ်၊ ကျွန်မတို့ကို သွားခွင့်ပြုပါဦး"

"အေးကွယ် အေး မာမီကြီး မင်းတို့စကားကြားရတာ ဝမ်းသာ ပါတယ်"

ဦးဖေဇော်မြင့်တို့မိသားစုနှင့် ဧည့်သည်တွေ ပြန်ဖို့ ထိုင်ရာမှ ထလိုက်ကြသည်။ မြတ်သူရ နှုတ်မြော်တသနေသလို မထချင်ထချင်ဖြင့် လေးပင်စွာ ထလိုက်သွားသည်။





တကယ်ဆို ချောမောလှပလွန်းသည့် ရို့(စ်)ကို ပစ်ခွာဖို့ဆိုတာ မြတ်သူရ မတွေးမိပါ။ နုနုထွတ်ထွတ် မုဆိုးမလေး ဖြစ်နေပေမယ့် လက် ထပ်နိုင်ပါသည်။

ခုချက်ချင်းကြီး မရမက လက်ထပ်ပေးပါလို့ ပြောရလောက် အောင် ကိုယ်က မိန်းမမမြင်ဘူးသူမဟုတ်။ ကိုယ့်မိဘဂုဏ်သိက္ခာနှင့် ကိုယ့်ဂုဏ်သိက္ခာကို ငဲ့ကွက်နေရခြင်း ဖြစ်သည်။

ဧည့်ခန်းထဲမှာ ထွက်ခံ့ဆဲဆဲ ရို့(စ်)ကို နှုတ်မြော်တသစွာ တစ်ချက် ငဲ့ကြည့်မိသည်။ လေပူတစ်ချက် ရှိုက်ထုတ်ရင်း လှမ်းထွက်ခဲ့သည်။

မြတ်သူရရဲ့ အကြည့်တွေက ရို့(စ်)အပေါ် လိုလားနေဆဲဆိုတာ ရို့(စ်) သိနေပါသည်။ ဒါပေမဲ့ မိမိလုပ်ရပ်အတွက် ရို့(စ်) နောင်တမရမိပါ။

ရို့(စ်)ကို အပြစ်မမြင်တဲ့အတွက် ဘွားကို ကျေးဇူးတင်မိပါသည်။ ဘွား ရင်ခွင်ထဲ ခေါင်းတိုးဝင်မိတော့ ရို့(စ်) ဆံစနုနုလေးတွေကို ပွတ်သပ် ချော့မြူပေးနေသည်။

အရေးအကြောင်းထနေသည့် ဘွား လက်ချောင်းလေးတွေကို ကြည့်ပြီး ဘွားရဲ့မေတ္တာတရားတွေကို ပိုနားလည်လာမိ၏။ ဘွားရယ်ဟု ရေရွတ်ရင်း ဘွားလက်ချောင်းတွေကို ရို့(စ်) ဆုပ်ကိုင်မိတော့ ဘွားက အရည်လဲ့သော မျက်ဝန်းတွေဖြင့် ပြုံးပြသည်။

ရို့(စ်)ရင်ထဲမှာ ဝမ်းနည်းဝမ်းသာ ခံစားမှုနှစ်မျိုးစလုံး တပြိုင် တည်း ခံစားမိသည်။ ဝမ်းနည်းမိတာက ဘွားကို စိတ်ဒုက္ခပေးမိတဲ့အတွက် ဝမ်းသာမိတာက စေ့စပ်ပွဲပျက်သွားတဲ့အတွက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဆိုသည့် အနှောင်အဖွဲ့တွေကို ရို့(စ်) မုန်းတီးမိသည်။ အချစ်ဆိုတာ ရို့(စ်)အတွက်တော့ ကြားဖူးနားဝ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လိုပါပဲ။ ယောက်ျားတွေကို စိတ်ဝင်စားဖို့ခံစားမှုမျိုး မရှိသေးတာတော့ သေချာသည်။

ရှိလည်း မရှိချင်ပါ။ လွတ်လပ်စွာ နေရသည့် ဘဝလေးကိုပဲ ခင်တွယ်မိပါသည်။

အချစ်ဆိုတာ တစ်စုံတစ်ဦး၏လွတ်လပ်ခွင့်ကို တစ်စုံတစ်ဦးက သိမ်းပိုက်လိုက်သောအရာဟု ရို့(စ်) ခံစားနားလည်မိပါသည်။ ဘွားရဲ့ မေတ္တာရိပ်အောက်က ဘဝလေးကိုပဲ ရို့(စ်) နှစ်သက်မိသည်။

ဒါကြောင့် ဓေ့စပ်ပွဲပျက်စေမယ့် လိုအပ်ချက်တစ်ခုကို ဘဝနှင့်ရင်းပြီး ပေးဆပ်လိုက်တာပါ။

တိုးတက်နေသော နည်းပညာခေတ်ကြီးထဲမှာ ယောကျ်ား မယူဘဲ သားသမီးရရှိနိုင်သည့်နည်းလမ်းတွေ ရှိနေသည်ပဲ။

သိပ်မကြာတဲ့ အနာဂတ်မှာ ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ရတော့မည်။ ဘွားလည်း ကျေနပ်ပျော်ရွှင်လိမ့်မည်ဟု ရို့(စ်) တွေးထင်မိပါသည်။ ရို့(စ်) ပြုံးမိပါသေး၏။

ဘယ်လောက် ရင်ခုန်စရာကောင်းလိုက်ပါသလဲ။

■ ■ ■



အခန်း (၃)

"နင် ဘာတွေလျှောက်လုပ်နေတာလဲ ရို့(စ်)ရယ်၊ ငါတော့ အံ့ဩလွန်းလို့ ဘယ်လိုအပြစ်တင်ရမလဲတောင် မသိတော့ဘူး"

မိန့်မိန့် ခပ်ညည်းညည်းလေး ပြောလိုက်သည်။ လက်ကလည်း အငြိမ်မနေပါ။ ရို့(စ်) အဝတ်အစားသေတ္တာထဲမှ အဝတ်အစားတွေကို နံရံကပ်ဗီရိုကြီးထဲသို့ ပြောင်းထည့်နေသည်။

ဆံပင်တွေကို သားရေကြိုးပျော့လေးဖြင့် စုစည်းနေရင်း ရို့(စ်) အလိုမကျစွာ နှုတ်ခမ်းဖူးဖူးလေးကိုစူ၍ ပြောလိုက်သည်။

"ငါမှ ယောကျ်ားမယူချင်တာ မိန့်ရယ်၊ ဘွားကို လွန်ဆန်ဖို့ ဆိုတာက ငါ့မှာ ရွေးချယ်စရာ ဒီနည်းလမ်းပဲရှိတယ်လေ"

"ဟဲ့ ယောကျ်ားမယူချင်တာနဲ့ ဒီလို ရူးကြောင်ကြောင်အလုပ်ကို လုပ်ခဲ့စရာလား၊ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ ဆန့်ကျင်နေတဲ့ကိစ္စကြီး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ အပျိုတစ်ယောက်က ဖန်ပွင့်သန္ဓေသားယူတယ်ဆိုတာ ဒီမှာ ရှိမှ မရှိဘဲ"

"ဒါတွေကို ငါ ကြားတွေ့ပြီးသားပါ၊ နင် ဘာကိုစိတ်ပူတယ်ဆိုတာ ငါ သိပါတယ်၊ ပတ်ဝန်းကျင်က ပြစ်တင်တာကို ငါ လုံးဝ ဖီးလ်မရှိဘူး။ ယောက်ျားယူဖို့ဆိုတာကတော့ ဝေလာဝေးပဲလေ မှားစရာမရှိပါဘူး"

"ရှု(စ်) နင့်လုပ်ရပ်က မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဘယ်လောက် စုတ်ပြတ်သွားစေမယ်ဆိုတာ နင် နည်းနည်းမှ မစဉ်းစားခဲ့မိဘူးလား"

မိန့်မိန့် ပြောရင်းပြောရင်း ရှု(စ်)ရဲ့လုပ်ရပ်အတွက် တော်တော်လေး ခံပြင်းလာမိသည်။ သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ပေမယ့် လက်ပိုက်ကြည့်မနေနိုင်။

သူ့ရင်ထဲကို အချစ်ဝင်မလာသေးတာ။ ချစ်ရမယ့်သူ မတွေ့သေးတာကို ရှု(စ်) မသိသေး။ အချစ်ကို လုံးဝ စိတ်မဝင်စားဘူးဟု ခပ်မိုက်မိုက် ကြွေးကြော်နေပြန်သည်။ ဒီလို လုပ်ရပ်ကြီးလုပ်လာပြီးကာမှ ကိုယ်ချစ်တဲ့သူတွေ့ရင် ဘယ်လိုလုပ်မလဲ။

ဗိုက်ဖုံးဂါဝန် တကားကားနှင့် ဗိုက်ကြီးသည်တစ်ယောက်က ကျွန်မ အပျိုပါလို့ လိုက်ပြောလျှင် ဘယ်ယောက်ျားက ယုံမှာတဲ့လဲ။ ဒီ မိန်းမ ရူးနေပြီလို့ပဲ ပြောသွားမှာ သေချာသည်။

ရှု(စ်)က ခေတ်ပညာတွေ အများကြီးတတ်ပြီး ဘွဲ့တွေအများကြီး ယူလာတဲ့ မိန်းမတစ်ယောက်။ ရှေ့ရေးကို မစဉ်းစားဘဲနှင့် ဒီလိုလုပ်





လာတာ လိုက်မမီနိုင်တော့။

အတွေးအခေါ်တွေ အိုဗာဖြစ်နေပြီလား။ ဝေါက်နေပြီလား သံသယဝင်ချင်စရာကောင်းနေသည်။ ရှု(စ်) ဘေးမှာဝင်ထိုင်ပြီး ခုန မေးခွန်းကိုပဲ ထပ်မေးမိသည်။ ရှု(စ်)ပုံစံက ဘာမှမခံစားရသလို ခပ်အေးအေးပင်။

"ဒီမှာသာ အထူးအဆန်းဖြစ်နေတာပါဟယ် ဟိုမှာဆိုရင် အိမ်ထောင်မကျသေးတဲ့ အပျိုတွေ၊ ဖန်ပွင့်သန္ဓေသား ယူနေကြတာ တစ်ပုံကြီး၊ ဆင်းရဲလ်မားသားအဖွဲ့ဝင်တွေတောင် သီးသန့်ဖွဲ့ထားကြတာ"

"ဟဲ့ ရှု(စ်)ရယ် နင်ပြောတဲ့ ဆင်းရဲလ်မားသားအဖွဲ့ဝင်တွေဆိုတာ မြန်မာပြည်မှာ မရှိဘူး၊ နိုင်ငံခြားမှာပဲ ရှိတာလေ၊ ဘာလဲ နင်က ဒီမှာလည်း အဖွဲ့ဖွဲ့ချင်လို့လား"

"အင်း စဉ်းစားနေတာ"

ရှု(စ်) မိန့်မိန့်ကို တမင်စလိုက်သည်။ ကာယကံရှင်ဖြစ်တဲ့သူက ဘာမှမဖြစ်ရ သန္ဓေသားလွယ်ရမယ့်အရေးကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို့လည်း ထင်မှတ်မထားပါ။ ဒါကို မိန့်မိန့်က ကရုဏာဒေါသတွေ ဖြစ်နေတော့ ရယ်ချင်လာမိသည်။ ရှု(စ်)အပေါ်ထားသည့် စေတနာ မေတ္တာအတွက်လည်း ကျေးဇူးတင်မိပါသည်။

မိန့်မိန့် ခံစားမှုတွေ အနုံ့နှံ့မြင့်တက်လာသည်။ မျက်နှာပုံးကလေး ပြူးရင်း

"ငါတို့ မြန်မာမိန်းကလေးတွေ နင့်လို အရူးထတဲ့အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ လုပ်ကြမှာမဟုတ်ဘူး၊ သူတို့ဘဝမှာ သူတို့ချစ်တဲ့ ယောကျ်ားနဲ့ ပေါက်ဖွားလာတဲ့ ရင်သွေးတွေနဲ့ အနာဂတ်ကို လှပစေမှာ သေချာတယ်''

''အလဲ့ ပြောပုံက လန်းလှချည်လား မဆိုးဘူး နင် စာရေးဆရာမလုပ်ရင် အောင်မြင်နိုင်တယ်''

''မနောက်နဲ့ ငါ အတည်ပြောနေတာ''

ရွှတ်နောက်နောက် လုပ်နေသော ရို့(စ်)ကို မိန်မိန် မျက်စောင်းထိုးပြီး ဘုဆတ်ဆတ် ပြောသည်။ မိန်မိန်အသံက လိုတာထက် ပိုကျယ်သွား၏။

''ဟေ့ ရှူး စတော့(ပ်) စတော့(ပ်) ခြေသံကြားတယ်၊ ဘွားလာနေပြီလား မသိဘူး၊ ငါ့ကိစ္စကို ရှေ့ဆက်မပြောနဲ့တော့''

ရို့(စ်) လက်ညှိုးရှည်သွယ်သွယ်လေးကို နှုတ်ခမ်းဖူးဖူးစုစုလေး ရှေ့တွင် ထိကပ်ပြီး သတိပေးလိုက်သည်။

မိန်မိန် ဖက်ကလေးပုပြီး မျက်လုံးကလေး ပြူးသွားသည်။ ရို့(စ်) မိန်မိန်ကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ အခန်းတံခါးဆီသို့ ခြေသံဖွဖွနင်းကာ လျှောက်သွား၍ အပြင်မှ အသံကို နားစွင့်လိုက်သည်။

ကျိန်းသေပြီ။ တံခါးလက်ကိုင်ဘုကို ခပ်ဖြည်းဖြည်းဆွဲလှည့်ပြီး အပြင်ကို ငုံ့ကြည့်လိုက်သည်။ ဘွားကလည်း အခန်းရှေ့အရောက်နှင့်မို့ ရို့(စ်) မျက်နှာချင်းဆိုင်မိသွား၏။ ရို့(စ်) ပြုံးဖြီးဖြီးလေး ရယ်ပြရင်း





''အဟဲ ဘွား မအိပ်သေးဘူးလား''

ရို့(စ်) အမေးကို ဘွားက ချက်ချင်းမဖြေသေး။ မျက်မှန်ကို ပင့်တင်ပြီး တစ်ချက်လှမ်းကြည့်၍ အကဲခတ်သည်။ ပြီးတော့ မျက်ခုံးထူထူကြီးတွေကို စုကျုံ့လိုက်ပြီး

''မြေးရော မအိပ်သေးဘူးလား''

ဘွားအသံက အနည်းငယ် အေးစက်နေ၏။ နေ့လယ်က စေ့စပ်ပွဲကို သိပ်ပြီး အစာကြေသေးပုံမပေါ်။ ဆယ်နှစ်တာ ခွဲခွာသွားတဲ့ မြေးကို ခရီးရောက်မဆိုက် မဆူချင်လို့သာ မျိုသိပ်ထားလိုက်ရသည့်ပုံစံမျိုး။

ရို့(စ်) ဘာမှမပြောဖြစ်ဘဲ ဘွားကိုသာ စူးစိုက်ကြည့်နေမိသည်။ အလိုမကျသလို ဘွား သက်ပြင်းတစ်ချက် ရှိုက်ရင်း

''ခရီးပန်းလာတာကို မအိပ်သေးဘဲ ဘာတွေလုပ်နေတာလဲ''

''အိပ်တော့မှာပါ ဘွား။ မိန်မိန် ဗီရိုထဲကို ရို့(စ်) အဝတ်အစားတွေ ပြောင်းထည့်နေလို့ စောင့်နေတာ''

''အေး ဒါဆို ဘွား မြေးနဲ့ စကား ခဏပြောချင်တယ်''

''ဟုတ်ကဲ့ ဘွား ဒါဆို ဧည့်ခန်းထဲ သွားကြမယ်လေ''

''ဧည့်ခန်းထဲ ဆင်းမနေပါနဲ့တော့ မြေးအခန်းထဲမှာပဲ ပြောကြတာပေါ့''

ရို့(စ်) ခေါင်းလေးကို ဆတ်ခနဲ ညိတ်ကာ ဘွား လက်မောင်းသား ပျော့အိအိလေးကို ဖေးမတွဲခေါ်လိုက်သည်။

ဘွား ရို့(စ်) ခုတင်စွန်းတွင် စိတ်မသက်သာစွာဖြင့် ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရို့(စ်) ဘွားဘေး ခုတင်စွန်းမှာ ဝင်ထိုင်ပြီး အာရုံကို ဘွားမျက်နှာဆီ ပို့ထားလိုက်သည်။ ဘွားက သူနှင့်ပြောလျှင် စိတ်ဝင်စားမှ ကြိုက်သည်လေ။

"မြေး အိမ်ထောင်ကျခဲ့တယ်ဆိုတာ အမှန်ပဲလား၊ ဒါမှမဟုတ် မြတ်သူရကို လက်မထပ်ချင်လို့ တမင် လူကြားသူကြားထဲ ကိုယ့်သိက္ခာကို အကျခံပြီး ညာခဲ့တာလား"

ဘွား သံသယမေးခွန်းတွေ စတင်ပြီ။

"တကယ် အိမ်ထောင်ကျခဲ့တာပါ ဘွား၊ မြတ်သူရကို လက်မထပ်ချင်လို့ ညာခဲ့တာ မဟုတ်ပါဘူး"

"ဒါ ဒါဆို ကိုယ်ဝန်ရှိနေတာလည်း တကယ်ပေါ့"

ဘွား မေးခွန်းကြောင့် ရို့(စ်) မျက်နှာလေး နီမြန်းသွားရသည်။ ရို့(စ်) ဟိုမှာ အနေကြာခဲ့တယ်ဆိုပေမယ့် မြန်မာမိန်းကလေးတစ်ယောက်မို့ ရှက်ရွံ့စိတ်တော့ ဝင်မိပါ၏။

"ရှိ ရှိဖို့များတယ် ဘွား ဟိုက အသိဆရာဝန်တစ်ယောက်ကဖတော့ ရို့(စ်) ဖြစ်နေတဲ့လက္ခဏာက ကိုယ်ဝန်ရှိတဲ့ လက္ခဏာလို့တော့ မှတ်ချက်ချလိုက်တယ်၊ ရို့(စ်)လည်း မြန်မာပြည်ပြန်လာရမှာမို့ သူ့ဆီမသွားဖြစ်တော့ဘူး"

"ငါ့မြေးအတွက် ဘွား ဝမ်းနည်းရမှာလား ဝမ်းသာရမှာလားတောင် မသိတော့ပါဘူးကွယ်၊ ငါ့မြေးလေး ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရရှာတယ်"





ဘွားပြောရင်းဖြင့် မျက်မှန်လေးကိုမပြီး ဝေ့တက်လာသောမျက်ရည်ကို တို့သုတ်သည်။ ရို့(စ်) ဘွားကို နှစ်သိမ့်မိသည်။ ပြီးတော့ ဘွား ပခုံးလေးကို ခပ်ချွဲချွဲလေး မှီလိုက်သည်။

မိန့်မိန့်က ရို့(စ်)တို့ မြေးအဘွားကို လှမ်းကြည့်ပြီး တတ်လည်းတတ်နိုင်သည့် ရို့(စ်)ဟူသော ပုံစံမျိုးဖြင့် ခပ်မဲ့မဲ့လေး ပြုံးနေ၏။ ဘွားက ရို့(စ်) လက်ချောင်းလေးတွေကို ဖျစ်ညှစ်ရင်း

"လူ့လောကထဲ မရောက်သေးတဲ့ ဘွား မြေးကလေး ဖတာဆိုးလေး ဖြစ်ရရှာပြီ၊ ဘွား ဘယ်လိုဖြေရမလဲကွယ်"

ပြောရင်းဖြင့် ဘွား တသိမ့်သိမ့် ရှိုက်ငိုပြန်သည်။ ဘွား ငိုတာမြင်တော့ ရို့(စ်) ဘာလုပ်ရမှန်းမသိ။

ကိုယ် အဆင်ပြေအောင် လိမ်လည်လိုက်တဲ့ ဖြစ်စဉ်လေးက ဘွားအတွက် ဝမ်းနည်းကြေကွဲစရာဖြစ်သွားတာကိုတော့ ရို့(စ်) အမှန်စိတ်မကောင်းဖြစ်မိပါသည်။ ဘွား စိတ်ပြေနိုင်မည့် စကားလုံးတွေဖြင့် ရို့(စ်) ချော့ချယ်နှစ်သိမ့်မိပါသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ ဘွားရယ်၊ ကလေးရဲ့ ကုသိုလ်ကံပေါ့၊ ဖတာဆိုးလေး ဖြစ်သွားပေမယ့်လည်း ရို့(စ်) ကလေးအပေါ်မှာ မိခင်စိတ်နဲ့ရော ဖခင်စိတ်နဲ့ပါ လိုအပ်ချက်မရှိအောင် ပြုစုပျိုးထောင်ပေးမှာပါ"

"အေးပါ မြေးရယ်၊ ဘွားလည်း ဒီလိုပဲ ဖြစ်စေချင်ပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဒီမြစ်ကလေး လူလားမြောက်တဲ့အချိန်အထိ ဘွားမသေသေးဘဲ အသက်ရှင်ခွင့်ရချင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရှင်ရမှာပေါ့ ဘွားရယ်၊ ရှီ(စ်) အပေါ်မှာထားတဲ့ မေတ္တာတရားကြောင့် ကံကြမ္မာက ဘွားကို လူ့လောကထဲက စောစောစီး နှင်မလွှတ်ပါဘူး။ နောက်ပြီး ဘွားရဲ့ ကုသိုလ်စိတ်နဲ့ အရင်တည်ထားတဲ့ ဒါန သီလ ဘာဝနာတရားတွေက ဘွားကို အသက်ဆက်ပြီး ရှင်သန်စေဦးမှာပါ"

"အောင်မလေး ပြောတတ်လိုက်တဲ့ ငါ့မြေးလေးရယ်၊ ဒီစကားကြားရတာနဲ့တင် ဘွားအသက်တွေ ပိုရှည်သွားမှာ ကျိန်းသေပါရဲ့"

"လုံးဝကျိန်းသေတယ် ရှီ(စ်)ဘဝထဲက ဘွားကို လွယ်လွယ်နဲ့ ပေးမထွက်ဘူး၊ ရှီ(စ်)ဘဝမှာ ဘွားမရှိလို့ မဖြစ်ဘူး"

ရှီ(စ်) ဘွားရဲ့ခန္ဓာကိုယ် ဝဖိုင့်ဖိုင့်ကြီးကို သိမ်းကျုံးဖက်လိုက်ပြီး ခပ်တိုးတိုးဆိုလိုက်မိသည်။ ဘွားကလည်း ရှီ(စ်)ကို ပြန်ဖက်ထားပါသည်။

ရှီ(စ်) ဘဝမှာခင်တွယ်စရာ ဘွားတစ်ယောက်တည်းရှိသည်ပဲ။ ရင်သွေးလေး ရလာလျှင် ပျော်စရာကောင်းမည့် မိသားစုလေးကို စိတ်ကူးဖြင့် ပုံဖော်နေမိပါသည်။

"ဒါနဲ့ မြေး လက်ထပ်လိုက်တယ်ဆိုတဲ့ ကောင်လေးက ချောလား၊ ဓာတ်ပုံလေးဘာလေးရှိရင် ပြပါဦး၊ မြေး သားမက်ကလေးကို မြင်တောင်မြင်ခွင့်မရလိုက်တာကတော့ စိတ်မကောင်းစရာ အကောင်းဆုံးပဲ"

ဘွားက ဓာတ်ပုံတောင်းနေ၍ ရှီ(စ်) အခက်တွေ့သွားရသည်။





ကိုယ် ယူခဲ့သည့် ဖန်ပြွန်သန္ဓေသား၏ဖခင်က ဖြူသလား မည်းသလား တောင် သိခဲ့တာ မဟုတ်။

ရှီ(စ်) နားထင်ကျောလေးတွေ ထောင်သွားအောင် ခေါင်းစား သွားရသည်။ ဘွားသာ အဖြစ်မှန်ကို သိခဲ့လျှင် လုံးဝခွင့်လွှတ်မှာမဟုတ်။ သတင်းကြားရုံဖြင့် အသက်ပါပါသွားနိုင်သည်။ ဘွားက မြန်မာဆန်လွန်းသော အမျိုးသမီးကြီး တစ်ယောက်လေ။

"ဟို ဟိုလေ သူရော ရှီ(စ်)ရော ဓာတ်ပုံအရိုက်ခံတာ ဝါသနာ မပါလို့ မရိုက်ဖြစ်ကြဘူး"

"ဘယ်လို ဓာတ်ပုံရိုက် ဝါသနာမပါလို့ ဟုတ်လား အဟင်း ဟင်း ဟင်း မြေးရယ် ဒန်ဆာမော်ဒယ်ဘွိုင်းလုပ်နေပြီး ဓာတ်ပုံရိုက် ဝါသနာမပါဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ ယုတ္တိမရှိလိုက်တာ"

သေပြီဆရာ။ ဒီပါးစပ်က မိကျောင်းမင်းကိုမှ ရေခင်းသွားပြမိသည့်အဖြစ်။ ရှီ(စ်) ဦးနှောက်တွေ ထူပူတုန်ရပြီ။ ဘွားကို ရှေးအဘွားကြီးဆိုပြီး လျှော့တွက်လိုက်တာကိုက ရှီ(စ်)အမှား။

ဘွား မျက်နှာလေးကို ကြည့်စရာမလိုဘဲနှင့်ကို ရှီ(စ်) သိနေပါသည်။ ရှီ(စ်)အပေါ် သံသယအနည်းငယ် ဝင်သွားမှာတော့ သေချာ၏။ ဘာပဲဖြစ်ဖြစ် ကိုယ် ရေးခဲ့တဲ့ဇာတ်ကိုတော့ ကိုယ်နိုင်အောင် ကရတော့မည်။

"အယ် အင်း မဟုတ်ပါဘူး ဘွားရဲ့၊ ရှီ(စ်)နဲ့ ဓာတ်ပုံရိုက်ဖို့ မအားခဲ့တာ၊ ဝါသနာမပါတဲ့သူက ရှီ(စ်)ပါ၊ သူကလေ ပရောဖက်ရှင်နယ်



www.burmeseclassic.com

www.burmeseclassic.com



အကာသမားဆိုတော့ ရို့(စ်)နဲ့ အပန်းဖြေခရီးထွက်ဖို့တို့ ဘာတို့တောင် မအားရှာဘူး၊ အမှတ်တရ ဓာတ်ပုံတွေ စုဆောင်းထားတာတို့ ဘာတို့လည်း မရှိ ပြီးတော့ ဒီလို ခွဲကြရလိမ့်မယ်လို့လည်း အထူးအဆန်းချည်းပါပဲလား''

''ဖြစ်မှဖြစ်ရလေ မြေးရယ်၊ ကြားလိုက်ရရင် အထူးအဆန်းချည်းပါပဲလား၊ သေရောသေချာလို့လား၊ ဘွားကို လိမ်ပြောနေတာတော့ မဟုတ်ပါဘူးနော်''

''ရို့(စ်) ကျိန်ပြောဝံ့ပါတယ်၊ ဘွားကို မလိမ်ပါဘူး၊ ရို့(စ်) အစွဲအလန်း မထားတတ်တာလည်း ဘွား အသိသားနဲ့''

ရို့(စ်) သက်ပြင်းလေးရှိုက်ရင်း နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။ ဘွား ခေါင်းတဆတ်ဆတ် ညိတ်ရင်း စဉ်းစားသလို ခေတ္တ ငြိမ်သက်သွားသည်။ ဘွား နှဖူးကျောတွေ ပြေလျော့သွားမှ ရို့(စ်) ရင်ထဲက အပူလုံးကြီးကျသွားသည်။

တော်ပါသေးရဲ့၊ အလျှောက်ကောင်းလို့ အထောင်းသက်သာသွားရတာ။ ဒီအနေအထားလောက်ဆိုလျှင်တော့ ဘွား သံသယတွေ လျော့ပါးသွားလောက်ပြီ။

''ဒါဆို သူ့အကခွေတွေ ဘာတွေရော ပါမလာခဲ့ဘူးလား''

ဘွားက ရှေးအဘွားကြီးဖြစ်ပေမယ့် မေးပုံကတော့ ထောင့်စေ့သည်။ ရို့(စ်) ဘွား မမြင်အောင် တစ်ဖက်လှည့်၍ မျက်နှာလေး ရှုံ့မိသည်။ လာပြန်ပြီ ပြဿနာတစ်ခု။





''သြော် ခုလည်း မိန်မိန်နဲ့အဲဒါကိုပြောပြီး ကိုယ့်ကိုယ်ကိုယ် ဖြတ်ရိုက်ပစ်ချင်ရလောက်အောင်ကို ဒေါသထွက်နေရတာ''

''ဘာဖြစ်လို့လဲ မြေးရဲ့''

''ဘာဖြစ်ရမှာလဲ ဘွားရယ်၊ သူ့ရဲ့အကအခွေတွေရော မော်ဒယ်ရှိုးအခွေတွေရော စုပြီးသိမ်းထားတဲ့ ဘောက်စ်ကလေးရော လပ်တော့ပ် မန့်မိုရီစတစ်တွေပါ ကျန်ခဲ့တာ''

''ဟင် မြေးတို့က ပေါ့လျော့လိုက်တာကွယ်''

ရို့(စ်) မိန်မိန်ကို လျှာလေးထုတ်ပြီး ထောင့်ကပ်ပြတော့ မိန်မိန် မျက်စောင်းထိုးပါသည်။ ဘွား အပြစ်ဆိုနေပုံက မချိတင်ကဲပုံစံလေးနှင့် ဖြစ်သည်။

သေချာသွားပြီ။ ရို့(စ်)ပြောတာကို ဘွား အကြွင်းမဲ့ယုံကြည်သွားပြီ။ တော်ပါသေးရဲ့ ရို့(စ်)အဖြစ်က ဘွား နှိုက်နှိုက်ချွတ်ချွတ် မစစ်သေးတာကိုပဲ ကျေးဇူးတင်နေရသည့်အဖြစ်။

ပြဿနာက မသေး။ ဒါတောင် ဘွားက လက်လျော့ချင်မှ လျော့ဦးမှာ။ ရို့(စ်) စိတ်ကူးယဉ်လုပ်ကြံဇာတ်လမ်းထဲက ရို့(စ်)ရဲ့ချစ်သူ ဒန်ဆာ မင်းသားလေးရဲ့ခွေဝယ်ပေးပါလို့ ပြောချင်ပြောဦးမှာ။

အဲဒီအခါကျရင် ကြံဖန်ဖြေရှင်းရဦးမည်။ ဘွား ယုံကြည်အောင်တော့ ကြည့်လုပ်ရမှာပေါ့။ ရို့(စ်) စိတ်ထဲမှာ ညည်းညူမိပါသည်။

ယောက်ျားမလိုချင်တဲ့ ဝဋ်ဒုက္ခလည်း မသေးပါလားနော်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"တောက်"

တက်ခေါက်သံ ပြင်းပြင်းတစ်ချက်ကြောင့် ရှီ(စ်) ဒိုးနပ်စား လိုက်၊ ကော်ဖီသောက်လိုက်လုပ်နေရင်း အနောက်ကို မသိမသာ လှည့် ကြည့်လိုက်သည်။

တီရှပ်အနီစင်းလေးကို စမတ်ကျကျ ဝတ်ထားသည်။ ဖြူဖွေး သော အသားအရည်နှင့်မို့ အတော် ကြည့်ကောင်းပါ၏။ ဂျင်းဘောင်းဘီ အကျပ် အပြာဖျော့ဖျော့က တောင့်တင်းသော ခန္ဓာကိုယ် အချိုးအစား ဖြင့် လိုက်ဖက်ပါသည်။

ဗိနပ်က အော(လ်)စတား အဖြူစွတ်စွတ်ဖြင့် မင်းသားရှုံး လောက်သည့် ပုံစံနှင့်လူတစ်ယောက် စားပွဲကို ကျောပေးထိုင်နေသည်။

ရှီ(စ်) ဆက်မကြည့်တော့ဘဲ စားစရာရှိတာကို ဆက်စားလိုက်





သည်။ ထပ်ကြားရသော အသံကြောင့် ကိုက်စားလိုက်သည့်မုန့်ပင် လည် ချောင်းနင်ချင်သွားသည်။

"တောက် တော်တော် ယုတ်မာတဲ့မိန်းမ၊ ရုပ်ကလေး သနား ကမားနဲ့ လိမ်ညာတဲ့နေရာမှာ ဆရာကျတယ်၊ ယောက်ျားမရှိဘဲ ကလေး မွေးမယ့် မိန်းမ"

ရှီ(စ်) ဒိုးနတ်ဝါးနေရင်း မျက်လုံးကလေးဝိုင်းပြီး လည်ပင်း ကျောကလေးတွေ ထောင်တက်သွားရသည်။ ဒါ ဒါ ရှီ(စ်) အကြောင်းသိ လို့ စောင်းပြောနေတာပဲ ဖြစ်ရမယ်။ ယောက်ျားမရှိဘဲ ကလေးမွေးမှာ သူနဲ့ဘာဆိုင်လို့လဲ။

ယောက်ျားကြီးတန်မဲ့ စောင်းပြောနေလိုက်တာ ရှီ(စ်) ဒေါသ ကြောင့် အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်မိသည်။ ဒီလူ ဘယ်သူ လဲ။ ရှီ(စ်)ကို ကျောပေးပြီး ဘာဖြစ်လို့ မထီတထိ လာပြီး ရန်စနေရတာ လဲ။

ရှီ(စ်) ခံပြင်းစိတ်ကြောင့် ထိုင်ရမလို ထရမလိုဖြင့် လက်သီး လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဂနာမငြိမ် ဖြစ်နေမိသည်။

ပါးစပ်ထဲမှ ဝါးလက်စ ဒိုးနတ်တွေပင် ဆက်မဝါးနိုင်တော့ဘဲ ပျို့ချင်သလို အန်ချင်သလို ဖြစ်လာသည်။ သူ့ရဲ့အသံတွေက အဆက် မပြတ်နိုင်သေး။

"တောက် မိန်းမယုတ် ဒင်းကြောင့်တော့ ငါ့ဘဝကို အပျက် မခံဘူး၊ သိက္ခာမရှိတဲ့မိန်းမ၊ တံတွေးနဲ့ ပိတ်ထွေးပစ်ဖို့တောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပတ်ဝန်းကျင် အလယ်မှာ မျက်နှာမဖော်ရဲအောင် တံတွေးခွက် ပက်လက်မျောမယ့်မိန်းမ''

လွန်လာပြီ တော်တော်လေးတော့ တရားလွန်လာပြီ။ တစ်ယောက်တည်း ဆိုပြီး ကျောပေးလျက် ရို့(စ်)ကို ရန်စနေသော လူကို ပေစောင်းစောင်း ပြန်လှည့်ကြည့်မိသည်။ ပြီးတော့ စိတ်ထဲက ကျိန်ဆဲလိုက်မိ၏။

ဒွဲ မပြောရဲဘဲ စောင်းမြောင်းပြောဆိုနေသော လုပ်ရပ်အတွက် ဘယ်လိုမှ မခံစားနိုင်တော့။ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး ထိုလူ့ဆီသို့ ခပ်ဆောင့်ဆောင့် လှမ်းသွားလိုက်သည်။

အနားရောက်တော့ ဘာမှ ပြောမနေတော့ဘဲ ထိုသူ ကျောကုန်းကို စိတ်ရှိတိုင်း တဘုန်းဘုန်း ထုရိုက်ပစ်မိသည်။

''အောင်မလေးဗျ''

ရို့(စ်)တို့က သူ့လိုပါးစပ်နှင့် လေမကျယ်ဘူး လက်တွေ့ပဲ လုပ်ပစ်လိုက်သည်။ ကဲ မှတ်ပြီလား။ စိတ်တိုတိုဖြင့် ဘယ်နှချက်လောက် ရိုက်လိုက်မိမှန်းတောင် မသိ။

လက်သံကတော့ ဘာပြောင်သလဲ မမေးနဲ့။ သံစုံတီးဝိုင်း လာဖျော်ဖြေသလားတောင် မှတ်ရသည်။ ရို့(စ်)တို့အဖြစ်ကို ဘေးလူတွေပင် ကွက်ကြည့်ကွက်ကြည့်။

ထိုလူ ရို့(စ်)ကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြင့် ကြောင်တွေနေသည်။ သူ့အကျင့်စရိုက်ဖြင့် ဆန့်ကျင်စွာ ထိုလူမျက်နှာကတော့





နိုင်ငံခြားမင်းသား တစ်ယောက်လို ယောကျာ်းပီသ ချောမောလွန်းပါသည်။

ကြောင်တွေနေရာက ဘေးကကြည့်နေသော လူတွေကို သတိထားမိသွားတော့ ထိုသူ့မျက်နှာချောချောက နီစွေးရဲတွတ်သွား၏။

ချက်ချင်း မေးကျောကြီးတွေ ထောင်တက်လာပြီး ရို့(စ်) ပခုံးသားလုံးဝန်းဝန်းလေးကို ဖျစ်ဆုပ်ဆွဲခါပြီး တွန်းထုတ်ပစ်သည်။ ရို့(စ်) အနောက်သို့ ယိမ်းထိုးသွားပြီး ပခုံးဆီမှာ အနည်းငယ် နာကျင်သွားသည်။

သူ့ဒေါသတွေက အရှိန်မပြယ်သေးပါ။ ရို့(စ်)ကို လက်ညှိုးငေါက် ငေါက်ထိုးပြီး စူးရှသောမျက်ဝန်းတွေဖြင့် ကြည့်ကာ

''မင်း မင်း ဘာဖြစ်လို့ ငါ့ကို အသားလွတ် လာရိုက်ရတာလဲ၊ မင်းက္ဘာ တောက် မိန်းကလေးဖြစ်နေလို့ ကံကောင်းတယ်မှတ်''

ကြည့် ပြေူးက ပြန်ဖြဲပြနေသည်။ ရို့(စ်) ရှုံ့မဲ့မဲ့မျက်နှာလေးဖြင့် ထိုလူကို ပြန်အော်ပစ်လိုက်သည်။

''ရှင်က ဘာဖြစ်လို့ ကျွန်မကို ဘလိုင်းကြီး လာရန်စလဲ၊ ယောကျာ်းကြီးတန်မဲ့ ပျစ်ပျစ်နှစ်နှစ် ပြောတတ်လိုက်တာ စုံပလုံးနေတာပဲ''

''ဒီမှာ မင်း အူကြောင်ကြောင်လာလုပ်မနေနဲ့ ဘာကိစ္စကြောင့် ငါက မင်းကိုပြောရမှာလဲ၊ ရန်စစရာ ဘာအကြောင်းမှ မရှိဘူး''

''ဒါဆို သိက္ခာမရှိတဲ့မိန်းမ၊ လင်ကောင်မပေါ်ဘဲ ကလေးမွေးမယ့်မိန်းမဆိုတာက ဘယ်သူ့ကိုပြောတာလဲ ပြောစမ်းပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ဘာ ဘယ်လို မင်း ရူးနေပြီလား၊ ငါ့ဟာငါ ဒေါသကြောင့် တစ်ယောက်တည်း ပြောချင်တာပြောနေတာ မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တယ် ရှင့်အနားမှာရှိနေတာက ကျွန်မတစ်ယောက်တည်းပဲလေ၊ ရှင်က ကျွန်မကို မပြောလို့ ဘယ်သူ့ကိုပြောတာများ ဖြစ်မှာလဲ"

ရို့(စ်) မျက်စောင်းလေးခဲပြီး ချက်ကျကျ ပြောလိုက်သည်။ လက်ကလေးပိုက်ပြီး ဘယ့်နှယ်ရှိစဆိုသည့်ပုံစံဖြင့် ဝံ့ဝံ့ကြွားကြွားလေး လုပ်ပြလိုက်၏။

"ကျွတ် ကျိုင်ပဲကွာ၊ ငါက ငါ့ရည်းစား ငါ့အပေါ် သစ္စာဖောက်သွားလို့ ပေါက်ကွဲပြီး ပြောချင်ရာပြောနေတာ၊ မင်း ငါ့နောက်မှာ ရှိလို့ ရှိမှန်းတောင် သိတာမဟုတ်ဘူး၊ မင်းဘာသာ တစ်ဖက်သတ် ပေါက်ကွဲနေတာ"

သူက စိတ်ရှုပ်သွားဟန်ဖြင့် သူ၏မြင့်မားသော အရပ်ကြီးဖြင့် ခါးထောက်လျက် ရို့(စ်)ကို အပေါ်စီးမှ မိုးကြည့်ရင်း အဆက်မပြတ် ချေပနေသည်။ တစ်ခါတစ်ခါ အနီးကပ်မြင်တွေ့နေရသည့်မျက်နှာက အစက်အပြောက် မရှိအောင် ချောမွေ့ပါသည်။

"မယုံဘူး ရှင် ခုမှ စကားကို လမ်းကြောင်းမလွှဲနဲ့၊ ကျွန်မက တော့မဟုတ်ဘူး"

"ဘာ မယုံသေးဘူး ဟုတ်လား။ ကဲ လာ မယုံရင် ယုံအောင် လက်တွေ့ပြရသေးတာပေါ့"

ထိုသူက အပြောအဆို ရဲတင်းသလို လက်ရဲဖက်ရဲလည်း ရှိပါ





သည်။ ဆတ်ခနဲ ရို့(စ်) လက်ကို ဆွဲခေါ်သွားသည်။ ဒရွတ်တိုက်မတတ် ရို့(စ်) ခန္ဓာကိုယ်လေးက သူ ဆွဲခေါ်ရာ ရို့(စ်)ပါသွား၏။ ရုန်းကန်မိပေမယ့် အားချင်းမမျှတာမို့ ဒရွတ်တိုက် ပါသွားသည်။

သူ ဦးတည်ရာ နေရာကိုကြည့်မိတော့ ကော်ဖီဆိုင်၏ သီးသန့်ခန်းလေးတစ်ခုဆီ ဖြစ်သည်။ ယောက်ျားတစ်ယောက်ကို ရန်ရှာမိတာ မှားပြီလားဟု နောင်တရမိသည်။ အခုတော့ ရို့(စ်)အဖြစ်က သူ့လက်ထဲမှာ အရုပ်လေးတစ်ရုပ်လို။

"ဟော့ ရှင် လွှတ်နော်၊ ကျွန်မလက်တွေ အရမ်းနာလာပြီ"

"မလွှတ်ဘူး၊ ငါ့ကို ဘာလိုင်းကြီး လာရိုက်တဲ့ မင်း ကိုယ့်အပြစ်ကိုသိအောင် လက်တွေ့ပြမယ်၊ ပြီးရင် ငါ ကျေနပ်တဲ့အထိ မင်း ဒူးထောက်တောင်းပန်ရမယ်"

"လဲသေလိုက် ဘယ်တော့မှ မတောင်းပန်ဘူး"

အမိန့်ဆန်ဆန် စကားကြောင့် မခံချင်စိတ်က ဆို့တက်လာသည်။ ရို့(စ်)ကို ခပ်ပျော့ပျော့ မိန်းမတစ်ယောက်လို့တွက်ရင် မှားသွားမှာပေါ့။ လုံးဝ အလျှော့မပေးနိုင်ပါ။

"အေးပါ ငါကလည်း လက်တွေ့ပြမှာပါ၊ ပြီးရင်တော့ တောင်းကို တောင်းပန်ရမယ်"

သူ့မျက်နှာက ရှက်စိတ်နှင့် ဒေါသတွေပေါင်းစပ်ကာ နီရဲတွတ်နေ၏။ ရို့(စ်) သူ့မျက်နှာကိုကြည့်ရင်းက မြင်ဖူးသလိုဖြစ်လာသည်။ ဘယ်နေရာမှာလဲတော့ မမှတ်မိ။



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခန်းရှေ့ရောက်တော့ မှန်တံခါးကို ဒေါသဖြင့် တွန်းဖွင့်ပစ်လိုက်သည်။ ဝိတ်တာတွေလည်း ဟန့်တားဖို့ မင်သ်က်နေကြသည်။ အထဲမှာ ကြည်နူးနေသော စုံတွဲ ရုတ်တရက် ဝင်လာသော ရို(စ်)နှင့်ထိုသူကို ကြည့်ပြီး လန့်သွားကြသည်။

အမျိုးသမီးရဲ့ မျက်နှာက သူ့ကိုမြင်တော့ အတော်လေး သွေးပျက်သွားတာ ထင်ရှားသည်။ အတွဲလူကို လက်ချင်းချိတ်ရင်း ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ခါသွားသည်။ သူပြောတာတွေ အမှန်ဆိုတာ ရို(စ်) တွက်ဆလိုက်မိသည်။

အမျိုးသမီးကို စူးစူးရဲရဲ ကြည့်နေသည့် သူ့မျက်ဝန်းတွေက မီးထွက်လုမတတ်။ အမျိုးသမီး မျက်နှာတွင် စိုးရိမ်စိတ်တွေ ကြောက်ရွံ့စိတ်တွေ လိပ်ပြာမလုံမှုတွေဖြင့် ညိုမှောင်သွားတာ အထင်းသား။

"ကဲ မြင်ပြီလား၊ အဲဒီမှာကြည့် ဒီလို သစ္စာမရှိတဲ့ မိန်းမကို ငါဘာသာ ပေါက်ကွဲနေတာ ရှင်းပြီလား"

"ရှင်က သူ့ရည်းစားဆို၊ ဘာဖြစ်လို့ သူနဲ့ လာတွဲနေရတာလဲ"

"အေး အဲဒီလို တွဲလို့ ငါ ပေါက်ကွဲနေတာပေါ့၊ လင်ကောင်မပေါ်ဘဲ ကလေးမွေးမယ့် မိန်းမဆိုတာလည်း သူ့ကိုပြောတာ မင်းနဲ့ မဆိုင်ဘူး"

သူ့ဖြေရှင်းချက်က ပြတ်သားလွန်းပါသည်။ ဟိုစုံတွဲကိုကြည့်ပြီး ရို(စ်)ပင် အားတုံ့အားနာ ဖြစ်မိသည်။ သူ့အပြောကြောင့် တစ်ဖက်လူ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။ သူကတော့ ဘယ်လိုမှ မခံစားရသလို





အေးအေးဆေးဆေးပင်။

"ဟော့လူ ခင်ဗျား စကားပြော ရိုင်းလှချည်လား"

"ရိုင်းတော့ မင်းက ဘာလုပ်ချင်လို့လဲ လာလေ၊ မင်းတို့လို ကြားကလိကောင်မျိုးတွေရှိနေလို့ ဒီလောကမှာ ဒီလို မိန်းမမျိုးတွေ မှုလိုပေါက်နေတာကွ"

"ခင်ဗျား ခင်ဗျား လွန်လာပြီနော်"

"ငါက အမှန်ပြောတာကွ၊ အဲဒီကောင်မက မနေ့ကအထိ ငါ့ရင်ခွင်ထဲမှာ ပတ်ချွဲနှစ်ချွဲနဲ့ ကြူနေတုန်း၊ ဒီနေ့တော့ အခြေအနေကပြောင်းပြီး မင်းရင်ခွင်ထဲ ရောက်နေပြီ၊ တော်တော်မျက်နှာများတဲ့ မိန်းမ"

ဇာတ်ရှိန်က မြင့်တက်လာပြီ။ ရို(စ်) ပွဲကြည့်ပရိသတ် ပြန်ဖြစ်သွားသည်။ သူ့စကားကြောင့် အမျိုးသမီးပါ ကြောက်ရွံ့စိတ်တွေပျောက်ပြီး ဒေါသတွေ ရောက်လာသည်။ သူ့လူက ရှေ့က ဦးဆောင်နေတာကြောင့်လည်း ပါမှာပေါ့။

"ညီ ရှင် တရားလွန်လာပြီနော်၊ ရှင်နဲ့ကျွန်မပြတ်ပြီ၊ ဘာမှ ပတ်သက်စရာ မလိုတော့ဘူး။ ပတ်သက်စရာ အကြောင်းလည်း မရှိတော့ဘူး"

အမျိုးသမီးက အရှက်သည်းစွာဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး ငိုသည်။ စကားတွေက ဗလုံးဗထွေးဖြင့် ဘာတွေပြောနေမှန်းတောင် မသိတော့။ သူ့လူက ပန်းကို ထွေးပွေ့ရင်း နှစ်သိမ့်နေ၏။ သူ့ကလည်း လုံးဝမလျှော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ထို့ နင်က ပတ်သက်ပါရစေလို့ ခြေသလုံးလာဖက်ပြီး တောင်းပန်ရင်တောင် ငါက ခွင့်ပြုမှာမဟုတ်ဘူး၊ မသတီလွန်းလို့ အနားတောင် အကပ်မခံနိုင်ဘူး၊ အရှင်းဆုံးပြောရရင် နင့်အရိပ်တောင် ငါ့ရှေ့ဖြတ်မလျှောက်မိစေနဲ့"

ရင့်သီးမှုကတော့ နှိုင်းယှဉ်၍တောင် မရပါ။ ရို့(စ်)လည်း သူ့နေရာမှာဆို ဒီလိုလုပ်မိမှာတော့ သေချာသည်။ ရို့(စ်)လက်ကို ခပ်ကြမ်းကြမ်း အဆွဲခံလိုက်ရမှ ရို့(စ်) သတိပြန်ဝင်သွားရသည်။ ပြီးတော့ သူက ရို့(စ်)ကို ဆွဲခေါ်သွားသည်။

ဟိုနှစ်ယောက်တော့ ဘာတွေဖြစ်ကျန်ခဲ့သည် မသိ။ ရို့(စ်) သူ ခေါ်ဆောင်ရာသို့ ယက်ကန်ယက်ကန် ပါသွားသည်။

"ဟော့ ရှင့်ကိစ္စပြီးပြီပဲ၊ ကျွန်မလက်ကို လွှတ်တော့လေ"

ပြောကာမှ ရို့(စ်) လက်ကလေးကို ဆုပ်ကိုင်ထားသည့် လက်တွေက ပြုတ်တူလို ပိုပြီးတင်းကျပ်သွားသည်။ နာကျင်မှုကြောင့် ရို့(စ်) ငြိမ်နေလိုက်ရ၏။

"မလွှတ်နိုင်ဘူး၊ မင်းနဲ့ငါ့ကိစ္စ ရှင်းလို့မပြီးသေးဘူး၊ ဘုမသိဘမသိနဲ့ အထုအနှက် ခံလိုက်ရတဲ့ကိစ္စကို လွယ်လွယ်နဲ့ ကျေအေးမပေးနိုင်ဘူး"

ရို့(စ်) ကိုယ့်အမှားကိုသိပေမယ့် ပြန်ပြီး တောင်းပန်ဖို့ဆိုတာတော့ လုံးဝ စိတ်မကူးမိပါ။ ငယ်ငယ်တည်းက ရို့(စ်)အကျင့်က ဘယ်လောက်မှားမှား မတောင်းပန်တတ်ခဲ့။ သူ့ပုံစံကိုတော့ နည်းနည်းလန့်မိ





သည်။ ပြီးပြီးရော ဝတ်ကျေတန်းကျေ တောင်းပန်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဆောရီးပဲ ရုတ်တရက်ဆိုတော့ ကျွန်မကို ပြောတယ်ထင်ပြီး ကိုယ်ထိလက်ရောက် လုပ်လိုက်မိတာ"

"ဒီလို လွယ်လွယ်နဲ့ လုံးဝမရဘူး၊ ငါက ဘူးဆို ဖရုံမသီးတတ်တဲ့ကောင် မဟုတ်ဘူး။ ကိုယ့်တက်က မှန်နေရဲ့သားနဲ့ ဘယ်သူ လာကျောတာကိုမှ ခေါင်းညိတ်ခံနေမှာမဟုတ်ဘူး"

စောစောက ရို့(စ်)တို့ထိုင်တဲ့ စားပွဲနားရောက်တော့ ရို့(စ်) လက်ကို လွှတ်လိုက်ပြီး ရို့(စ်)မျက်ဝန်းတွေကို စေ့စေ့ကြည့်ကာ

"ကဲ မင်း ငါ့ကို ဒူးထောက်ပြီး တောင်းပန်စမ်း"

သူက ရို့(စ်)ရှေ့မှာ ခါးထောက်ပြီး ရပ်နေသည်။ သူ့ပုံစံက တကယ်ပြောတဲ့အတိုင်း လုပ်မှာတော့ အသေအချာ။ ရို့(စ်) စိတ်ထဲမှာ သူ့လုပ်ရပ်အတွက် ဒေါသထွက်ရမှာကိုပင် မေ့လျော့သွားသည်။ သူလုပ်နေတာက ရယ်စရာကောင်းလွန်းပါသည်။

ရို့(စ်) သူ့ကိုမတောင်းပန်လျှင် ဘယ်လိုများ တုံ့ပြန်လာမလဲဆိုတာ တဒင်္ဂအတွင်း ရို့(စ်) ပြင်းပြစွာ သိချင်လာသည်။

"တို့ လုံးဝ မတောင်းပန်နိုင်ဘူး"

ရို့(စ်) ပခုံးလေးတွန့်ကာ ဟန်ပါပါလေး ငြင်းလိုက်သည်။ သူ ရို့(စ်)ရှေ့မှာ လက်ပိုက်ပြီး ရပ်နေရာက ခပ်စူးစူးကြည့်ပြီး ဟက်ခနဲ ရယ်လိုက်သည်။

"အိုကေ မတောင်းပန်ချင်ဘူးဆိုလည်း မင်းသဘောပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီလား၊ ကိုယ့်နာမည် မှတ်ထား ညီသုတ တဲ့၊ ကိုယ့်ကို ရန်လာစတဲ့ ပွဲတစ်ပွဲကို အဲဒီလို ငြိမ်ကုတ်ပြီး ပွဲမသိမ်းပေးတတ်ဘူး''

ရှိ(စ်) ရှေ့မှ ချာခနဲ လှည့်ထွက်သွားသည်။ သူက ကောင်တာရှေ့ရောက်တော့ အမိပွာယ်ပါပါ ရှိ(စ်)ကို မဲ့ပြုံးပြုံးပြပြီး ကျသင့်ငွေရှင်းကာ ဆိုင်ထဲမှ ထွက်သွား၏။

ရှိ(စ်) ပိုပြီးရယ်ချင်သွားမိသည်။ သူ တုန့်ပြန်မှုက ဘာလဲ။ အကြွေးမှတ်သွားတာလား။ ဒီလောက်နဲ့တော့ ရှိ(စ်)တို့က ဆောရီးပဲ။ လုံးဝ မတုန်လှုပ်မိပါ။

ပတ်ဝန်းကျင်ကို သတိထားမိတော့ လူတွေအများကြီး ဝိုင်းကြည့်နေတာမို့ ဆက်ပြီးမနေရဲတော့၊ ကျသင့်ငွေကို ကောင်တာမှာ သွားရှင်းပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

အလကားလူ ဘဝင်ကြီးတခွဲသားနဲ့ လေလုံးတွေကြီးပြနေတာ ရှိ(စ်)ကို သူက ဘာလုပ်နိုင်မှာမို့လို့လဲ။ ထိုလူ့အကြောင်း ခေါင်းထဲက ထုတ်ပစ်လိုက်ပြီး အသင့်ရပ်ထားသော ကားဆီသို့ ခပ်သွက်သွက်လေး လျှောက်ခဲ့သည်။

ဒီနေ့ ရှိ(စ်)အတွက် တကယ့်ကို ကံကြမ္မာမကောင်းတဲ့ နေ့လေးပဲဟု တိတ်တဆိတ် မှတ်ချက်ချပြီး ကားထဲဝင်ထိုင်လိုက်သည်။

ကားတံခါးကို ဆွဲပိတ်ပြီးမှ နံဘေးတွင် စောစောကလူကို မြင်တွေ့လိုက်ရတော့ မျက်လုံးကလေး ပြူးပြီး ရှိ(စ်)ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်ခါသွားသည်။ နှုတ်ခမ်းဖူးလေးတွေပါ ဝလုံးလေးလို ဝိုင်းစက်သွား





သည်။

''ဟင် ရှင် ရှင် ကျွန်မကားထဲ ဘာဝင်လုပ်နေတာလဲ''

''အဟင်း စောစောက မင်း ငါ့ကို ဖဲ့သွားတယ်လေ၊ အခု မင်းကို ငါပြန်ဖဲ့ဖို့ စောင့်နေတာ''

ပါးလျလျ နှုတ်ခမ်းတွေ တွန့်ကွေးရုံပြုံးလျက် ပြောလိုက်သည့် သွေးအေးအေးအသံကြောင့် ရှိ(စ်) သွေးပျက်စွာ ချွေးလေးတွေ စို့လာသည်။

သူက မခိုးမခန့်ဟန်ဖြင့် ရှိ(စ်) မျက်နှာလှလှလေးမှာ ချွေးစလေးတွေ သီးနေတာကို အရသာခံကြည့်ရင်း ပါးပြင်စိမ်းမြမြလေးတွေကို ပွတ်သပ်နေသည်။

''ရှင် ရှင်နော် ကျွန်မ ရဲစခန်းကို ဖုန်းဆက်လိုက်ရမလား''

''ဆက်ပေါ့ ငါက မင်းကို အသရေဖျက်မှုနဲ့တောင် ပြန်ပြီးတော့ တရားစွဲလိုက်ဦးမယ်''

ရှိ(စ်)ခြိမ်းခြောက်မှုက အချည်းအနှီး။ သူ့ပုံစံက ပြောတဲ့အတိုင်း လုပ်မှာသေချာ၏။ နီးကပ်ကပ် အနေအထားကြောင့် မွှန်းကျပ်၍ အသက်ရှူမဝတော့။ ကျယ်လောင်သော ကိုယ့်ရင်ခုန်သံ တဒုတ်ဒုတ်ကိုပင် ပြန်ကြားရသည်။

ရှိ(စ်)အဖြစ်က မြွေပွေးကို ရန်သွားစမိသလို ဖြစ်နေပြီ။ မဆင်မခြင် လုပ်ရပ်အတွက် နောင်တရမိပေမယ့် ရှိ(စ်)မှာ ပြန်ပြင်ခွင့်မရှိတော့။

''ရှင် ဆင်းတော့နော်''



www.burmeseclassic.com

www.burmeseclassic.com



"မဆင်းဘူး"

ရို့(စ်) မျက်နှာနှင့် နီးနီးကပ်ကပ်ဖြစ်အောင် ရှေ့သို့ တိုးကပ်ပြီး ပြောလိုက်တာကြောင့် ရို့(စ်) ကိုယ်လေး နောက်သို့ ခပ်ယိုင်ယိုင်လေး ရှောင်လိုက်ရသည်။

သူ ရှူထုတ်လိုက်သည့် လေငွေ့က ရို့(စ်) မျက်နှာကို တိုးဝေ့သွားသောကြောင့် အီလည်လည် ကတုန်ကယင်ကြီး ဖြစ်သွားပြီး ထိတ်လန့်နေမိသည်။

ဒါပေမဲ့ စိတ်ကိုတင်းပြီး ပြန်လည်တိုက်ခိုက်ဖို့ အသင့်အနေအထား ပြင်လိုက်သည်။

"ဒီမှာ ရှင့်ကို ကျွန်မ ဆင်းလို့ ပြောနေတယ်နော်"

ရို့(စ်)အသံက ဒေါသကြောင့် အက်ကွဲနေသည်။

"လုံးဝ မဆင်းဘူး"

"ဒီလောက်တောင်ဖြစ်တာ အင်းဟာ"

အင်းဟာ ဆိုပြီး လက်သည်းရှည်ရှည်ချွန်ချွန်တွေဖြင့် ထိုလူမျက်နှာကို ကုတ်ဆွဲလိုက်သည်။

သူ့ကို လျှော့တွက်လိုက်မိတာ ရို့(စ်) မှားသွားပြန်ပြီ။ ဒီတစ်ကြိမ်တော့ ရို့(စ်)ကို အလွတ်မပေး အလျင်မြန်ဆုံး အရှိန်ဖြင့် ရို့(စ်)လက်ကို ဖမ်းဆွဲထားသည်။

ပြီးတော့ ရို့(စ်) ခန္ဓာကိုယ်လေးကို သူ့ဘက်သို့ ဆွဲဆောင့်ပစ်လိုက်သည်။ ရို့(စ်) မျက်နှာနှင့် နှုတ်ခမ်းဖူးဖူးလေးဆီသို့ ပူနွေးစိုစွတ်မှု





တွေက အဆက်မပြတ်။

အငြိုးတကြီး အနမ်းတွေကို ဘယ်လိုမှ ရှောင်တိမ်း၍မရ။ ရို့(စ်) တစ်ကိုယ်လုံး နွမ်းလျပျော့ခွေပြီး ဒူးတွေ တဆတ်ဆတ် တုန်ယင်လျက် အားအင်တွေ မဲ့သွားသည်။

တွန်းထိုးရုန်းကန်နေသည့်လက်တွေ ရုတ်ချည်း အားအင်ချည့်နဲ့သွားသည်။ ဆန့်ကျင်ဘက် အထိအတွေ့က ရို့(စ်)အင်အားတွေကို အပြီးတိုင် စုပ်ယူသွားခဲ့၏။ အာခေါင်တွေ ခြောက်ကပ်လျက် ဝမ်းနည်းခံပြင်းစွာ အံကြိတ်ပစ်လိုက်မိသည်။

သူက စိတ်ကျေနပ်သွားဟန်ဖြင့် မနိုင့်တရိုပြုံးရင်း ရို့(စ်) မျက်နှာဆီက အနမ်းတွေကို ရုပ်သိမ်းလိုက်သည်။

"ရှင် ရှင် လူယုတ်မာ၊ အစုတ်ပလုတ်ကောင်"

ရို့(စ်) မျက်ဝန်းတွင် မျက်ရည်ဥတို့ ဝေ့တက်လာပြီး မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်လျက် ပိုးစိုးပက်စက် ဆဲရေးပစ်လိုက်သည်။

သူက ရို့(စ်) ပေါက်ကွဲနေတာကို အရသာခံ တစိမ့်စိမ့်ကြည့်ပြီး ခေါင်းကို လေးတွဲ့တွဲ့ ခါရမ်းပြသည်။ မွတ်စင်နေတဲ့ မျက်နှာကို လက်သည်းတွေဖြင့် တစ်စစီ စုတ်ဖြဲပစ်ချင်မိပေမယ့် သူက ပါးနပ်စွာ ရို့(စ်) လက်တွေကို ချုပ်ကိုင်ထားဆဲ။

"မင်း မနာပါဘူး၊ မင်းနဲ့ငါ ဆုံတာ နှစ်ခါရှိပြီ၊ ဆုံတွေ့တဲ့ နှစ်ခါစလုံးမှာ ငါကပဲ နာကျင်လိုက်ရတာ၊ ငါ့ဘက်က အသာစီးတော့ နည်းနည်းပြန်ယူဦးမှပေါ့၊ မင်း မနာကျင်ပါဘူး၊ ရင်ကလေးပဲ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ခုန်သွားမှာပေါ့၊ ကဲ ပွဲပြီးပြီ သရေကျတယ် အိုကေ"

မထိတထိ အမူအရာဖြင့် ပြောပြီး ကားပေါ်မှ ဆင်းသွားသည်။ အပြင်ရောက်တော့ ရို့(စ်)ကို လက်ပြပြီး ကရော်ကရော် လုပ်သွား၏။

ရို့(စ်) သူ့ကို မကျေမချမ်းဖြင့် စိုက်ကြည့်ကာ အခဲမကျေဖြစ်၍ ကျန်ခဲ့ရသည်။ ပြီးမှ မွန်းကျပ်နေတာတွေ လွင့်စင်သွားပြီး လေပူတစ်ချက် မှုတ်ထုတ်မိသည်။

မျက်စိတစ်မှိတ်အတွင်း အဖြစ်အပျက်ကတော့ ဖျောက်ဖျက်မရအောင် ထင်ကျန်နေသည်။ ပုံဖော်၍မရသော ခံစားမှုကြီးက ဒေါသတွေနှင့်အပြိုင် ဝုန်းဒိုင်းကျဲကာ တွန်းတိုက်နေကြသည်။

ခံစားမှုအသစ်တွေက ရို့(စ်)ကို ကျီစယ်သွားတာတော့ အမှန်။ ဘာဖြစ်တာလဲ ရင်ခုန်တာလား၊ ဒေါသထွက်တာလားဆိုတာ မခွဲခြားတတ်သေး။ မလုံမလဲ ရှက်ရွံ့နေမိတာတော့ သေချာသည်။

အမှန်ဆို ကိုယ်က လုံးဝ အပျိုစင်နုနုထွတ်ထွတ်လေး။

■ ■ ■



အခန်း (၅)

"ဘယ်လို နင့်ကို လေဆိပ်မှာတွေ့တဲ့လူက ဖက်နမ်းလိုက်တယ် ဟုတ်လား၊ အဟင်း အဟွတ် အဟွတ် ဟွတ်"

မိန်မိန် ထမင်းစားနေရင်းက ကြားလိုက်ရသော စကားကြောင့် တအံ့တသြဖြင့် သီးပင်သီးသွားသည်။

"ဟုတ်ပါတယ်ဆို"

ရို့(စ်) ထမင်းပန်းကန်ထဲမှ ထမင်းကို ဇွန်းဖြင့် စိတ်မပါတပါမွှေရင်း မျက်နှာငယ်လေးဖြင့် စိတ်မရှည်စွာဆို၏။

မိန်မိန် ထမင်းနင်နေသဖြင့် ရေဖန်ခွက်ထဲမှရေကို အငမ်းမရ အရင်ဆုံး သောက်သည်။ ပြီးတော့ ရင်ဘတ်ကို တဘုန်းဘုန်းနှင့်ထုသည်။

ရို့(စ်) မိန်မိန်အဖြစ်ကို မျက်နှာကြီးရှုံ့မဲ့ပြီး စိတ်မသက်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။ သူပါ ရောယောင်ပြီး အနားက ရေဖန်ခွက်ကို လှမ်းယူသောက်လိုက်သည်။

မိန်မိန် မျက်နှာလေး ရဲတွတ်ကာ မျက်ရည်ပူတွေကျလာပြီး ဆိုင်ဝင်နေသည့် အသံလေးဖြင့်

''အင်း ဟင်း အဟမ်း အောင်မလေး ရှိ(စ်)ရယ်၊ နင် ဖက်အနမ်းခံရတာကို ငါ ထမင်းစားပြီးမှပဲ ပြောပါတော့လား။ နင်ကတော့လေ ပြောလိုက် ဖြစ်လိုက်မှဖြင့် အထူးအဆန်းတွေချည်းပဲ''

''ထူးဆန်းတာတော့ အမှန်ပဲ၊ ဒီလူနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ပြန်ကြုံတာလေ''

''နေပါဦး အဲဒီလူက နင့်ကို ဖက်နမ်းရလောက်အောင် ဘာတွေ အီစီကလီ သွားလုပ်ပြလို့လဲ၊ တကယ်ပါဟယ် နိုင်ငံခြားမှာနေသလို မြန်မာပြည်မှာ လာနေလို့ကတော့ နင့်တန်ဖိုးတွေကို တွင်းနက်နက်ထဲတူးပြီး မြှုပ်ပစ်ဖို့ပဲ ရှိတော့တယ်''

မိန်မိန်က စိုးရိမ်ပူပန်စွာ အပြစ်တင်သည်။ ကရုဏာဒေါသနှင့် အလိုမကျပုံလေးက သူမ မျက်နှာတွင် အထင်းသား။

မိန်မိန်က ရှိ(စ်)အတွက် ပြောနေတယ်ဆိုတာ သိပေမယ့် တစ်ဖက်သတ် ဆန်လွန်းသော အယူအဆကိုတော့ ဘဝင်မကျစွာ ငုံ ပြန်မိသည်။

'''ဟယ် နင် ငါ့ကိုအဲဒီလောက်ထိ အထင်စမောရသလား ဘာ အီစီကလီမှ မလုပ်ဘူး၊ သူ့ကျောကုန်းကို တဘုန်းဘုန်းနဲ့ သွား





ရိုက်မိလို့''

''ဟမ်''

မိန်မိန် ပါးစပ်လေး အဟောင်းသားဖြင့် ရှိ(စ်)ကို မျက်လုံးလေး ပြူးကြည့်သည်။ မိန်းမဆန်သည့် ရှိ(စ်)လုပ်ရပ်ကြောင့် စိတ်ဝင်စားသွားပုံက အထင်းသား။

''ရိုက် ရိုက်ရတဲ့အကြောင်းရင်းက''

''ငါ ကော်ဖီဆိုင်မှာ ကော်ဖီသောက်နေတော့ သူက ငါ့နောက် ကျောဘက စားပွဲမှာ ထိုင်နေတာလေ၊ အဲဒီမှာ သူ ပြောနေတဲ့အကြောင်းတွေက ငါနဲ့လာတိုက်ဆိုင်နေတယ်လေ၊ ကော်ဖီဆိုင်လို နေရာမျိုးမှာဆိုတာတောင် သတိမထားမိတော့ဘူး၊ ဒေါသနဲ့ သူ့ကျောကုန်းကို တဘုန်းဘုန်း သွားထုမိတော့တာပါပဲ''

''ဒါနဲ့ ဘာဆက်ဖြစ်လဲ နင့်ကို ဖက်နမ်းရောလား။ သူကရော ဘယ်သူ့ကို ပြောတာတဲ့လဲ''

မိန်မိန်က နားမထောင်သေးဘဲ ထင်ကြေးပေးနေတော့ ရှိ(စ်) စိတ်ပျက်သွားမိသည်။ မိန်မိန် ထမင်းပင် ဆက်မစားနိုင်တော့ဘဲ ရှိ(စ်) ပြောတော့ ပဋိပက္ခဖြစ်စဉ်လေးထဲတွင် စီးမျောသွားသည်။

''ငါ ပြောတာကို နားထောင်ပါဦး မိန်မိန်ရယ်၊ စကားကို ဖြတ်မပြောပါနဲ့''

''ကောင်းပါပြီ ကောင်းပါပြီ''

''တကယ်တော့ သူ ပြောတာက ငါ့ကိုမဟုတ်ဘူး၊ သူ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်သွားပြီး နောက်တစ်ယောက်တွဲသွားတဲ့ သူ့ရည်းစားကို''

''ဟေ တိုက်ပဲ တိုက်ဆိုင်လွန်းပါတယ် ဟာ''

''ဟုတ်တယ် သူက သီးသန့်ခန်းထဲ အတွဲတစ်ယောက်နဲ့ ဝင်သွားတဲ့ သူ့ရည်းစားကို မကျေမချမ်း ပြောနေတာ ငါက မသိတော့ ငါ့ကို ပြောနေတာပဲလို့ယူဆပြီး ထပေါက်ကွဲပစ်လိုက်တာ''

မိန့်မိန့်က စိတ်မောသွားသလို သက်ပြင်းလေး ရှိုက်သည်။

''ဟင်း နင် တကယ့်ကို ကျိုင်အကြီးကြီး သွားရှာလိုက်တာပဲ၊ တော်သေးတာပေါ့ ဟိုက နင့်မျက်နှာလှလှလေးကို လက်သီးနဲ့ တချွပ်ချွပ် ထိုးမသွားတာ၊ ဖက်နမ်းရုံလေး နမ်းသွားတာ ကံကောင်းတယ် ခစ် ခစ် ခစ် ခစ်''

ရို့(စ်)ကိုကြည့်ပြီး မိန့်မိန့် မအောင့်အီးနိုင်တော့ဘဲ ထရယ်သည်။ ရို့(စ်) တော်တော်လေးတော့ ဖုသွားမိသည်။ မိမိခံလိုက်ရတာကို ပျက်ရယ်ပြုနေသည့် မိန့်မိန့်ကို မျက်စောင်းလေး လှမ်းထိုးလိုက်ပြီး

''ဟဲ့ ဒါ ရယ်စရာလား၊ ကိုယ့်သူငယ်ချင်း ခံလိုက်ရတာကို''

''ရယ်မှာပေါ့ နင့်လုပ်ရပ်က တလွဲချည်းပဲကိုး လေဆိပ်မှာတုန်းကလည်း နင်ပဲ သူ့ကိုသွားပြီး ကျိုင်စရှာတာ၊ နောက်ဆို နင့်ကိုတွေ့ရင် ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်လိမ့်မယ်''

မိန့်မိန့်က မျက်နှာလေး ရှုံ့မဲ့လျက် လက်ဟန်ခြေဟန်လေးဖြင့် ရို့(စ်)ကို ကျီစယ်သည်။ ရို့(စ်)ကလည်း မျက်လုံးကလေး ထောင့်ကပ်၍ ပခုံးလေးကို ဟန်ပါပါ တွန့်ပြလိုက်ရင်း





''ထပ်သတိရ ရှောင်ပါလိမ့်မယ် ငါ့ကိုဖက်နမ်းလိုက်တဲ့ အရသာနဲ့ ခံစားမှုကို သူ ကောင်းကောင်း ဖီလင်ဝင်သွားမှာ ဒဲ့ရှူးဝါးပဲ''

''နင်လည်း ထပ်တူထပ်မျှ ခံစားလိုက်ရတယ် မဟုတ်လား''

''နိုး''

''မနိုးနဲ့ နင့်မျက်လုံးထဲမှာ ဖီလင်တွေ တလိပ်လိပ်တက်နေတာကို ငါ မြင်လိုက်ရတယ်၊ လုံးဝ မညာနဲ့''

ရို့(စ်)မျက်နှာရှေ့မှာ လက်ညှိုးလေးကို ဘယ်ညာရမ်းပြရင်း မိန့်မိန့် ပြောသည်။ ရို့(စ်) သဘောကျစွာ အားပါးတရ ရယ်မောပစ်လိုက်သည်၊ မိန့်မိန့်က ပညာရှိကြီးတစ်ယောက်လို မေးစေ့ကို ပွတ်သပ်လိုက်ရင်း

''ငါ မှန်းတာ မမှားဘူးဆိုရင် နင်နဲ့သူနဲ့ နောက်တစ်ကြိမ် ထပ်ဆုံကြလိမ့်ဦးမယ်၊ ပြီးရင် နင်တို့ကို ကံကြမ္မာက ရင်ခုန်စရာဇာတ်လမ်းလေးတစ်ပုဒ် ဖန်တီးပေးလိမ့်မယ်''

''မဖြစ်နိုင်တာတွေကို ဆရာကြီးလုပ်ပြီး ပြောမနေစမ်းပါနဲ့ဟာ၊ အဲဒီလိုကိစ္စမျိုးကြီး ငါမှ မနှစ်သက်တာ''

ရို့(စ်) နှုတ်ခမ်းလေးတွေ တွန့်ကွေးကာ ခပ်မဲ့မဲ့လေး ပြောလိုက်သည်၊ အခု ရို့(စ်) ရင်ထဲမှာ ဘာမှမရှိပါ။ ထိုအခြေအနေမျိုး ရောက်လာဖို့ဆိုတာ ရို့(စ်) ခံယူထားတာနှင့် အဝေးကြီး။

''အချိန်မကျသေးလို့ပါဟာ၊ အချိန်ကျလာရင် နင့်နှလုံးသားကို မီးခံသေတ္တာထဲ ထည့်ပြီးသိမ်းထားတာတောင် အံ့ကြွပြီး သူ့အလိုလို တဒုတ်ဒုတ်နဲ့ ဖလမ်း ဖလမ်း ထနေမှာ''



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ရို့(စ်) မတုံ့ပြန်မိပါ။ ရို့(စ်)ဘ၀မှာ ယောကျ်ားတစ်ယောက်နှင့် နီးနီးကပ်ကပ် ကြင်နာခြင်းခံလိုက်ရတာက ဒါ ပထမဆုံး။ ကြမ်းရှရှအနမ်းတွေရဲ့ မွှန်းကြပ်သည့်ခံစားမှုကိုတော့ အမှတ်ရဆဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ငြင်း၍မရ။

ရို့(စ်)စိတ်တွေ လွင့်ပျံသွားတုန်း မိန်မိန်အသံကြောင့် စကားဝိုင်းက ပြန်လည်ဦးထလာသည်။

"ဟဲ့ နေပါဦး နင့်ကို နာမည်လေးဘာလေးရော မေးမသွားဘူးလား"

"မမေးဘူး သူ့နာမည်ပဲ ပြောသွားတယ်၊ သူ့နာမည် 'ညီသုတ' တဲ့၊ ကိုယ့်ကို ရန်စလာတဲ့ ရန်ပွဲတစ်ပွဲကို ငြိမ်ကုတ်ပြီး ပွဲမသိမ်းပေးတတ်ဘူးတဲ့"

ရို့(စ်) ဟိုကပြောသွားတဲ့လေသံအတိုင်း ဆောင့်ဆောင့်လေး ပြန်ပြောပြလိုက်၏။ ကိုယ် ခံလိုက်ရသည့်အကြောင်းအရာမို့ ရင်ထဲမှာ မခံချင်စိတ်က ပြန်လည် ရှန်းကြွလာရပြန်သည်။

"ဒါဆိုရင်တော့ ငါ ခန့်မှန်းတာ မမှားဘူး၊ နင်တို့ ပြန်ဆုံဦးမှာပဲ၊ နာမည်က မိုက်တယ်ဟ၊ လူကလည်း ရုပ်ရည်ရော ဒေါင်ရော စတိုင်ရော ဘာမှ ပြောစရာမရှိအောင်ကို အားလုံးပြည့်စုံတယ်"

"ဟင်း မထင်ပါနဲ့ မိန်းမစိတ်ကြီး၊ ရန်တွေ့လိုက်တာများ မိန်းမရှုံးတယ်"

ရို့(စ်) မဲ့ကာရွဲ့ကာဖြင့် ညီသုတ ဆိုသောလူကို ပျစ်ပျစ်နှစ်နှစ်ဆဖန်လိုက်သည်။ ရို့(စ်)ကို တုံ့ပြန်သွားသော သူ့အပြုအမူနှင့် ဟန်ပန်တွေက အာရုံထဲမှာ ရုပ်ရှင်ပိတ်ကားတစ်ခုလို ပြန်ပေါ်လာသည်။

တကယ် မုန်းဖို့ကောင်းတဲ့လူ။

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

''ကား ဘာဖြစ်တာလဲ မိန့်''

ရုတ်တရက် ကားမောင်းနေရင်းက ထိုးရပ်သွားသဖြင့် ရို့(စ်) မိန့်မိန့်ကို ငဲ့စောင်းကြည့်ရင်း မေးလိုက်သည်။ မိန့်က စိတ်ရှုပ်သွားသလို ခေါင်းကလေး ကုပ်ရင်း

''ကျွတ် ဘာဖြစ်ပြန်ပြီလဲ မသိပါဘူးဟာ''

ခေါင်းမှ ဖရိုဖရဲ ဝဲကျနေသော သနီးစတက် ဆံပင်တွေကြား လက်ထိုးဖွရင်း မသက်မသာ ပြောသည်။

ရို့(စ်) လက်က နာရီလေးကို စိတ်လောကြီးစွာဖြင့် ငုံ့ကြည့်မိသည်။ ဒီနေ့ အိုက်ျ ဒေါ်စန္ဒာဝင်းနှင့် ကိုယ်ဝန် ရှိ မရှိ သေချာသိရအောင် ရက်ချိန်းယူပြီးပြရမှာ ဖြစ်၏။ အရေးအကြောင်းဆို ကားက ပျက်ပြီ။ တော်တော်လေး စိတ်အိုက်သွားမိသည်။





''ဒါဆိုလည်း ဝပ်ရှော့ကို ဖုန်းဆက်လေဟာ၊ တော်ကြာ အိုက်ျ နဲ့လွဲသွားဦးမယ်''

မိန့်က ကားစက်ကိုသပ်ပြီး လက်က နာရီကိုငုံ့ကြည့်ကာ

''ဟင်း နင်ပဲ ကားငှားပြီး သွားလိုက်မလား''

''အေးလေ ဒီလိုပဲ လုပ်ရတော့မှာပေါ့''

ရို့(စ်) ကားပေါ်မှ ဆင်းလိုက်သည်။ ရို့(စ်)က အိုက်ျနဲ့ပြမည်သာ ပြောတာ ဝတ်စားလာတာကတော့ အလန်းစား။ ကြည့်လေ တဆက်တည်း လက်ပြတ်ဂါဝန်အရှည် အနီရောင်လေးက ရို့(စ်) အသားအရည် ဖြူနုနုလေးဖြင့် အလွန်လိုက်ဖက်ပါသည်။

ဆံပင်တွေကို အပြောင်သိမ်းတင်ပြီး နဖူးနှင့်နားသယ်စပ်မှာ ဆံစလေးတွေ ကပိုကရို ကျနေတာက ကဗျာဆန်လွန်းသည်။

ပလက်တီနမ် နားဆွဲကွင်း အဝိုင်းကြီးတွေ ဆွဲထားပြီး လည်တိုင်မွတ်မွတ်လေးမှာ ပလက်တီနမ် ကြိုးမျှင်မျှင်လေးသာ ဆွဲထား၏။ ဝဲဘက် လက်သူကြွယ်လေးတွင်လည်း ပလက်တီနမ် မောင်းကွင်းလေး တစ်ကွင်းသာ ဝတ်ထားသည်။

ဖိနပ်ကတော့ ဖန်ဆယ်လ်ဟီး အနီရောင်ကို စီးထားသည်။ ရို့(စ်) အသွင်က ဂျနီဖာအင်နစ္စတန်နှင့်တောင် ခပ်ဆင်ဆင်ဟု မိန့်မိန့် မှတ်ချက်ပြုမိသည်။

အဝေးမှ မောင်းလာသော တက္ကစီအပြာရောင်လေး ထိုးရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သွားမလို့လဲ''

''မဟာမြိုင် အထူးကုဆေးခန်း သွားချင်လို့''

''ရတယ် တက်လေ''

ကားဒရိုင်ဘာက ရောဘင်မျက်မှန်ကို တွန်းကပ်ရင်း ပြောလိုက်သည်။ စတိုင်အပြည့်နှင့် ဂိုက်ပေးကြမ်းလွန်းသော ဒရိုင်ဘာကိုကြည့်ပြီး မိန်မိန် ပြုံးမိသေးသည်။ ပြီးမှ ရှီ(စ်)ဘက် လှည့်ပြီး

''ရှီ(စ်) လာလေ ရပြီ''

ကားနားတွင် ရပ်စောင့်နေသော ရှီ(စ်)ကို မိန်မိန် လက်ယပ်လှမ်းခေါ်လိုက်သည်။ ရှီ(စ်) ခေါင်းကလေး ဆတ်ပြပြီး ကားအနားကို ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။ ပြီးတော့ အဆင်သင့်ဖွင့်ထားသည့် ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်၏။

''နင် တစ်ယောက်တည်း ဖြစ်တယ်နော် ရှီ(စ်)''

''ဖြစ်ပါတယ် နင်သာ ကားကို ဝပ်ရှော့ပို့ဖို့လုပ်''

''အိုကေ ဒါဆို ဒီကကိစ္စ ငါဘာသာ ကြည့်စီစဉ်လိုက်မယ်''

''ပြီးတာနဲ့ ဖုန်းဆက်လိုက်နော် မိန်''

''အေးပါ နင် ဆေးခန်းမှာသာ စောင့်နေ၊ ငါ လာခေါ်မယ်''

ရှီ(စ်) ပါးစပ်ပြင်ရုံရှိသေးသည် ကားလေးက သူ့သဘောဖြင့်သူ မောင်းထွက်သွား၏။ မိန်မိန်ကို မှာစရာရှိတာပင် မမှာလိုက်ရ။

''မှင်းမှာ ဘာရောဂါရှိလို့ ဆေးခန်းသွားပြမှာလဲ''

တက္ကစီဒရိုင်ဘာ မေးခွန်းကြောင့် ရှီ(စ်) ကြောင်သွားသည်။





ကိုယ်နှင့်လည်း မသိဘဲနှင့် စပ်စပ်စုစုနိုင်လွန်းပါသည်။ ရင်ထဲကမပါဘဲ ဖောရှောရိုက်တာမျိုးကို ရှီ(စ်) အလွန်ရွံမုန်းမိပါသည်။

''အဲဒါ ရှင်နဲ့ဘာဆိုင်လဲ''

ရှီ(စ်) ခပ်တင်းတင်းပင် ပြန်ပြောလိုက်သည်။

ဒရိုင်ဘာက သဘောကျသွားသလို ဟက်ခနဲ တစ်ချက်ရယ်သည်။

''ရှင် ဘာရယ်တာလဲ၊ မိန်းကလေးတစ်ယောက်တည်းဆိုပြီးတော့ ရိသဲ့သဲ့လုပ်မယ်တော့ မကြံနဲ့နော်၊ လုံးဝကို မကြောက်ဘူး''

ဒရိုင်ဘာက ပို၍သဘောကျသွားသည်။ ရှီ(စ်) စကားကို အရေးမစိုက်သလို ကျယ်လောင်စွာ ပို၍ရယ်ပြပြီး မျက်မှန်ကို ချွတ်ကာ အနောက်သို့ လှည့်လိုက်သည်။

''ကိုယ့်အနမ်းတွေ ပိုးစိုးပက်စက် ခွေ့ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ပူလို့ မေးတာပါကွာ၊ မကြိုက်ရင်လည်း မမေးတော့ပါဘူး''

''ဟင် ရှင် ရှင်''

ရှီ(စ်) ထိုလူ့မျက်နှာကို မြင်လိုက်သည်နှင့် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ သေချာပါသည်။ လုံးဝ မျက်စိမမှားနိုင်ပါ။ သူမှ သူအစစ်။

''အဟဲ ကိုယ်ကို မှတ်မိသွားပြီပေါ့''

''ရှင့်ရုပ်ကြီးကို ဘာမှ မမှတ်မိစရာအကြောင်းမရှိဘူး''

''ဟုတ်တာပေါ့ ကိုယ့်လို လူချောလူခန့်ကြီးကို မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများက တစ်ခါမြင်ဖူးရုံနှင့် အသည်းထဲမှာ စွဲပြီးတော့ကို မှတ်မိကြတယ်''

''လဲသေလိုက်၊ ရှင့်ရုပ်ကြီးကို ကျွန်မက မုန်းလွန်းလို့ကို မှတ်မိနေတာ၊ ဟွန်း အလကား အခွင့်အရေးသမား''

ရို့(စ်) မကျေမနပ်ဖြင့် မျက်စောင်းထိုးကာ ခပ်ကြိတ်ကြိတ် ကျိန်ဆဲပစ်လိုက်သည်။ သူက ရေမြုပ်ဂျာကင်ကြီးနဲ့မို့ ရုတ်တရက် မမှတ်မိခြင်းပါ။ ရို့(စ်) ပိုးစိုးပက်စက် ပြောတာကိုတောင် ညီသုတက အပြုံးမပျက် တတ်လည်း တတ်နိုင်ပါ၏။

''မင်း အဲဒီနေ့က တစ်နေ့လုံး ကိုယ့်ကို သတိရနေတယ် မဟုတ်လား၊ မညာနဲ့ ကိုယ် လုံးဝ ကျိန်းသေသိတယ်''

''အို သတိရစရာ ဘာအကြောင်းမှမရှိဘူး၊ ရှင့်ရဲ့ ယုတ်မာမှုတွေကိုပဲ တွေးတွေးပြီး ဒေါသဖြစ်လွန်းလို့ ရှင့်ခန္ဓာကိုယ်ကြီးကို ဖျော်ရည်စက်ထဲထည့်ပြီး ကြိတ်ပစ်ချင်နေတာ သိရဲ့လား''

''ဟုတ်လား ဒါဆို ကိုယ်က မင်းအတွက် ချိုမြိန်တဲ့ သစ်သီးလေးတစ်လုံးပေါ့''

''သွားသေလိုက် ပုတ်အဲ့နေတဲ့ ရှောက်သီးပဲဖြစ်လိမ့်မယ်''

ရို့(စ်)က မျက်နှာလေးကို ရှုံ့မဲ့ရင်းပြောလိုက်တော့ သူ ပြုံးသလို မဲ့သလိုနှင့် သရော်တော်တော် လုပ်ပြနေတာကိုက မခံချင်စရာ။

''ဒါနဲ့ အခု မင်း ဘာဖြစ်လို့ ဆေးခန်းသွားပြမှာလဲ၊ မင်းပုံစံကိုကြည့်ရတာတော့ အလတ်ကြီးပါ အနာအဆာဖြစ်တဲ့နေရာ တစ်ခုမှ





မတွေ့ဘူး''

ပြောပုံကိုက အဆီအငေါ်မတည့်။ ကိုယ့်ခန္ဓာကိုယ်တစ်ခုလုံးကိုပဲ သူက ပိုင်စိုးပိုင်နင်း မြင်ဖူးကြည့်ဖူးသည့်ပုံစံမျိုး။ တင်တင်စီးစီး ပြောပဲပြောတတ်သေး၏။

အိုဂျီကို သွားပြမည့်ကိစ္စက သူ့ကိုပြောစရာတဲ့လား။ ဒီကိစ္စကို ဒီလူ ညီသုတ သိသွားလို့မဖြစ်။ တွေးရင်းနှင့်ပင် ကိုယ့်ကိစ္စကြီးက ညီသုတလို လူမျိုးရှေ့မှာ ဘွားခနဲ ပေါ်သွားမှာကို စိုးကြောက်မိလာသည်။

ညီသုတက စိတ်မရှည်တော့သလို မျက်မှောင်ကျုံ့ရင်း

''ဟော့ ပြောလေ ကိုယ် တကယ် စိုးရိမ်လို့ မေးနေတာ''

ညီသုတ အသံက ရို့(စ်)အပေါ်မှာ စိုးရိမ်နေတာတော့ သေချာလောက်ပါသည်။ နွေးထွေးသွားသလို ခံစားမိတာ ဘာကြောင့်မှန်းမသိ။

''ဟော့ ကိုယ် ပြောနေတာ ကြားလား၊ ဘာတွေငိုင်နေတာလဲ''

''အို ရှင့်အပူမပါပါဘူး။ ကျွန်မဘာသာ ဘာကိစ္စနဲ့သွားသွား''

''ရော် ခက်နေပြန်ပါပြီ၊ ကိုယ်က စိတ်ရင်းနဲ့မေးတာကွ၊ မင်းနဲ့ကိုယ်နဲ့ ဆုံကြတာ ဒီတစ်ကြိမ်နဲ့ဆို သုံးကြိမ်ရှိသွားပြီ၊ ပထမအကြိမ်တွေ့တုန်းကတော့ ပဋိပက္ခလေးတွေနဲ့ ဆုံဖြစ်ကြတယ်၊ ခု တတိယအကြိမ်မှာတော့ မိတ်ဆွေတွေဖြစ်ကြဖို့ အကြောင်းပြချက် ခိုင်လုံသွားပြီပေါ့''

''ကျွန်မကတော့ ရှင်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူး၊ ဖြစ်စရာလည်း ဘာအကြောင်းမှ မရှိဘူးလို့ ထင်တယ်''

ရို့(စ်) ပြတ်ပြတ်သားသားပင် ငြင်းဆန်ပစ်လိုက်သည်။ ညီသုတက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောမှ ရမည့်သူ။ နှစ်ကြိမ်တွေ့ဖူး၊ ဆုံဖူးရုံနှင့်တင် သူ့ကို အော့ကြော လန်လှပြီ။ သူကလည်း လုံးဝ အလျှော့မပေးပါ။ ရို့(စ်) စိတ်ဆင်းရဲမိတာ တော့ အမှန်။

"ကိုယ်ကတော့ ဖြစ်ချင်တယ်၊ မင်း သဘောမတူလည်း မင်းနဲ့ သူငယ်ချင်းဖွတ်ဖြစ်မှာပဲ၊ အဲဒီနေ့က မင်းတော့ မသိဘူး ကိုယ်တော့ တစ်နေကုန်ကို နေမထိထိုင်မသာ ဖြစ်သွားတယ်"

သူက စကားကို ရပ်လိုက်သည်။ ပြီးတော့ နက်မှောင်ရှုရှလျက် မျက်ဝန်းတွေဖြင့် စိုက်ကြည့်နေ၏။ ရဲတင်းလွန်းသော အကြည့်ကြောင့် ရို့(စ်) ကြက်သီးပင် ထသွားသည်။ ညီသုတက အကြည့်ကိုလွှဲ၍ ကားကို ဂရုတစိုက် ပြန်မောင်းရင်း

"ကိုယ် ရည်းစားတွေ အများကြီး ထားဖူးပါတယ်၊ ဒါပေမဲ့ သူတို့နဲ့ချစ်ကြောင်း ကြိုက်ကြောင်း ပြောနေတဲ့အချိန်တွေအားလုံးဟာ မင်းကို ဖက်နမ်းခဲ့တဲ့အချိန်ရယ် မင်းနဲ့အချေအတင် စကားများခဲ့တဲ့ အချိန်လေးတွေလောက် ရင်ခုန်စရာမကောင်းဘူး အနှစ်အရသာ မရှိဘူး"

ညီသုတဆီမှ မထင်မှတ်သော စကားကြောင့် ရို့(စ်) ဘယ်လို တုံ့ပြန်စကားမှ မဆိုနိုင်တော့ဘဲ ဆွံ့အသွားသည်။

ရို့(စ်)လည်း ညီသုတနှင့် ရန်ဖြစ်ခဲ့တဲ့အချိန်မှာ ပျော်သလိုလို ရှိခဲ့တာကိုတော့ မငြင်းပါ။ ရုတ်တရက် ကြားလိုက်ရသည့် စကားတွေ ကြောင့် အေးစက်ငြိမ်သက်သွားသည်။ အပြုအမူကို မနှစ်မြို့စိတ်က





ချက်ချင်းပေါ်လာသည်။

ကိုယ့်စိတ်တွေ ယိုင်နဲ့မသွားအောင် တည်ငြိမ်စွာထိန်းရင်း မျက်နှာလေးကို ချက်ချင်း တင်းမာပစ်လိုက်သည်။ သူကပဲ စကားကို ပြန်စ၏။

"ဘယ်လိုလဲ ကိုယ်တို့ သူငယ်ချင်းတွေဖြစ်ကြဖို့ မင်း စိတ်ဝင် စားတယ် မဟုတ်လား"

"လုံးဝ စိတ်မဝင်စားဘူး၊ ကားကို ခုချက်ချင်း"

"ဖောင်း"

"အမလေး"

ဖောင်း ဆိုသည့် အသံကျယ်ကြီးကြောင့် ရို့(စ်)ဒေါသတွေ ဘယ်ရောက်သွားမှန်းမသိ။ ငယ်သံပါအောင် အော်ပြီး ကားရှေ့ခန်းက ညီသုတ လက်မောင်းကို အားကိုးတကြီး လှမ်းကိုင်မိလျက်သား ဖြစ် သွားသည်။

ညီသုတ အားကိုးတကြီး ဖမ်းကိုင်လိုက်သည့် ရို့(စ်) လက်က လေးကို ကားမောင်းနေရင်း အုပ်မိုးဆုပ်ကိုင်ထားလိုက်၏။

"မလန့်ပါနဲ့ ရို့(စ်)ရယ်၊ ကားဘီးပေါက်သွားတာပါ"

ရို့(စ်)ကို နှစ်သိမ့်သော သူ့အသံက ညင်သာနူးညံ့လွန်းပါသည်။ ရင်ခုန်သံစည်းချက်တွေကြားမှ တတ်လည်းတတ်နိုင်တဲ့လူပဲဟု တွေးမိသေး သည်။

ထိတ်လန့်ခြင်းတွေ တဖြည်းဖြည်း ပြေလျော့သွားတော့ ညီသုတ



www.burmeseclassic.com

www.burmeseclassic.com



ရို့(စ်) လက်ကို ဆုပ်ကိုင်ထားတာ သတိထားမိသည်။ ရင်ထဲမှာ မခံချင်စိတ်က လှိုက်ဖိုသွားပြီး သူ့မ လက်ကလေးကို အတင်းပြန်ရုန်းသည်။

ညီသုတက လုံးဝ လွှတ်မပေးပါ။ ကားကို လက်တစ်ဖက်တည်းဖြင့် ကျင်လည်စွာမောင်းပြီး လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ ကားဘီးပေါက်သွား၍ ရှေ့ဆက်မောင်းမရတော့တာကို သတိရမိသည်။

ကားရပ်သွားသည့်တိုင်အောင်တောင် ညီသုတက လက်ကို မလွှတ်သေး။

''ဟော့ လွှတ်လေ သူများလက်ကို''

''မလွှတ်ပါရစေနဲ့ဦး မင်းရဲ့နူးညံ့တဲ့အသားလေးတွေကို တစ်မိနစ်လောက်ဖြစ်ဖြစ် ကိုင်ခွင့်ရထားချင်လို့''

''ရှင် လွန်လာပြီနော်၊ ရှင့်မှာ နှမချင်း ကိုယ်ချင်းစာတတ်တဲ့စိတ်မရှိဘူးလား ဟင်''

ရို့(စ်) လက်ကို အတင်းရုန်းနေရင်းက ခပ်စူးစူးအသံလေးဖြင့် ရန်တွေ့သည်။ ယောကျ်ားတစ်ယောက်ကို အသံကျယ်ကျယ်ဖြင့် ရန်တွေ့ဖူးတာ ရို့(စ်)အတွက်တော့ ဒါဟာ ပထမဆုံးအကြိမ်ဖြစ်သည်။

''ရှင် ပြောနေတာတောင် မလွှတ်ဘူးလား''

''မလွှတ်ဘူး ကိုယ်က တစ်ဦးတည်းသော သား''

''ရှင် တကယ်မလွှတ်ဘူးပေါ့၊ ရတယ်လေ နောက်မှ ကျွန်မကြောင့် ရှင့်အသား နာတယ်မလုပ်နဲ့''

ညီသုတက မကြားချင်ယောင်ဆောင်နေ၏။ ရို့(စ်) ပြောပြော





ဆိုဖြင့် ညီသုတ နားရွက်ကို လိမ်ဆွဲပစ်လိုက်သည်။

''အာ ဘာလို့ နားရွက်လိမ်ဆွဲတာလဲ၊ ကိုယ့်ကို မူလတန်းာလေး မှတ်နေလား''

သူ့နားရွက်အဆွဲခံရမှ ရို့(စ်) လက်ကိုလွှတ်သည်။ ပြီးမှ ပြုံးဖြီးမျက်နှာပေးဖြင့် ရို့(စ်)ကိုကြည့်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

ကားဘီးလဲရန် စပယ်ယာဘီးကို နောက်ဖုံးဖွင့်ပြီး ထုတ်လိုက်သည်။ စပယ်ယာဘီးကလည်း လေလျော့နေ၍ ညီသုတ စိတ်လေသွားသည်။

ဘိုဘိုတို့ကားကို ဘယ်လိုမောင်းနေကြသလဲ မသိ။ ကားဘီးအပိုလေလျော့နေတာတောင် မသိ။ တော်တော်ပေါ့လျော့လွန်းသည်။

စိတ်ထဲတွင် ညီဝမ်းကွဲ ဘိုဘိုကို မကျေမနပ် ရေရွတ်ပြစ်တင်နေမိသည်။

''ရို့(စ်) အချိန်ရဦးမလား၊ ကားဘီးက လေလျော့နေတော့ နီးစပ်ရာဆိုင်တစ်ဆိုင်မှာ ဝင်ဖာပြီး လေထိုးရဦးမယ်''

''ဟွန်း ဘယ်လိုကားစုတ်ကို ငှားလာမိလဲ မသိဘူး''

ရို့(စ်) တစ်ယောက်တည်း ရေရွတ်သလို ပြောပြီး အချိန်ရတယ်မရဘူးဆိုတာကို ပြန်မဖြေ။ ကားပေါ်တွင် ခပ်တင်းတင်း မျက်နှာလေးဖြင့် ထိုင်နေလိုက်သည်။

ညီသုတမှာသာ ကားဘီးဖာရန် ဆိုင်ဘယ်နေရာရှိမှန်းမသိ ယောင်ဝါးဝါးဖြစ်နေသည်။ ဘယ်သူ့ကိုမေးရလို့ မေးရမှန်းလည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တော်တော်လေးကြာသွားသည်။ ရို(စ်) အကြောအချဉ် တွေ တောင့်တင်းလာ၏။ ညီသုတ်က လာသမျှကားတွေတားၡမေးရင်း အဆင်မပြေသလို ခေါင်းတကုတ်ကုတ်။

ရို(စ်) အိုကျိဆီမသွားတော့ဘူးဟု ဆုံးဖြတ်ချက် ချလိုက်၏။ မိန်မိန်ဆီ ဖုန်းဆက်ပြီး လှမ်းပြောလိုက်သည်။ မိန်မိန်ကလည်း ကား ဝပ်ရှော့မှ မပြန်ရဲသေးသဖြင့် ရို(စ်)ကို လာမခေါ်နိုင်သေးပါ။

အမှန်ဆို ရို(စ်)အနေနှင့် သူ့ကားကို စောင့်စီးမနေတော့ဘဲ အခြားကား ငှားစီးသွားလည်း ရပါသည်။ ရို(စ်)စိတ်တွေက ပေါ့ရွှတ် ရွှတ်ဖြင့် အချိန်တွေဖြုန်းနေမိတာ ဘာကြောင့်မှန်းမသိ။

ယောက်ျားတွေကို အထင်မကြီးတတ်သော ရို(စ်) ခုတော့ ဂျစ်ကန်ကန် ညီသုတအကြောင်းတွေ ခေါင်းထဲဝင်လာသည်။ ခပ်ရွှတ်ရွှတ် ညီသုတ ပုံစံက ရို(စ်)ကို ဆွဲဆောင်ထားတာ ဘာကြောင့်လဲ။ မစဉ်းစား တတ်အောင် စိတ်အစဉ်က မြန်ဆန်စွာ ပြောင်းလဲနေ၏။

သူ့အကြည့်တွေက ရို(စ်)ရင်ကို နွေးထွေးစေတာတော့ အမှန် လေ။ အို ရို(စ်) ဘာတွေ တွေးမိနေပါလိမ့်။ ထိုအကြောင်းတွေက ခေါင်းထဲက အမြန်ဆုံး မောင်းထုတ်ပစ်မိသည်။

ရို(စ်) လှမ်းကြည့်လိုက်တော့ ညီသုတက ကားတစ်စီးဆီ စပယ်ယာဘီးတစ်လုံးကို တောင်းယူလိမ့်လာနေသည်။

သက်ပြင်းလေးရှိုက်ရင်း ရို(စ်)အကြည့်ကို လွှဲဖယ်ပစ်လိုက် သည်။





ဒါပေမဲ့ ပုံရိပ်တွေက အာရုံထဲမှာ ငြိတွယ်နေတာတော့ အသေ အချာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''မြေးလေး မြေးသူငယ်ချင်း အိမ်ရှေ့မှာ ရောက်နေတယ်''

အခန်းတံခါးအပြင်မှ ဘွားရဲ့အသံကြောင့် အင်တာနက်သုံးနေရာက ရို့(စ်) ထလိုက်သည်။ ရို့(စ်)ရဲ့သူငယ်ချင်းတဲ့။ ဘယ်သူများပါလိမ့်။

တံခါးလော့ခ်ကိုဖွင့်ကာ အပြင်သို့ ခေါင်းပြူကြည့်လိုက်သည်။ ပုတီးလေး တချောက်ချောက်နှင့် ဘွားကို တွေ့လိုက်ရသည်။

''ဘယ်သူလဲ ဘွား''

''လူငယ်ချောချောလေးတစ်ယောက်ပဲ မြေးရဲ့၊ ရို့(စ်)ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းလို့ ဘွားကို ပြောတာပဲ''

ဘွားဆီမှာ ရို့(စ်)အပေါ် သံသယတွေ ရောက်လာမှာကို ရို့(စ်) မလိုလားပါ။ ဘွားကို ဆက်မမေးတော့ဘဲ ဆင်းလာခဲ့လိုက်သည်။





''ဟင် ရှင် ရှင် ညီသုတာပဲ''

ဘွားကို ဘယ်လောက်များ ဖြီးလုံးတွေ ထုတ်လိုက်သည်မသိ။ ဘွားက ယုံကြည်နေတာတော့ သေချာသည်။ ဘာတဲ့ ရို့(စ်)နဲ့သူနဲ့ကပဲ အရင်းနှီးဆုံး သူငယ်ချင်းတဲ့။ တော်တော်ဆိုးတဲ့ ညီသုတ။

လက်ညှိုးလေးထိုးကာ တအံ့တသြဆိုရင်း ညီသုတ အနားသို့ ရို့(စ်) ရောက်ရှိသွားသည်။ သူကတော့ ခပ်အေးအေးပင်။

''တော်သေးတာပေါ့ အိမ်မှာရှိနေလို့''

''အို ကျွန်မက အိမ်မှာရှိမနေလို့ ဘယ်ကိုသွားရမှာလဲ''

ရို့(စ်) ဘုဆတ်ဆတ်လေးပြောပြီး ဆိုဖာခုံမှာ ထိုင်လိုက်သည်။

လက်တစ်လုံးကြိုးလေးနှင့် ပေါင်လယ်ခန့်ထိရှည်သော ဆွဲသားဂါဝန်အနက်ရောင်လေးဖြင့် လှပပြီးချစ်စရာကောင်းလွန်းပါသည်။ ရို့(စ်)၏ ဘုံဆန်သော အလှကို ညီသုတ အသက်ရှူဖို့ပင် မေ့လျော့သွားမိသည်။

ကော့ညွတ်သွယ်တန်းနေသည့် စိမ်းဖန့်ဖန့် မျက်ခုံးကွေးကွေးလေးတွေနှင့် ပြာလဲ့လဲ့ မျက်ဝန်းတွေက ညို့အားပြင်းထန်လွန်းပါသည်။

ဆွဲငင်အားပြင်းလွန်းသည့် အကြည့်တွေဖြင့် အကြည့်ချင်းဆုံလိုက်တာနှင့် တော်ရုံယောကျ်ားမျိုးတွေ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားမလားပင် ထင်ရ၏။

ဖူးဖူးစိုစိုနှင့် နှင်းဆီငုံလေးလို နှုတ်ခမ်းသားလေးတွေက ပြုံးလိုက်တိုင်း နှလုံးသားကို ဆုတ်ချေဖျစ်ညှစ်နေသလို ခံစားမိသည်။ တဖျပ်ဖျပ်လှုပ်ခါနေသည့် ကိုယ့်ရင်ခုန်သံကိုပင် ပြန်ကြားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှင်းလှပသည့် ကိုယ်ခန္ဓာအလှကို ပေါ်လွင်စေသည့် ဂါဝန်လေးကို ဝတ်ဆင်ထားတာမို့ ခံစားချက်က အလှူအလဲ။ ပေါင်တံ သွယ်လျလျ ဝင်းဖန့်ဖန့်လေးတွေနှင့် ပြစ်မျိုးမွဲ့မထင် အလှက သိဝိမင်းကြီးကို အမှတ်ရစေသည်။

ရှီ(စ်)ဆိုသည့် မိန်းကလေးကို မြင်မြင်ချင်း ချစ်ခင်စွဲလန်းသွားမိတဲ့ စိတ်တွေကို ကိုယ်တိုင်ပင် အကောင်းကြိုက်လွန်းသည်ဟု ပြန်ပြီး ဝေဖန်မိပါ၏။

"ဒီမှာ ရှင့်မျက်လုံးတွေ ဖုတ်များဝင်နေသလား။ လူကိုစားတော့ ဝါးတော့မတတ် ကြည့်နေလိုက်တာ"

ရှီ(စ်)၏မကျေမနပ်အသံကြောင့် သူမအပေါ်ကျရောက်နေသည့် အကြည့်တွေကို လွှဲကာ ရှက်ကျဲကျဲလေး ရယ်လိုက်သည်။ ပြီးမှ

"အဲဒါ ကိုယ့်အပြစ်မှ မဟုတ်တာ၊ မင်းအပြစ်"

"ဘယ်လို ကျွန်မအပြစ် ဟုတ်လား"

ခပ်မဲ့မဲ့လေး မေးလိုက်သော ရှီ(စ်)အမေးကြောင့် ခေါင်းဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ဒါပေါ့ မင်းက အရမ်းလှနေတာကိုး၊ သတိလက်လွတ် ကြည့်မိပြီပေါ့၊ ကိုယ့်နေရာမှာ တခြားတစ်ယောက်ဆိုလည်း ဒီလိုဖြစ်မှာပဲ"

သူ့ကို ရှီ(စ်) မျက်ဝန်းတောက်တောက်လေးတွေဖြင့် အလိုမကျစွာ ကြည့်သည်။ အလိုမကျမှုလေးကိုက အပိုင်သိမ်းထားချင်စရာကောင်းပါသည်။





"ကဲပါ အရည်မရ အဖတ်မရတွေ ပြောမနေနဲ့၊ ရှင် ဘာလာလုပ်တာလဲ၊ ကျွန်မအိမ်ကို လာလည်ဖို့ ရှင့်ကို တစ်ခါမှ မဖိတ်ခဲ့ဘူးတာတော့ သေချာတယ် ဟုတ်လား"

"အိမ်ရှင်က မဖိတ်ပေမယ့် ကိုယ့်ဘက်က လူမှုရေးတော့ သိတတ်ရမှာပေါ့၊ မနေ့က ကိုယ့်ကြောင့် ဆေးခန်းမသွားဖြစ်ဘူး မဟုတ်လား၊ ဒါကြောင့် ဒီနေ့ ကိုယ် မင်းကို ဆေးခန်းလိုက်ပို့ပေးမယ်"

ညီသုတ စကားကြောင့် ရှီ(စ်) စိတ်ပျက်သော ပုံစံဖြင့် ကျွတ်ခနဲ စုတ်တစ်ချက် သပ်လိုက်မိသည်။ စိတ်ပျက်ဖို့ကောင်းလိုက်တာ။

တကယ့်ကို သနားစရာကောင်းတဲ့ လူပါလား။ ရှီ(စ်) ဆေးခန်းသွားရတဲ့အကြောင်းကိုသာသိလျှင် နေရာမှာတင် ဘုန်းခနဲ လဲသေသွားမလား မသိ။

"ရှင့်အချိန်တွေ အရမ်းပိုနေလို့လား"

ရှီ(စ်) အရွဲ့တိုက်ပြီး မေးလိုက်သည်။ သူ့ကို အပီတိုက်နိုက်ပစ်ဖို့ ခုံးဖြတ်လိုက်မိသည်။

"ဒါပေါ့ မင်းအတွက်ဆိုရင် ကိုယ့်အချိန်တွေကို မပိုလည်း ပိုပေးရမှာပဲ၊ ဟုတ်တယ်နော်"

"မြေး ဩော် ဒီကလေးကတော့လေ ညှော်သည်ကို တစ်ခုခုနဲ့ ညှော်ခံလေကွယ်၊ အားနာစရာကောင်းလိုက်တာ"

"ဩော် ရပါတယ် ဘွား၊ ကျွန်တော် ရှီ(စ်)ကို အပြင်မှာ တစ်ခုခုကျွေးချင်လို့ လာခေါ်တာပါ၊ မတွေ့တာလည်း အတော်ကြာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



အဟင်း''

ညည့်ခန်းထဲသို့ ဘွား ရောက်လာသဖြင့် ရို့(စ်) ဘာမှပြန်မပြော လိုက်ရ။ တော်တော်လည်တဲ့လူ။ ချော်လဲရောထိုင်လုပ်ပြီး ရို့(စ်)ကို အပြင် ခေါ်ထုတ်ဖို့ ဝင်ဆင်သွားသေးသည်။

''ဟေ ဟုတ်လား အေးအေး ဒါဆိုလည်း ကောင်းပါပြီကွယ်''

ရို့(စ်)ဘက်က ဘယ်လိုမှ တုံ့ပြန်ခွင့်မရှိသည့် အနေအထားသို့ ရောက်ရှိသွားသည်။ ဘွားက အပြင်ထွက်မည့်ကိစ္စကို လုံးဝ ကန့်ကွက်ခြင်း မရှိပါ။ သူကပါ ပိုင်းပြီး ထောက်ခံပေးနေတော့ ညီသုတ ပို၍ သဘောရွေ့ သွားသည်။

ဘွား မမြင်အောင် လှမ်းကြည့်ပြီး ရို့(စ်) ညီသုတကို ခပ်တိုးတိုး တိတ် ကျိန်ဆဲပစ်လိုက်သည်။

''ကဲ ဒါဆိုလည်း မြေးအဝတ်အစား သွားလဲလေကွယ်၊ သူ ငယ် စောင့်နေရတာ အားနာစရာ''

ဘွားက ဘုမသိဘမသိ အရောက်ပို့နေသဖြင့် ရို့(စ်) စိတ်ရှုပ် သွားသည်။ အဲဒါ ဒီလူကြောင့်ဖြစ်ရတာဆိုပြီး စိတ်ထဲမှ ပွစိပွစိရေရွတ် နေမိသည်။

''ဟို ရို့(စ်) ခေါင်းနည်းနည်း ကိုက်နေလို့ လိုက်မစားတော့ပါ ဘူး ဘွားရယ်''

ရို့(စ်) နားထင်လေးကို လက်ညှိုးလေးထောက်ပြီး ပြောတော့ ညီသုတ ပြာပြာသလဲ ဖြစ်သွားသည်။





''ဟာ အဲဒီလိုတော့ မခေါက်လိုက်ပါနဲ့ ရို့(စ်)ရာ၊ ကိုယ့်မှာ အလုပ်တွေ မအားရတဲ့ကြားထဲက ရို့(စ်)ကို လိုက်ကျွေးချင်လို့ တမင် တကာ အလုပ်တွေ ဖျက်ပြီး လာရတာ ဘွား လုပ်ပါဦး ကူပြောပေးပါဦး''

ဘွားကိုပါ ပတ်ချွဲနှပ်ချွဲဖြင့် စစ်ကူတောင်းနေတာကိုကြည့်ပြီး ရို့(စ်) ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။ သူ့ကို စိတ်ဒုက္ခကောင်း ကောင်းပေးရတာ အရသာရှိလိုက်သည့်ဖြစ်ခြင်း။

''အေးလေကွယ် မြေးရယ်၊ ခမြာလေးမှာ တကူးတက လာ ခေါ်ရရှာတာ၊ လိုက်သွားလိုက်ပါကွယ်၊ အိမ်ထဲမှာပဲ တစ်နေကုန်ထိုင်ပြီး အင်တာနက်သုံးလိုက်၊ ဂိမ်းကစားလိုက်၊ သီချင်းနားထောင်လိုက်နဲ့ အညောင်းမိရောပေါ့''

မရမက ဖွတ်အတင်း တိုက်တွန်းနေသည့် ဘွားကိုကြည့်ပြီး ရို့(စ်) ပခုံးလေးတွန့်လိုက်သည်။ ဘာတွေဖြစ်ကုန်ပြီ မသိ။

တကယ်တော့ ရို့(စ်) သူ့ကို စိတ်ဒုက္ခကောင်းကောင်း ပေးနေ မိတာပါ။ ဒီလို အခွင့်အရေးမျိုးကိုတော့ လက်မလွှတ်ချင်ပါ။ ညီသုတနှင့် အဆီအငေါ်မတည့်သော စကားစစ်ထိုးပွဲလေး ဆင်နွှဲရမှာလေ။ ဂိမ်းပွဲ တစ်ပွဲ ကစားရတာထက်တောင် အပျင်းပြေပြီး ပျော်စရာကောင်းမှာ သေချာ၏။

ရို့(စ်)အတွက် တစ်နေလုံး ဘာမှ မယ်မယ်ရရရှိတာမဟုတ်။ စကားပြောဖော်မရှိ စားလိုက်သောက်လိုက် စာဖတ်လိုက်၊ ဂိမ်းကစား လိုက်နှင့် အချိန်တွေကို ဖြုန်းတီးပစ်နေရတာ ငြီးငွေ့နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစရာ စကားပွဲလေးကို လိုချင်မိပေမယ့် မြန်မာမိန်းကလေးတစ်ယောက်မို့ မှုလိုက်ရတဲ့သဘောပါပဲ။

ယောကျ်ားတွေကို စိတ်မဝင်စားဘူး၊ ဘယ်ယောကျ်ားနှင့်မှ အဆက်အဆံ မလုပ်ချင်ဘူးဟူသော ရှီ(စ်) ကြွေးကြော်သံတွေ မသိမသာ တိမ်ဝင်သွားခဲ့တာကိုတော့ ရှီ(စ်) ကိုယ်တိုင် သတိမထားမိခဲ့ပါ။

ရှီ(စ်) ကိုယ့်စိတ်ကို ထိန်းသိမ်းဖို့အတွက် ခက်ခဲပါသည်။ အစကတည်းက ရှီ(စ်)က လွတ်လပ်သည့် လိုက်ဖ်စတိုင်ကို မြတ်နိုးမိတာလေ။

ဒီအချက်ကပဲ ရှီ(စ်)ရဲ့ အားနည်းချက်ဖြစ်နေသလား။

■ ■ ■



## အခန်း (၈)

"နင် ညီသုတကို ငြိနေပြီ မဟုတ်လား ရှီ(စ်)"

ဒွဲတိုးကြီး မေးလာသော မိန်မိန် စကားကြောင့် ရှီ(စ်) ခန္ဓာကိုယ်လေး တွန့်ခနဲ ဖြစ်သွားခဲ့ကာ ချက်ချင်းပဲ ငြင်းပစ်လိုက်သည်။

"ငါက ဘာလို့ ငြိရမှာလဲ၊ ဝေးသေးတယ်"

ပြတ်ပြတ်သားသား ငြင်းဆိုရင်း လက်ထဲက လက်ကိုင်အိတ်ကို အိပ်ရာပေါ် ဘုတ်ခနဲ ပစ်တင်လိုက်မိ၏။ ပြီးတော့ ခုတင်စွန်းမှာ ဝင်ထိုင်သည်။

ရှီ(စ်) လှုပ်ရှားနေတာမှန်သမျှ မျက်တောင်မခတ်စတမ်း လိုက်ကြည့်နေသော မိန်မိန် မျက်ဝန်းတွေကို သတိထားမိပါသည်။

"နင်က ငါ့ကို ညာနေပေမယ့် နင့်မျက်လုံးတွေက ဝန်ခံနေတယ်၊ နင် ဘာငြင်းချင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှီ(စ်) မျက်မှောင်လေး ကုပ်သွားသည်။ ဘယ်လိုလဲဟ လူကို တရားခံစစ်သလို စစ်နေပုံက ရှီ(စ်)စိတ်ကို လိပ်ပြာမလုံသလိုဖြစ်စေသည်။

ဒီရက်ပိုင်းအတွင်းမှာ ရှီ(စ်)ရဲ့အပြုအမူ အခြေအနေတွေကို အရိပ်လိုကြည့်ကာ မိန်မိန် ပြောနေတာ ထင်သည်။ အသေအချာ ပြန်ဆန်းစစ်ကြည့်တော့ ရှီ(စ်) ကိုယ်တိုင်ကလည်း သတိထားစရာတွေ ပြုမူနေမိတာပါပဲ။

ညီသုတ ခေါ်တာကို လိုက်သွားခဲ့သည်။ ဖုန်းအခါခါဆက်တာကိုလည်း လက်ခံကာ စကားတွေ ပြောမိသည်။

ရင်ထဲမှာ ညီသုတနှင့်ပတ်သက်ပြီး တွယ်ငြိမှန်းမသိ တွယ်ငြိနေခဲ့သည်လား။ အခုလည်း ရှီ(စ်)ကို စူးစိုက်အကဲခတ်ကြည့်ကာ မေးခွန်းတွေ ထုတ်နေသော မိန်မိန်ကို ပြန်ပြီး စူးစိုက်ကြည့်လိုက်ကာ ခပ်ပေါ့ပေါ့လေး ရယ်ပစ်လိုက်သည်။

''နင်က အကြားအမြင်တွေရပြီး ငါ့ကို ဆိုက်ကိုတွေ မေးနေတာလား အဟင်း ဟင်း''

''ရယ်မနေနဲ့ ရှီ(စ်) နင် မစဉ်းစား မဆင်ခြင်ဘဲ လုပ်ခဲ့တဲ့ လုပ်ရပ်ကြောင့် မကြာခင်မှာ နောင်တအကြီးအကျယ် ရတော့မှာကို ငါ မြင်ယောင်နေတယ် ရှီ(စ်)''

ရှီ(စ်) ရယ်မောမောလေး လှောင်ပြောင်ပစ်ပေမယ့် မိန်မိန်ကတော့ အဲ့လေးအနက်လေးပဲ ဝေဖန်ချက်တွေ ပေးနေတာမို့ ရှီ(စ်) မျက်နှာလေး တည်ပစ်ရင်း





''ငါက ဘာကို နောင်တအကြီးအကျယ် ရရမှာလဲ မိန်မိန်ရဲ့၊ နင်ဟာလေ ငါ့ကို စကားလုံး အသစ်အဆန်းတွေနဲ့ ထွက်ပေါက်ပိတ်ဖို့ ကြိုးစားနေသလား မှတ်ရတယ်၊ ငါက နင့်လောက်စကားမကြွယ်ဘူး မိန်မိန်ရဲ့၊ ငါ့ကို ဒဲ့သာပြောစမ်းပါ''

''အေး ပြောရမယ်ဆိုရင်တော့ နင် ဟိုကနေ ဖန်ပြွန်သန္ဓေသား ယူလာတဲ့ကိစ္စပဲလေ၊ အခု နင် ညီသုတကို ချစ်မိသွားခဲ့ရင် အဲဒီကိစ္စကြီးကို ဘယ်လိုလုပ်မှာလဲ ပြောလေ''

မိန်မိန့်စကားက ရှီ(စ်) ရင်ကိုထိထိမိမိပါပဲ။ ဒီမေးခွန်းအတွက်လည်း ရှီ(စ်) ချက်ချင်းမဖြေနိုင်ဘဲ တွေခနဲ ဖြစ်သွားခဲ့၏။

''နင် မပြောတတ်တော့ဘူးမို့လား ရှီ(စ်)၊ ငါပြောဟာ အဲဒါပဲ၊ လူ့စိတ်ဆိုတာ မျောက်စိတ်လိုပဲဟဲ့၊ အခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုး ပြောင်းလဲနေတတ်တာ၊ ခန္ဓာကိုယ်ရဲ့ သွေးလည်ပတ်မှုကြောင့် ခနေ့က ပန်းသီးမစားချင်ပေမယ့် ဒီနေ့မှ စားချင်စိတ်ပေါ်ချင် ပေါ်လာမှာပဲ အဲဒီလိုပဲ ရင်ထဲမှာ လုံးဝ အချစ်မရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိထားပေမယ့်လည်း တစ်ချိန်ချိန်မှာ အဲဒီအချစ်ဆိုတာကြီးက ရင်ထဲကို အလိုလို ရောက်ချင်ရောက်တတ်လာမှာပဲ၊ နင့်နှလုံးသားထဲကို မက်ဆေ့ချ်မပို့ဘဲ ဝင်ချင်ဝင်လာမှာ သိလား''

မိန်မိန် ပြောသလို ဖြစ်နေပြီလားဟုတောင် ရှီ(စ်) သံသယလေး ဝင်လာချင်မိသည်။ ဘာကြောင့်များ ညီသုတနှင့် ပတ်သက်ပြီး စိတ်ကကြည်နူးသာယာချင်နေခဲ့တာလဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



အသံလေး ကြားမိတာနှင့်တင် စိတ်က ကြည်နူးပျော်ရွှင်သွားမိတာတော့ မဟုတ်သေးဘူး ထင်သည်။

"ရင်ထဲမှာ အချစ်တွေနှင့် ပြည့်နေပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲကိုလည်း အမုန်းတွေ ချက်ချင်းဝင်လာချင် လာတတ်တယ်၊ စိတ်ကို တသမတ်တည်း ထားတတ်တယ်ဆိုရင် အဲဒီလူက ကျောက်တုံးလိုလူပဲဖြစ်မယ်"

"ဒါဆို ငါက ကျောက်တုံးလူသားပေါ့ ဟုတ်လား"

အလေးအနက် ပြောနေသော မိန်မိန် စကားတွေကို ရို(စ်) ခပ်ပေါ့ပေါ့လုပ်ပစ်နေတော့ မိန်မိန် ခေါင်းလေးခါမိသည်။

နိုင်ငံရပ်ခြားမှာ ကျောင်းတွေထက် ခေတ်ပညာတွေ အများကြီး တတ်ကာ ပြန်လာသော သူငယ်ချင်းလေးရဲ့စိတ်တွေက ကလေးလေး တစ်ယောက်လို ဖြူစင်လွန်းနေတာတော့ သေချာသည်။

အခုလည်းကြည့် အရာရာကို ပြောင်သလို နောက်သလို လုပ်နေတာ မဟုတ်သေးပါ။

"နင်သာ ကျောက်တုံးလို လူသားဆိုရင် နင့်ရင်ထဲကို ချစ်တာတွေ သံယောဇဉ်တွေ ဝင်လာစရာမရှိဘူး။ နင်က ခံစားတတ်တဲ့ နှလုံးသားနဲ့လူသားပါ"

ဖက်ကလေးပု မျက်နှာလေးရှုံ့ကာ ရို(စ်) ပြုံးပြုံးလေး လုပ်နေသေးဟ။ '

"နင်ပြောသလိုဆိုရင် ငါ့ရင်ထဲကို အချစ်ရောက်နေပြီပေါ့





ဟုတ်လား"

"ဟုတ်တယ် နင့်ရင်ထဲကို နင် မသိလိုက်တဲ့အချိန်မှာပဲ အချစ်က တိုက်တိုက်လေး နိုးဝင်သွားပြီ၊ အဲဒါကြောင့် ငါပြောတာပေါ့၊ နင်က အနာဂတ်အတွက် ကြိုတင်မစဉ်းစား မပြင်ဆင်ထားတဲ့ ခပ်ရိုးရိုး မိန်းမတစ်ယောက်လို့"

"ဟင် ရိုးသားတာက အပြစ်မှ မဟုတ်တာဘဲ"

"ရိုးသားတာ အပြစ်မဟုတ်ပေမယ့် တစ်ခါတလေ အဲဒီ ရိုးသားမှုကြီးက ကိုယ့်ကို ပြန်ပြီး ဒုက္ခပေးတတ်တယ်"

"ဘုရားရေ ရိုးသားမှုက ဒုက္ခပေးတယ်"

"အေးလေ အခုပဲ နင် လက်တွေ့လေ၊ ဘွား ပေးစားတဲ့ ယောကျ်ားတစ်ယောက်ကို မယူချင်တာနဲ့ဘဲ နိုင်ငံခြားက ဖန်ပြွန်သန္ဓေသား ထည့်လာတယ်၊ ဒါ သင့်၏ မသင့်၏ နင် စဉ်းစားသင့်တာပေါ့"

"ဘာအချုပ်အနှောင်မှ မလိုတော့ဘဲ ဘွားလိုချင်တဲ့ ကလေး ရမယ့်ကိစ္စလေ၊ ဘွား ကျေနပ်စရာပဲဟာ"

"နင် အဲဒီတစ်ဖက်တည်းကြည့်ပြီး မပြောနဲ့ ရို(စ်)၊ နင့်လုပ်ရပ် အမှားကြီးကို နင့်နှလုံးသား သွေးစိမ်းရှင်ရှင်ထွက်အောင် ခံစားရမှာစိုးလို့ ငါက သတိပေးနေတာနော်"

မိန်မိန် ဘာကို ဆိုလိုတာလဲဆိုတာ ရို(စ်) ကောင်းကောင်း သဘောပေါက်ခဲ့လေပြီ။ မိန်မိန်က ရို(စ်) ရင်ထဲမှာ ခိုဝင်နေသော အရာ တစ်ခုကို ဖောက်ထွင်းမြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီ(စ်) နှလုံးသားက ညီသုတကို ချစ်နေခဲ့ပြီဟု မသေချာပေမယ့် ခင်တွယ် သံယောဇဉ်တွယ်နေခဲ့မိတာတော့ သေချာပါသည်။

ထိုအတွေးက ရှီ(စ်) ရင်ထဲကို ချောက်ချားထိတ်လန့်စွာ တိုးဝင်လာချိန်မှာ ရှီ(စ်) သွေးပျက်ချင်သွားမိ၏။

"နင် ဘာကို ရည်ရွယ်ပြောတာလဲ၊ ငါက ညီသုတကို ချစ်နေတယ်လို့ နင် ဆိုလိုတာလား၊ ဟုတ်လား မိန်မိန်"

"အဲဒါ ငါ့ကိုမေးရမှာမဟုတ်ဘူး၊ နင့်နှလုံးသားကို နင် ပြန်မေးရမှာလေ"

စကားအဆုံးမှာ မိန်မိန် ခုတင်လေးမှာ ထိုင်နေရာက ထထွက်သွားခဲ့သည်။

ရှီ(စ်)တစ်ယောက်တည်း အခန်းထဲက ခုတင်လေးမှာ ငုတ်တုတ် ကျန်ရစ်ခဲ့၏။ တကယ့်ကို စိတ်ရှုပ်စရာကောင်းပါလား။

ဟင့်အင်း ကျွန်မရင်ထဲကို ဝင်လာဖို့ မကြိုးစားနဲ့ ညီသုတ။

ရှီ(စ်)ရဲ့ အနာဂတ်ကို ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်မှာ မကုန်ဆုံးချင်သလို ရှီ(စ်)နှလုံးသားနဲ့ ဘဝကိုလည်း ယောကျ်ားတစ်ယောက်ရဲ့ ခြေရင်းမှာ ပြားပြားမဝပ်နိုင်ပါ။

ရှီ(စ်) အနာဂတ်ဘဝကို ရှီ(စ်) စိတ်ကူးနဲ့ တည်ဆောက်ပုံဖော်ထားပြီးသားပဲ ဖြစ်ပါသည်။

အချစ်ဆိုတာ တပ်မက်မှု၊ ပူလောင်မှုတွေနဲ့ ပြည့်နှက်နေတဲ့ အရာတစ်ခုလို့ပဲ ရှီ(စ်) ထင်ပါသည်။ ရှီ(စ်) ဖန်တီးချင်တာ အေးမြငြိမ်း





ချမ်းတဲ့ ကမ္ဘာသစ်လေးတစ်ခုပါပဲ။

ထိုကမ္ဘာသစ်ကလေးထဲမှာ ရှီ(စ်)ရယ် ဘွားရယ် နောက်ပြီး ရှီ(စ်) ဝမ်းနဲ့လွယ်ထားရသော ရင်သွေးရတနာလေးရယ်။ ဘယ်လောက်ထိ ကြည်နူးစရာကောင်းသည်လဲ။

ဘွားကလည်း ရှီ(စ်)ရဲ့ရင်သွေးလေးကို အကြွင်းမဲ့ချစ်မှာ သေချာသည်။ ရှီ(စ်)အတွက်လည်း ဝမ်းနဲ့လွယ်ကာ ပိုင်ဆိုင်ရသည့် ရင်သွေးလေးမို့ တစ်သက်လုံး ကြင်နာစွာ စောင့်ရှောက်ပေးသွားမှာပဲ ဖြစ်၏။

ဒါဟာ ရှီ(စ်)ဘဝမှာ သိပ်ကို ခမ်းနားသော ဘဝလေးပဲဟု ယုံထားခဲ့သည်။

အခုတော့ ရှီ(စ်)ရဲ့ ယုံကြည်မှုတွေ မိန်မိန်ရဲ့ သတိပေးစကားတွေကြောင့် ပြိုကွဲချင်ချင် ဖြစ်နေပြီ။

အချစ်ဆိုတာ နှလုံးသားကို မဖိတ်ခေါ်ဘဲ ရောက်လာတတ်သည့် ညှို့သည်လား။ ဒါဆိုလျှင်တော့ ရှီ(စ်) ရင်ထဲကို ရှင်ဝင်မလာပါနဲ့လို့ပဲ ကြိုတင်တောင်းပန်ထားချင်တယ် ညီသုတရယ်။

အချစ်ကို ရှီ(စ်) လက်မခံနိုင်လို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကားမောင်းနေရင်းမှ ရို(စ်)စိတ်တွေ ဝမ်းသာရမလို ဝမ်းနည်း ရမလို ခံစားနေရ၏။

နားထဲမှာ အိုကီျဒေါက်တာ ခင်မြတ်မွန် ပြောလိုက်သော စကား တွေကို ပြန်ကြားယောင်နေမိဆဲ။

"အင်း ပုံမှန်ရာသီသွေးရပ်သွားပြီဆိုတော့ သန္ဓေသားတည်နေ ပြီဆိုတာ သေချာသလောက်ရှိပါတယ် ရို(စ်)ရဲ့၊ ရို(စ်) ဝမ်းသာနေပြီလား

"ဟို အဲ အင်း ဟိုလေ ဘယ်လိုပြောရမှန်းမသိဘူး။ ဝမ်းသာ ပြီး ရင်ထဲမှာ တစ်မျိုးကြီးပဲ မမွန်ရဲ့"

"အဟင်း ရို(စ်)ကိုလည်း မမက အံ့ဩနေတာ၊ ရို(စ်)ရဲ့စိတ် ဓာတ်က တစ်မျိုးပဲနော်၊ ထူးဆန်းတယ် အဟင်း"

မမွန်လို အိုကီျတစ်ယောက်ကတောင် ရို(စ်)ကို နှုတ်က ဖွင့် ပြော အံ့ဩနေခဲ့သည်။ ရို(စ်) လုပ်ရပ်က ကိုယ့်မြေ ကိုယ့်ဓလေ့ ယဉ်ကျေ





မှုစရိုက်နှင့် ကွာခြားလွန်းနေသည်ကို။

တော်ဝင်ရို(စ်) ဆိုသော အမေရိကားရောက် မြန်မာအမျိုးသမီး အပျိုစင်တစ်ယောက်က ဖန်ပြွန်သန္ဓေသားနှင့် ရင်သွေးလွယ်ချင်သည်ဆို တော့ ဟိုမှာနေထိုင်သော မြန်မာလူမျိုး ဒေါက်တာ ခင်မေလွင်တောင် တားမြစ်ခဲ့သေး၏။

"ညီမလေးရယ် မမလွင်တော့ အားမပေးချင်ဘူး၊ ဘာလို့လဲ ဆိုတော့ ဒါ တို့မြန်မာယဉ်ကျေးမှုဓလေ့နဲ့ ဘယ်လိုမှ မအပ်စပ်လို့ပါ၊ ညီမလေးအသွား ပေးစားတဲ့ယောကျ်ား မယူချင်တာနဲ့ ဒီလိုလုပ်တာမျိုး မဖြစ်သင့်ဘူးလေ"

"မဟုတ်ဘူး မမလွင်၊ အဲဒီတစ်ချက်တည်းကြောင့် မဟုတ်ပါ ဘူး။ ဘွားက ရို(စ်) မွေးဖွားတဲ့ ရင်သွေးရတနာကို အရမ်းမျှော်လင့်နေတာ ကြောင့်ပါ"

"ဒါဆိုလည်း မြန်မာပြည်ရောက်မှ ကိုယ်လည်း ချစ်မြတ်နိုးတဲ့ ယောကျ်ားယူပြီး မိသားစုဘဝလေး တည်ဆောက်ပေါ့ကွယ်"

"ဟင့်အင်း ရို(စ်) တစ်သက်လုံး အိမ်ထောင်မပြုချင်ဘူး၊ အဲ ဘွားရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်တယ်၊ မမလွင် ကူညီပေးပါနော်"

ရို(စ်)ကို မမလွင်က အကြောင်းပြချက်တွေ ခိုင်မာစွာနှင့် အကြိမ်ကြိမ် တားမြစ်ခဲ့သည်။ နောက်ဆုံးမှာတော့ ရို(စ်)၏ပြင်းပြလွန်း သော ဆန္ဒကြီးကိုလည်း မမလွင် မလွန်ဆန်နိုင်ခဲ့ပါ။

ရို(စ်) ဆန္ဒအတိုင်း ဖန်ပြွန်သန္ဓေသားအရေးကိစ္စကို မမလွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပဲ စီမံဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာပြည်ရောက်လျှင်လည်း သူမရဲ့ညီမရင်းချာဖြစ်သူ ဒေါက်တာ ခင်မြတ်မွန်နှင့် ဆက်ပြီး ပြသစစ်ဆေးဖို့ကအစ စီစဉ်ပေးခဲ့၏။

''ရို့(စ်) မြန်မာပြည်ပြန်ရောက်တာနဲ့ တခြားဆရာဝန်တွေနဲ့ မပြနဲ့နော်၊ မမလွင်ရဲ့ညီမ အိုကြီးနဲ့ပဲ ပြပါ၊ ရို့(စ်)ရဲ့ဆေးမှတ်တမ်းနဲ့ လို အပ်တာမှန်သမျှကို ညီမလေးဆီ မမလွင် လွှဲပို့ပေးထားတယ်ဟုတ်လား။ ဒီအချက်ကိုတော့ အထူးဂရုစိုက်လိုက်နာပါနော်''

ရို့(စ်) နာခံခေါင်းညိတ်ခဲ့ပါသည်။ ဒါကြောင့်လည်း အခု ရို့(စ်) ရဲ့ကိုယ်ဝန်အရေးကိစ္စမှန်သမျှ ဒေါက်တာ ခင်မြတ်မွန်နှင့်ပဲ ပြသဖြစ်ပါ သည်။

အခုတော့ မမမွန် ကိုယ်တိုင်က ရို့(စ်) ဝမ်းထဲမှာ လွယ်ထား သော သန္ဓေသား အောင်မြင်စွာ တည်နေပြီဟု မှတ်ချက်ပြုခဲ့ပြီ။

မကြာခင်အချိန်လေးမှာ ရို့(စ်) ရင်သွေးရတနာတစ်ယောက်ကို ပိုင်ဆိုင်ရတော့မည့် မိခင်လောင်းတစ်ဦးဖြစ်တော့မည်။

ပတ်ဝန်းကျင်က ရို့(စ်)ကို ဘယ်လိုကဲ့ရဲ့ကြမည်မသိပါ။ ဒါပေမဲ့ ရို့(စ်) ဂရုမစိုက်ပါ။ ကဲ့ရဲ့ခုနစ်ရက် ချီးမွမ်းခုနစ်ရက်တဲ့။

ရို့(စ်) ရင်ဆိုင်ဖို့အသင့်ရှိနေ၏။ ဒါ ရို့(စ်) ကိုယ်တိုင်ရွေးချယ် စီမံခဲ့သော အရေးကိစ္စကြီးပဲလေ။

အတွေးတွေက ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော လက်ကိုင် ဖုန်းလေး မြည်သံကြောင့် ပြိုကွဲသွားခဲ့၏။ ကောက်ယူနားထောင်မိတော့





ဘွားဆီက ဆက်သည့်ဖုန်းဖြစ်နေ၏။

''ဟဲလို ဘွား ပြောပါ''

''အခြေအနေ ဘယ်လိုလဲ သမီး၊ ဘွား သမီး ပြန်လာချိန်ကို မစောင့်နိုင်လို့ ဖုန်းလှမ်းဆက်လိုက်တာ''

ရို့(စ်) ပြုံးမိသည်။ ဘွား ကိုယ်တိုင်လည်း ရို့(စ်)လိုပဲ ဒီသတင်း ကိုပဲ ရင်ခုန်မျှော်လင့်နေခဲ့သည်ဆိုတာ သိပြီးသားပါ။

''ဟုတ် ကျိန်းသေသွားပြီ ဘွား၊ အိုကြီက နောက်လ နှစ်ဆယ့် ငါးရက်မှာ ထပ်လာပြဖို့ ချိန်းလိုက်တယ်''

''ဟင် ဒါဆို မြေးလေးမှာ တကယ် ရင်သွေးရှိနေပြီပေါ့၊ ဘွား မြစ်တစ်ယောက် ပိုင်ဆိုင်ရတော့မှာပေါ့ ဟုတ်လား''

''ဟုတ်ကဲ့ ဘွား ပျော်နေတယ် မဟုတ်လားဟင်''

''မြေးရဲ့သွေးသား ပိုင်ဆိုင်ရတော့မှာပဲကွယ် ဘွား ပျော်တာ ပေါ့၊ ဪ သမီး ကလေးအတွက် လိုအပ်တာတွေ တစ်ခါတည်း ဝင် ဝယ်ခဲ့မှာလားဟင်''

''ဟာ ဘွားကလည်း အခုမှ တစ်လတောင်မရှိသေးတာကို အဟင်း ဟင်း''

အခုမှ ဝမ်းထဲမှာ သန္ဓေတည်သည့် မြေးအတွက် ဘွား ကြိုတင် ရင်ခုန်အကဲပိုနေတာကို ရို့(စ်) ရယ်မိသေး၏။

''အေး ဟုတ်ပါရဲ့ ကဲ ကဲ သမီး အိမ်ပဲတန်းပြန်ခဲ့နော်၊ ကား ကိုလည်း ဂရုစိုက်မောင်းနော် မြေး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘွား ဒါပဲနော် ဟုတ်"

ဖုန်းလေးကို ပြန်ပိတ်ရင်း ရို့(စ်) အပြုံးလေးကွေ့ မျက်နှာပေါ်မှာ ထင်ကျန်နေခဲ့ရှိသည်။

လောကအလယ် မိဘမဲ့တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ရို့(စ်)ကို ဘွားက မေတ္တာတွေ ပုံအပ်ပေးခဲ့သည်။ ရို့(စ်)ကလည်း ဘွားကိုပဲ သံယောဇဉ်ကြီးမားခဲ့ပါသည်။ ဖေဖေ့ဘက်က ဆွေမျိုးတွေက အမေရိကားကို ခေါ်သည့်တိုင် ရို့(စ်) သွားနေထိုင်ဖို့ စိတ်မကူးခဲ့ပါ။

သူတို့ကျေနပ်အောင် ကာလအပိုင်းအခြားတစ်ခုအထိ နေပေးခဲ့သည်။ ရို့(စ်) ပညာတွေလည်း သင်ယူခဲ့သည်။

မြန်မာပြည်မှာ ဘွား ပိုင်ဆိုင်ထားသော ကုမ္ပဏီလုပ်ငန်းတွေကို ရို့(စ်) ဆက်ပြီး တာဝန်ယူဖို့ ရည်ရွယ်ထားသည်။ ရို့(စ်) ဘွားကိုချစ်သည်။ ဘွားနှင့်တစ်သက်လုံး အတူနေဖို့ ရည်ရွယ်ထားသည်။

ဒါပေမဲ့ ဘွားက မယုံကြည်ခဲ့ပါ။ ပိုပြီး တိကျသေချာအောင် ဟုဆိုကာ အိမ်ထောင်ချပေးဖို့ အကွက်ကျကျ စီမံထားခဲ့သည်။

ဒါကြောင့်လည်း ရို့(စ်)ဘက်က ဘွားလည်း မဖြစ်မနေ လက်ခံရကာ ရို့(စ်) အပြည့်အဝ လွတ်လပ်ခွင့်ရမည့် အစီအစဉ်တစ်ခုကို လုပ်ဆောင်ခဲ့တာပဲဖြစ်ပါသည်။

အချစ်ဆိုတာ ဘာမှန်းမသိခဲ့သော ချစ်သူရည်းစားတစ်ယောက်တောင် မထားခဲ့ဘူးသော အပျိုစင် တော်ဝင်ရို့(စ်)ရဲ့ဝမ်းထဲမှာ အခုတော့ ရင်သွေးလေး တည်ရှိနေပြီတဲ့။





ရို့(စ်) ခံစားချက်ကြီးက ရယ်ရအခက်၊ ငိုရအခက် မရေရာသော ခံစားချက်ကြီးနှင့် တကယ့်ကို တစ်မျိုးကြီးပါပဲ။

"ကွီ"

ရို့(စ်) အတွေးတွေ တိခနဲ ပြတ်တောက်ကာ ကားဘရိတ်ကို အထိတ်တလန့် ဖိနင်းလိုက်ရသည်။

ရုတ်တရက် ကားရှေ့ကို ပလက်ဖောင်းပေါ်က ဆင်းကာ ရောက်လာသော လူရိပ်ကြောင့်ပါပဲ။ ကြောက်စိတ်နှင့် မျက်လုံးတွေပြာဝေကာ ဒေါသတွေလည်း ထောင်းခနဲ ဖြစ်သွားခဲ့၏။

ဘယ်လိုလူလဲ။ ရို့(စ်)ကို ဒုက္ခရောက်အောင် မိုက်မိုက်မဲမဲလုပ်လိုက်သောလူကို စူးစူးနစ်နစ် မျက်ဝန်းတွေနှင့်ကြည့်လိုက်မှ

"ဟင် ညီသုတ"

ရို့(စ်) ကားရှေ့မှာ မတ်မတ်မားမား ရပ်နေသော ညီသုတကတော့ ရို့(စ်) ကြောက်လန့်ဒေါသဖြစ်နေတာကို သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောနေသေးသည်။

ရို့(စ်)ကားပြတင်းတံခါးမှ ခေါင်းပြူထွက်ရင်း မပြေနိုင်သော ဒေါသမျက်ဝန်းတွေနှင့် ညီသုတကို စိုက်ကြည့်ပစ်ရင်း

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ညီသုတ"

"အဟဲ ဆောရီးပဲ ရို့(စ်) မင်း ကားမောင်းလာတာကိုတွေ့တာနဲ့က ဒီကကောင် ဝမ်းသာလုံးဆို့ပြီး အသေခံတပ်သားလို ကားရှေ့ပိတ်ရပ်ချင်စိတ်ပေါက်သွားတာ"

နိုးမိုးသာဝေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့် ပြောပုံကိုက ပြောင်စပ်စပ် ရွှတ်နောက်နောက် စတိုင် အပြည့်။ ဝတ်ထားတာက အော်တာရှပ်နှင့် အကြေသားဂျင်းဘောင်းဘီ နက်ပြာရောင်။ ရှင်းသန့်ချောမောသော ရုပ်သွင်ကတော့ မော်ဒယ်မင်း သား ရှုံးလောက်ပါသည်။

"ရှင်သေတာ အကြောင်းမဟုတ်ဘူး၊ ကျွန်မ အလကားသက် သက် ဂျေးထဲမဝင်နိုင်ဘူး သိလား"

ရို(စ်)အသံစူးစူးလေးနှင့် ဘုတောပစ်လိုက်တာကို အပြုံးမပျက် ဘဲ ကားဘေးကွေ့လျှောက်လာကာ တံခါးဖွင့်ဝင်ထိုင်သည်။

"စိတ်ချပါ ရို(စ်)ရယ်၊ ကိုယ်လည်း မင်းအချစ်တွေ မရသေးလို့ မသေနိုင်သေးသလို မင်းဒုက္ခရောက်အောင်လည်း မလုပ်ရက်ပါဘူး ကဲ အခု ဘယ်သွားမှာလဲ"

"ဘယ်မှ မသွားဘူး အိမ်ပြန်မှာ"

"ကိုယ် ဘွားဆီ ဖုန်းဆက်ခွင့်တောင်းထားပြီးပါပြီကွာ၊ ရို(စ်) နဲ့ကိုယ် တစ်ခုခုစားရင်း စကားတွေ ပြောရအောင်"

"ဟင် ရှင်က ဘွားဆီဖုန်းဆက်တယ်"

"အင်းလေ ဒါကြောင့် ရို(စ်) ဒီလမ်းက ပြန်လာမှာ ကိုယ် သိနေတာပေါ့၊ ဘော်ဒါတစ်ယောက်ဆီမှာ ကားထားခဲ့ပြီး ကိုယ် လမ်းက ဖြတ်စောင့်နေတာ"

ရို(စ်) အံ့ဩသွားမိသည်။ ဘာကြောင့်များ ညီသုတ ရို(စ်)ကို လာတွယ်ငြိချင်နေရတာလဲ။





"ကဲ မောင်းပါကွာ ကိုယ် ဗိုက်ဆာနေပြီ၊ ရို(စ်)ကိုလည်း တစ်ခုခုကျွေးမွေးချင်လို့"

ထိုင်ခုံမှာ ကျောမှီထိုင်ရင်း ဘယ်လက်ကို တံခါးဘောင်ပေါ် တင်ထားသော ညီသုတကိုကြည့်ကာ ရို(စ်) ငြင်းဆန်လိုက်ဖို့ အင်အား တွေ ကင်းမဲ့နေခဲ့၏။

စတွေ့တုန်းက ဂျစ်ပေပေနှင့် မုန်းစရာကောင်းသော ကိုရွှေ ဒေါသအိုးလေးသည် ရင်းရင်းနှီးနှီး ပေါင်းသင်းကြည့်မှ ခင်မင်စရာ ကောင်းမှန်း ရို(စ်) သိခဲ့ရတာဖြစ်သည်။

မိန်မိန် ပြောကတည်းက မရစ်နှောင်သင့်သော သံယောဇဉ် တွေကို ရို(စ်) ပြတ်တောက်ဖို့ ကြိုးစားချင်ခဲ့သည်။

ဒါပေမဲ့ အခုတော့ သူ တောင်းဆိုသည့်အတိုင်း ကားလေးကို ရို(စ်) မောင်းထွက်ခဲ့ပြီးဖြစ်နေသည်။

အနားမှာ ညီသုတ ရှိနေတာကိုပဲ ရို(စ်) ကျေနပ်နေမိခြင်းက ဘာကြောင့်လဲ။

မိန်မိန် ပြောသလို အချစ်ဆိုတဲ့အရာကြောင့်လား။

ပင့်သက်မောလေးသည် ရင်ထဲမှာပဲ ကြေမွပျောက်ဆုံးသွားခဲ့ တာ နောက်ကြည့်မှန်လေးထဲမှာ မြင်လိုက်သော ညီသုတ မျက်နှာလေး ကြောင့်ပဲ ဖြစ်၏။

ခက်တော့ ခက်နေပြီ ထင်ပါရဲ့ ညီသုတရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ခန်းဆီးလိုက်ကာကြားမှ တိုးဝင်လာသော နေခြည်နွေးနွေးတို့၏အထိအတွေ့ကြောင့် ရို့(စ်) မျက်ဝန်းလေးတွေ ပွင့်လာသည်။

လူကချက်ချင်း မထဖြစ်သေးဘဲ တစ်ချက် သမ်းဝေ အဖျင်းဆန့်နေတုန်းမှာ ကော်ဖီနံ့ကလေးတွေ၏ အသံစာစာလေးတွေ နားစည်ထဲတိုးဝင်လာ၏။

''အုံး ဂေါ့ဒ် နေတောင် အတော်မြင့်နေပြီထင်တယ်''

ခြေမြုပ်မွေ့ရာ အိအိပျော့ပျော့ကြီးတွေထဲ နစ်ဝင်နေသော ခန္ဓာကိုယ်လေးကို ရို့(စ်) လူးလဲ ရုန်းထလိုက်မိသည်။ ရှူးရှူးရှုရှု နာသီးဝကို တိုးဝင်လာသော နှင်းဆီပန်းရနံ့တွေက ထုံသင်းမွှေးအီသွားခဲ့၏။

''ဟင်''

ရို့(စ်) မျက်ဝန်းလေးတွေ ခုတင်နံဘေးက စားကြည့်စားပွဲလေးပေါ်က နှင်းဆီပန်းစည်းကြီးဆီ အကြည့်ရောက်သွားခဲ့သည်။

ဖဲကြိုးဝါလေးနှင့် ချည်နှောင်ထားသော နှင်းဆီပန်းစည်းဆီကို ရို့(စ်) အပြေးလေးရောက်သွားခဲ့သည်။ ရို့(စ်) နှစ်သက်သော နှင်းဆီပန်းတွေကို ဘယ်သူ အခန်းထဲထိ လာပို့ထားတာလဲ။

''ဟော မြေးလေး နိုးလာပြီလား။ ဘာလဲ နှင်းဆီပန်းရနံ့လေးတွေက ငါ့မြေးကို နှိုးလိုက်တာမဟုတ်လား''

''ဘွား အခန်းထဲ လာပို့ထားတာလားဟင်''

အံ့သြမျက်ဝန်းလေးတွေနှင့် ရို့(စ်) မေးတော့ ဘွား ပြုံးပြုံးလေး ခေါင်းညိတ်ပြရင်း

''သမီးကို ဘယ်သူ လက်ဆောင်လာပေးတာလဲ သိချင်ရင် ဧည့်ခန်းကို ထွက်ကြည့်လေ သမီးရဲ့''

ရို့(စ်) သိချင်စိတ်ဖြင့် ဝတ်ဆင်ထားသော အပြာနုနု ညဝတ်ဂါဝန်ဖားဖားလေးနှင့်ပဲ ပန်းစည်းလေးပိုက်ကာ အိပ်ခန်းထဲက လှမ်းထွက်ခဲ့သည်။

အပေါ်ထပ် ကျွန်းလှေကားကြီးအတိုင်း ဆင်းလာသော ရို့(စ်) ကို ဧည့်ခန်းဆိုဖာထိုင်ခုံက ပြုံးပြုံးကြီး ထိုင်စောင့်နေတာ ညီသုတ ဖြစ်နေသည်။

ရို့(စ်) မျက်လုံးလေးတွေ ဝိုင်းစက်အံ့သြသွားတာတော့ အသေအချာပဲ ဖြစ်သည်။ စောစောစီးစီး ရို့(စ်) နိုးသည့်အချိန်ထိ မပျင်းမရိ လာစောင့်နေတာ ဘာသဘောလဲ။







www.burmeseclassic.com

www.burmeseclassic.com



"ရှင် သူများအိမ်ကို အစောကြီး ဘာလာလုပ်တာလဲဟင် ညီသုတ"

မငြိမ့်ညောင်းသော ရှိ(စ်)၏ဘုဆတ်ဆတ် အမေးစကားကို ညီသုတ အပြုံးမပျက်ကြည့်နေရင်း ထိုင်ခုံက ထရပ်ကာ လျှောက်လာသည်။

ရှိ(စ်)ရှေ့နားအထိ နီးနီးကပ်ကပ် ယှဉ်ရပ်လာတာမို့ ရှိ(စ်) နောက်ကိုတောင် ခြေတစ်လှမ်းဆုတ်မိသည်။ ရှိ(စ်)ထက် ခေါင်းတစ်လုံးစာခန့် ပိုမြင့်မားသော သူ့အရပ်အမောင်းကြီးကြောင့် ရှိ(စ်) မော့ကြည့်ရ၏။

အိပ်ရာနိုးထစ ရှိ(စ်)ရဲ့ မပြင်မဆင် မျက်နှာလေးကို ညီသုတ တမြတ်တနိုး စူးစူးနစ်နစ် ငုံ့မိုးကြည့်ရင်း

"ရှိ(စ်)နဲ့တွေ့ဆုံခဲ့တဲ့ အချိန်တိုလေးအတွင်းမှာ ဖြစ်ပေါ်လာတဲ့ ကိုယ့်ခံစားချက်တွေကို ဒီနေ့ အတိအလင်း ဖွင့်ဟပြောဖို့ ကိုယ် လာခဲ့တာလေ"

သူ့စကားကြောင့် ရှိ(စ်) ရင်ခုန်သံတို့ ဖျပ်ခနဲ သွေးနွေးသွားခဲ့သည်။ ဘွားများ အနောက်က ပါလာမည်လား မလုံမလဲစိတ်လေးဖြင့် ရှိ(စ်) လှည့်ကြည့်မိသေး၏။ ဘွား ပါမလာခဲ့ပါ။

"ဘွား သိမှာစိုးလို့လား။ ဘွားက ကိုယ့်ကို မြေးတစ်ယောက်လို ချစ်ပြီးသား၊ လုံးဝ ငြိမ်းတယ်"

ပိုင်စိုးပိုင်နင်း ညီသုတ ပြောနေပြန်သည်။ ဘွားနှင့် အဆင်ပြေအောင် ညီသုတ ပေါင်းသင်းထားတာတော့ ရှိ(စ်) သိနေပါသည်။ ဘွားကလည်း ညီသုတရဲ့အပေါ်မှာ နားလည်မှုတွေ အပြည့်အဝ ပေးထား၏။

မြေးမလေးဖြစ်သူ ရှိ(စ်)အတွက် ဘွားက ညီသုတကို မျှော်လင့်နေသည်လား မသိပါ။

ရှိ(စ်) သူ့ကိုကွေ့ရှောင်ပြီး ဆိုဖာထိုင်ခုံမှာ သွားထိုင်လိုက်သည်။

"ဟော့ ရှိ(စ်) မျက်နှာသွားသစ်ဦးလေ"

"နိုး မသစ်ဘူး"

ရှိ(စ်) တမင်ရွဲ့ကာ ပြောလိုက်သည်။ ညီသုတ လက်ချောင်းတွေကို ဂျယ်လိမ်းကာ ထောင်ထားသော ဆံပင်တွေထဲ ထိုးသွင်းကာ ဟက်ခနဲ သဘောကျသလို ရယ်လိုက်သေးသည်။

ပြီးမှ ရှိ(စ်)အနားသို့ လျှောက်လာကာ နံဘေးမှာ ဆတ်ခနဲ ဝင်ထိုင်သည်။ ရှိ(စ်) တစ်ဖက်သို့ ကိုယ်လေးကျုံ့ကာ တိုးရွှေ့ပေးလိုက်၏။

ညီသုတ တမင်ကျီစယ်သလိုနှင့် ရှိ(စ်)နဖူးပေါ် ကပိုကရို ဝဲကျနေသော ဆံနွယ်လိပ်လေးတွေကို လေနှင့်လှမ်းမှုတ်၏။

"ဟား မိန်းမတစ်ယောက်ရဲ့ အိပ်ရာထစ အလှကလည်း ယောက်ျားတစ်ယောက်ရဲ့ နှလုံးသားကို ဖမ်းစားနိုင်တယ်တဲ့၊ မှန်လိုက်တဲ့စကားပဲ ကိုယ့်နှလုံးသားတွေ ဟိုးအရင်ကထက် ဒီအချိန်လေးမှာ ပိုပြီးရင်ခုန်သံတွေ မြန်နေတယ် သိလား ရှိ(စ်)"

သူ့စကားက ရှိ(စ်) ရင်ခုန်သံတွေကို လှုပ်ခတ်စေတာပါပဲ။ ဒါပေမဲ့ ရှိ(စ်) မျက်နှာလေးမဲ့ပစ်ရင်း

"ကျွန်မ စိတ်မဝင်စားဘူး၊ တခြား မိန်းမတွေရှေ့မှာ ရှင်






www.burmeseclassic.com

www.burmeseclassic.com



သွားရွတ်ပြလိုက်သင့်တာ''

''တခြားမိန်းမတွေကို သွားရွတ်ပြရအောင် ဘယ်မိန်းမကိုမှ ကိုယ် ရင်မခုန်တာပဲကွာ၊ ကိုယ် ရင်ခုန်တာ ရို(စ်)၊ ကိုယ့်စိတ်တွေ ပျော်ဝင်နေတာ ရို(စ်)ကိုပဲလေ၊ ကိုယ် ရို(စ်)ကို ချစ်တယ်၊ ဘယ်မိန်းမကို မှ မချစ်ဖူးတဲ့အချစ်နဲ့ချစ်တာ၊ ရို(စ်)ကို ချစ်မိတဲ့ ကိုယ့်အချစ်တွေက ရင်ထဲမှာ နက်နက်နဲနဲကို အုံ့ဖွဲ့နေတာ၊ ဘာနဲ့မှ အစားထိုးလို့ မရလောက် ဘူး''

ချောင်ပိတ် ညှို့ယူခံနေရသူတစ်ယောက်လို ညီသုတရဲ့ စကား လုံးတွေအောက်မှာ ရို(စ်) ရင်ခုန်သံတွေ လှောင်ပိတ်မွန်းကြပ်နေခဲ့၏

ရှင် ရို(စ်)အကြောင်း ဘယ်လောက်သိလို့ ရင်ထဲက ခံစားချက် တွေကို ဖွင့်လှစ်ပြနေတာလဲ ညီသုတရယ်။ ရို(စ်)ဆိုတဲ့ မိန်းကလေးက မကြာခင်မှာ မိခင်လောင်းတစ်ယောက် ဖြစ်နေပြီဆိုတာကို ရှင် သိသွား လျှင်. . .။

ရို(စ်) ရင်ထဲမှာ ကြေကြေကွဲကွဲလေး ခံစားလိုက်ရတာ ဘယ်သူ သိနိုင်မှာတဲ့လဲ။

အမှန်တရားတွေကိုသာ ညီသုတ သိနေခဲ့လျှင် အခုလို စကား လေးတွေ သူ့နှုတ်က ထွက်ကျလာပါဦးမလား။

ညီသုတ မျက်ဝန်းတွေထဲမှာတော့ အခုချိန်မှာ ရွှန်းလဲ့တောက် သော ချစ်ခြင်းအရိပ်တွေ ဖြာနေခဲ့သည်။

''ကိုယ့်ကို ပြန်ချစ်နိုင်မယ် မဟုတ်လား ရို(စ်)''





တိုးတိုးလေး မေးလာသော အမေးစကားကြောင့် ရို(စ်) အိပ်မက် က ႏနိုးသူလို ခံစားလိုက်ရသည်။

''ကျွန်မ ရှင့်ကို လုံးဝ မချစ်သင့်ဘူး၊ ရှင့်ကို ချစ်ခွင့်မရှိဘူးဆိုရင် ပိုမှန်ကန်လိမ့်မယ် ညီသုတ''

''ဘယ် ဘယ်လို ရို(စ်)၊ ရို(စ်) စကားအဓိပ္ပာယ်က ရှုပ်ထွေး လိုက်တာ ကိုယ် နားမလည်ဘူး၊ ပြောစမ်းပါ၊ ကိုယ့်မျက်ဝန်းတွေထဲ ကြည့်ပြီး ရို(စ်) ဖြေစမ်းပါကွာ''

သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲအောင် ရို(စ်) အကြည့်လွှဲထား မိသည်။ ထိုမျက်ဝန်းတွေကို ရင်ဆိုင်ဖို့ ရို(စ်) ကြောက်ပါသည်။

''ရို(စ်) မင်း မညာပါနဲ့၊ မင်းမျက်ဝန်းတွေထဲမှာ ကိုယ် တွေ့ နေတယ်၊ မင်းကို ဘယ်လိုအရာက လိမ်ညာစေတာလဲ''

သူ မေးနေတာမို့ ရို(စ်) အမှန်ကို ဖွင့်ပြောလိုက်သင့်ပါသည်။ ဒါပေမဲ့ ထို့အတွက် ရို(စ်) ပြန်လည်ပိုင်ဆိုင်ရမည့်အကျိုးသက်ရောက်မှု ကို လက်မခံရဲပါ။ သူ ရို(စ်)ကို မုန်းသွားမှာ။ ပြီးတော့ အံ့သြရွံရှာသွားမှာ ရို(စ်) သိပ်ကြောက်နေခဲ့သည်။

အရာအားလုံးကို ရို(စ်) စိတ်တိုင်းကျ ရွေးချယ်ခဲ့ပြီးမှ နောင်တ တွေ ရချင်နေတာ ဘာကြောင့်လဲ။

''ရို(စ်)''

ညီသုတ ရို(စ်) ပခုံးကို ဆုပ်ကိုင်ကာ ရို(စ်) မျက်ဝန်းတွေနှင့် ထိပ်တိုက်ရင်ဆိုင်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေပါ ရှီ(စ်) အမှန်ကိုပဲ ကိုယ်သိချင်တာ မင်း ကိုယ့်ကိုချစ်တယ်မို့လား"

"ရှီ(စ်) မညာချင်ပါဘူး ညီသုတ၊ ရှင့်ကို ချစ်နိုင်ပါတယ်၊ ဒါပေမဲ့ အဲဒါ နှလုံးသားထဲကဆန္ဒအဖြေပါ၊ ဦးနှောက်နဲ့စဉ်းစားဆုံးဖြတ်ရမယ်ဆိုရင် ရှင့်ကို ရှီ(စ်) မချစ်သင့်ပါဘူး"

ညီသုတ စိတ်ညစ်ညူးသလို ခေါင်းကိုခါရမ်းသည်။

ရှီ(စ်) မျက်ဝန်းထဲမှာ အချစ်တွေရှိနေတာ သူ သိပါသည်။ ဘာကြောင့်များ ချစ်ခွင့်မရှိတာလဲ၊ ရှီ(စ်) ဘာတွေဖြစ်နေတာလဲ စဉ်းစားမရနိုင်ပါ။

"မင်း အိပ်ရေးမဝသေးဘူးထင်တယ်၊ ဒီထက် ရင်ခုန်ပွင့်လင်းတဲ့ အဖြေတစ်ခုကြားရဖို့ အချိန်ကာလတစ်ခုအထိ ကိုယ် စောင့်နိုင်ပါတယ်၊ ခေါင်းအေးအေးထားပြီး မင်း နှလုံးသားကို ပြန်စစ်ဆေးပေးပါ ရှီ(စ်)၊ နှစ်ယောက်ရဲ့အနာဂတ်တစ်ခုဘဝအထိ မင်းကို ကိုယ် အလေးအနက် ရည်ရွယ်ထားတာမို့ပါ"

"ဟင့်အင်း အဲဒါ ကျွန်မ အဖြေပဲ ညီသုတ၊ ဒီထက်တိကျတဲ့အဖြေမျိုး ကျွန်မ ဦးနှောက်က ထပ်ထွက်လာမှာမဟုတ်ဘူး"

"အချစ်ကို မင်းနှလုံးသားနဲ့ပဲ ခံစားအဖြေရှာပေးပါ ရှီ(စ်) ကိုယ်လိုချင်တာ မင်း နှလုံးသားထဲက အချစ်ပါ၊ မင်းကိုလည်း ကိုယ့်နှလုံးသားကပဲ ချစ်ခဲ့တာ၊ ကဲ ကိုယ်ပြန်မယ်၊ နောက်တစ်ခါ ထပ်ဆုံရင် ရှီ(စ်) ရင်ထဲမှာ လေးနက်တဲ့အဖြေရှိမှာ ကိုယ် ယုံကြည်တယ်"





ရှီ(စ်) လက်ဖဝါးလေးကို တစ်ချက်ဖျစ်ညှစ်ဆုပ်ကိုင်ကာ သူ နှုတ်ဆက်ထွက်သွားခဲ့သည်။

ရှီ(စ်) ဆိုဖာထိုင်ခုံမှာ တစ်ယောက်တည်း ပင့်သက်ရှိုက်ကျန်ရစ်ခဲ့သည်။

စိတ်ညစ်လိုက်တာ ညီသုတရယ်။ အမှန်ကို ဝန်ခံပြောရင် ညီသုတ နားလည်ခံစားနိုင်မှာလား။ သေချာပါတယ် တော်ဝင်ရှီ(စ်) ဆိုတဲ့ မိန်းမတစ်ယောက်ကို ရှင် နားလည်နိုင်မှာ မဟုတ်ပါဘူး။

တကယ်ဆို အချစ်ကို မယုံခဲ့သူ ရင်ထဲကိုမှ အချစ်က စူးစူးနစ်နစ် ဝင်ရောက်လာတဲ့အဖြစ်က ရှီ(စ်) နောင်တတွေ ရချင်နေပြီ ညီသုတရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"နင့်အစား ငါ ရင်မောတယ် ရို့(စ်)ရယ်"

ဘွား ဝယ်ပေးလာသော ကလေးအင်္ကျီလေးတွေကို တစ်ထ
ချင်း ဖြန့်ကြည့်နေသော ရို့(စ်)ကိုကြည့်ကာ မိန်မိန် ပင့်သက်ကြီးရှိုက်
ပြော၏။

"ရွှေမန်းတောင်ရှိတယ်လေ မိန်ရဲ့၊ မှုးရင်ရှူ မောရင်သော

တကယ်ဆို ရို့(စ်)လည်း စိတ်ညစ်မောပန်းနေခဲ့တာပါပဲ၊ မိန်
ပြောလာတော့ သက်သာလို သက်သာငြား ပြန်တုံ့ပြန်မိတာ ဖြစ်သည

"နင်နော် ဒီလိုအချိန်မှာတောင် လျှောင်နိုင်ပြောင်နိုင်သေးတ
နင့်ရင်ထဲမှာ ဘာခံစားချက်မှ မရှိသလိုပဲ၊ တကယ် အံ့သြတယ် သိလာ

, မိန်မိန့်စကားကြောင့် ရို့(စ်) မချိုပြုံးလေး ပြုံးမိသည်၊ ရင်ထဲ
ခံစားချက်တွေ ရှိခဲ့လို့ ရို့(စ်) ခံစားနေရတာကို မိန်မိန်မှ မသိခဲ့ဘဲ

ဖိုးမိုး၈၁၆ပ



"မိန်ရယ် မှားပြီးသားကိစ္စကို နောင်တတွေ ရင်မှာပိုက်ပြီး သောကတွေ ပွေနေမယ့်အတူတူ အတိတ်က အမှားရယ်၊ အနာဂတ်ရဲ့ ချစ်သူရယ် ပစ္စုပ္ပန် ပြဿနာတွေရယ်ကို သုံးပွင့်ဆိုင်တော့ပြီး ဖြေရှင်းလိုက်ရင်ကောင်းမလား"

"ဘယ် ဘယ်လို ရို့(စ်)"

"သူ ငါ့ကို တကယ် ချစ်လာရင် ငါ့မှာရှိတဲ့ သုခဖြစ်ဖြစ် ဒုက္ခ တွေပဲဖြစ်ဖြစ် သူမျှဝေခံစားပေးနိုင်ရမှာပေါ့ဟယ်"

"နင့်မှာ အဲဒီလို သုံးပွင့်ဆိုင် ဖြေရှင်းပေးဖို့ သတ္တိရှိလို့လား၊ ညီသုတက နင့်ကို ခွင့်မလွှတ်နိုင်လို့ ပေးပြီးသား အချစ်တွေ ဘွာခတ် နောက်ဆုတ်သွားခဲ့ရင်ကော"

ဒီ့မေးလိုက်တော့ ရို့(စ်) ဘာမှမဖြေနိုင်ဘဲ နှုတ်ဆိတ်ငြိမ်သက် သွားခဲ့ပြန်ပါသည်။

မိန်မိန်မှာသာ ရို့(စ်)နဲ့ပတ်သက်သမျှ မနေနိုင် မထိုင်နိုင်ဘဲ အရာရာ ဝင်ပါနေခဲ့ရတာ ဖြစ်သည်။ တကယ်ဆို ဒါ မိန်မိန်နှင့်သက်ဆိုင် သော ပြဿနာအရေးမဟုတ်ပါ။

ကာယကံရှင်ဖြစ်တဲ့ ရို့(စ်)ကိုကြည့်ကာ အားမရပါ။ ဘေးက ကြည့်ခံစားရင်မောနေရတာနှင့်တင် စိတ်က ပိန်နေပြီ။

မိန်မိန်က အသေးအဖွဲကိစ္စကစလို့ ကြီးကြီးမားမား ဖြေရှင်းရမည့် ဘယ်လိုကိစ္စမျိုးမဆို အမြဲအလေးထားသည်။ ခေါင်းအေးအေးထား ကာ အလေးအနက်စဉ်းစား ဆုံးဖြတ်တတ်သူ။

ဖိုးမိုး၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရှို့(စ်)ကျတော့ ထိုသို့မဟုတ်။ ဘယ်အရာကိုမှ ကြိုတင်ချိန်ဆပြီး မလုပ်တတ်ဘဲ စိတ်ခံစားမှုအတိုင်း ဝုန်းဒိုင်းကြဲလုပ်တတ်သည်။

ဒါက ဟိုးငယ်စဉ်ကတည်းက ရှို့(စ်)ရဲ့အကျင့်ပဲ ဖြစ်သည်။ အမှားတစ်ခုလုပ်ပြီးတော့လည်း ထိုအမှားရဲ့အကျိုးကို ရှို့(စ်)က ပြုံးပြုံးလေး ခံယူတတ်ပါသည်။

အခုတော့ နှလုံးသားနှင့် သက်ဆိုင်လာသောကိစ္စမှာ ရှို့(စ်) အရင်တုန်းကလို ပြုံးနိုင်မည်လား။

"ငါ ဒီည ညီသုတကို ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ထားတယ်"

ရှို့(စ်)အသံလေးက တည်ငြိမ်လို့နေသည်။ မိန်မိန် ရှို့(စ်) မျက်နှာလေးကို စိုက်ကြည့်ရင်း

"ဒီည သူနဲ့နင် ဒိတ်ထားလို့လားဟင်"

"အင်း ညီသုတက ဒင်နာလိုက်ကျွေးချင်လို့တဲ့၊ အရင်အချိန်က ဆို ငါ လုံးဝ ခါးခါးသီးသီး ငြင်းမိမှာပဲ၊ အခုတော့ ငါ ခေါင်းညိတ်လိုက်တယ်ဟာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ လျှို့ဝှက်ချက်ကို ပြောသင့်လို့လေ"

ဒီတစ်ခါ မိန်မိန် ပင့်သက်လေးချကာ နှုတ်ဆိတ်သွားရပြန်သည်။ ရှို့(စ်)ရဲ့ရင်ထဲကို မြင်သိနေသည်ပဲ။

"မတင်မကျ အခြေအနေကြီးနဲ့ ငါ သူ့ကို မလှည့်စားချင်ဘူး၊ အစောကြီး ဝန်ခံထားတာ ကောင်းမယ်လေ"

မိန်မိန် လက်ခံပါသည်၊ ဘယ်လိုမှ လိမ်ညာလို့မရသောအရေးကိစ္စကြီးကိုလည်း ရှို့(စ်) အချိန်ယူနေလို့မှ မရတာပဲလေ။





မကြာခင်မှာပဲ ရှို့(စ်)ရဲ့ဝမ်းလေးက အထင်အရှား အပီအပြင် ဖုလာတော့မှာ အထင်အရှားကိစ္စကြီး။ အပျိုစင်လေးတန်မဲ့ လင်မယူဘဲ သားမွေးမည့် ရှို့(စ်)ရဲ့သတ္တိကတော့ လက်ဖျားခါလောက်သည်။

နုနုညက်ညက် ချောမောသော မျက်နှာလေးကိုကြည့်ကာ မိန်မိန် တောင် နှမြောတသမိသည်။

မကြာခင်မှာ ကလေးတစ်ယောက် မေမေ အပျိုလေးဘဝ ရောက်တော့မှာ ညီသုတသာသိရင် ဘာတွေဖြစ်လာမည်လဲ။

အချစ်ကိုပဲ ညီသုတ တန်ဖိုးထား ခံစားတတ်သည်ဆိုလျှင်တော့ ရှို့(စ်)အတွက် ဝမ်းသာစရာကောင်းမှာ သေချာ၏။ ညီသုတကလည်း ချောမော ပြေပြစ်ကာ ယောကျ်ားပီသသူ ရှို့(စ်)ကလည်း ပန်းလေးတစ်ပွင့်သို လှပသူမို့ လိုက်ဖက်မှာသေချာ၏။

"ရှို့(စ်) ဒီညနေကျရင် နင် အလှပဆုံး ပြင်ဆင်သွားသင့်တယ်"

"ဟင် ဘာလို့လဲ မိန်ရဲ့"

"နင်နဲ့သူဆုံရင် နင့်ရဲ့အားနည်းချက်ကြီးကို နင် ဖွင့်ပြောရမယ်လေ၊ အဲဒီအခါကျရင် သူ့အမြင်အာရုံမှာ နင်က ရက်ရက်စက်စက် လှနေသင့်တယ်၊ ဒါဆို သူ နင့်ကို ခွင့်လွှတ်ဖို့အတွက် အတော်ကို နမြောသွားမှာလေ၊ သူသာ နင့်ကို တကယ်ချစ်မြတ်နိုးတယ်ဆိုရင် နင့်ဘဝမှာ ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့ နောက်မဆုတ်ဘူးဆိုတဲ့အတွေး ပေါ်လာမှာပဲ ဒီတော့ နင် ရက်ရက်စက်စက် လှနေသင့်တယ်"

"အိုး အကြံကလည်း ပိုင်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ငါ့အကြိုက နင့်လိုအပ်ချက်အတွက် လုံးဝ အသုံးမဝင်ဘူးလား ရှီ(စ်)ရဲ့"

"ဟင့်အင်း ဝင်တာမှ ကွက်တိပဲ"

အခုချိန်၌ ပြောင်ချော်ချော်လေး နောက်ပြောင်နေနိုင်သော ရှီ(စ်)ကိုတော့ မိန်မိန် ဆလံသမိပါသည်။

"စိတ်ချ နင်ပြောသလို ညီသုတ မျက်လုံးတွေ ကျွတ်ကျအောင် ငါ ပြင်ဆင်သွားမယ် အဟင်း"

"ဟင်း ဒီအကြံပေးတာမျိုးကျတော့ တစ်သွေမတိမ်း လိုက်နာမယ်ပေါ့၊ သူကျတော့ လုပ်ချင်တာတွေ စိတ်တိုင်းကျလုပ်ခဲ့ပြီး မပြောချင်ဘူး"

"မပြောနဲ့တော့ဟာ အရင်က ငါ မချစ်တတ်ဘူးလေ၊ အခုမှ အချစ်ကို ခံစားတတ်သွားတာ"

"မပြောပါနဲ့တော့ဟာ အရင်က ငါ မချစ်တတ်ဘူးလေ၊ အခုမှ အချစ်ကို ခံစားတတ်သွားတာ"

ရှီ(စ်)ရဲ့ဝန်ခံစကားကြောင့် မိန်မိန် ခေါင်းလေးညိတ်မိသည်။ မချစ်တတ်ခဲ့သော အချစ်ကို မယုံကြည်ခဲ့သော ရှီ(စ်) နှလုံးသားက ရင်ခုန်တတ်ခဲ့ပြီပေါ့။

"ငါ အမှန်အတိုင်း သူ့ကိုဝန်ခံမယ်၊ ငါ့ရင်ထဲမှာ ဆုတောင်းမိတာ သူ ငါ့ကို နားလည်ပါစေလို့ပဲ ညီသုတနဲ့ ငါ့ရဲ့ဇာတ်လမ်းကို ပြီးပါပြီလို့ ဆိုင်းဘုတ်မတင်ချင်သေးဘူးဟယ်"





ရှီ(စ်) နှုတ်ဖျားက အလေးအနက်လေးပြောနေတာ မိန်မိန် သိပါသည်။ ရှီ(စ်)သာ မပြုသင့်သော အမှားကြီးကို မပြုခဲ့လျှင် ဒီလို အခြေအနေတွေ ကြုံလာစရာမရှိပါ။

ဘွားက စေ့စပ်ကိစ္စ ဖွင့်စီစဉ်သည်ပဲထားဦး တခြားသော အကြောင်းပြချက်နှင့် ရှီ(စ်) ငြင်းဆိုလို့ ရသည်။

အခုတော့ ရှီ(စ်)လုပ်ရပ်က ကိုယ့်နှလုံးသားကို ကိုယ်ကိုင် အကျဉ်းချခဲ့သလို ဖြစ်နေပြီ။

အခုချိန်မှာတော့ ရှီ(စ်)ဖြစ်ချင်သော ဆန္ဒလေး ပြည့်ဝပါစေဟု မိန်မိန် ဆုတောင်းပေးရုံမှတစ်ပါး. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညီသုတ ဖိတ်ခေါ်ကျွေးမွေးမှာ ဟိုတယ်တစ်ခုခုမှာဟုပဲ ရို့(စ်) ထင်ထားခဲ့သည်။ ဒါကြောင့်လည်း ရို့(စ်) အလှပဆုံး ပြင်ဆင်ပြီး လာခဲ့မိသည်။

အခုတော့ ရို့(စ်) အထင်တွေအားလုံး လွဲချော်ကုန်၏။ အလှပဆုံး ပြင်ဆင်လာမိတာကိုတောင် ရှက်ရွံ့ ဖြစ်မိသည်။ ရို့(စ်) အလှတွေက အိုဗာဖြစ်ကုန်ပြီလားတောင်မသိ။

"ညီသုတက ဒင်နာကျွေးမယ်ဆိုတော့ ရို့(စ်)က ဟိုတယ်တစ်ခုခုမှာထင်နေတာ"

ရို့(စ်)ကို အိမ်အထိ ကားလေးနှင့် လာခေါ်ကာ အိမ်ကို သွားရအောင်ဟု ဆိုလာတော့ ရို့(စ်) ကိုယ်ပြင်ဆင်ထားတာကို မျက်နှာပူရှက်ရွံ့ကာ ပြောမိ၏။ ညီသုတက ကားကိုမောင်းနေရင်းမှ





"ကိုယ်က ဟိုတယ်မှာ စီစဉ်မလို့ပါပဲ၊ ဒါပေမဲ့ နှစ်ယောက်တည်းဆိုတော့ ပိုပြီး ရင်ခုန်စရာကောင်းတဲ့ အစီအစဉ်လေးဖြစ်ချင်လို့ အိမ်မှာပဲ စီစဉ်လိုက်တာ၊ နေရာပဲ ကွာခြားတာပါ၊ အစားအသောက်ကတော့ ဟိုတယ်က အော်ဒါမှာထားတာပါ ရို့(စ်)ရဲ့"

"ရှင့်အိမ်မှာ မိသားစုတွေ မရှိကြဘူးလားဟင် ညီသုတ"

"ဟင့်အင်း မရှိဘူး၊ အားလုံး မိုးကုတ်မှာနေကြတာ၊ ကိုယ်တစ်ယောက်တည်း ရန်ကုန်ကိုလာပြီး စီးပွားရေးလုပ်နေတာပါ၊ ဒါတောင်မာမိတို့က ကိုယ်တစ်ယောက်တည်းနေတာကို စိတ်ချကြတာမဟုတ်ဘူး၊ ကိုယ့်လုပ်ငန်းတွေက အောင်မြင်နေလို့ သူတို့ ခွင့်ပြုနေကြတာ၊ ကိုယ့်ရဲ့ ဗုန်းအရောင်းဆိုင်အပြင် တက္ကစီကားတွေ ထောင်ထားတာကလည်း အတော်အဆင်ပြေတယ်"

အခုမှပဲ ညီသုတ အကြောင်းတွေကို ရို့(စ်) အတွင်းကျကျ သိခွင့်ရတော့သည်။ ဘယ်တုန်းကမှ ရို့(စ်) မစပ်စုခဲ့သလို စိတ်လည်း မဝင်စားခဲ့ပါ။

ခင်မင်မှုသံယောဇဉ်နှင့်အချစ်သည် ဘယ်အချိန်မှာ နှလုံးသားထဲမှာ ခိုတွယ်နိုင်မာသွားခဲ့တာလဲ မသိပါ။

ကားလေးက ညီသုတရဲ့ ခြံဝင်းလေးရှေ့ရောက်လာသည်။ ကားပေါ်ကဆင်းစရာမလိုပါဘဲ ညီသုတ ရီမုဒ်လေးနှင့် ခြံတံခါးကို ဖွင့်လိုက်၏။

"ကိုယ်က တစ်ယောက်တည်း အေးဆေးနေချင်လို့ ခြံစောင့်မထားဘူး၊ အိမ်ဖော်မထားဘူး၊ နှစ်ပတ်တစ်ခါ ခြံရှင်းတဲ့လူ ငှားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်းတဲ့သူ ရှာထားတယ်လေ''

ရို့(စ်) မမေးပါဘဲ ညီသုတက ပြောပြနေသည်။ ကားလေးက ခြံဝင်းလေးထဲ မောင်းဝင်လာသည်။ ခြံတံခါးလေးကိုလည်း ညီသုတက ပြန်ပိတ်၏။

''နောက်ပိုင်း ရို့(စ်)နဲ့လက်ထပ်ပြီးရင်တော့ စနစ်ကျကျ စည်းကမ်းရှိရှိနဲ့ ပျော်စရာ မိသားစုလေးကို ကိုယ်တည်ဆောက်မှာပါ''

တကယ့်ကို အလေးအနက် အမူအရာနှင့် ညီသုတ ပြောလို့နေသည်။ ရို့(စ်)ကတော့ အမှောင်ရိပ်အောက်မှာ တိတ်ဆိတ်စွာ ရှိနေသော တစ်ထပ်တိုက်ပုလေးကိုကြည့်ကာ မျက်မှောင်လေးကျုံ့မိ၏။

''ရှင့်အိမ်ကလည်း မှောင်မည်းမည်း တိတ်ဆိတ်နေတာပဲ၊ လူအပြင်သွားတယ်ဆိုရင်လည်း အနည်းဆုံး ခြံမီးလေးတော့ ထွန်းထားသင့်တာပေါ့''

''ကောင်းပါပြီ မဟေသီ မဖုရားရယ်၊ နောက်ဆို ကျွန်တော်မျိုး မဖုရား သဘောကျ စီစဉ်ပေးပါ့မယ်''

ညီသုတ ပြောင်သလို ရယ်မောပြောတော့ ရို့(စ်) မျက်စောင်းလေး ထိုးလိုက်မိပါသည်။ ဘာကြောင့်မှန်းမသိပါဘဲ ရင်ထဲမှာ ကြည်နူးရင်ခုန်နေတာတော့ အသေအချာပဲ ဖြစ်သည်။

အိမ်ရှေ့ဆင်ဝင်အောက်မှာ ကားရပ်ပြီးသည်နှင့် ညီသုတ အရင် ဆင်းသည်။ ပြီးမှ ရှေ့ကကွေ့ပတ်လျှောက်လာကာ ရို့(စ်) ဆင်းနိုင်ဖို့ ကားတံခါးကို ဖွင့်ပေးသည်။





ကြိုးပျောက် နီစိမ်းရောင် ဝတ်စုံလေးနှင့် ချပ်ချပ်ရပ်ရပ်လေး သုပနေသော ရို့(စ်)ကို ညီသုတ ပြုံးပြုံးလေး ကြည့်နေသည်။

ရှင်းလင်းနေသော လည်တိုင်လေးမှာ ပလက်တီနမ် စိန်ပွင့်ကြိုးလေးနှင့် နားကပ်လေးကလည်း စိန်ပွင့်နားကပ်လေးပဲ ဆင်ထားသော ရို့(စ်)သည် သူ့အမြင်မှာတော့ အလှဆုံး နတ်မိမယ်လေးတစ်ပါး ဖြစ်နေ၏။

ပလက်တီနမ် လက်စွပ်လေးတွေကို ဘယ်ဘက်လက်သူကြွယ်မှာ လေးငါးကွင်း ထပ်ဝတ်ထားပြီး ညာလက်မှာ စိန်ပွင့်လေးတွေ ဖြာသော ဟန်းချိန်းလေးတစ်ခုသာ ဆင်ထား၏။

ထိုရတနာအလှတွေ၏ တောက်ပမှုအားလုံးသည် ရို့(စ်)ရဲ့ တောက်ပသော အလှတရားအောက်မှာ ဝပ်ဆင်းမှေးမှိန်ကုန်သည် ထင်၏။

''ညီသုတ ရှင် ကျွန်မကို မရိုးသားတဲ့စိတ်နဲ့ ဒီလို မှောင်ကြီးမည်းကြီးထဲ ခေါ်လာတာတော့ မဟုတ်လောက်ပါဘူးနော်''

သူ့အကြည့်တွေကပဲ ရို့(စ်)ကို သံသယတွေ ဝင်စေသွားအောင် လွှမ်းသွားခဲ့သည်လား မသိပါ။

''ဟာ အထင်မလွဲပါနဲ့ ရို့(စ်)ရယ်၊ ကိုယ်က ဒီလို ငြိမ်သက်တိတ်ဆိတ်တဲ့နေရာဆိုရင် ရို့(စ်)စိတ်တွေ အေးချမ်းမလားလို့ ရွေးချယ်လိုက်တာပါ၊ ပြီးတော့ ကိုယ့်အိမ်ကို ရို့(စ်) ရောက်ဖူးစေချင်တာရယ် ကိုယ့်အကြောင်းတွေ ရို့(စ်)ကို ရှင်းပြချင်တာကြောင့်ရယ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ရို့(စ်) တမင်နောက်ပြောင်လိုက်တာပဲ ဖြစ်သည်။ ဒါကိုပဲ စိုးရိမ်သွားဟန်နှင့် ညီသုတက ကသောကမျောလေး ပြန်ဖြေရှင်းပြနေ၏။ ရို့(စ်) အသံလေးထွက်အောင် ရယ်မောလိုက်ရင်း

"နောက်တာပါ ညီသုတရယ်၊ ယုံကြည်လို့ ရှင် ချိန်းတာ လက်ခံလိုက်တာပေါ့၊ ရှင့်ရဲ့ ရိုးသားဖြူစင်မှုကို ရို့(စ်) အသိအမှတ်ပြုနားလည်ပြီးသားလေ"

ရို့(စ်) ဆိုလိုက်မှ ညီသုတ မျက်နှာလေး ပုံမှန်ပြန်တည်ငြိမ်သွားကာ ဧည့်ခန်းတံခါးကို ဖွင့်သည်။

"အို နှင်းဆီပန်းနံ့တွေ မွှေးနေတာပဲ"

ရို့(စ်) နှုတ်က တအံ့တဩလေး ရေရွတ်မိတော့ ညီသုတ အခန်းထဲ ဝင်သွားကာ နံရံက ခလုတ်လေးကို ဖွင့်လိုက်သည်။

လင်းရှင်းသွားသော အခန်းထဲမှာ ရပ်နေသော ညီသုတ မျက်နှာက နူးနူးညံ့ညံ့လေး ပြုံးနေသည်။ အမြဲတမ်း ဂျင်းဘောင်းဘီနှင့် တီရှပ်တွေ ရှပ်တွေပဲ ဝတ်ဆင်တတ်သော ညီသုတသည် အခုတော့ နို့နှစ်ရောင်ရှပ်အပေါ်က မီးခိုးရင့်ရင့်ကုတ်နှင့် မီးခိုးရောင် ဘောင်းဘီကို ဝတ်ဆင်ထားသည်။

ဒီလိုကျတော့လည်း ညီသုတသည် ရှင်းသန့်ချောမောသော ရုပ်သွင်နှင့်ခန့်ညားနေ၏။

"အထဲကို ကြွခဲ့ပါ ရို့(စ်)၊ ကိုယ်က ရို့(စ်)ရောက်လာမှာမို့ အထူးပြုလုပ်ချက်တွေနဲ့ အလှဆင်ပေးထားတာလေ"





ရို့(စ်) ခြေလှမ်းတွေ လှမ်းရွေ့ဖို့ သတိဝင်လာခဲ့ကာ နှင်းဆီရနံ့တွေ ကြိုင်သင်းနေသော ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်။

"အို လှလိုက်တာ"

ရို့(စ်) ပါးစပ်လေးအဟောင်းသားနှင့် နှင်းဆီဖြူတွေ ဝန်းရံခနေသော အခန်းထဲကို ငေးမောကြည့်မဆုံး ဖြစ်သွားခဲ့၏။

အလှပန်းအိုးတွေထဲမှာလည်း နှင်းဆီဖြူပွင့်တွေ နံရံတွေမှာလည်း နှင်းဆီဖြူတွေ အလှဆင်ထားသည်။

နံရံက မီးပုံးတွေနှင့် မျက်နှာကြက်က ရောင်စုံမီးဆွဲကြီးကလည်း နှင်းဆီဖြူတွေပေါ်ကို အလင်းရောင်တို့ ဖြန့်ပက်ပေးထား၏။

"နှင်းဆီခင်းထဲမှာမွေးတဲ့ ကောင်မလေးကို ဂုဏ်ပြုကြိုဆိုတဲ့ အနေနဲ့ ကိုယ် နှင်းဆီဖြူတွေနဲ့ ကြိုဆိုလိုက်တာပါ"

ညီသုတ စကားကြောင့် ရို့(စ်) မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ လှမ်းကြည့်ရင်း

"ဟင် ကျွန်မကို မာမီက နှင်းဆီခင်းထဲမှာမွေးတဲ့အကြောင်း ရှင် ဘယ်လိုသိနေတာလဲ ညီသုတ"

ရို့(စ်)အမေးကို ညီသုတက အပြုံးရိပ်ဖြာနေဆဲ နှုတ်ခမ်းလေးတွေနှင့် စိုက်ငေးကြည့်ရင်း

"ဘွား ပြောပြတာလေ၊ ဒါကြောင့် ရို့(စ်)ရဲ့ နာမည်ကိုတောင် တော်ဝင်ရို့(စ်)လို့ ပေးထားတာ မဟုတ်လား"

"ဟယ် ဘွားတို့က ဘာမှန်းလည်းမသိဘူး၊ သူများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ လျှောက်ပြောထားတယ်ပေါ့''

ရှိ(စ်) ရှက်မျက်နှာရဲရဲလေးနှင့်ပြောတော့ ညီသုတ အပြုံးမိုး

တွေသမ်းနေသော မျက်ဝန်းတွေနှင့် စိုက်ကြည့်နေသေး၏။ ဘွားကတော့

ရှိ(စ်)နှင့်ပတ်သက်သမျှတွေကို ပြောထားပုံပါပဲ။

ဒါပေမဲ့ အချစ်ဆုံးမြေးလေးရဲ့ လျှို့ဝှက်ချက်ကြီးကို ဘွား

ပြော ပြမထားသေးတာ သေချာပါသည်။

''ရှိ(စ်) ဗိုက်ဆာပြီလားဟင်''

ရှိ(စ်)နှင့်မျက်နှာချင်းဆိုင်ရပ်ကာ ငုံ့မိုးမေးလာသော ညီသုတ

ကို ရှိ(စ်) မျက်ဝန်းလေးတွေ ဝင့်ကာကြည့်ရင်း လက်ကလေးမြှောက်က

နာရီလေးပြသည်။

''နာရီလည်း ကြည့်ဦးလေ၊ ရှိ(စ်)ရဲ့ ပုံမှန်ထမင်းစားချိန်

ညနေခြောက်နာရီ၊ အခုပဲ ခုနစ်နာရီထိုးနေပြီ ညီသုတရဲ့''

ဟန်ဆောင်မှုကင်းသော မျက်နှာလေးကို ချစ်စဖွယ်ငုံ့မဲ့က

ရှိ(စ်) ပြောနေတော့ ညီသုတ ရင်ထဲမှာ မက်မပြေသော ချစ်ခြင်းတေ

လှုပ်ခတ်သွားခဲ့၏။

အလှနတ်သမီးလေးကို ရင်ခွင်ထဲဆွဲသွင်းကာ ကဗျာတစ်ပု

သီလိုက်ချင်ပါသည်။ သို့ပေမယ့် အိမ်အထိ ခေါ်လာပြီး ရင်ထဲက အချ

တွေကို မအောင့်အီးဘဲ ဖွင့်ချပြလို့မသင့်။

စောင့်စည်းထိန်းသိမ်းခြင်းဆိုသော စည်းတစ်ခုတော့ သူ ထ

ရမှာပဲဖြစ်သည်။





''အိုကေ ဒါဆို ခြံထဲဆင်းရအောင်''

''ဟင် ဘယ်လို ခြံထဲဆင်းဦးမယ်''

''ဟုတ်တယ်လေ ကိုယ်တို့ဒင်နာပွဲလေးကို ခြံထဲမှာ စီစဉ်ထား

တယ်၊ ဟိုတယ်ဝန်ထမ်းလေးနှစ်ယောက်ကို ငြင်ဆင်ခိုင်းထားတာ''

ရှိ(စ်) အံ့သြမိသလို နားလည်ရခက်ခက်ဖြစ်မိတာလည်း အမှန်။

ညီသုတကတော့ ဘာတွေ စတန့်ထွင်နေသလဲမသိ။ ဒီလောက် မှောင်မည်း

နေသော ခြံထဲမှာ ဒင်နာကို ခြင်ကိုက်ဖြုတ်ကိုက် ခံစားရတော့မှာ စိတ်

ညစ်စရာ။

''ဒီလောက် မှောင်မည်းနေတဲ့ ခြံထဲမှာ ဘယ်လို ထမင်းစား

ကြမှာလဲ ညီသုတရဲ့''

အလိုမကျသလို မျက်နှာလေး ရှုံ့မေးတော့ ညီသုတ နှုတ်ခမ်း

လေးတွေ လျှို့ဝှက်စွာ ပြုံးသွားသည်။

''ရှိ(စ်)ကို ကိုယ်က ခမ်းနားစွာ ညှော့ခံမှာပါ''

ရှိ(စ်) လက်ဖဝါးလေးကို ညီသုတ ညင်ညင်သာသာ ဆုပ်ကိုင်

ခေါ်သည်။ ရှိ(စ်) ရင်ပိုခုံသွားပေမယ့် ညီသုတရဲ့ အပြုံးနောက်က လျှို့ဝှက်

ချက်တွေကိုလည်း သိချင်လွန်းနေပါသည်။

ညီသုတ ခေါ်ဆောင်သွားရာ ခြံထဲရှိ မြက်ခင်းစိမ်းစိမ်းတွေပေါ်

ရောက်သည်နှင့် တစ်ခြံလုံး မီးတွေ ထိန်လင်းသွားသည်။

ခြံထဲမှာရှိသော သစ်ပင်ကြီးငယ်မရွေး နီယွန်မီးသီးရောင်စုံ

တွေဖြင့် ပါတီပွဲလေးတစ်ခုလို လှပခန့်ညားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိ(စ်) မျက်ဝန်းလေးပိုး၀က် ရင်ဘတ်လေးဖိကာ အံ့ဩသွားမိတဲ့အထိပါပဲ။

မြက်ခင်းပြင်၏ အလယ်ဗဟိုမှာ ပြင်ဆင်ထားသော စားပွဲဝိုင်းပေါ်မှာလည်း အငွေ့တလူလူနှင့် စားသောက်စရာတွေက စုံလင်နေသည်။ ဟိုတယ်ဝန်ထမ်းလေးနှစ်ယောက်က လက်ကလေးတွေ နောက်ပစ်ကာ ရပ်နေ၏။

"ဒါ ဒါတွေက ဘယ်တုန်းက ပြင်ဆင်ထားလိုက်တာလဲ ညီသုတ"

"ကိုယ်နဲ့မင်း အိမ်ထဲမှာရှိနေတဲ့အချိန်လေးမှာ ဟောဒီ ညီလေးနှစ်ယောက် ပြင်ဆင်ပေးလိုက်တာပေါ့"

ရှိ(စ်) အံ့ဩလောက်အောင် ညီသုတရဲ့ အစီအမံတွေက မျက်လုည့်ပြပွဲလို အံ့အားသင့်စရာတွေချည်းပါပဲ။

"ကဲ ညီလေးတို့ကို ကျေးဇူးတင်ပါတယ်၊ အေးဆေးသွားနားကြပါ၊ ပြီးမှ ကိုယ် အကြောင်းကြားလိုက်မယ်"

စားပွဲထိုး ချာတိတ်နှစ်ယောက် ခေါင်းလေးတွေ ညိတ်ကာ ထွက်သွားကြသည်။ ရှိ(စ်) စားပွဲဝိုင်းက ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း စုံလင်လှသော ဟင်းပွဲတွေကို တစ်ချက်ဝေ့ကြည့်မိ၏။

"မြည်းကြည့်ပါဦး ရှိ(စ်) အရသာက ရှယ်နော်"

ရှိ(စ်) အသားဖတ်လေးတစ်ဖတ်ကို တူလေးတစ်စုံနှင့် ညှပ်ကာ စားကြည့်လိုက်သည်။





ကောင်းမွန်သော အရသာကြောင့် ရှိ(စ်) သဘောကျစွာဖြင့် ခေါင်းလေးတညိတ်ညိတ်ပြုရင်း

"အိုး တကယ်ကောင်းလိုက်တာ၊ ရှိ(စ်)တော့ ပိုပြီးတောင် ဗိုက်ဆာသွားပြီ ညီသုတရဲ့ သင့်ခယူ သင့်ခယူ"

ရှိ(စ်) ကြည်ကြည်နူးနူးလေးဆိုတော့ ညီသုတ ရှိ(စ်)နှင့် မျက်နှာချင်းဆိုင် ခုံလေးမှာ ဝင်ထိုင်ရင်း လည်ပင်ရှည်ဖန်ခွက်လှလှလေးနှစ်ခွက်ထဲ ဝိုင်အနည်းငယ်ထည့်ကာ ရှိ(စ်)ကို လှမ်းပေးသည်။

ရှိ(စ်) ဝိုင်ခွက်ကို လှမ်းယူပြီးကာမှ ဝမ်းထဲက ရင်သွေးကို သတိရသွားတာမို့ တွန့်ခနဲ ဖြစ်သွားခဲ့သည်။

ဒါကိုပဲ ညီသုတ သတိထားမိသွားခဲ့ကာ ရှိ(စ်)ကို သောက်လေ့သော အမူအရာနှင့် မေးဆတ်ပြသည်။

"ဟင့်အင်း ရှိ(စ်) မသောက်တော့ဘူး ညီသုတ"

"ဘာလို့လဲ ရှိ(စ်)ရဲ့၊ ဒါ မိန်းကလေးတွေ သောက်တဲ့ ဝိုင်ပါ၊ မူးပါဘူး"

"ဟင့်အင်း ကျွန်မ မသောက်ချင်လို့ပါ၊ မသောက်တော့ဘူးနော်"

လက်ကလေး တကာကာနှင့် ငြင်းနေသော ရှိ(စ်)ကို ညီသုတကြည့်ကာ သူ့ရဲ့ခွက်လေးကိုပဲ မော့သောက်သည်။

မျက်နှာလေးတစ်ချက် ရှုံ့သွားသော ညီသုတကိုကြည့်ကာ ရှိ(စ်) ရယ်သံလေးထွက်ကာ ခစ်ခနဲ ရယ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ ရို့(စ်)ရဲ့"

"အဟင်း ဝိုင်သောက်ပြီး မျက်နှာရှုံ့သွားလို့ပါ ညီသုတရဲ့"

"ကိုယ်မှ အရက်မသောက်တတ်တာ၊ အခုတောင် ဒင်နာပွဲလေး အသက်ဝင်သွားအောင် ရို့(စ်)နဲ့အတူ ဝိုင်တစ်ခွက်သောက်မယ်လို့ စိတ်ကူးထားလို့ သောက်တာပါ"

"ဆောရီး ညီသုတရယ် ဒီနေ့ ရို့(စ်) တကယ်ကို ဆန္ဒမရှိလို့ပါ စိတ်မရှိပါနဲ့နော်"

"ရတယ် ရို့(စ်) စားစရာတွေတော့ စားနော်၊ ရို့(စ်) နှစ်သက်မယ်ထင်တဲ့ အစားအစာတွေ ကိုယ် စီစဉ်ပေးထားတာပါ"

ရို့(စ်) ခေါင်းလေးညိတ်ပြကာ အသားကင်တုံးကို ဓားပါးလေးနှင့် လှီးကာ ခက်ရင်းလေးနှင့်ထိုးယူရင်း

"ရှင်က ရို့(စ်) ဂျပန်စာကြိုက်တတ်မှန်းလည်း သိတာပဲနော်"

ရို့(စ်) စကားကို ညီသုတ ပြုံးပြုံးလေး ခေါင်းညိတ်နေပြန်တော့ ရို့(စ်) မျက်စောင်းလေးထိုးရင်း

"ဘာလဲ ထုံးစံအတိုင်း ဘွားဆီက စုံစမ်းတာပဲ မဟုတ်လား"

"ဒါပေါ့ ရို့(စ်)ရယ်၊ အရှင်းဆုံးပြောရရင် ဘွားက ကိုယ့်ကို ခင်မင်တယ်၊ မြေးသမက် တော်ချင်နေပုံလည်းရတယ်၊ အဟဲ ဒါလည်း ကိုယ့်အရည်အချင်းကြောင့်ပေါ့"

ခေါင်းလေးမော့ ရင်ကော့ပြကာ ညီသုတ ရယ်မောမောလေး ပြောနေတာကြည့်ရင်း ရို့(စ်) ရင်ထဲမှာ အမည်မဖော်တတ်သော ဝေဒနာ





တစ်ခု ဖြစ်သွားသည်။

ရို့(စ်) အဖြစ်မှန်ကို ကြားလိုက်လျှင်ကော ညီသုတ အခုလို ပျော်ရွှင်ကြည်နူးနိုင်မည်လား။

ထိုအတွေးကြီးကြောင့် ရို့(စ်) စားလက်စ ထမင်းကိုတောင် ဆက်ပြီး မစားချင်အောင်ဖြစ်သွား၏။ ရင်ထဲမှာ အလိုလို နှံ့ချိသွားသည်။

"ဟင် ဘာဖြစ်သွားတာလဲ ရို့(စ်)ရဲ့ စားလေ"

"တော်ပြီ ညီသုတရယ်၊ ကျွန်မ ရှင့်ကိုပြောပြမယ့် ကျွန်မရဲ့ လျှို့ဝှက်ချက်ကြီးက ရုတ်တရက် ခေါင်းထဲဝင်လာလို့"

ရို့(စ်) စကားကြောင့် ညီသုတ မျက်နှာပေါ်က အံ့သြရိပ်တွေ အရိပ်ထင်သွားခဲ့သည်။ လက်ထဲက ဇွန်းနှင့်ခက်ရင်းကို အသာပြန်ချကာ တစ်ရှူးစလေးတစ်ရွက်ဆွဲယူကာ နှုတ်ခမ်းတွေကို တို့သုတ်၏။

ရို့(စ်) စကားတွေက သူ့အတွက် ပဟေဠိဆန်လွန်းနေတာတော့ အသေအချာပဲဖြစ်သည်။

အံ့သြရိပ်ထင်နေသော မျက်ဝန်းတွေကတော့ ရို့(စ်) မျက်နှာလေးဆီက ရွေ့လျားမသွားခဲ့ဘဲ စူးစူးနစ်နစ် ရှိနေဆဲ။

တကယ်တမ်းကျ ရို့(စ်) နှုတ်က ဖွင့်ဟဖို့ တွန့်ဆုတ်နေတာ အမှန်။ ရို့(စ်) ဆုံးဖြတ်ပြီး လုပ်ဆောင်ခဲ့သောကိစ္စကြီးအတွက် နောင်တ တစ်ခုရင်ထဲမှာ ဖြစ်တည်နေခဲ့တာ အမှန်။

"ရို့(စ်) ရို့(စ်)ရဲ့ လျှို့ဝှက်ချက်ဆိုတာ ဘာလဲဟင်"

"ရို့(စ်) ပြောပြပါ့မယ် ညီသုတ၊ ဒီကိစ္စက လျှို့ဝှက်ထားသင့်ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အရာမဟုတ်သလို ရှီ(စ်) ကိုယ်တိုင်ကလည်း လိမ်ညာထားသလို မဖြစ်ချင်ဘူး။ ရှင့်ဆီက အချစ်ကို ကျွန်မ စိတ်သန့်သန့်နဲ့ လက်ခံချင်တယ်၊ ကျွန်မဆီက ရှင် မျှော်လင့်နေတဲ့ အချစ်ကိုလည်း အရိုးသားဆုံးပေးဆပ်ချင်တယ်၊ ဒါ ကျွန်မ ရင်ထဲက အလေးနက်ဆုံး ဆန္ဒတစ်ခုပဲ''

အခုချိန်ထိ ရှီ(စ်)စကားတွေက ပဟေဠိဆန်နေတုန်းမို့ ညီသုတ သိချင်စိတ်တို့ တားဆီးမရဖြစ်နေတာ အထင်အရှား။

''ကိုယ့်ကို စိတ်လှုပ်ရှားအောင် မနောက်ပါနဲ့ ရှီ(စ်)ရာ၊ ရှီ(စ်) ကျီစားပုံက ကိုယ့်ကို ရင်ထိတ်စေတယ်''

''ဟင့်အင်း ရှီ(စ်) နောက်ပြောင်ကျီစားနေတာ မဟုတ်ပါဘူး၊ အလေးအနက် ပြောနေတာပါ ညီသုတ''

''ကိုယ် နားထောင်နေပါတယ် ရှီ(စ်)''

မျက်နှာလှလှလေးက အလေးအနက် တည်ကြည်နေတော့ ညီသုတ ကိုယ်တိုင်လည်း အလေးအနက်လေး နားစွင့်ထားမိသည်။

ရှီ(စ်) ဘာကြောင့် ဒီစကားတွေ ပြောနေခဲ့တာလဲ။ ရှီ(စ်)ရဲ့ အချစ်ကို ပိုင်ဆိုင်ဖို့အတွက် ခက်ခဲလွန်းနေသည်လား။ သူ မြင်တွေ့နေခဲ့ရသော ရှီ(စ်) မျက်ဝန်းတွေထဲက ချစ်ခြင်းတွေက ပြောင်းလဲနေခဲ့ပြီလား။

''ကျွန်မ အပျိုစင်တစ်ယောက်ဆိုတာတော့ အမှန်ပါ ညီသုတ''

''အဟက် ဟား ဟား ရှီ(စ်) ရှီ(စ်)ရယ် မင်း တော်တော်နောက်တာပဲ၊ ရှီ(စ်) အပျိုစင်ဆိုတာ ကိုယ်သိတယ်၊ ကိုယ်တင်မကဘူး





အားလုံးက သိပြီးသားပဲကွာ၊ ဒီသံသယကြီး ကိုယ့်ရင်ထဲမှာ မရှိဘူး၊ ပြီးတော့ မင်းကို ကိုယ်ချစ်တဲ့ ချစ်ခြင်းနဲ့လည်း မသက်ဆိုင်ပါဘူး''

ရှီ(စ်) စကားကို ညီသုတ အားပါးတရ ရယ်မောရင်း ဖြေရှင်းပြနေသေး၏။ ရှီ(စ်) စကားရဲ့ ဆိုလိုရင်းကို ညီသုတ မသိသေးပါ။

''ခဏနေဦး ညီသုတ၊ အပျိုစင်တစ်ယောက်ရဲ့ဗိုက်ထဲမှာ သန္ဓေသားလေးရှိနေတယ်ဆိုရင်ကော''

''ဗျာ ဘယ်လို''

''ဟုတ်တယ် ညီသုတ၊ ဒါ အမှန်ပဲ ကျွန်မ ဝမ်းထဲမှာ ရင်သွေးလေး ရှိနေပြီ''

''ဟင်''

''ချလွှမ် ခွမ်း''

မယုံနိုင်သော မျက်ဝန်းတွေနှင့် ညီသုတ တုန်လှုပ်ချောက်ချားသွားခဲ့၏။ စားပွဲပေါ်တင်ထားသော လက်တွေက သတိလက်လွတ်နှင့် ဝိုင်ခွက်လေးကို တွန်းတိုက်ချပစ်မိတဲ့အထိ။

အံ့သြမှုတွေ၊ မယုံနိုင်မှုတွေနှင့် ရှီ(စ်)မျက်နှာကို သူ ထိတ်လန့်စွာ ကြည့်ရင်း ရှီ(စ်) ရှင်းပြနေသော စကားတွေကိုလည်း ယုံကြည်ဖို့ ခက်ခဲစွာ ခေါင်းတွေ ခါရမ်းနေမိတော့သည်။

ဟင့်အင်း မနောက်ပါနဲ့ ရှီ(စ်)ရယ်။ ကိုယ့်ကို ချောက်ချားအောင် မင်း မနောက်လိုက်ပါနဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟာ ဘာလဲကွာ အဓိပ္ပာယ်မရှိလိုက်တာ၊ အိမ်ထောင်မရှိတဲ့ ဆင်ဂဲလ်တစ်ယောက်က မျိုးရိုးဗီဇဘက်ကနေ ဖန်ပြွန်သန္ဓေ ထည့်လာတယ်တဲ့ ဟား မိုက်မဲလိုက်တာ"

ညီသုတ အခန်းထဲမှာ အရူးတစ်ယောက်လို အော်ဟစ်ပေါက်ကွဲနေသည်။ ခြေလှမ်းတွေက ဂနာမငြိမ်ပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ခေါင်းကိုခါရမ်းပြီး အံတကြိတ်ကြိတ် တက်တခေါက်ခေါက်။

"ညီ မင်း ဘာတွေပေါက်ကွဲနေတာလဲ"

ညီသုတ ပန်းကိုပုတ်ကာ နေစိုး မေးသည်။ ရင်ဖွင့်ပေါက်ကွဲစရာ အဖော်မရှိဖြစ်နေတုန်း နေစိုး ရောက်လာတာမို့ ညီသုတ ကျေနပ်သွားသည်။

နေစိုး လက်ကိုဆွဲကာ ညှော်ခန်းထဲက ဆိုဖာထိုင်ခုံဆီ ခေါ်သည်။ ပြီးတော့ သူနှင့်အတူ ထိုင်စေ၏။

"ငါပြောတာ နားထောင်ပေးပါကွာ၊ ငါ့အဖြစ်က လုံးဝအဓိပ္ပာယ်





မရှိတဲ့လုပ်ရပ်ကို ဘဝနဲ့ရင်းပြီး လုပ်ခဲ့တဲ့ မိန်းမကိုမှ အသေအကြေ စွဲလန်းနေမိတဲ့အဖြစ်မျိုးကွ၊ တကယ်ကွာ ရှီ(စ်) လုပ်ရပ်က ကြောင်တောင်တောင်နိုင်လွန်းတယ်"

"ရှီ(စ်) မင်းရဲ့ လေဒီလေးလား ဘာဖြစ်လို့လဲ"

သူနှင့်ရှီ(စ်)အကြောင်း သိနေသော နေစိုးက မေးနေတော့ သူ ရှီ(စ်) ပြောပြသောအကြောင်းတွေကို ပြန်ပြောပြမိသည်။ တော်ဝင် ရှီ(စ်) ဆိုသော မိန်းကလေးသည် ငေးလောက်အောင် လှပချောမောသလောက် မယုံနိုင်စရာကောင်းလောက်အောင်လည်း စိတ်ထင်ရာလုပ်တတ်ခဲ့သူပဲဖြစ်သည်။

နေစိုး ကြားကြားခြင်း မယုံနိုင်သလို မျက်မှောင်ကြီးကုပ် မင်သက်နေသေးသည်။

"စဉ်းစားကြည့်ကွာ၊ ဘယ်လောက် ဆိုးရွားလိုက်တဲ့ ကိစ္စကြီးလဲ"

"အေးကွာ တော်ရုံ မိန်းကလေးတောင် မလုပ်ရဲ မလုပ်သင့်တဲ့ ကိစ္စကြီးပါလား၊ မင်းရဲ့ရှီ(စ်)ကတော့ အာဂမိန်းမပဲ"

နေစိုး ခေါင်းတခါခါနှင့် ဝေဖန်သည်။ ညီသုတ ရင်ထဲက ရှုန်းကြွပ်နေသော ခံစားချက်တွေကို စာနာနားလည်ပါသည်။ ဒါပေမဲ့ ချွေးသိပ်နှစ်သိမ့်ဖို့ စကားလုံးတွေလည်း ပျောက်ဆုံးနေသည်။

တကယ့်ကို မိုက်ရူးရဲဆန်သော လုပ်ရပ်တစ်ခုပါလား။ တော်ဝင် ရှီ(စ်) သည် ပုံမှန်အသိစိတ်မရှိသော ရူးကြောင်ကြောင် မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟု မညှာမတာ ဝေဖန်လိုက်ချင်သည်။

"တော်တော်တော့ အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်ပဲကွာ၊ ဒီကိစ္စကြီး

တို့မြန်မာမိန်းကလေးတွေရဲ့ ဂုဏ်သိက္ခာကို အတော်ထိပါးစေတဲ့ကိစ္စ

ကိုယ့်အနာဂတ်ဘဝကြီးတစ်ခုလုံးကို မြေမြှုပ်ပစ်ရလောက်အောင် မိုက်

တွင်းနက်ရသလား. နေပါဦး သူ ဘာလို့ ဒီလိုလုပ်တာလဲကွာ"

"အဓိကက ဘွား ပေးစားမယ့် ယောက်ျားကို မယူချင်လို့

ကွာ"

"ဟာ ဒါဆိုလည်း တခြားနည်းနဲ့ ငြင်းလို့ရတာပဲကွာ၊ သူ့ဘ

ကို ရင်းစရာလား"

"ရှီ(စ်) ခံယူချက်က အချစ်ကို လက်မခံဘူး၊ မယုံဘူး၊ ဘ

တော့မှ ယောက်ျားမယူဘူးလို့ ရည်ရွယ်ထားတာ၊ ဒါကြောင့် ဘွားလို

တဲ့ ရင်သွေးရဖို့အတွက် အမေရိကားက စီစဉ်ခဲ့တာ"

"ငါ သဘောပေါက်ပြီ၊ မင်းနဲ့ဆုံတွေ့မှ သူ့နှလုံးသားက

တတ်သွားတာ မဟုတ်လား"

"ရှီ(စ်) ဝန်ခံတယ် နေစိုး"

"ဒါဆို မင်း ဆုံးဖြတ်ချက်က ဘာလဲ ညီ"

နေစိုး မေးတော့ သူ ဘာမှတုံ့ပြန်မဖြေနိုင်ခဲ့တာလည်း အမှ

ဖြစ်သည်။ ဘယ်လိုမှ မထင်မှတ်သောကိစ္စကြီးကို ရှီ(စ်)နှုတ်က ပေ

ချိန်မှာ သူ ယုံရခက်စွာ တုန်လှုပ်ခဲ့သည်။

"တို့ သဘောပေါက်လိုက်ပြီ ညီသုတ၊ ရှီ(စ်) လုပ်ခဲ့တာကြီး





ဘယ်ယောက်ျားမှ လက်မခံနိုင်တဲ့ကိစ္စကြီးဆိုတာ ရှီ(စ်) လက်ခံပါတယ်၊ ညီသုတကိုလည်း နားလည်ပေးနိုင်ပါတယ်၊ တို့အမှားကြီးအတွက် အချစ်တစ်ခုကို စွန့်လွှတ်လိုက်ရတယ်လို့ပဲ သဘောထားပါတယ် ညီသုတရယ်"

ဒင်နာညက ရှီ(စ်) သူ့ကို နှုတ်ဆက်ပြန်သွားခဲ့သည်။ သူ့မှာသာ ရှီ(စ်)ကို နားလည်ရခက်သော ခံစားချက်တွေနှင့် ရှုပ်ထွေးမွန်းကြပ်ကျွန်ရစ်ခဲ့သည့်အဖြစ်။

"မင်းခြေလှမ်းတွေ နောက်ပြန်ဆုတ်ဖို့ အချိန်မီပါသေးတယ်ကွာ"

နေစိုး အကြံပေးစကားက သူ့ရင်ထဲကို ရှုံခနဲ နာကျင်စေသည်။ ရှီ(စ်)ကို စွန့်လွှတ်လိုက်ရမည်တဲ့လား။

ထိုမေးခွန်းကြီးကို သူ သိပ်ကြောက်ပါသည်။ ညကလည်း ချောက်ချားစိတ်တွေနှင့် အိပ်မရခဲ့ပါ။

ရှီ(စ်)ကို စွန့်လွှတ်ပစ်လိုက်ဖို့ဆိုတာ သိပ်ကို ခက်ခဲလွန်းအောင် နှလုံးသားက လက်ခံရခက်သော အရာဖြစ်သည်။ ရင်ဘတ်ထဲမှာ ဟာလာဟင်းလင်းနှင့် ဘဝတစ်ခုလုံး အဓိပ္ပာယ်မဲ့သွားနိုင်သည်။

နှလုံးသားမှာ ရှုးရှုးနစ်နစ် စိုက်ဝင်နေသော မြားတစ်စင်းကို သွေးစိမ်းရှင်ရှင် ထွက်ခံကာ နုတ်ယူရမည်တဲ့လား။

"ငါ ရှီ(စ်)ကို တကယ်ချစ်တာကွ"

နေစိုး သူ့ကို စူးစိုက်ကြည့်ရင်း ပင့်သက်ရှိုက်သည်။ အနီးဆုံး ပေါင်းသင်းလာသူမို့ ညီသုတ နှလုံးသားကို သူ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မင်းစဉ်းစားပေါ့ကွာ၊ မင်းမိဘတွေက ဒီလို မိန်းမတစ်ယောက်ကို ချွေးမတော်ဖို့ဖြစ်နိုင်ပါ့မလား"

နေစိုး စကားကိုတော့ သူ လက်ခံပါသည်။ သူ့မိဘတွေက အချစ်ရေးကိစ္စမှာ သူ့ကို နှောင်ကြိုးတွေနှင့် တုပ်နှောင်မထားခဲ့ပါ။ ဒါပေမဲ့ ဒီလိုသိက္ခာတရားနှင့်ပတ်သက်တာမျိုးတော့ လက်ခံမှာမဟုတ်။

မြန်မာဆန်သော ဖေဖေနှင့်မေမေသည် အိမ်ထောင်မရှိသော ကလေးအမေတစ်ယောက်ကို ဘယ်လိုနည်းနှင့်မှ လက်ခံမည်မထင်ပါ။

"ဟူး ငါ တကယ် ခံစားရတယ်ကွာ"

သူ့ရင်ထဲက မွန်းကြပ်မှုတွေကို ပင့်သက်ရှိုက် မှုတ်ထုတ်မိပြန်သည်။ ဒါပေမဲ့လည်း ထိုအပူတွေက ရင်ထဲမှာ လျော့ပါးမသွားနိုင်ပါ။

ရို့(စ်)ရယ် မင်းကိုငါ နားလည်ရခက်လိုက်တာ။

ဘာကြောင့်များ စိတ်ထင်ရာအတိုင်း မင်းလုပ်ခဲ့ရတာလဲ။ ကိုယ်က ခွင့်လွှတ်နိုင်တယ်ဆိုရင်တောင် ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲလောက်တဲ့ကိစ္စကြီးအတွက်. . ။

တွေးရင်း ရင်ထဲမှာ မောဟိုက်မှု ဝေဒနာတွေက တိုးလာပြန်သည်။

အချစ်ဆိုတာက သူ့ဘဝမှာ ပျော်စရာတစ်ခုဟုပဲ ယုံကြည်ထားခဲ့သမျှ အခုတော့ ပူလောင်စရာကောင်းလိုက်တာ။

ဒီချစ်ခြင်းကိုမှ သူကိုယ်တိုင်က မြတ်နိုးစွာ တွယ်မက်သွားမိသည့်အဖြစ်မှာ. . ။

■ ■ ■



## အခန်း (၁၄)

ဘယ်တုန်းကမှ အိမ်မမြဲခဲ့သောသူ ဒီရက်တွေမှာတော့ အိမ်ထဲက အပြင်မထွက်ဖြစ်ခဲ့ပါ။

ရို့(စ်)နှင့်ပတ်သက်သော အတွေးတွေကသာ သူ့ကို နေ့ရှိညည နှိုးမိုးထားခဲ့သည်။ ရို့(စ်)အကြောင်း စဉ်းစားတိုင်း အာရုံထဲဝင်ရောက်လာတာ ရို့(စ်) ဖန်ပြွန်သန္ဓေသားကိစ္စကို ဖြစ်သည်။

ဘယ်လိုမှ ပြုပြင်လို့မရသောကိစ္စကြီးကို ရို့(စ်) ပြုခဲ့ပြီးပြီ။ ထို့အတွက် ရို့(စ်)ကို သူ မြတ်နိုးမိသော ချစ်ခြင်းတွေကို ရုပ်သိမ်းအဆုံးသတ်လိုက်ရမည်လား။

ဒါ ရို့(စ်)ရဲ့ ခွင့်မလွှတ်နိုင်သော အပြစ်ကြီးတစ်ခုလား။ မသက်ဆိုင်ဟု သူ ထင်သည်။

ရို့(စ်)ကို သူချစ်တာ ဘာကြောင့်လဲ။ ရို့(စ်)ရဲ့အလှကြောင့်လား။



www.burmeseclassic.com

www.burmeseclassic.com



သချောတာက ထိုအချက်တစ်ခုတည်းကြောင့် မဟုတ်တာ သေချာလှ ပါသည်။

ရို(စ်)ရဲ့နှလုံးသားကို သူ မြတ်နိုးခဲ့တာ ဖြစ်သည်။ သူ မြတ် သော ရို(စ်)နှလုံးသားသည်လည်း ဖြူစင်ရိုးသားခဲ့တာတော့ သူ ယုံသည်

အချစ်ကို အချစ်နှင့်ပဲ သူ ဆုံးဖြတ်သင့်သည်လား။

သေချာသည်က ရို(စ်)ကို တစ်ရက်လေးတောင်မှ သူ မ မတွေ့ရလျှင် နေလို့ထိုင်လို့မရတာ ဖြစ်သည်။

တစ်သက်လုံး ရို(စ်)ကို စွန့်လွှတ်လိုက်ဖို့ဆိုသည်က

"တီ တီ"

ဟွန်းသံနှစ်ချက်ပေးကာဝင်လာသော နေစိုးရဲ့ကားလေးကြေ သူ့အတွေးတွေ ပြတ်တောက်သွားခဲ့သည်။

ဆင်ဝင်အောက်မှာ ကားလေးကို ထိုးရပ်လိုက်ပြီး တံခါးဖွင့် နေစိုး ဆင်းလာသည်။ ဧည့်ခန်းထိုင်ခုံမှာ ထိုင်နေသော သူ့ကိုမြင်တေ တန်းတန်းမတ်မတ် လျှောက်ဝင်လာရင်း

"မင်း ဘာဖြစ်နေတာလဲကွာ၊ အိမ်ထဲကအိမ်ပြင် မထွက် အိမ်တွင်းပုန်း ကုလားလုပ်နေတာလား"

သူ ဘာမှပြန်မဖြေဖြစ်ဘဲ နေစိုးကိုပဲ ကြည့်နေလိုက်သည် နေစိုးက သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ရင်း

"ဘာလဲ မင်း ခံစားချက်တွေကို ကြိုးစားဖြေဖျောက်ကြည့် တာလား"



"ငါ ဝန်ခံတယ် နေစိုး၊ ဒါပေမဲ့ ရို(စ်)ကို ငါ မေ့လို့မရဘူး"

"ဒါဆိုလည်း အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ နှလုံးကို ထုံးမှုပြီး (စ်)ကို လက်ထပ်လိုက်ပေါ့ကွာ"

"ငါ ရို(စ်)ကို မစွန့်နိုင်တာ သေချာလွန်းနေပြီ၊ ရို(စ်)နဲ့ငါ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတာ သေချာတယ်"

နေစိုး သူ့ကို ဘာတစ်ခွန်းမှ မပြောဘဲ ငေးစိုက်ကြည့်နေသည်။

အချစ်ကို ဘဝရဲ့အပျင်းပြေ ကစားစရာလို့ သဘောထားခဲ့တဲ့ ညီသုတအဖြစ်က တကယ့်အချစ်နဲ့တွေ့တော့ မထွေးနိုင်မအံနိုင် ဖြစ်နေရ ပြီ။

"ရို(စ်) ဘာတွေပဲမှားခဲ့ မှားခဲ့ ဘဝနဲ့ပုံပြီး မှားခဲ့ရင်တောင် ခွင့်လွှတ်နိုင်တယ်ကွာ"

ပြောရင်း သူ့စားပွဲပေါ်က ဟန်းဖုန်းလေးကို ကောက်ယူကာ နံပါတ်တစ်ခုကို နှိပ်ခေါ်သည်။

"ဩော် ဘွားလား၊ ကျွန်တော် ညီသုတပါ"

"..."

"ဟုတ်ကဲ့ ဘွား၊ အလုပ်ကိစ္စလေး ရှုပ်ထွေးနေလို့ပါ၊ ဒါနဲ့ ရို(စ်)ကော ဘယ်မှာလဲ ဘွား"

"..."

"ဟုတ် ဟုတ်ကဲ့ ဘွား"

ညီသုတ ဖုန်းလေးကို ပြန်ပိတ်ပြီး သုတ်ခနဲ ထရပ်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လဲကွ"

"ရှိ(စ်)ဆီသွားမလို့ မင်း ကားပါတယ်မို့လား၊ လိုက်ခဲ့ကွာ မင်းကားနဲ့ပဲ လစ်မယ်"

ချက်ချင်းကြီး ဆုံးဖြတ်လိုက်သော ညီသုတ ဆုံးဖြတ်ချက် အတွက်တော့ နေစိုး အံ့ဩခြင်း မဖြစ်မိပါ။

အချစ်ဆိုတာ လောကကြီးမှာ အင်အားအကြီးမားဆုံးအရာပဲ ဖြစ်သည်။ ဒီအချစ်ကြောင့်ပဲ သမိုင်းအဆက်ဆက် ရာဇဝင်တွင်မည့် အဖြစ်တွေ အများကြီး ရှိခဲ့သည်။ ရှင်မွေးလွန်းနှင့်မင်းနန္ဒာ၊ ရိုမီယိုနှင့် ဂျူးလီယက်၊ မယ်သီတာနှင့်ဒသဂီရိ။

အချစ်အတွက် တစ်ဘဝလုံးပုံအပ်ခဲ့ကြသူတွေမှ အများကြီးပါပဲ။ ဒါကို မိုက်မဲခြင်းဟု သူ မဆိုချင်တော့ပါ။

ညီသုတ မောင်းနိုင်သော နေစိုးကိုပဲ သူ့ကားလေးကို ဦးတည် မောင်းနှင်ခဲ့လိုက်ပါသည်။

■ ■ ■

ရှိ(စ်) ကလေးပစ္စည်းအရောင်းဆိုင်လေးထဲမှာ မိန်မိန်နှင့်အတူ ဝယ်ခြမ်းနေတာကို သူ မြင်ပါသည်။

ဒါပေမဲ့ ကားပေါ်က မဆင်းသေးဘဲ ငေးကြည့်နေမိသည်။

ရှိ(စ်) ဝတ်ဆင်ထားတာက အနီရဲရဲ ကိုယ်ကြပ်ခါးရှည်အင်္ကျီ လေးနှင့် အပြာနုကိုယ်ကြပ်ဘောင်းဘီလေးပဲဖြစ်သည်။

တကယ့်ကို လှပကျော့ရှင်းလွန်းတဲ့ အပျိုစင်လေးရဲ့ ဝမ်းထဲမှာ





သန္ဓေသားလေးရှိနေတာကို ဘယ်သူ မြင်ဂရုနိုင်မှာလဲ။

သူတောင်မှ ရှိ(စ်)နှုတ်က ဝန်ခံပြောမှ သိခဲ့ရတာ ဖြစ်သည်။ ဖေဖေနှင့်မေမေတို့လည်း သိနိုင်မှာ မဟုတ်ကြပါ။

နတ်သမီးမယ်လေးလို လှပသော ရှိ(စ်)ကို မြင်တာနှင့် ဖေဖေနှင့် မေမေတို့ နှစ်သက်သဘောကျသွားကြမှာ သိပ်ကို သေချာပါသည်။

"မင်း ဘာလုပ်နေတာလဲ ညီ"

နံဘေးက နေစိုးက သူ့ပခုံးကိုပုတ်ကာ သတိပေးတော့မှ သူ ရှိ(စ်)တို့ဆီက အကြည့်တွေ ပြန်ရုပ်သိမ်းရင်း

"ဟိုမှာလေကွာ ရှိ(စ်)နဲ့မိန်မိန် ရှိနေတယ်"

"ငါ မြင်ပါတယ်ကွာ၊ မင်း ဘာလို့ သွားမတွေ့သေးတာလဲ"

"ငါ သွားလို့ မဖြစ်သေးဘူး၊ သူ့ကိုငါ နောက်ထပ်တစ်ရက် နှစ်ရက်လောက် စိတ်ဆိုးပြမလားလို့"

"သေလိုက် မင်းလား နေနိုင်မှာလား"

နေစိုး မျက်နှာမဲ့ကာ ပြောသည်။ ထိုအခိုက်မှာပဲ ဆိုင်လေးထဲ က ထွက်လာသော မိန်မိန် ဖြစ်သည်။

ရှိ(စ်)ကတော့ ကောင်တာလေးမှာ ကျန်ရစ်ခဲ့၏။ မိန်မိန် ဦးတည် လျှောက်လာတာက သူတို့ဆီ ဖြစ်နေတာမို့ အံ့ဩသွား၏။

ကားထဲမှာ ငုတ်တုတ်ရှိနေသော သူတို့ကို မိန်မိန်က မြင်တွေ့ သွားခဲ့ပါသည်။

"ဟယ် နေစိုး"



www.burmeseclassic.com

www.burmeseclassic.com



နေစိုးနှင့် သိနေသော မိန်မိန်က နှုတ်ဆက်တော့ နေစိုးလည်း ပြုံးပြုံးနှုတ်ဆက်ရင်း

"မိန် နင် ဘယ်လာတာလဲ"

"ရို့(စ်)လေ ဈေးဝယ်လာလို့ ငါလိုက်လာတာ၊ ကလေးအင်္ကျီလေးတွေ ဝယ်ပြီးမှ ပိုက်ဆံအိတ်က ကားထဲကျန်ခဲ့လို့ဟ"

သည်တော့မှပဲ ရို့(စ်)တို့ ကားလေး ရပ်ထားတာ သူတို့ကားနံဘေးမှာ ဆိုတာသိလိုက်သည်။ မိန်မိန် အကြည့်တွေ သူ့ဆီ ဦးတည်လာရင်း

"သြော် ညီသုတလည်း ပါတာကိုး"

"အင်း နေကောင်းတယ်နော် မိန်မိန်"

"မိန်က ကောင်းပါတယ်၊ မကောင်းတာက ရို့(စ်)လေ"

"ဗျာ ဘာဖြစ်လို့လဲ"

"စားမဝင်အိပ်မပျော်ဖြစ်နေတာ၊ အခုတောင် ဘွားက ကလေးအသုံးအဆောင်တွေ ဝယ်နိုင်းလို့ အပြင်ကို ထွက်လာတာ"

ရို့(စ်) ဒီလိုခံစားနေရသည်ဆိုတော့ သူ စိတ်မကောင်းပါ။ တကယ်ဆို ရို့(စ်)ကို သူ ဖုန်းလေးတစ်ချက်တောင် မဆက်မိတာကို နောင်တရမိ၏။

"ကိုယ်လည်း ရို့(စ်)နဲ့မတွေ့ရတဲ့ရက်တွေမှာ တော်တော် ခံစားခဲ့ရတာပါပဲ မိန်မိန်၊ တကယ်ဆို ရို့(စ်) ဘာ့ပဲဖြစ်နေဖြစ်နေ ပစ်ပစ်ခါခါ မပြောရက်သင့်ဘူး၊ အခုတော့ ကျွန်တော်ကိုယ်တိုင် ရို့(စ်)ကို တွေ့ချင်လို့





လာခဲ့တာပါ"

"ဒါဆို ရှင်တို့တွေ့လိုက်လေ၊ ရို့(စ်)ကတော့ ရှင့်ကို နားလည်တယ်တဲ့"

ကျူးလွန်ကျူးလွန်ထားသည့် အပြစ်ကြီးအတွက် ရို့(စ်)တကယ် နောင်တရနေခဲ့ သည်ထင်ပါသည်။ အခုချိန်မှာ မြင်မရနိုင်သော အမှားကြီးအတွက် ရို့(စ်)ကိုလည်း အပြစ်မတင်ရက်တော့ပါ။

ရို့(စ်) စိတ်ချမ်းသာစွာပဲ ရှင်သန်စေချင်သည်။ ရို့(စ်) ဝမ်းထဲမှာရှိနေသော ရင်သွေးလေးနှင့် ရို့(စ်)အတွက် သူ စာနာမိသည်။

ကားထဲက ပိုက်ဆံအိတ်ကိုယူကာ မိန်မိန် ဆိုင်ဘက်ပြန်လှည့်သွား၏။ မိန်မိန်ပြောလိုက်တာကြောင့် ထင်သည်။ ရို့(စ်) ကောင်တာလေးက အပြင်ကို လှမ်းကြည့်၏။

သူ ကားထဲက ထွက်ကာ ရို့(စ်)ကို လက်ပြနှုတ်ဆက်လိုက်တော့ ရို့(စ်) ဆိုင်ထဲက လှမ်းထွက်လာ၏။

သူလည်း ရို့(စ်)ရှိရာကို ခပ်သွက်သွက်လေး လျှောက်ခဲ့မိ၏။

နှစ်ဦးမျက်နှာချင်းဆိုင်အဆုံမှာ ရို့(စ်)မျက်နှာလေးကို သူ ကြည့်၍မဝအောင် မင်သက်နေမိဆဲ။ ရို့(စ်) အပြုံးလေးနှင့် သူ့ရှေ့မှာရပ်ရင်း

"ညီသုတ"

ရို့(စ်) ဝမ်းသာသံလေးနှင့် ခေါ်ပြီးမှ မျက်လွှာလေးချ ငြိမ်သက်သွားခဲ့၏။ သူနှင့်ဖြစ်ပျက်ခဲ့သောကိစ္စတွေကို ရို့(စ်) ပြန်အမှတ်ရသွားပုံရပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြောင်ကြောင် လုပ်ရပ်တွေနှင့် ဘဝမှာနေသားကျနေတဲ့ မိန်းမလို့ သူမကိုယ်သူမ ဝန်ခံခဲ့သည့် ရှီ(စ်)ကို သူ အပြစ်မမြင်ရက်ပါ။

"ရှီ(စ်)"

သူခေါ်တော့ မော့ကြည့်သော ရှီ(စ်) မျက်နှာလေး ညှိုးမှိန်နေ၏။

"ရှီ(စ်) ကိုယ် တောင်းပန်ပါတယ်"

"ဟင့်အင်း မဟုတ်ပါဘူး၊ ရှီ(စ်) ရှီ(စ်) မှားသွားတာပါ၊ ရှီ(စ်) သွားပါရစေ"

ဝမ်းနည်းရှိုက်ငိုသံလေးနှင့်ဆိုကာ ရှီ(စ်) လှည့်ထွက်မို့ပြင်တော့ သူ ရှီ(စ်) လက်မောင်းလေးကို လှမ်းဆွဲရင်း

"ခဏလေးပါ ရှီ(စ်)ရယ်၊ ကိုယ် မနက်က ဖုန်းဆက်တယ် ဘွားနဲ့တွေ့တော့ ရှီ(စ်) Queen မှာ ဈေးဝယ်သွားတယ်ဆိုလို့ လိုက်လာတာ"

"ညီသုတနဲ့ရှီ(စ်)ကြားမှာ ဘာပတ်သက်စရာမှ မကျန်ပါဘူးလေ ရှီ(စ်) ဒါကို လက်ခံနားလည်ပါတယ်"

"မကျန်ဘူး မလုပ်နဲ့ ရှီ(စ်) ကိုယ်တို့ ဇာတ်လမ်းက အခုမှ စမှာ"

"ကဲ ဇာတ်လမ်းက အခုမှ စကြမှာဆိုရင်လည်း လမ်းမကြီးမှာ မသင့်ဘူးလေ"

မိန်မိန် အသံကြားမှ သူနှင့် ရှီ(စ်) လှည့်ကြည့်မိ၏။ မိန်မိန် မျက်နှာလေးပြုံးကာ နေစိုးကလည်း ရယ်ကျဲကျဲနှင့်





"မင်းတို့ တစ်ဆိုင်ဆိုင်မှာ အေးဆေး ဆွေးနွေးသင့်ပါတယ်ကွာ၊ မိန်မိန်ကို ငါ့ကားနဲ့ပြန်ပို့ပေးလိုက်မယ်"

"ကျေးဇူးပဲ နေစိုး၊ လာ ရှီ(စ်) ကိုယ်နဲ့ရှီ(စ်) စကားတွေ အများကြီး ပြောရအောင်နော်"

ရှီ(စ်) လက်ဖဝါးလေးကို ညီသုတ ပိုင်စိုးပိုင်နင်း ဆွဲခေါ်သွားခဲ့သည်။ ရှီ(စ်) ရင်လေးခုန်လာမိသည်။

ဇာတ်လမ်းက အခုမှ စမှာတဲ့။

ရင်ခုန်စရာကောင်းလိုက်တာ ညီသုတရယ်။ ကျွန်မ နှလုံးသားက ချစ်ခြင်းတွေကို ရှင် ထာဝရအတွက် သိမ်းပိုက်လိုက်တာလားရှင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မြေး သူ့ကို တကယ်လက်ထပ်မှာလား"

"သူက ရို့(စ်) လက်ထပ်ခွင့်တောင်းနေလို့ပါ ဘွား"

"အေးလေ ဟုတ်ပါပြီ၊ မောင်သုလေးက မြေးကို လက်ထပ်
တောင်းတယ်ဆိုတာလည်း ဘွား သိပါတယ်၊ ဒါပေမဲ့ မြေးရဲ့ကိုယ်
ကိစ္စကို သူ ကြည်ကြည်ဖြူဖြူ လက်ခံရဲ့လား၊ လက်ထပ်ပြီးမှ ကိုယ့်
သွေးကိစ္စကို မကြည်ဖြူခဲ့ရင် သားနဲ့သမီးကြားမှာ ပြဿနာတွေ
မမြင်ချင်ဘူးကွယ်"

ဘွားက ရို့(စ်) ပခုံးသားဝင်းဝင်းလေးကို ပုတ်ပြောလို
သူ့ရင်ဘတ်လေးကို ပုတ်ပြောလိုက်နှင့် မြေးအတွက် စိုးရိမ်သော
ပွေနေပုံရှိသည်။





ရို့(စ်)ရဲ့ပြဿနာတွေက ဘွားအတွက်လည်း သောကဖြစ်စရာ
တွေ ကြုံဆုံနေရချေပြီ။ ဘွားကိုကြည့်ကာ ရို့(စ်) သနားမိပါရဲ့။

"ဘွားပြောသလို ရို့(စ်)လည်း စဉ်းစားမိပါတယ်၊ ဒါကြောင့်
သူ့ကိုပွင့်ပွင့်လင်းလင်း အသိပေး ပြောပြပါတယ် ဘွား၊ သူက ရို့(စ်)ကို
ချစ်သလို ရို့(စ်)ရဲ့ ရင်သွေးလေးကိုလည်း ချစ်ပါတယ်တဲ့"

ဘွား ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်စွာ ပြုံးသွားခဲ့သည်။
ရို့(စ်) ဘွားပခုံးလေးမှာ ချွဲနွဲ့နွဲ့လေး မှီထားတော့ ဘွားက ရို့(စ်) ခေါင်းက
ဆံနွယ်လေးတွေကို ပွတ်သပ်ပြီး

"အင်း လောကထဲကို အဖမဲ့ရောက်လာမယ့် မြေးလေးရဲ့
ရင်သွေးလေးအတွက် ဖခင်တစ်ယောက်လိုအပ်တာတော့ အမှန်ပဲကွယ်၊
မောင်သုလေးရဲ့စိတ်ဓာတ်လေးကိုတော့ ဘွား သဘောကျပါတယ်"

မုဆိုးမ အသစ်စက်စက်လေးဘဝကို ငယ်ငယ်ရွယ်ရွယ်နှင့်
ခံဆိုင်ထားရသော မြေးအတွက် ဘွား စိတ်မကောင်းဖြစ်ခဲ့ရတာ အမှန်
ဖြစ်သည်။

ဟိုးအရင်ကတည်းက မြေးကို သူမရင်ခွင်အရိပ်အောက်က
သယ်ကိုမှ မသွားစေချင်ခဲ့ပါ။ ဒါကြောင့်လည်း သူမအရိပ်မှာပဲ လိုလေ
သေးမရှိ ပြည့်စုံအောင် ထားပေးခဲ့သည်။

အမေရိကားက မြေးရဲ့ဖခင်ဘက်က ဆွေမျိုးတော်တွေက ပညာ
ရေးရော ခေတ္တခဏ အလည်လွှတ်ပေးပါဆိုတော့ သူမ ငြင်းဆိုခွင့်
မရှိပါ။ တစ်ဦးတည်းသော မြေးကို ကိုယ်ပဲ အပိုင်သိမ်းထားလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာစိုးတော့လည်း ခွင့်ပြုခဲ့ရသည်။

"သမီး ဘွားကိုပဲ ချစ်တာပါ၊ ပြီးတော့ မြန်မာပြည်မှာပဲ ရှိ(စ်) နေမှာ စိတ်ချ၊ ဘွား ရင်ခွင်ထဲကို သမီး အရောက်ပြန်လာမှာပါ"

မြေးကလည်း အကြိမ်ကြိမ် ကတိစကားတွေ ပေးခဲ့သည်။ ကိုးနှစ်လောက် တခြားမြေခြားမှာ နေနေပေမယ့် အနည်းဆုံး နှစ်ရက် တစ်ခါ သုံးရက်တစ်ခါလောက် ဖုန်းစကားပြောဖြစ်စမြဲ။

တစ်နှစ်တစ်ခါလောက်တော့ သူမရင်ခွင်ကို အရောက်ပြန်လာ စမြဲ။ မြေးရဲ့ပညာရေး ဆုံးခန်းတိုင်တော့ မြန်မာပြည်ပြန်ခေါ်ဖို့ သူမ စီစဉ်ခဲ့သည်။ မြေးကိုလည်း စေ့စပ်ဖို့ ပြင်ဆင်ခဲ့သည်။

ထိုစိတ်ကူးတွေ ဖောက်ပြန်ကာ မြေးမှာကိုယ်ဝန်ရှိလာသည်ကို တော့ သူမ ရင်ထိတ်ခဲ့ရသေး၏။ ဒါပေမဲ့

မြေးရဲ့ခင်ပွန်းက လောကကြီးထဲမှာ မရှိတော့ဟု သိရပြန်တော့ အဆိုးထဲက အကောင်းဟုပဲ သဘောမှတ်ရတော့မည်။

မြေးကို မြန်မာပြည်မှာပဲ အမြဲရှိနေစေချင်သော သူမရဲ့ဆန္ဒ တွေ ပြည့်ဝခဲ့ရပြန်၏။

အခုတစ်ခါ ကိုယ့်မြေးမလေးကို မြတ်မြတ်နိုးနိုးနှင့် လက်ထပ် ပေါင်းသင်းယူမည့် ညီသုတလို ရည်မွန်သော လူချောလေးကို ဘွား မြေးအဖြစ် ပိုင်ဆိုင်တော်စပ်ရမှာတော့ ဝမ်းသာစရာပါပဲ။

"ဩော် မြေး မောင်သု မိဘတွေကကော ဒီကိစ္စကို သိနေပြီ သလားဟင်"





ဘွား မေးတော့မှ ရှိ(စ်) ဘွား ပခုံးလေးကို မှီထားရာမှ ခန္ဓာ ကိုယ်လေး မတ်ခနဲ ပြန်တောင့်မတ်သွားခဲ့ကာ

"ဟင့်အင်း မောင် အဲ ညီသုတက ဒီကိစ္စ သူ့မိဘတွေကို ဖွင့်မပြောချင်ဘူးတဲ့၊ ဟို ဟိုလေ ရှိ(စ်)တို့ ချစ်နေခဲ့တာ ကြာပြီလို့ပဲ အသိပေးထားချင်တယ်တဲ့"

ရှက်မျက်နှာလေးနှင့် ရှင်းပြနေသော မြေးစကားကို ဘွား နားလည်စွာ ခေါင်းလေးညိတ်ပါသည်။

"အင်းလေ အရေးကြီးတာက မောင်သုလေးပါပဲ၊ သူ့မိဘတွေ ကို မောင်သုက ပြေလည်အောင် ရှင်းပြထားရင် ပြီးပါတယ်ကွယ်၊ ဒါပေမဲ့ ဘွားဖြစ်စေချင်တာက သူ့မိဘတွေ မြေးကို မိသားဖသားပီပီ လာတောင်းရမ်းစေချင်တယ်၊ မင်္ဂလာပွဲကိုလည်း အမြန်ဆုံးစီစဉ်ချင် တယ်"

ရှိ(စ်)အတွက် ဘွားကတော့ မိဘအရာဝင်ကာ စီမံပေးနေ သည်။ ဘွားရဲ့သံယောဇဉ်တွေကို ရှိ(စ်) နားလည်ပါသည်။

"သူ့မိဘတွေက မိုးကုတ်မှာနေတာ ဘွားရဲ့၊ ဖြစ်နိုင်ရင် လာ တောင်းရမ်းတာတွေ မင်္ဂလာဧည့်ခံပွဲတွေ ကြီးကြီးကျယ်ကျယ် လုပ်တာကို ရှိ(စ်) သဘောမကျပါဘူး"

ရှိ(စ်) စကားကြောင့် ရွှေကိုင်းမျက်မှန်ထဲက ဘွားရဲ့ မျက်ဝန်း တွေ ပြူးကာကြည့်သည်။

"အလိုတော် မိန်းကလေးဆိုတာ တစ်သက်မှာ တစ်ခါပဲ ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



တည်ရတဲ့ကိစ္စလေ မြေးရဲ့၊ မြေးရဲ့လက်ထပ်ပွဲကို လူသိရှင်ကြားတော့ ဘွား လုပ်ပေးချင်တယ်၊ ဘွားရဲ့ဂုဏ်သိက္ခာတွေ ကျဆင်းအောင် မလုပ်ပါနဲ့ မြေးရယ်''

ရိ(စ်) ဆန္ဒကို ဒီတစ်ခါတော့ ဘွား ဘယ်လိုမှ အလျှော့မပေးမှာ သေချာလို့နေသည်။

ဘွားတို့ မျိုးရိုးစဉ်ဆက် အိမ်ထောင်ရေးကိစ္စကို အလေးအမြတ်ထား မင်္ဂလာယူကြတာ ရိ(စ်) သိထားသည်။ ရိ(စ်)လက်ထပ်ကျမှတိုင်းတစ်ပါးမှာ အလွယ်တကူ အိမ်ထောင်ပြုခဲ့တာကို ဘွား စိတ်ဆင်းရဲခဲ့ရသည်။

ဒီတစ်ခါ ရရှိသည့် အခွင့်အရေးမှာ မြေးဖြစ်သူအတွက် ဘွား စိတ်တိုင်းကျ စီစဉ်ချင်မှာကိုလည်း ရိ(စ်) နားလည်ပါ၏။

''ဘာလဲ မြေးနဲ့မင်္ဂလာပွဲကို အကျဉ်းသဘောပဲ လုပ်ချင်တယ်လို့ မောင်သုက ပြောလို့လား''

''ဟာ မဟုတ်ပါဘူး ဘွားရဲ့၊ သူက မင်္ဂလာပွဲကို ဘွားစိတ်တိုင်းကျ လုပ်ပေးချင်တဲ့အကြောင်း ပြောပါတယ်၊ ဟိုလေ သမီးကသာ ခမ်းခမ်းနားနားကြီး မလုပ်ချင်တာပါ''

ရိ(စ်) ကသောကမျောလေး ရှင်းပြမိသည်။ ညီသုတက အရာရာ ရိ(စ်) စိတ်တိုင်းကျ ဖြစ်စေချင်သည်။ ရိ(စ်)ကြောင့် ညီသုတကိုတော့ အထင်မလွဲစေချင်ပါ။

''မြေးက ဘာလို့ ဆန္ဒကျင်တာလဲ၊ ဒါ ကိုယ့်ကိုယ်ကိုယ် နှိမ်ချ





လိုက်တာနဲ့ အတူတူပဲလေ၊ မောင်သုလေးက ဒီလိုဆန္ဒ မရှိဘူးဆိုတာ ဘွားက သိပြီးသား သမီးလေးကို သူ သိပ်ချစ်ပါတယ်''

ဘွားကတော့ ရိ(စ်)ကိုအပြစ်တွေတင်ကာ ညီသုတကိုပဲ ချီးကျူးစကားတွေ ဆိုနေသည်။ ဘွားနှင့်ညီသုတကတော့ ဟိုးအရင်ကတည်းက အဆင်ပြေ ချစ်ခင်မှုတွေ ရှိနေတာပဲဖြစ်၏။

''ရိ(စ်)က အပျိုစင်မှ မဟုတ်တာ ဘွားရယ်၊ မင်္ဂလာပွဲ အကြီးအကျယ်လုပ်လိုက်တာက ဧည့်ပရိသတ်တွေအလယ်မှာ ကိုယ့်အထုပ်ကိုယ်ဖြည်သလို ဖြစ်မှာပေါ့''

''အို ဂရုစိုက်စရာလား မြေးရဲ့၊ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲ၊ ပြီးတော့ မြေးကိစ္စကို တော်ရုံ ဘယ်သူမှ သိတာမဟုတ်ဘူး၊ အို ဒီတစ်ခါတော့ ဘွားစကားကို နားထောင်ပါ မြေးရယ်''

ရိ(စ်) ဘာမှ ထပ်ပြောခွင့်မရခဲ့ပါ။ တကယ်ဆို အမြဲတမ်းခေါင်းမာပြီး ကိုယ်ထင်ရာကို ဖြစ်အောင်လုပ်ခဲ့တဲ့ တော်ဝင်ရိ(စ်)ရဲ့မာနတွေ အကျင့်စရိုက်တွေ ရိ(စ်)ဆီမှာ ပျောက်ဆုံးချင်နေပြီ။

အမှားကြီး မှားခဲ့တဲ့ အဖြစ်ကိုလည်း နောင်တရခဲ့သည်။ ရိ(စ်)ဝမ်းထဲက ရင်သွေးလေးက မောင်နဲ့ရိ(စ်)တို့ရဲ့ သွေးသားလေးသာ ဖြစ်ရင် ဘယ်လောက် ကြည်နူးပျော်စရာကောင်းမည်လဲ။

ထိုအတွေးက ခေါင်းထဲဝင်လာတိုင်း ရိ(စ်) ပြုခဲ့တဲ့ အမှားကြီးကို ပြန်မြင်ယောင်လာလေပါပဲ။

ရိ(စ်)ကို တားမြစ်ခဲ့ကြသူတွေ စကားကိုသာ နာခံလျှင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှ တွေ့ရာယောက်ျားကို အမိဖမ်းပြီး ကပ်ကြတာလေ၊ ကြာတော့ ဒီ အိမ်ထောင်ကြီးက အဆင်မပြေဘဲ ကွဲကြပြဲကြရောပေါ့"

ဒေါပန်းချစ်က ရိုးသားစွာပြောနေတာဖြစ်ပေမယ့် ရှိ(စ်)မှာ တော့ လိပ်ပြာမလုံစွာ မျက်နှာပျက်ချင်နေသည်။

ဒါကို ရိပ်မိနေသော ညီသုတက ပိုလို့အားနာစွာ မျက်နှာမျက် လျက် ကြားကဝင်ပြော၏။

"မေမေကလည်း ရှိ(စ်)ကို ဘာတွေလျှောက်ပြောနေတာလဲ"

"ဩော် သားရယ် မေမေက တချို့လည်တဲ့ မိန်းကလေးတွေ အကြောင်း သမီးလေးကို ပြောပြနေတာပါကွယ် နော် သမီး"

"ဟုတ်ကဲ့ပါ အန်တီ၊ ရှိ(စ်) နားလည်ပါတယ်"

ရှိ(စ်)ကို ပြုံးကြည့်ကာပြောတော့ ရှိ(စ်) အလိုက်သင့် ခေါင်း လေးညိတ်ကာ ပြန်ပြောရပြန်သည်။

"မေမေနဲ့ဖေဖေ့ကို သား ဝန်ခံစရာရှိသေးတယ်"

ညီသုတ အလေးအနက်ကလေးပြောတော့ မိဘနှစ်ပါးစလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။

ညီသုတ ဘာပြောမည်ကို ကြိုသိနေသော ရှိ(စ်)ကတော့ မျက်နှာလေး ပန်းနုရောင်သမ်းကာ ခေါင်းလေးငုံ့ထားမိ၏။

"တကယ်တော့ သားနဲ့ရှိ(စ်)က လွန်ခဲ့တဲ့ နှစ်လလောက်က တည်းက နှစ်ဦးသဘောတူ လက်ထပ်ထားခဲ့ကြတာပါ"

"ဟေ"





"ဟောတော် အဖေကြီးရေ ကျုပ်တို့သားက အဲဒီလောက်အထိ တောင် ခြေသွက်နေပါလား"

ရှိ(စ်) မျက်နှာလေးပူကာ ခေါင်းမဖော်ရဲပါ။ ညီသုတ ဖခင်က မျက်မှောင်ကြီးကုပ်ကြည့်ရင်း

"မင်းကွာ ကိုယ်ချစ်လို့ လက်ထပ်မယ့်ချစ်သူကို တရားဝင် လက်ထပ်ယူရင်လည်း ရရက်သားနဲ့ မိန်းကလေးဘက်က ဂုဏ်သိက္ခာ ငြိုးနွမ်းစေတဲ့ အလုပ်မျိုး လုပ်စရာလား"

"အခြေအနေ အကြောင်းကြောင်းကြောင့် အခုလို လုပ်လိုက် ရတာပါ ဖေဖေ၊ ဟိုလေ ရှိ(စ်)ရဲ့ဘွားက ရှိ(စ်)ကို ယောကျ်ားပေးစားဖို့ စီစဉ်နေလို့ပါ"

"ဟုတ်လား သမီး"

"ဟုတ် ဟုတ်ပါတယ် အန်ကယ်၊ ဘွားက ရှိ(စ်) အမေရိကား ပြန်သွားမှာ အရမ်းစိုးရိမ်တာ၊ ဒီတော့ အိမ်ထောင်ပြုစေချင်နေတာလေ၊ ရှိ(စ်)ကလည်း မောင် အဲ ညီသုတကိုပဲ ရွေးချယ်ထားတော့ ဘွား မငြင်းနိုင်အောင် စီစဉ်လိုက်တာပါ"

"ဘာပဲဖြစ်ဖြစ် သားအနေနဲ့ ဖေဖေတို့ကို ကြိုအသိပေးသင့်တာ ပေါ့ကွာ၊ သားသာ ကျေနပ်တယ်ဆို ဖေဖေတို့က သမီးလေး ဘွားကို ကျေနပ်ကြည်ဖြူအောင် လာတောင်းဆိုပေးမှာပေါ့"

"အဲဒီအချိန်တုန်းက သားမှာအလုပ်ကိစ္စတွေ ရှုပ်ထွေးနေတော့ အတော်ကို အချိန်မရဘူး ဖေဖေ၊ ရှိ(စ်)ကိုလည်း မခွဲနိုင်လို့ပါ၊ ဘွား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သားတို့အသိပေးဖွင့်ပြောတော့ ကြည်ဖြူပါတယ်၊ ဒါကြောင့် အခု ဖေဖေတို့ကို ခေါ်လိုက်တာပါ''

အကြောင်းပြချက်တွေ ခိုင်လုံနေတော့ ညီသုတ မိဘနှစ်ပါး အပြစ်မပြောကြတော့ပါ။

''ဒါဆို သားတို့နှစ်လလောက်ကတည်းက လက်ထပ်ထားကြတာဆိုတော့ ကလေးတွေ ဘာတွေကော ချက်ချင်းယူဖို့ အစီအစဉ် မရှိ ကြဘူးလားကွဲ့''

ဒွဲတိုးကြီး မေးလာသော ဒေါ်ပန်းချစ် စကားကြောင့် ရှု(စ်) မျက်နှာလေးရဲသွားသလို ညီသုတကတော့ ရှက်ပြုံးလေး ပြုံးသည်။

''ဟုတ်ကဲ့ မေမေ ဟိုလေ ရှု(စ်)မှာ ကိုယ်ဝန်ရှိနေပြီ''

''ဟင် ဟုတ်လား ဘယ်လောက်ရှိပြီလဲ သမီး''

''ဟို ဟို တစ်လလောက်ပဲ ရှိပါသေးတယ် အန်တီ''

''ဟယ် ဟုတ်လား ဝမ်းသာလိုက်တာကွယ်၊ မေမေတို့တော့ မြေးချီရတော့မှာပေါ့ကွယ် အဟင်း ဟင်း''

''အေး ဒါလည်း ကောင်းတာပဲ၊ ငါ့သား မိသားစုနဲ့ဖြစ်မှ ခြေ ငြိမ်မှာကွ ဟား ဟား''

ညီသုတရဲ့မိဘတွေကတော့ မင်္ဂလာသတင်းစကားကို ကြားရသလို ဝမ်းသာကျေနပ်နေကြသည်။ ရှု(စ်)မှာတော့ ဝမ်းသာရမလို ဝမ်းနည်းရမလို ခံစားချက်တွေနှင့် ဝေခွဲရခက်နေဆဲ။

''သမီးလေး မွေးလာမယ့် မြေးလေးကတော့ အရမ်းကို ချစ်စ





ရာကောင်းတဲ့ မြေးလေးဖြစ်လာမှာသေချာတယ်၊ သမီးလေးက ကြွေရုပ်လေးလို ဝင်းမွတ်ကြည်သန့်နေတာ သားကလည်း ချောပြီးသားဆိုတော့ ဘယ်သူနဲ့တူတူ ချစ်စရာကောင်းမှာတော့ သေချာတယ် အဟင်း ဟင်း''

''မင်းကလည်း ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတယ်၊ မတူးပါဘူး ဘွား၊ သားသမီးတွေနဲ့မတူဘဲ ကိုယ်နဲ့တူလည်း ချောမှာပဲလို့ ပြောလိုက် စမ်းပါကွ ဟား ဟား''

ညီသုတ ဖခင်က မျက်မှန်ကြီးပင့်ကာ ရင်ကော့ပြောရင်း သဘောကျစွာ ရယ်တော့ ဒေါ်ပန်းချစ် မျက်စောင်းထိုးသည်။

မိသားစုလေး ပျော်ရွှင်စွာ ဆုံသည့်ပွဲလေးတစ်ပွဲမို့ ရှု(စ်)လည်း ိုးရိမ်မှုတွေ ပြေကာ ကြည်နူးဝမ်းသာနေမိ၏။

''ဒါနဲ့ မင်္ဂလာပွဲကို ဘယ်ဟိုတယ်မှာ စီစဉ်ချင်သလဲ၊ သမီးလေး တ်ကြိုက်ရွေးနော်''

ညီသုတ မေမေက ရှု(စ်)ကို ပြုံးပြုံးလေး ကြည့်ကာ မေးသည်။ (စ်) ဘာမှပြန်မဖြေဘဲ ညီသုတကိုပဲ လှမ်းကြည့်မိ၏။

''ဟိုလေ ဘွားနဲ့တွေ့မှ ဘွားနဲ့အန်တီတို့ တိုင်ပင်စီစဉ်ကြပါရှင်၊ (စ်)ကတော့ လူကြီးတွေဆန္ဒအတိုင်း ဖြစ်စေရပါမယ်''

''လိမ္မာလိုက်တဲ့ သမီးရယ်၊ ဒါဆိုလည်း သမီးဘွားနဲ့ တွေ့မှ န်တီတို့ စီစဉ်ကြတာပေါ့ကွယ်''

ရှု(စ်)နှင့်မောင်တို့ရဲ့ အနာဂတ်လေးက လှပနေခဲ့သည်။ ဒါပေမဲ့ (စ်) ရင်ထဲမှာ ပြည့်ဝစွာပျော်ဖို့ မရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်ရှီ(စ်)ပဲသိသော အပြစ်ကြီးကိုသာ မောင့်မိဘတွေ သိရှိသွားခဲ့လျှင်ဟူသော အသိကြီးက ခြောက်လှန့်နေခဲ့တာ အမှန်။

■ ■ ■



## အခန်း (၁၇)

မင်္ဂလာပွဲကို ဘွား သဘောကျ ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့သည်။ ရှီ(စ်)အတွက်တော့ တစ်ကြိမ်တစ်ခါမျှတောင် စိတ်ကူးယဉ်ဖူးသော အိပ်မက်ကြီးကိုမြင်မက်နေရသလို ခံစားနေရသည်။

ဒါ ရှီ(စ်) သိပ်ချစ်တဲ့ ညီသုတနဲ့အတူ ဖြတ်သန်းရမည့် အနာဂတ်ကြီးအတွက် အထိမ်းအမှတ်နေ့ကလေးတဲ့လား။

''ရှီ(စ်) နင့်ရင်ထဲမှာ ဘယ်လိုခံစားနေရသလဲ''

မင်္ဂလာဝတ်စုံအဖြစ် ပန်းနုရောင်ဝမ်းဆက်လေးနှင့် လှပနုရွသော ရှီ(စ်)အနားသို့ မိန်မိန် ရောက်လာပြီးမေးသည်။

''ငါလား ရင်ထဲမှာ တလှပ်လှပ်နဲ့ အရမ်းပျော်တယ် မိန်ရယ်၊ ဟော့ မယုံနိုင်သလို အိပ်မက်ကြီးမက်နေသလိုပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း နင်နဲ့ညီသုတ ခံစားချက်တွေတူနေတာပဲနော်၊ စောစော

ကပဲ ညီသုတကို ငါမေးကြည့်ပြီးပြီ၊ သူလည်း အခု နင်ဖြေသလို ဖြေတယ်

ဟ"

"အံ့မယ် နင်က အားလုံးကို အင်တာဗျူးနေတာလား၊ ဘာလဲ

မီဒီယာလောကထဲ ဝင်မလို့ လေ့ကျင့်နေတာလား"

"မဟုတ်ဘူး နင်တို့ ခံစားချက်တွေသိချင်တာ၊ တစ်နေ့ကျရင်

ငါလည်း ဒီလိုရင်ခုန်ခံစားမှုမျိုး ခံစားရမှာလေဟာ"

"မကြွားနဲ့ အခုတောင် မူးလို့ ရှူစရာမရှိဘဲနဲ့များ"

မိန်မိန် မခံချင်အောင် ရှီ(စ်) နောက်ပြောင်တော့ မိန်မိန်

သဘောကျသလိုလေး ရယ်ပစ်ရင်း

"အချစ်ဆိုတာ အချိန်မရွေး အခါမရွေး ရင်ထဲကို ဝင်ရော

လာတတ်တာ သက်သေပဲလေဟာ၊ နင့်အဖြစ်က သာဓကပဲ"

မိန်မိန် ပြောမှ ရှီ(စ်) ကိုယ့်အဖြစ်ကို ကိုယ်ပြန်သတိထား

တော့သည်။ မိန် ပြောတာ သိပ်မှန်သည်။ အချစ်ကို မယုံကြည်ခဲ့သော

ရှီ(စ်)နှလုံးသားက ညီသုတနဲ့မှ အချစ်ကို ခံစားပိုင်ဆိုင်ခဲ့ရတာ အံ့သြစ

ကောင်းပါသည်။

တစ်ခုပဲ ရင်ထဲမှာ ဝမ်းနည်းစိတ်မကောင်းမိတာက ရှီ(

မထင်မှတ်ဘဲ ကျူးလွန်ခဲ့သော အမှားကြီးကြောင့် အပြည့်အဝ မ

ရှင်ရတာပဲဖြစ်သည်။

ရှီ(စ်)မျက်နှာလေးပေါ်က အပြုံးတွေ ပျောက်သွားတာကို





မိန်လည်း သတိထားမိမှာသေချာ၏။

"ရှီ(စ်) နင် ဘာဖြစ်သွားတာလဲ"

"သြော် ငါ မှန်တယ်ထင်ပြီး လုပ်ခဲ့တဲ့ အမှားကြီးအတွက်

ပြန်တွေးပြီး ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်လို့ပါဟာ၊ တကယ်ဆို ကိုယ်

ချစ်တဲ့သူရဲ့ သွေးသားရင်းချာကို ပိုင်ဆိုင်ရရင် အရမ်းကြည်နူးစရာ

ကောင်းမှာ"

"ရှီ(စ်)ရယ် အဲဒီ ခံစားချက်ကြီးကို နင် မေ့ထားစမ်းပါ၊ နင်

အဲဒီသန္ဓေရှိရင် နောက်ထပ် ညီသုတနဲ့ ရင်သွေးလေးတွေ ထပ်မွေးပေါ့ဟာ၊

တစ်ယောက်နှစ်ယောက်မကဘူး အများကြီးမွေး၊ ဘောလုံးတစ်သင်း

ဆုတောင်ရအောင် အဟင်း ဟင်း"

မိန်မိန်က ရယ်မောသလို နောက်ပြောင်တာဖြစ်ပေမယ့် ရှီ(စ်)

ကတော့ လိုက်မရယ်မောနိုင်ခဲ့ပါ။ ကိုယ်ချစ်တဲ့သူနဲ့ ရင်သွေးတွေ မွေးနိုင်သည်

ဆိုပေမယ့် ရှီ(စ်)ရဲ့ ဝမ်းကြာသိုက်ထဲမှာ ပထမဆုံးတည်နေသော သန္ဓေ

သားက ရှီ(စ်)နှင့်ညီသုတနဲ့ ဘာမှမသက်ဆိုင်သော သွေးသားတွေ ဖြစ်နေ

သည်။

ညီသုတက လက်ခံသည်ဆိုသည့်တိုင် ကာယကံရှင်ဖြစ်သော

သူမအတွက်တော့ လက်ခံရခက်ခက်ကြီးပါပဲ။

နောင်တဆိုတာ နောင်မှရသည်ဆိုသော စကားက မှန်လွန်း

သည်။ ဘွားကတော့ ဒီရင်သွေးလေးက ရှီ(စ်)ရဲ့သွေးသားဟုပဲ ထင်ရှာ

သည်၊ တကယ်တမ်းကျတော့



www.burmeseclassic.com

www.burmeseclassic.com



"ရှီ(စ်) သွားရအောင်လေ ပြီးပြီလား"

အခန်းတံခါးဝက ညီသုတ အသံကြားမှ ရှီ(စ်) အတွေးလေး ပြတ်ကာ လှည့်ကြည့်မိသည်။ ပန်းနုရောင်တိုက်ပုံနှင့် ပန်းနုရောင်ချိတ်ပုဆိုးနှင့် ညီသုတရဲ့မင်္ဂလာဝတ်စုံက တင့်တယ်လွန်းနေ၏။

"လှလိုက်တာ ရှီ(စ်)ရယ်၊ တကယ်ကွာ နတ်သမီးလေးအတိုင်းပဲ"

"အမလေး ကိုယ့်မယားကိုယ် ချီးကျူးနေတယ်၊ ဟွန်း အမြင်ကပ်စရာကောင်းလိုက်တာ"

မိန်မိန်က မျက်နှာလေး မဲ့ချပစ်ကာ ညီသုတကို နောက်တော့ ညီသုတက အပြုံးမပျက် ပြန်ကြည့်ရင်း

"သတို့သမီး လှတာကို မနာလို ဝန်တိုမဖြစ်ပါနဲ့ မိန်မိန်ရဲ့ ရှီ(စ်)အလှက အနားမှာရှိနေတဲ့ မိန်မိန်ကိုဟပ်ပြီး မိန်မိန်လည်း လှသွားပါတယ်"

"ကြည့်စမ်း ကြည့်စမ်း သူ့မယားအလှနဲ့ လူကို ဘလိုင်းကြီး နှိပ်ကွပ်နေတယ်"

"ဟား ဟား ပျော်လွန်းလို့ စတာပါဗျာ၊ သတို့သမီးအရံက ဘာလို့ မျက်နှာကြီးရှုပ်နေတာလဲ"

မိန်မိန်နှင့် ညီသုတတို့ တစ်ယောက်နှင့်တစ်ယောက် နောက် ပြောင်နေတာကြည့်ကာ ရှီ(စ်)လည်း ပြုံးမိပါသည်။

မင်္ဂလာပွဲကျင်းပသည့် ဆီဒိုးနားဟိုတယ်ကြီးကို သွားမည့်





လင်ခရူဆာကားဖြူလေးမှာ ဖဲကြိုးတွေ အလှပန်းတွေနှင့် ဆင်ဝင်အောက်မှာ ပြင်ဆင်ထားသည်။

ဘွားသည်လည်း အဖြူရောင် ဇာအရိပ်ပန်းဝတ်စုံနှင့် စိန်ပွင့်တွေ ဖြာလဲ့ကာ အပြုံးတွေပါ တောက်ပနေခဲ့သည်။ ဘွားနှင့်အတူ ညီသုတရဲ့မိတ်တွေကလည်း ရှီ(စ်)တို့နှစ်ဦးကိုကြည့်ကာ ကြည်နူးအပြုံးတွေ ဖြာဝေနေခဲ့သည်။

မင်္ဂလာခန်းမကြီးထဲရောက်တော့ ရှီ(စ်)နှင့်မောင့်ကို ကြိုဆိုနေကြသော ဧည့်ပရိသတ်တွေက အများကြီးပါပဲ။ ရှီ(စ်)နှင့်မောင် အပြုံးတွေနှင့် နှုတ်ဆက်ကြသည်။

"တကယ်လိုက်ဖက်တဲ့ စုံတွဲပဲနော်၊ ချောလိုက်တာဟယ်"

"တကယ့် နေနဲ့လ ရွှေနဲ့မြပဲ"

ချီးမွမ်းထောပနာပြုသံတွေကြားမှာ မောင့်လက်မောင်းလေးကို ရှီ(စ်) တင်းတင်းလေး ဆုပ်ကိုင်ထားမိသည်။

"ရှီ(စ်) ရင်တွေခုန်နေသလား"

"မောင်နဲ့ထပ်တူပါ မောင်ရဲ့"

ရှီ(စ်) ကြည်နူးအပြုံးလေးနှင့် ပြောတော့ မောင်က ရှီ(စ်) လက်ဖဝါးလေးကို တင်းတင်းလေး ဆုပ်ကိုင်ထားသည်။ မောင့်ရဲ့ လက်ဖဝါးလေးထဲမှာ ရှီ(စ်) တစ်ဘဝလုံး လုံခြုံနွေးထွေးသွားသလို ခံစားနေခဲ့ရ၏။

ပျော်ရွှင်ကြည်နူးစရာ အချိန်လေးတွေ ရှီ(စ်) ဘဝမှာ တင်သက်



www.burmeseclassic.com

www.burmeseclassic.com



တာလုံး ပိုင်ဆိုင်ချင်ပါသည်။

■ ■ ■

ဘွားက ခြံနှင့်တိုက်ကြီးကို မင်္ဂလာလက်ဖွဲ့အဖြစ် ရို့(စ်)နှင့် မောင့်ကို ကြိုတင် ပေးထားခဲ့ပြီးဖြစ်သည်။

မင်္ဂလာဧည့်ခံပွဲကြီး ပြီးဆုံးသည်နှင့် ဘွားရဲ့ ခြံနှင့်တိုက်ကြီး ဆီကိုပဲ ရောက်ခဲ့ကြသည်။ ဧည့်ခန်းကြီးထဲမှာ နှစ်ဖက်မိဘတွေကို ကန်တော့ဖြစ်ကြသည်။

"ဘွားအတွက်က သံယောဇဉ်နှယ်စရာဆိုလို့ မြေးလေး ရို့(စ်) ပဲရှိတယ်၊ မိန်လေးအတွက်လည်း ပိုင်ဆိုင်သင့်တဲ့အမွေကို ဘွား ပေးထားပြီးပြီ၊ ကျန်တာအားလုံးက ရို့(စ်)လေးအတွက်ပါပဲ၊ ဒီတော့ အားလုံးကို သမီးလေးပဲ ဆက်ပြီး အမွေဆက်ခံရမှာမို့ သားနဲ့သမီးကို ဘွား ပေးခဲ့မယ် ဟုတ်လား"

"ဟုတ်ကဲ့ ဘွား၊ သမီးတို့ကလည်း ဘွားနဲ့ မခွဲမခွာ နေမှာပါ"

"သားကိုလည်း သမီးလေး လက်ထဲမှာ မေမေတို့ စိတ်ချထားခဲ့မှာပါကွယ်၊ မေမေတို့ လုပ်ငန်းတွေက မိုးကုတ်မှာပဲဆိုတော့ မဖြစ်မနေ ပြန်ရမှာမို့ သားတို့ဆီ အမြဲမလာနိုင်ဘူးကွယ်"

"ဟုတ်ကဲ့ပါ မေမေ၊ သား နားလည်ပါတယ်၊ သားတို့လည်း မေမေတို့ဆီ လာလည်ပါ့မယ်"

ညီသုတရဲ့မိဘနှစ်ပါးကတော့ ဘွားလက်ထဲကို ယုံကြည်စိတ်ချစွာ အပ်နှံခဲ့ဖို့အသင့်ရှိနေကြသည်။ ထို့အတွက် ဘွားကလည်း ကျေနပ်





ဝမ်းသာနေခဲ့သည်။ ဒီမြေးကို မခွဲနိုင်သော ဘွားသည် ညီသုတလို မြေးတစ်ယောက် ထပ်တိုးလာခြင်းအတွက် ဝမ်းသာနေတာတော့ အသေအချာပဲဖြစ်သည်။

ရန်ကုန်မှာ တစ်ပတ်ခန့်ဆက်နေဖြစ်ဦးမည့် ညီသုတ မိဘတွေက ညီသုတရဲ့တိုက်လေးမှာ နေကြမည်။

ရို့(စ်)နှင့်ညီသုတတို့ကတော့ ဘွားအိမ်မှာပဲ ဆက်နေကြမည် ဖြစ်သည်။ မင်္ဂလာဦးမောင်နှံ၏ ကန်တော့ခံပြီးတော့ ညီသုတ မိဘတွေ ပြန်သွားကြသည်။

"ကဲ သမီးနဲ့သားလည်း ပင်ပန်းနေပြီ၊ နားကြဦးပေါ့ကွယ်"

"ဟုတ်ကဲ့ ဘွား"

ဒုတိယထပ်မှာရှိသော ရို့(စ်)နှင့်မောင်ရဲ့ မင်္ဂလာဦးခန်းထဲ ရို့(စ်) ဝင်ခဲ့သည်။ ညီသုတက သူငယ်ချင်းတွေဖုန်းဆက်တာကြောင့် ဝရန်တာလေးထွက်ကာ ဖုန်းပြောနေ၏။

ခမ်းနားစွာ ပြင်ဆင်ထားသော မင်္ဂလာဦးအိပ်ခန်းကြီးကိုကြည့်ကာ ရို့(စ်) ရင်လေးခုန်နေမိသည်။

တကယ်ဆို အပျိုစင်လေး ရို့(စ်)အတွက် ဒါ ရင်ခုန်စရာကောင်းသော မင်္ဂလာဦးနေ့လေးဖြစ်သည်။ ဒါပေမဲ့ မင်္ဂလာသတို့သမီးရဲ့ ဝမ်းထဲမှာတော့ ရင်သွေးလေးက သန္ဓေတည်နေခဲ့ပြီ။

တွေးကြည့်ရုံနှင့် အပျော်စိတ်လေးတွေ ညစ်ညူးစေသော ခံစားမှုကြီးက ရို့(စ်)ရင်ထဲ တိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိ(စ်)ဘဝမှာ ရာသက်ပန်ပြင်မရသော အမှားကြီးက ဖြစ်ခဲ့ပြ

မောင်က ရှိ(စ်)နှင့် သူ့သွေးသားမဟုတ်သော ရင်ငွေးလေးကို တစ်သ

လုံး ချစ်ခင်နိုင်ပါ့မည်လား။

ရှိ(စ်)တို့ ရင်သွေးတွေ ထပ်ယူဖြစ်ကြရင် ဒီကလေးအပေ

မောင် အချစ်လျော့သွားမည်လား။

"ရှိ(စ်) မှန်တင်ခုံရှေ့မှာထိုင်ပြီး ဘာတွေ တွေးနေတာလဲ"

သတို့သမီး ဂါဝန်ကို မလဲသေးဘဲ မှန်တင်ခုံရှေ့မှာ တွေတွေကြ

ထိုင်နေသော ရှိ(စ်)အနားကို ညီသုတ ရောက်လာသည်။

ရှိ(စ်) ခန္ဓာကိုယ်ကို အနောက်မှ သိုင်းဖက်ကာ ညီသုတ

ဆံနွယ်တွေကို နမ်းရှိုက်သည်။ ရှိ(စ်) ပင့်သက်လေးရှိုက်ရင်း မောင့်လ

တွေကို အပေါ်က အုပ်မိုးဆုပ်ကိုင်ထားမိ၏။

"မောင်ရယ် ရှိ(စ်) စိတ်ထဲမှာ အပျော်တွေကော မောင့်

အားနာတဲ့စိတ်တွေကော ခံစားနေရတယ်၊ တကယ်ဆို မောင့်ကို လ

မထပ်သင့်ဘူး"

"ဟာကွာ ရှိ(စ်) ဘယ်လိုပြောလိုက်တာလဲ"

ညီသုတ အထိတ်တလန့်အသံလေးနှင့် ပြောရင်း ရှိ(စ်) ပ

လေးကို ဆုပ်ကိုင်ပြီး ထရပ်စေသည်။ ပြီးတော့ ရှိ(စ်) ခန္ဓာကိုယ်လေး

မျက်နှာချင်းဆိုင် ရင်ဆိုင်ကြည့်ရင်း

"ရှိ(စ်) ဒီနေ့က ကိုယ်နဲ့ရှိ(စ်)ရဲ့ မင်္ဂလာနေ့လေကွာ၊ ဘာ

ဒီစကားတွေ ပြောနေရတာလဲ၊ ရှိ(စ်)ကို ကိုယ် သိပ်ချစ်တယ်၊ ကိုယ့်တ





ကိုယ့်အသက်ထက်တောင် ပိုမြတ်နိုးတယ်၊ ရှိ(စ်) စိတ်ထဲမှာ ရှိ(စ်)

ဝမ်းထဲက ရင်သွေးလေးအတွက် ခံစားနေတာလားဟင်၊ ကိုယ် ရှိ(စ်)ကို

ချစ်သလို ရှိ(စ်) ရင်သွေးလေးကိုလည်း အကြွင်းမဲ့ချစ်နိုင်တယ်ဆိုတာ

ယုံပါ"

"မောင်ရယ် မောင့်ဘက်က သဘောထားကြီးလေလေ ရှိ(စ်)

က ရှိ(စ်)အမှားကြီးအတွက် နောင်တတွေ ရနေမိလေလေပါပဲ"

"တော်တော့ ရှိ(စ်)ရယ်၊ မင်းမရှိဘဲ ကိုယ် အသက်ရှင်မနေ

နိုင်ဘူး၊ ကိုယ် ရှိ(စ်)ကို သိပ်ချစ်တယ်"

ရှိ(စ်) မေးဖျားလေးကိုဆွဲမော့ကာ မောင် ပြောသည်။ ချစ်ရိပ်

ကျိုးဖြာဝေနေသော မောင့်မျက်ဝန်းတွေထဲမှာ ရှိ(စ်)စိတ်တွေ နွေးထွေး

ပျော်ဝင်သွားခဲ့တာ သေချာသည်။

မောင့်မျက်နှာလေး ရှိ(စ်) မျက်နှာပေါ်ကို အုပ်မိုးကျလာသည်။

အနမ်းတို့က နူးညံ့ညင်သာပါသည်။ ရှိ(စ်) ရင်ခုန်သံတွေကို

မွှေးဖွားစေသောအနမ်းတို့ကို ခံယူရင်း မျက်ဝန်းလေးတွေ မှိတ်ထားမိ၏။

ရှိ(စ်) ခန္ဓာကိုယ်လေးကို မောင် ဖွေ့ခနဲ ပွေ့ချီသည်။ မောင့်

ရင်ခွင်ကျယ်ကြီးထဲမှာ မျက်နှာလေးအပ်ထားရင်း မော့မကြည့်ရဲအောင်

ရှက်သွေးတွေ ဆူဝေနေသည်။

အိစက်ညက်ညောသော ဖဲမွေ့ရာကြီးပေါ်ကို မောင် ရှိ(စ်)ကို

ညင်သာစွာ ပွေ့ချလိုက်တာကို သိသည်။

ပြီးတော့ မောင့်ရဲ့ ယုယမွတ်သိပ်သော အနမ်းတို့သည် ရှိ(စ်)



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေကို နုတ်ယူသွားခဲ့သည်။

မောင်ရယ် အသက်မက မြတ်နိုးခြင်းတွေနဲ့ မောင့်ကို ရှိ(စ်) နှလုံးသားက ချစ်ခဲ့တာပါ။

မောင့်ရဲ့ချစ်ခြင်းတွေ ဘယ်တော့မှ လျော့ပါးမသွားလိုက်ပါနဲ့ ကွယ်။

■ ■ ■

"လာ လာကြ ဘွားက မြေးတို့နဲ့ မဂ်လာဦးညစာ စားဖို့ စောင့်နေတာကွဲ့"

ရေမိုးချိုးပြီး ရှိ(စ်)တို့ အဝတ်အစား လဲလှယ်ကာ ဆင်းခဲ့ကြတော့ ဘွားက ထမင်းဝိုင်းက အသင့်စောင့်ကြိုနေခဲ့သည်။

"ဒီမှာလေ ဘွား မြေးက ရေချိုးတာ စိမ်ချိုးနေလို့ သားမနည်းတော်ခိုင်းရတယ်၊ တကယ့် ကလေးလေးလိုပဲ ဂျစ်တိုက်နေတုန်း"

ရယ်သံနှောသောအသံဖြင့် ဘွားကို ညီသုတက တိုင်သလိုလေး ပြောတော့ ရှိ(စ်) နှုတ်ခမ်းလေးဆူကာ မျက်စောင်းလေးထိုးရင်း ညီသုတ ပေါင်ကို အသာလေး ဆွဲဆိတ်သည်။

"အား နာ နာတယ် နာတယ်ဗျ အီး"

"ဟင် ဆိတ်တာက ဖြည်းဖြည်းလေးနော် မောင်"

"လက်သည်းရှည်ကြီးတွေနဲ့ ဆွဲလိမ်တာလေ ဘွား ဘွား မျက်မြင်နော်၊ ဒီနေ့ပဲ လက်ထပ်တယ်၊ ဘွားမြေး သားကို နှိပ်စက်နေပြီ အဟီး"





မောင် တမင် ရှိ(စ်)ကို နောက်ပြောင်နေတာသိတော့ ဘွား ဘပြုံးပြုံးနှင့်ရှိသည်။ ရှိ(စ်)လည်း မောင့်ရဲ့အရယ်မျက်နှာကိုကြည့်ရင်း အပျော်တွေ ဝေနေခဲ့ပါသည်။ မောင်နှင့်ယှဉ်တွဲကာ ထမင်းဝိုင်းမှာ ဝင် ထိုင်ဖြစ်၏။

"ကဲ မိဖြူရေ ဟင်းရည်တွေ နွေးပြီးရင် ယူလာခဲ့တော့"

"ဟုတ်ကဲ့ ဘွား လာပါပြီ"

အသားဖြူဖြူ ဝတုတ်တုတ် ကောင်မလေး ဟင်းချိုပန်းကန်ကြီးကို အောက်ခံလင်ပန်းလေးနှင့်တင်ကာ ယူလာပေးသည်။

စားပွဲဝိုင်းပေါ်မှာတော့ ဟင်းလျာတွေက စုံလင်လှသည်။ မိန်မိန့်ကိုယ်တိုင်ကလည်း ဟင်းတွေကို ပြင်ဆင်ပေးရင်း စားပွဲဝိုင်းမှာ ဝင်ထိုင်သည်။

"ကဲ ကဲ သမီး မိန်မိန့်လည်း တစ်ခါတည်းဝင်စားလေ၊ ဟင်းချိုက ပူရဲ့လား မိဖြူ"

"ပူပါတယ် ဘွားဘွားကြီး"

"အေး အေး မြေးက ဟင်းရည်ဆို ပူမှသောက်တာ၊ သားမောင်သု စားနော်၊ ဘာမှအားနာစရာမလိုဘူး၊ သားက မိသားစုဝင်ဖြစ်သွားပြီ ဟုတ်လား"

"ဟုတ်ကဲ့ စားမှာပါ ဘွား၊ အပျော်တွေစုပြီး တစ်နေလုံးဘာမှစားလို့မဝင်တာ အခုမှပဲ အတိုးချပြီး စားရတော့မယ်"

ပြောရင်း ညီသုတ ကြက်ချိုချဉ်ကြော်ကို တစ်ဇွန်းခပ်ယူကာ



www.burmeseclassic.com

www.burmeseclassic.com



မြည်းစမ်းကြည့်၏။ ရို(စ်)က ညီသုတ ပန်းကန်ထဲဟင်းတွေ ခပ်ထည့်
ပေးသည်။

"ကောင်းလိုက်တာ လက်ရာက ရှယ်ပဲ၊ ဒီလောက်ဟင်းအမယ်
တွေ အများကြီးကို မိဖြူ တစ်ယောက်တည်း ချက်တာလားဟင် ဘွား"

"မဟုတ်ဘူး မြေးရဲ့၊ ဘွားတို့အိမ်က အိမ်မှာ ထမင်းဟင်း
မချက်ပါဘူး၊ ဟိုတယ်ကပဲ ယူစားတာ၊ မန်နေဂျာ မောင်ကျော်ရှင်း
စီစဉ်ပို့ပေးတာလေ"

"ဗျာ နေ့တိုင်း ဟိုတယ်က မှာစားတာ ဟုတ်လား ဘွား"

"အင်းလေကွယ် ဒါ ကိုယ်ပိုင်တဲ့ဟိုတယ်ကပဲ မှာစားတာ
ရန်ကုန်မှာ ဘွားပိုင်တဲ့ဟိုတယ် သုံးလုံးရှိတာ သား မသိဘူးလား။ ရို
လေးက မပြောပြဘူးလား"

"ဟင့်အင်း ရို(စ်) မပြောပြဖြစ်ဘူး ဘွား။ သူကလည်း မေ
မမေးဘဲလေ"

တကယ်လည်း ရို(စ်)ရဲ့ပိုင်ဆိုင်မှုတွေ လုပ်ငန်းတွေကို ညီသု
ဘာမှမသိပါ။ မေးလည်း မမေးဖြစ်ခဲ့ပါ။ အခု ဘွားပြောပြမှ သိရ
ဖြစ်သည်။

"အဲဒီ ဟိုတယ်လုပ်ငန်းတွေကို၊ သမီးလေး ရို(စ်)ပဲ ဦးစီး
အားလုံးကို သားနဲ့သမီးကိုပဲ ဘွားက ပေးခဲ့မှာ"

ဘွား စကားတွေကို ထမင်းစားရင်း ညီသုတ အလေးအ
နားထောင်ပေးသည်။ တကယ်ဆို ရို(စ်)ကို ချစ်သော အချစ်က ထိုပိုင်





မှုတွေနှင့် ဘာမှမသက်ဆိုင်ပါ။ ညီသုတဘက်က ပိဘတွေကလည်း ပြည့်စုံ
ကြွယ်ဝပြီးသားဖြစ်သည်။

ရတနာလုပ်ငန်းကို သူ စိတ်မဝင်စားတာမို့ ရန်ကုန်တက်ခဲ့ကာ
ကိုယ့်တဝကိုယ်ရပ်တည်ပြီး ကိုယ့်စီးပွားကိုယ် ထူထောင်ခဲ့တာဖြစ်သည်။

"ဘွား ဒီတစ်ပတ်အတွင်းမှာ အမေရိကားက မြေးအဘိုး
အဘွားတွေ ဖိတ်ထားလို့ သွားရမယ်၊ ဟိုမှာ နှစ်လ သုံးလလောက်နေ
မယ်လို့ ဘွား ကတိပေးထားတယ်"

"ဟင် ဘွား တကယ်သွားမှာလား"

ရို(စ်) တအံ့တဩလေး မေးမိသည်။ မြန်မာပြည်ကိုချစ်သော
ဘွားက မြန်မာနိုင်ငံက အဝေးကိုသွားဖို့ ဘယ်တုန်းကမှ စိတ်ကူးခဲ့သူ
မဟုတ်ပါ။ အခုတော့ ရက်ရှည်ခရီးသွားမည်ဆိုတော့ ရို(စ်) အံ့သြမိ၏။

"ဘွား မြေးကို စိတ်ချပြီလေ၊ ဒါကြောင့် ဘွားရဲ့ဆွေမျိုးတွေနဲ့
အဆောင် သွားတွေ့ချင်တဲ့သဘောပါ၊ ပြန်လာရင်လည်း ဘွား တရား
စခန်းတွေဝင်ပြီး ကုသိုလ်အလုပ် လုပ်ချင်ပြီ မြေးရဲ့"

"ဟင့် ဘွားက ရို(စ်)ကို ဒီအတိုင်း ပစ်ထားခဲ့ဖို့ စီစဉ်နေပြီ
လား"

"မြေးဘေးမှာ မြေးကိုချစ်တဲ့ ခင်ပွန်းသည်တစ်ယောက်လုံး
ရှိနေတာပဲလေ"

"ဒါတော့ ဒါပေါ့ဘွားရယ်၊ မောင်က ရှိနေရုံပဲလေ၊ ရို(စ်)
အိမ်းထဲက ရင်သွေးလေးမွေးရင် ဘယ်သူ ရှိနေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ရို(စ်)ကလည်း ဘွား စိတ်မဖြောင့်အောင် ပြောနေပြန်ပြီ၊ ရို(စ်) မီးဖွားဖို့က အဝေးကြီးလိုသေးတာကို၊ ရို(စ်)ရဲ့ဘွားပြန်လာရင်တောင် ဗိုက်က စို့စို့လေး ပူဦးမှာ"

"အို မောင်နော် ဘာတွေပြောနေတာလဲ"

ညီသုတ စကားကြောင့် ရို(စ်) မျက်နှာလေးရဲကာ တားသည်။ မိန့်မိန့်ကတော့ မျက်နှာလေးဝှက်ကာ ကြိတ်ရယ်နေ၏။

"အမှန်ပြောတာပဲ ရို(စ်)ရယ်၊ အခုမှ တစ်လကျော်လေးပဲ ရှိ သေးတာကို စိတ်ချ မပူနဲ့ ကိုယ် ဂရုစိုက်မှာပေါ့"

ညီသုတ ပြောနေတာကို ပြုံးပြုံးလေး နားထောင်ရင်း ဘွား သဘောကျနေခဲ့တာ အထင်အရှား။ ရို(စ်)ကို ဂရုစိုက်နေသော ညီသုတကို ဘွား ပိုလို့ချစ်ခင်ကျေနပ်နေခဲ့သည်။

"ဟုတ်သားပဲ မြေးရဲ့၊ တကယ်တမ်း ရို(စ်) မွေးဖွားတဲ့အချိန်ကျ ဘွားက ရှိနေမှာပါကွယ်၊ ဟိုမှာ ဘွားက အလွန်ဆုံး သုံးလပဲနေမှာပါ"

"ဘွားကို သူတို့က ပြန်မလွှတ်ဘဲ ဟိုနိုင်ငံသားအဖြစ် ခံယူနိုင်းနေရင် ဘယ်လိုလုပ်မလဲ"

"ဘွား မြေးတုန်းကတောင် ရှစ်နှစ်ကျော် ကိုးနှစ် နေခဲ့တာကွယ်၊ စိတ်ချ ဘွားက ဘယ်တော့မှ ကိုယ့်မြေကိုယ့်ရေကို မခွဲနိုင်ပါဘူး အထူးသဖြင့် ဒီမြေးလေးအနားက အဝေးကြီးမှာ မနေနိုင်ဘူး၊ ဖြတ်တဲ့ သံယောဇဉ်ဆိုလို့ ဘွားမှာ ဒီမြေးလေးပဲရှိတယ်၊ အခုတော့ မိန့်မိန့်ကို ခေါ်သွားချင်တာ သမီးလေးမှာ အဖော်မရှိဖြစ်မှာစိုးလို့"





"ဟုတ်တယ် ရို(စ်)ရဲ့၊ ငါလည်း လိုက်သွားဖူးတယ်ရှိအောင် သွားမလို့၊ နင့်ဗိုက်ထဲက ကလေးကို စိတ်မချလို့"

မိန့်မိန့် ပြောတော့လည်း ရို(စ်) စိတ်မကောင်းပါ။ အမြဲတမ်း မိန့်မိန့်သည် ရို(စ်)အပေါ်မှာ ပေးဆပ်ကောင်းခဲ့သူတစ်ယောက် ဖြစ်သည်။

"မိန့်မိန့် နင် ဘွားနဲ့လိုက်သွားပါလားဟာ၊ ငါ့အတွက် မပူပါနဲ့၊ ဒီ နေတတ်ပါတယ်ဟာ၊ ဘွားလည်း အဖော်ရတယ်၊ နင်လည်း ရောက်ဖူး သွားတာပေါ့ဟာ"

"ဟုတ်တယ် မိန့်မိန့်၊ ဘွားနဲ့လိုက်ချင်လိုက်သွားလိုက်၊ ရို(စ်) အတွက် မစိုးရိမ်ပါနဲ့၊ ကိုယ့်မိဘတွေကလည်း ရို(စ်) ကိုယ်ဝန်ဆောင် နေတဲ့အချိန်မှာ ကူဖော်လောင်ဖက်ရအောင် မိန်းကလေးတစ်ယောက် လွှတ်ပေးမှာပါ၊ သူက သားနဲ့ငယ်သူငယ်ချင်း နာ့စ်တစ်ယောက်လေ"

ညီသုတက မိန့်မိန့်ကိုပြောရင်း ဘွားကိုပါ ပြောပြနေသည်။ ဘွား ဝမ်းသာကျေနပ်သွားသည့် မျက်ဝန်းတွေနှင့်

"ဒါဆိုရင် ပိုကောင်းပါတယ်ကွယ်၊ ဒီလိုဆို သမီးလေး မိန့်ပါ ဘွားနဲ့လိုက်ခဲ့လို့ ရတာပေါ့"

အားလုံး အဆင်ပြေချောမွေ့သွားတာမို့ ဘွားနှင့်အတူ မိန့်မိန့်ပါ လိုက်ခွင့်ရသွားခဲ့သည်။

ရို(စ်)လည်း မတားရက်တော့ပါ။ ဘွားခမြာ သူမ သံယောဇဉ် ကြောင့် ဘယ်မှမသွားနိုင်ဖြစ်နေခဲ့တာ ကြာခဲ့ပြီ။

အခုချိန်မှာ ဘွားဆန္ဒလေး ပြည့်ပါစေတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဘွားနှင့်မိန်မိန်တို့ အမေရိကားထွက်သည့်နေ့က ရို(စ်)နှင့် မောင် လေယာဉ်ကွင်းကို လိုက်ပို့ဖြစ်ကြသည်။

ဘွားလည်း မြန်မာဆန်ဆန် အညိုရောင်ချိတ်ဝတ်စုံလေးကို ဝတ်ဆင်ထားတာမို့ ပိုပြီး နုပျိုသွားသလို ရှိသည်။ မိန်မိန်ကလည်း ပန်းဆီရောင်လည်ဟိုက်အကြပ်လေးကို အနက်ရောင် ဂျင်းပျော့အကြပ် လေးနှင့် တွဲဝတ်ဆင်ထားတာမို့ ထင်ထင်ပေါ်ပေါ်လေးနှင့် ကြည့်ကောင်း နေသည်။

"မြေး ကျန်းမာရေးကို ဂရုစိုက်နော်၊ ကိုယ့်ရင်သွေးလေးကို လည်း ဂရုစိုက် ဟုတ်လား"

ဘွားကတော့ မဆုံးနိုင်သော မှာတမ်းတွေ ထပ်ခြွေနေသည်။ ရို(စ်) ခေါင်းလေးတညိတ်ညိတ် နားထောင်ရင်း ရင်ထဲမှာ ဆို့နစ်နစ်ကြီး





ဖြစ်လာသည်။

ကိုယ့်တုန်းကတော့ ဘွားကို နှစ်ရှည်ကြီး ခွဲခဲ့ပြီးမှ ဘွား လပိုင်း လေးမျှသွားတာကို ဘာကြောင့် ရို(စ်) ခံစားဝမ်းနည်းနေမိသည်မသိပါ။

"ရို(စ်) ငါတို့ သွားမယ်နော်၊ ဟိုရောက်ရင် ငါလည်း နင့်လို အမေရိကားပြန် အမှတ်တရယူလာရင် ကောင်းမလား အဟင်း ဟင်း"

ရို(စ်) ငိုချင်ချင်ဖြစ်နေတာကို ရိပ်မိနေသော မိန်မိန် ရယ်ကျဲ ကျဲလေး ပြောတာကိုလည်း လိုက်မရယ်နိုင်ခဲ့ပါ။

"သွားပြီ မြေး၊ ဘွား ဖုန်းဆက်မယ်နော်"

လေယာဉ်ဆီ ဘွားနှင့်မိန်မိန်တို့ ဦးတည်ထွက်သွားတော့ ရို(စ်) ဆန်မဆောင်နိုင်တော့ဘဲ မျက်ရည်တွေ စီးကျလို့လာသည်။

"ဟာကွာ ရို(စ်)ရယ် ဘာလို့ ငိုရတာလဲ"

"မသိဘူး ရို(စ်) ငိုချင်တယ် မောင်"

ရှိုက်သံနှင့်ပြောရင်း မျက်ရည်တွေ စီးကျလာတော့ မောင်က ရို(စ်)ပခုံးကို နှစ်သိမ့်သလို ဆုပ်ကိုင်ထားရင်း

"ရို(စ်)ရယ် ဘွား စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ ဘွားက ရို(စ်)မျက်ရည်တွေမြင်ရင် ဘယ်စိတ်ဖြောင့်မှာလဲ၊ ရို(စ်)က လိမ္မာပါတယ် နော်"

နှုတ်က တတွတ်တွတ်ချော့မော့ရင်း မောင် ပြောနေလေလေ [illegible](စ်) မျက်ရည်တွေ ပိုလို့ လိမ့်ဆင်းလာလေလေပါပဲ။

"ရို(စ်) မငိုနဲ့တော့ကွာ၊ မကြားဖူးဘူးလား ကိုယ်ဝန်ကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝိုရင် မွေးလာတဲ့ကလေးက မျက်လုံးလေး ပြူးတတ်တယ်တဲ့''

မောင်ပြောတော့ ရှိ(စ်) ရယ်ချင်မိပြန်သည်။ အငိုအရယ် မျက်နှာလေးနှင့် ရှိ(စ်) မောင့်ကို မျက်စောင်းလေးထိုးကြည့်ရင်း

''ဘာတွေ လာပြောနေတာလဲ ရှိ(စ်)မှာ ဗိုက်တောင် မပူသေး ဘဲနဲ့''

ချပ်ချပ်ရပ်ရပ်လေးပဲ ရှိနေသော ဝမ်းဗိုက်လေးကို လက်ကလေး နှင့်ကိုင်ရင်း ရှိ(စ်) ပြောတော့ မောင်ရယ်ကျဲကျဲ ကြည့်သည်။

''အခု မပူသေးပေမယ့် ပြီးရင် ပူလာမှာလေ၊ နှစ်လ သုံးလ ကျော်လောက်ဆို စူမို့မို့လေး ဖြစ်ပြီပေါ့''

မောင်ပြောမှ ရှိ(စ်) ကိုယ့်အသွင်ကို မြင်ယောင်ကြည့်မိကာ ရယ်ချင်လာမိပြန်သည်။ ရှိ(စ်) မျက်နှာလေး ပြုံးတုံ့တုံ့ဖြစ်သွားတော့ မောင် ရှိ(စ်) ပခုံးလေးကို သိုင်းဖက်ကာ လေဆိပ်တာဝါထဲက ခေါ်လာ ဘွားကို လွမ်းသည့်မျက်ရည်တွေက မောင့်ကြောင့်ပဲ ပြေလျော့ ရပြန်ပါသည်။ မောင်က ရှိ(စ်)ကို ဖေးမတွဲခေါ်လာရင်း

''ရှိ(စ်) ဒီနေရာလေးကို မှတ်မိလား''

မောင် ညွှန်ပြသည့်နေရာလေးကို ရှိ(စ်) မမှတ်မိစရာမရှိပါ ဒီနေရာလေးက မောင်နဲ့ရှိ(စ်)ရဲ့ အမှတ်တရ နေရာလေးပဲဖြစ်သည်

''မမှတ်မိပဲနေမလား မောင်ရယ်၊ ဒီနေရာလေးက ရှိ(စ်)အ တွက် ထာဝရ မေ့လို့မရတဲ့ နေရာလေးပါ''

''ကိုယ်က အခုတောင် တက်အနင်းခံရတဲ့ ခြေထောက်





နာချင်သလိုပဲ၊ အဲဒီတုန်းက နာလည်းနာ ရှိ(စ်)ရဲ့ ချစ်စရာကောင်းတဲ့ စ်လေးကိုလည်း အမိအရ ငမ်းကြောထရသေးတယ် ဟား ဟား''

''ဒါဆို မောင်က ရှိ(စ်)ကို အဲဒီတုန်းကတည်းက စိတ်ဝင်စား နေခဲ့တာပေါ့ ဟုတ်လား မောင်''

''ဟုတ်တယ် ကိုယ် အဲဒီတုန်းကတည်းက ရှိ(စ်)ရဲ့အလှကို င်ခုန်ခံစားခဲ့ရတာလေ''

မောင့်စကားကို ရှိ(စ်) ပြုံးပြုံးလေး ကြည့်နူးစွာခံယူရင်း မျက် စောင်းလေးလည်း ထိုးပစ်လိုက်ရင်း

''ဒါနဲ့များ အဲဒီတုန်းက လူကို ဘုတော်လိုက်တာများ ကတ် တတ်ကိုလန့်နေတာပဲ''

''ဒါကတော့ ရှိ(စ်)ရယ် ကိုယ်က အသားနာတာတောင် နည်း ည်းလေးမှ မကျေနပ်တဲ့ပုံမပြဘူးဆိုရင် ရှိ(စ်)အမြင်မှာ ဒီလူ ငါ့ကို မင်လာရောတဲ့ ခပ်ပေါပေါလူလို့ပဲ ထင်သွားမှာပေါ့၊ အဲဒီလို ဘုတော ဂိုက်မှ ရှိ(စ်) အာရုံမှာ ကိုယ်က တခြားယောကျ်ားတွေနဲ့ မတူဘဲ တ်မှတ်ထင်ထင်လေး ရှိသွားမှာလေ''

''ဟွန်း တတ်လည်းတတ်နိုင်ပ့ါ လူလည်ကြီး''

''ရှိ(စ်)ကို ချစ်တတ်လို့ လည်တတ်သွားတာပါ''

''ဟုတ်ပါတယ် ဟုတ်ပါတယ် ဒါကြောင့်လည်း ဒီက သူ့ကို ယ်လိုချစ်မိသွားမှန်းကို မသိတော့ဘူး၊ မောင်က ကျွန်မရဲ့အနာဂတ်ကို လှပပ ပြောင်းလဲသွားနိုင်စေတဲ့သူပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကိုယ့်ကို ယုံယုံကြည်ကြည်နဲ့ အားကိုးလိုက်ပေါ့ ရှိ(စ်)ရယ်၊ ဒီအသက် ဒီအရွယ်ရောက်မှ ဘာကြောင့် အဘွားကို ဂျစ်တိုက်ဆိုးနဲ့နေဦးမှာလဲ၊ ရှိ(စ်) တကယ်တမ်း ဂျစ်တိုက်ဆိုးနဲ့ရမှာက ကိုယ့်ကိုလေ၊ ကိုယ်က ရှိ(စ်)ရဲ့ အသစ်စက်စက် ယောကျ်ားဗျ"

သူ့ရင်ဘတ်ကို လက်ဖြင့်ပုတ်ပြီး ညီသုတ ပြောနေတော့ ရှိ(စ်) မောင့်လက်မောင်းကို အားကိုးစွာ ဆုပ်ကိုင်မှီခိုရင်း ခေါင်းလေးညိတ်ပြ လိုက်ပါ၏။

"ဟုတ်ကဲ့ ဟုတ်ကဲ့ ရှိ(စ်)ဘဝမှာ ဟောဒီက ချစ်ခင်ပွန်းကို အားကိုးချစ်ခင်ပါတော့မယ်ရှင်"

နှစ်ဦးသား ရပ်ထားခဲ့သော ကားလေးဆီကို အတူလျှောက်လှမ်း လာခဲ့ခိုက်မှာ

"ဟေ့ ညီ"

ညီသုတ ပခုံးကို အနောက်မှ ဆတ်ခနဲပုတ်ကာ ခေါ်လာသော အသံကြောင့် ရှိ(စ်)ပါ လှည့်ကြည့်မိသည်။ နီညိုရောင်ဂုတ်ဝဲဆံပင်နှင့် မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

ကာလာရောင်စုံခြယ်ထားသော မျက်နှာနှင့် ဝတ်ဆင်ထားသော ဝတ်စားဆင်ယင်မှုကတော့ တကယ့်ကို ခပ်ဟော့ဟော့ စတိုင်ဆိုတာ မြင်ရုံနှင့်သိသာသည်။

"ဟင် သန္တာ ဘယ်လာတာလဲ"

မောင်က နှုတ်ဆက်နေပေမယ့် သန္တာဆိုသော မိန်းကလေး





အကြည့်တွေက ရှိ(စ်)ဆီမှာပဲ ဝေ့ဝဲရောက်ရှိနေခဲ့၏။

"တို့အစ်မကို လိုက်ပို့တာလေ၊ ညီကရော ဘာလာလုပ်တာလဲ"

"ဘွားကို လိုက်ပို့ပေးတာပါ"

"ဟင် ဘယ်ကဘွားလဲ ညီရဲ့၊ ညီ့မှာ အဘွားမှမရှိတော့တာ၊ ဘယ်ကဘယ်လို ဘွားက ပေါ်လာရတာလဲ"

ထင်းထင်းလေးပေါ်လွင်အောင် ဆွဲထားသော မျက်ခုံးလေး တွေ တွန့်ပြီး သန္တာ မေးသည်။ စပ်စပ်စုစု မျက်ဝန်းတွေနှင့် အမူအရာကို သဘောမတွေ့လှတာမို့ ရှိ(စ်) တင်းတင်းလေးပဲ ပြန်ကြည့်ကာ မောင့် လက်ကို ဆုပ်ကိုင်ထားမိခဲ့။

"ဘယ်က ပေါ်လာရမှာလဲ သန္တာရဲ့၊ ကိုယ့်အမျိုးသမီးရဲ့ဘွားက ကိုယ့်ရဲ့ဘွားပဲပေါ့"

ညီသုတ ရယ်ကျဲကျဲလေး ပြောတော့ သန္တာ အံ့ဩသလို ပါးစပ် လေး အဟောင်းသား ဖြစ်သွားခဲ့သည်။ ညီသုတက ရှိ(စ်) ခုံးလေးကို သိုင်းဖက်တာမို့ သန္တာ မျက်နှာ ကွက်ခနဲ ပျက်သွားတာ အထင်အရှား။

"ညီ တို့ကို လေစိမ်းတိုက်တယ်ကွာ၊ ဘယ်တုန်းက လက်ထပ် လိုက်တာလဲ၊ တို့တောင် မသိလိုက်ဘူး"

"ပြီးခဲ့တဲ့ ရက်ပိုင်းလေးကပဲလေ"

ညီသုတက ဂုဏ်ယူဝံ့ကြွားသံလေးနှင့် ပြောသည်။ သန္တာ မျက်နှာလေး သိသာစွာ မဲ့ကျသွားခဲ့ရင်း



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ ညီက ညီသတို့သမီးလောင်းရဲ့ လျှို့ဝှက်ချက်တွေ ပေါ်မှာစိုးလို့ တို့ကို မဖိတ်တာလား။ အဟင်း လူမသိသူမသိ မင်္ဂလာ ဆောင်လိုက်တာတော့ မဟုတ်ပါဘူးနော်''

စကားလုံးတွေက တမင် လူကို စော်ကားသလို ရည်ရွယ်ချက် တွေနှင့်ဆိုတာ အထင်အရှားဖြစ်သည်။ မောင်သာ ချက်ချင်း ခွန်း မပြန်လျှင် ရှီ(စ်) နှုတ်က စကားလုံးတွေ ပွင့်ထွက်သွားမှာ သေချာ

''မင်္ဂလာပွဲကြီးကို ဆီဒိုးနားဟိုတယ်ကြီးမှာ ခမ်းခမ်းနားနား ကျင်းပခဲ့တာ မင်းမှမသိဘဲ သန္တာရဲ့၊ ဆောရီးကွာ သန္တာကို အာရုံထဲ မရှိဘူးဖြစ်သွားလောက်အောင် တို့က ရှီ(စ်)အပေါ်မှာ စူးနစ်ကြွေဆင်း သွားတာ၊ အဟွန်း ဒါ တို့ဇနီးလေး တော်ဝင်ရှီ(စ်)လေ''

ရှီ(စ်)နှင့် မိတ်ဆက်ပေးလိုက်တော့ သန္တာ မျက်နှာကြီး ညိုည ပုပ်အက်နေပြီ။ မောင်က ကားတံခါးကို ဆွဲဖွင့်ပြီး စကားဖြတ်ဖို့ ကြိုး တာ ရှီ(စ်) သိပါသည်။

''ဩော် သန္တာ ကိုယ်နဲ့ရှီ(စ်)တို့ ရင်သွေးလေး ကင်ပွန်း မင်္ဂလာကျရင် ယူ့ကို မှတ်မှတ်ရရ ဖိတ်လိုက်ပါ့မယ်၊ အိုကေ ခွင့်ပြုဦး

ပြောပြီးသည်နှင့် မောင် ကားလေးကို ငြိမ့်ခနဲ မောင်း သည်။ တောင့်တောင့်ကြီး ရပ်တန့်ကျန်ရစ်ခဲ့သော သန္တာက အနောက်မှာ တစ်ယောက်တည်း။

''ရှီ(စ်) မောင့်ကို အထင်မလွဲနဲ့နော်၊ မောင်နဲ့သန္တာက ဇာတ်လမ်းမှ မရှိခဲ့ဘူး၊ မောင့်ရည်းစားတွေ ထားခဲ့တာ မှန်သည်





အောင် နှလုံးသားပုံပြီး ချစ်ခဲ့တာ ရှီ(စ်) တစ်ယောက်တည်းပဲဆိုတာယုံ''

မောင့်မျက်ဝန်းထဲက နွေးထွေးကြင်နာရိပ်တွေ ဖြာလဲ့နေတာ ကို ရှီ(စ်) မြင်တွေ့နေခဲ့ရပါသည်။ ရင်ထဲမှာလည်း ခံစားမှု ရင်ခုန်သွေး တွေက နွေးနွေးလေး စီးမျောသွားခဲ့၏။

မောင့်ချစ်ခြင်းကို ရှီ(စ်) အကြွင်းမဲ့ယုံကြည်ပါတယ် မောင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ခြံတံခါးဆီက မြည်လာသော လူခေါ်ဘဲလ်သံကြောင့် လက်
တော့ပ်တစ်လုံးဖြင့် အလုပ်ရှုပ်နေသော ရှိ(စ်) ခေါင်းလေးမော့ကာ ခြံတ
တံခါးမှ လှမ်းကြည့်မိသည်။

ခရီးဆောင်အိတ်တစ်လုံး လက်ဆွဲကာ ရပ်နေသော အမျိုးသမ
တစ်ယောက် ဖြစ်နေ၏။ ခြံစောင့်ကြီး ဦးဖိုးနီက ခပ်သုတ်သုတ်လေ
လှမ်းသွားကာ မေးမြန်းနေတာမို့ ရှိ(စ်) စက်ကိုပိတ်ကာ ညေ့ခန်းထ
ထွက်ခဲ့သည်။

ညေ့ခန်းထဲရောက်ပြီး မကြာလိုက်ခင်မှာပဲ ဦးဖိုးနီ ရော
လာသည်။

"သမီး မိုးကုတ်က ဒေါ်ပန်းချစ် လွှတ်လိုက်တာလို့ ပြောတယ်

' မောင့်မေမေ လွှတ်လိုက်သူဆို၍ ရှိ(စ်) မျက်ခုံးလေးပင့် ခေ
လေးညိတ်မိရင်း





"မောင့်မေမေ လွှတ်လိုက်တာထင်တယ်၊ ခေါ်ခဲ့လိုက်ပါ ဦးဖိုးနီ"

ဦးဖိုးနီ ခပ်သုတ်သုတ် ခြေလှမ်းတွေနှင့် ချက်ချင်းပြန်ထွက်သွား
ခဲ့သည်။ ရှိ(စ်) ညေ့ခန်းဝက ရပ်စောင့်ရင်း ညတုန်းက မောင့်မေမေ
ဖုန်းဆက်ပြောခဲ့တာကို ပြန်သတိရ၏။

"သမီး သမီးလေးကို ပြုစုစောင့်ရှောက်ဖို့ ကြည်ပြာလေးကို
လွှတ်လိုက်မယ် သိလား။ ကြည်ပြာလေးက မေမေတို့နဲ့ အရမ်းခင်မင်တာ၊
အခု ရန်ကုန်မှာ အထက်တန်းသူနာပြုသင်တန်း လာတက်တာလေ၊
သူလေးရှိနေတဲ့ရက်တွေမှာ သမီးကိုလည်း စောင့်ရှောက်အဖော်ရစေချင်
လို့ လွှတ်လိုက်တာ"

ယောက္ခမတွေကိုယ်တိုင်က ရှိ(စ်) ဝမ်းထဲက တည်စပြုနေသော
ရင်သွေးလေးအတွက် အရိပ်လို ဂရုစိုက်နေတာမို့ ရှိ(စ်) ဝမ်းသာမိပါ
သည်။

အခုလည်း ရှိ(စ်)ကို ဘွားမရှိခင်လေးမှာတောင် စိတ်မချဖြစ်ကာ
စောင့်ရှောက်နိုင်မည့်သူ လွှတ်ပေးလိုက်၏။

ခရီးဆောင်အိတ်လေးကိုဆွဲကာ အိမ်ဘက်ကို လှမ်းလျှောက်
လာသော ကြည်ပြာကို ရှိ(စ်) ရပ်ငေးအကဲခတ်ကြည့်မိသည်။

နက်မှောင်နေသော ဆံနွယ်တွေကို နဖူးပြေပြေလေးပေါ်အောင်
သိမ်းတင်ထားကာ အနောက်မှာ ဖြန့်ချထားသည်။ မျက်နှာလေးကတော့
ဝင်းမွတ်ကြည်လင်နေသည်။ အရပ်မြင့်မြင့်နှင့် ပြေပြစ်ကျော့ရှင်းသော
ခန္ဓာကိုယ် အချိုးအဆစ်က လိုက်ဖက်ကြည့်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသော ဖက်ဖူးရောင် ဝမ်းဆက်လေးက ချပ်ချပ် ရပ်ရပ်မို့လည်း ကြည်ပြာအလှက ပိုလို့ပေါ်လွင်စေတော့ထင်၏။

ညှော့ခန်းဝမှာရပ်နေသော ရှီ(စ်)ကိုမြင်တော့ ပန်းနုဆိုးဆေး ဖျော့ဖျော့လေး တင်ထားသော နှုတ်ခမ်းလေးတွေက ရင်းနှီးနွေးထွေးစွာ ပြုံးသည်။

"မင်္ဂလာပါ ရှီ(စ်) နေကောင်းတယ်နော်"

"ဟုတ် ကောင်းပါတယ် မကြည်ပြာ"

အပြုံးလေးချိုသလို အသံလေးကလည်း ချိုသာကြည်လင် သည်၊ ကြည်ပြာဆိုသော အမည်လေးနှင့် လိုက်ဖက်သလို သူမရဲ့ အလှ အကိုင်နှင့်လည်း သဟဇာတဖြစ်မှာ သေချာသည်ဟု ရှီ(စ်) မှတ်ချက် မိ၏။

"ကျွန်မနာမည်က ကြည်ပြာရောင်ပါ ရှီ(စ်)၊ ကြည်ပြာလို့ ရင်းရင်းနှီးနှီး ခေါ်နိုင်ပါတယ်၊ အန်တီချစ် ဖုန်းဆက်ထားပြီးပြီ ထင် တယ်"

"မေမေ ညက ဆက်တယ်၊ ဟိုလေ ဒီလောက် မြန်မြန်ကြီး ရောက်လာမယ်မထင်လို့ ကဲ လာ အထဲမှာ ဝင်ထိုင်ပါဦး ကြည်ပြာ"

ကိုယ်နှင့်အသက်က ရွယ်တူရှိပုံရတာကြောင့် ကြည်ပြာဟု ရှီ(စ်) ရင်းရင်းနှီးနှီး ခေါ်လိုက်ပါသည်။

ဆိုဖာထိုင်ခုံကြီးဆီ ဖိတ်ခေါ်ခဲ့ရင်း နွေးနွေးထွေးထွေးပဲ ကြိုး လိုက်ပါသည်။





"အန်တီချစ် ရှီ(စ်)ဆီအကြောင်းမကြားခင်ကတည်းက ကြည် ပြာက ရန်ကုန်ရောက်နေပြီလေ၊ သင်တန်းက တည်းခိုဆောင်စီစဉ်ပေး ပေမယ့် ဒီမှာပဲ နေမှာဆိုတော့ တွင်ပြခွင့်တောင်းရတဲ့ကိစ္စလေးတွေ ရှိ လို့ ကြိုထွက်ခဲ့တာပါ"

"ဟုတ်လား မောင်ကတော့ ညနေလောက် ပြန်ရောက်မှာပါ၊ ဒီမှာ အအေးလေး အမောပြေသောက်လိုက်ပါဦး ကြည်ပြာ"

မိဖြူ အလိုက်တသိ ယူလာပေးသော အအေးဘူးလေးနှင့် ရှီ(စ်) ညှော့ခံရင်း မျက်နှာချင်းဆိုင် ထိုင်စကားပြောဖြစ်ကြသည်။

"ညီသုဆီကို ကြည်ပြာ ဖုန်းဆက်ပြီးပါပြီ ရှီ(စ်)၊ ရှီ(စ်)ကို တောင်းပန်ချင်တာက မင်္ဂလာပွဲတုန်းက ကြည်ပြာ မရောက်ခဲ့တာကို ခွင့်လွှတ်ပါ၊ မေမေတော့ ရန်ကုန်အထိ ရောက်ပါတယ်၊ ကြည်ပြာ တာဝန် ကျတဲ့ဆေးရုံက ခွင့်ရက်တင်ဖို့ ခက်ခဲနေလို့ မရောက်ဖြစ်တာပါ"

"ရပါတယ် ကြည်ပြာ၊ ရှီ(စ်) နားလည်ပါတယ်"

"ကျေးဇူးတင်ပါတယ် ရှီ(စ်)၊ ဒါနဲ့ ရှီ(စ်) ကိုယ်ဝန်က ဘယ် လောက်ရှိပြီလဲဟင်"

"နှစ်လ မပြည့်သေးပါဘူး ကြည်ပြာ"

"ဩော် နုသေးတာပဲ၊ အိုဂျီနဲ့ အပ်ထားပြီးပြီမို့လား"

ကြည်ပြာမေးတော့ ရှီ(စ်) ခေါင်းလေးညိတ်ပြမိသည်။

"အိုဂျီ ဒေါက်တာခင်မြတ်မွန်နဲ့ အပ်ထားပါတယ် ကြည်ပြာ၊ နောက်ဟစ်ပတ်လောက်တောင် တစ်ခေါက်လာဖို့ ခေါ်ထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း လကာသိပ်နုသေးတော့ ရို(စ်) နေလို့ထိုင်လို့ အဆင်ပြေဦးမှာပါ၊ ကြည်ပြာလည်း ရှိနေမှာဆိုတော့ ဘာမှမစိုးရိမ်နဲ့နော်"

"ကျေးဇူး ကြည်ပြာ၊ အခုချိန်အထိတော့ ရို(စ်) နေလို့ထိုင်လို့ အဆင်ပြေပါတယ်၊ မေမေတို့ မောင်တို့ကသာ အစိုးရိမ်ပိုနေကြတာပါ"

"အဟင်း အန်တီချစ်တို့က မြေးဦးကလေးဆိုတော့ သိပ်ပျော်နေကြတာပေါ့၊ ညီသုကလည်း သူ့မိန်းမကို မနက်ဖြန် သဘက်ခဲ မီးဖွားတော့မယ့်အတိုင်း ကြည်ပြာကို လာဂရုစိုက်ပေးဖို့ ပြောနေတာလေ အဟင်း ဟင်း ညီသုက ရို(စ်)ကို တော်တော်ချစ်သားပဲ"

ကြည်ပြာ စကားတွေ နားထောင်ရင်း ရို(စ်) ကျေနပ်ရပေမယ့် စိတ်ကတော့ မလုံမခြုံစိတ်ကလေး ဖြစ်ပေါ်နေခဲ့တာလည်း အမှန်။

ကြည်ပြာရဲ့ ရှုးရှုးနစ်နစ် အကြည့်တွေကိုတောင် ရင်ဆိုင်ရတာ မဝံ့မရဲဖြစ်နေ၏။

မောင်ကတော့ ရို(စ်)နှင့်ပတ်သက်သမျှ ခွင့်လွှတ်ပေးထားသည် ဆိုသည့်တိုင် ရို(စ်)အတွက်တော့ အရိပ်တစ္ဆေလို ဖြစ်နေသည်လား။

အတွေးလေးတွေကို ရို(စ်) ရုပ်သိမ်းဖယ်ထုတ်ပစ်ရင်း အခန်းဝမှာ ရပ်နေသော မိဖြူကို လက်ယပ်ခေါ်လိုက်၏။

"မိဖြူ ဟောဒီကမမကို ဘွားအခန်းဘေးက အခန်းမှာ နေရာစီစဉ်ပေးလိုက်နော်၊ ကြည်ပြာ ဘာမှ အားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ် အနားယူလိုက်ပါဦး"

ကြည်ပြာ ခေါင်းလေးညိတ်ကာ မိဖြူ ခေါ်ဆောင်ရာကို လိုက်





ပါသွားခဲ့သည်။

အားလုံးကတော့ ရို(စ်)ကို ချစ်ခင်ကြင်နာကြသည်။ အထူးသဖြင့် မောင့်ရဲ့ကြင်နာမှုတွေကို ရို(စ်) ပိုလို့ တန်ဖိုးထား တောင့်တမိပါသည်။

ရို(စ်) ရင်ထဲမှာ မောင့်ကို ကြာလေလေ ပိုချစ်လေလေပါပဲ။

■ ■ ■

ညနေ ထမင်းဝိုင်းလေးမှာတော့ မောင်းအလုပ်ကပြန်ရောက်လာတာမို့ ရို(စ်)တို့ သုံးယောက် ထမင်းဝိုင်းလေးက အသက်ဝင်သွားခဲ့ပါသည်။

အထက်တန်းကျောင်းသားဘဝအထိ မောင်နှင့်အတူ ကျောင်းသွားဖော်ဖြစ်ခဲ့သော ကြည်ပြာရောင်သည် မောင့်ရဲ့ အချစ်ခင်ဆုံး သူငယ်ချင်းဟု ရို(စ်) သိခဲ့ရပါသည်။

"ကြည်ပြာ နင်ကတော့ ဆယ်တန်းကျောင်းတုန်းက ပေးထားတဲ့ ကတိအတိုင်း တည်တယ်နော်"

"ဘာလဲ အပျိုကြီးပဲလုပ်မယ် ဆိုတာလား"

"အေးလေ အခုထိ နင် ချစ်သူ မထားသေးဘူး မဟုတ်လား"

မောင့်အမေးကို ကြည်ပြာ မျက်နှာလေးမဲ့ နှာခေါင်းလေးရှုံ့ မျက်စောင်းထိုးရင်း

"ငါ့များ နင့်လို ငမွေး ဧရှုပ်ထင်လို့လား၊ ပေးတဲ့ကတိတည်ပြီးသားနော်၊ ဘယ်တော့မှ ရည်းစားမထားဘူး၊ နင့်လို ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြောက်လွှန်းမှ''

''ဟော့ ဟော့ နင့်စကားက ဘာလဲ၊ ငါ့မိန်းမ အထင်လွဲအောင် မပြောနဲ့နော်''

မောင် ရို့(စ်)ကို လှမ်းကြည့်ကာ ကြည်ပြာကို လက်ကာပြော သည်။ ကြည်ပြာက ခေါင်းလေးခါပြရင်း

''ပြောရမှာပဲ ရို့(စ်)ရေ ညီသုတ ဆိုတဲ့ကောင်ကို သိပ်မယုံနဲ့ နော်၊ ရုပ်လေးချော အပြောလေးကောင်းတဲ့အထာတွေနဲ့ ကောင်မလေး တွေကို ပွေးနေတာမှ အထက်တန်းကျောင်းသားကတည်းက''

''ဟာကွာ ကြည်ပြာတို့ကတော့ မှေ့ပြီ''

ရယ်ရယ်မောမော မောင်နှင့်ကြည်ပြာတို့ အတိတ်ကို ပြန်ပုံဖော် နေတာကို ရို့(စ်) ပြုံးပြုံးလေးပဲ တိတ်ဆိတ်စွာ နားထောင်နေလိုက်ပါသည်။

မောင် ရည်းစားရှုပ်ပုံတွေကို ကြည်ပြာက ဖွင့်ဟချပြနေတော့ မောင့်မျက်နှာကြီး ရှုံ့မဲ့လိုက် ပြုံးလိုက်နှင့် ငြိမ်သက်နေသည်။

ကြည်ပြာ စကားတွေ အဆုံးသတ်သွားတော့မှ မောင်က ရို့(စ်) ကို လှည့်ကြည့်ရင်း

''ကဲ နင် အချွန်နဲ့မလို့ ပြီးပြီလား ကြည်ပြာ၊ ဒီမှာ ငါ့မိန်းမက ငါ့ကို သိပ်ချစ်ပြီးသား၊ ဒါကြောင့် နင် ဘာပဲပြောပြော အထင်မလွဲဘူး ရို့(စ်)က ငါ့ကို ယုံကြည်ပြီးသားနော် မိန်းမ''

''အေးပါ အေးပါ နင့်ကို ရို့(စ်)က ယုံတယ်ဆိုပြီး နင် လုပ် ချင်တာတော့ မလုပ်နဲ့နော်၊ ငါ ရန်ကုန်မှာ ရှိနေသရွှေ့တော့ နင့်ကို





နက်စိဒေါက်ထောက် ကြည့်နေမှာ''

ကြည်ပြာဆိုတော့ မောင် ပခုံးလေးတွန့်ပြုံးသည်။ ပြီးမှ ရို့(စ်) ကို မျက်စလေးပစ်ပြရင်း

''နို့ ငါချစ်တာ ငါ့မိန်းမ၊ ဒီတော့ နင် ငါ့ရင်သွေးလေးကိုတော့ ရှုစိုက်ပေးပါ၊ ငါ့ဒီ-တွက် အာရုံစား အချိန်ကုန်ခံမနေနဲ့''

''နင်က တကယ်လိမ္မာသွားပြီပေါ့''

''ငါ့နှလုံးသားက တည်ငြိမ်သွားပြီဟ၊ ရို့(စ်)ကို ငါ သိပ်ချစ်သွား တာကြောင့်လေ''

''အမလေးတော် ကြော်ငြာကလည်း ခဏ ခဏ ဝင်ပုံ၊ အဟင်း ဟင်း''

''ချစ်တာကိုးဟ ဟား ဟား''

ထမင်းဝိုင်းလေးမှာ ရယ်သံတွေနှင့် စည်ကားလို့နေခဲ့သည်။ မောင်နှင့်ပြောမနာဆိုမနာ သူငယ်ချင်း ကြည်ပြာ ရောက်လာခြင်းအတွက် မောင် ကျေနပ်ပျော်ရွှင်နေတာ သေချာသည်။

ဘာပဲဖြစ်ဖြစ် မောင် ပျော်နေတာမြင်တော့ ရို့(စ်)လည်း ပျော် နေမိတာပါပဲ။

မောင့်ရဲ့ချစ်ခြင်းတွေက ရို့(စ်)အပေါ်မှာ ပြည့်ဝသလို ရို့(စ်) ရဲ့ချစ်ခြင်းတွေနဲ့လည်း မောင် ကျေနပ်ဝမ်းသာစေချင်ပါသည်။

မောင့်ချစ်ခြင်းတွေအတွက် ရို့(စ်)ဘက်ကလည်း ချစ်ခြင်းတွေ နဲ့ပဲ တုံ့ပြန်ပေးဆပ်ချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ပြတင်းတံခါးမှာ ကာရံထားသော လိုက်ကာစတွေကိုတောင်

ထိုးဖောက်ဝင်နေသော နေခြည်တွေကြောင့် သူ နိုးလာသည်။

နံဘေးကို ငဲ့စောင်းကြည့်တော့ ဝက်ဝံရုပ်ဖက်လုံးကြီးကို အား

ပါးရဖက်ကာ အိပ်ပျော်နေဆဲ ရို့(စ်)ဆီက အသက်ရှူသံမျှင်းမျှင်းလေ

ကြားနေဆဲရှိ၏။

သူ ခုတင်ပေါ်မှာပဲ အသာလေး ထိုင်လိုက်သည်။ ချစ်ဇနီးလေ

ရို့(စ်) နိုးသွားမှာ မလိုလားပါ။

ကလေးတစ်ယောက်လို အပြစ်ကင်းစင်စွာ အိပ်ပျော်နေပုံလေ

ကို သူ တစိမ့်စိမ့်ငေးကြည့်ရင်း ရင်ထဲမှာ မြတ်နိုးမဝပါ။

နမ့ုးပြင်ပြေပြေလေးပေါ် ဝဲကျနေသော ဆံနွယ်လေးတွေ

ညင်သာစွာပဲ သပ်တင်ပေးလိုက်သည်။ သွေးကြောစိမ်းမြမြလေးတွေ





ာက်သမ်းနေသော ပါးလေးကို သူ ရွှတ်ခနဲ ငုံနမ်းလိုက်သည်။

ရို့(စ်) တွန့်ခနဲဖြစ်သွားကာ မျက်ဝန်းတွေ ပွင့်မလာသေးပါ။

သူ ပြုံးလိုက်မိသည်။ အအိပ်ဆတ်သော ရို့(စ်) နိုးလျက်နှင့် တမင်

ထေတဲ့ အိပ်ချင်ယောင်ဆောင်နေတာ သူ သိပါသည်။

နဖူးပြင်လေးကို ထပ်ငုံနမ်းတော့လည်း ရို့(စ်) ငြိမ်သက်ကာ

အိပ်ပျော်နေဟန်ဆောင်နေဆဲ။

"တော်တော် အအိပ်မက်တဲ့ အိပ်ပုပ်မလေး၊ တစ်ကိုယ်လုံး

နေရာလပ်မကျန်အောင် နမ်းပစ်လိုက်မယ်"

"အို မောင်နော်"

မျက်တောင်ကော့ကြီးတွေ ဖျပ်ခနဲပုတ်ကာ ရို့(စ်) မျက်ဝန်း

လေးတွေ ပွင့်လာသည်။

"မောင်နော် ဘာထိုင်လုပ်နေတာလဲ"

"ကိုယ့်မိန်းမကို ထိုင်ကြည့်နေတာပေါ့ကွ၊ ပြီးတော့ ရို့(စ်)

က်ထားတဲ့ ဟိုဝက်ဝံကောင်ကိုလည်း မနာလိုဘူး"

ရို့(စ်) သဘောကျသလိုပြုံးရင်း ဖက်ထားသော ဝက်ဝံရုပ်ဖက်

လုံးကြီးကို ရင်ဘတ်လေးပေါ်တင်ကာ တမင်တင်းတင်းလေး ဖက်ပြ၏။

"ဒီလိုလား ရတယ် ကဲ"

"အို ညစ်ပတ်တယ်ကွာ၊ မျက်နှာလည်း မသစ်ရသေးဘဲနဲ့

သူ့ကို လာနမ်းတယ်"

"နမ်းတယ်ကွာ ဘာဖြစ်လဲ၊ မောင် မခံချင်အောင်မစနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း အင်း မစတော့ပါဘူး၊ သွားစမ်း ဒီဝက်ဝံစုတ်"

ဖက်ထားသော ဝက်ဝံရုပ်ဖက်လုံးကို သူ့ ကျောနှပ်အောင် ရို့(စ်)က ဘေးကိုလွှင့်ပစ်သည်။ ပြီးတော့ ဆတ်ခနဲ ကုန်းထလိုက်တာမို့

"ဟာ ရို့(စ်) ဖြည်းဖြည်းထပါ၊ ဗိုက်ထဲက ကလေးကို ထိခိုက်မိပါဦးမယ်"

"အဟင်း မောင်ကလည်း အခုမှ နှစ်လလောက်ပဲ ရှိသေးတာကို၊ အဟင်း ဟင်း အကဲပိုတယ်"

"အကဲပိုတာ မဟုတ်ဘူး ချစ်တာ၊ ရို့(စ်) ဝမ်းထဲက ရင်သွေးလေး ဘာလေးမွေးမလဲ မသိဘူးနော်"

"ဘယ်သိမှာလဲ မောင်ရဲ့၊ နည်းနည်း လရင့်လာမှ အာထရာဆောင်းရိုက်ကြည့်မယ်လေ၊ မောင်က ဘာလေးလိုချင်လို့လဲဟင်"

"ကိုယ်လား ယောကျာ်းလေးလိုချင်တယ်၊ ဘာလို့လဲဆိုတော့ ဒေါ်ပိချောသိပ်လှတဲ့ သူ့အမေကို သတ္တိရှိရှိနဲ့ အန္တရာယ်ကင်းအောင် ကာကွယ်ပေးနိုင်အောင်လို့"

မောင့်စကားတွေ ကြားရတော့ ရို့(စ်) ပီတိဖြစ်လွန်းလို့ ကြက်သီးလေးတွေတောင် ထမိသည်။ ရို့(စ်) ရင်သွေးလေးအပေါ်မှာ မောင် ဒီလောက်အထိတောင် ချစ်ခင်ပြနေတာ ကြည်နူးစရာပါပဲ။

မောင့်မျက်ဝန်းမှာ ဖခင်လောင်းတစ်ယောက်ရဲ့ ကရုဏာရိပ်တွေဖြာသော မေတ္တာရိပ်တွေ သမ်းနေ၏။

"မောင်ရယ် မောင့်ကို ရို့(စ်) ချစ်လိုက်တာ"





မောင့်ရင်ခွင်ထဲတိုးဝင်ကာ ရို့(စ်) ပြောတော့ မောင်က ရို့(စ်) ဆံနွယ်လေးတွေကို ပွတ်သပ်ပေးနေရင်း

"မောင်လည်း ရို့(စ်)ကို သိပ်ချစ်တယ်"

ပြောရင်း ရို့(စ်) နဖူးလေးကို မောင် တရှိုက်မက်မက် နမ်းသည်။ မောင့်ပါးပြင်ကိုလည်း ရို့(စ်) ပြန်နမ်းရှိုက်မိသည်။

အနမ်းတို့ နှစ်ဦးကြားမှာ ရင်ခုန်သံတွေ ငြိမ့်ညောင်းစွာနှင့် အလှယ်မိကြသည်။

မောင့်ရဲ့ယုယမှု ကြင်နာမှုအရိပ်အောက်မှာ ရို့(စ်) တစ်ဘဝလုံး ချမ်းမြေ့အေးချမ်းချင်ပါသည်။

"ကဲ ထလေ၊ ဗိုက်ထဲက ကလေးလေးက ပြောနေပြီ မကြားဘူးလား"

"ဟင် ဘာပြောလို့လဲ"

"ကလေးက မေမေ အပျင်းကြီးတဲ့ ကဲ"

"အား နာတယ် မောင်ရဲ့ အရမ်းမဆွဲနဲ့ကွာ"

ရို့(စ်)ပါးလေးကို မောင် ချစ်စနိုးနှင့် ဆွဲလိမ်တော့ ရို့(စ်) အကျင်သွားကာ တားမိသည်။

"ဆောရီး၊ ဆောရီး လာ မျက်နှာသစ် ရေမိုးချိုးနော်၊ ပြီးရင် ကိုယ်တို့ မောနင်းဖတ်စ် အပြင်မှာထွက်စားရအောင်"

ဒီနေ့ မောင် အလုပ်နားရက်မို့ အပြင်ထွက် တစ်ခုခုစားဖို့ ပြောသည်။ အလုပ်နားရက်တိုင်းမှာ ရို့(စ်)အတွက် မောင်က အချိန်ပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်စမြဲ။

“ကောင်းသားပဲ မောင်၊ ရို့(စ်) နန်းကြီးသုပ်စားချင်နေတာ”

“အိုကေ စားရမယ်၊ ကြည်ပြာကိုလည်း ခေါ်သွားကြမယ်”

အခန်းထဲက အတူထွက်လာတုန်းမှာ ကြည်ပြာက ရေချိုးပြီးလို့ အခန်းထဲက ထွက်လာနေပြီ။

“ဟင် ကြည်ပြာ ရေတောင်ချိုးပြီးနေပြီလား”

“ပြီးပြီ နင့်လို အပျင်းမကြီးဘူးလေ အဟင်း”

“ငါ့မှာ ဒီတစ်ရက်လေးပဲ နားရတာဟ၊ ကဲ ခဏစောင့်ဟာ ပြီးရင် ငါတို့အပြင်ထွက် ကော်ဖီသောက်ရင်း တစ်ခုခုစားကြရအောင်”

“ငါ မလိုက်တော့ဘူး၊ နင်တို့လင်မယားပဲ သွားကြတော့၊ ငါ သင်တန်းကိစ္စရှိလို့”

“ဟင် နားရက်မဟုတ်ဘူးလား”

“နားရက်လေ ဒါပေမဲ့ ငါတွေ့စရာရှိတဲ့ ဆရာဝန်ကြီးတွေနဲ့ သွားတွေ့ရမှာမို့ ဒီနေ့ နင် အိမ်မှာရှိတော့ ငါ အပြင်ထွက်ဖို့ စီစဉ်ထားတာ”

“အိုကေ အိုကေ ငါမရှိတဲ့ရက်တော့ ငါ့မိန်းမအနားမှာ နင် စတင်းဘိုင် ရှိရမှာနော်”

“အမလေး ကိုကဲပိုရယ် စိတ်ချ တော့်မယားချောကို အမြဲ စောင့်ရှောက်ပေးမှာပါ ဟွန်း”

ကြည်ပြာ မျက်နှာလေးမဲ့ကာပြောရင်း ထွက်သွားခဲ့သည်။





မောင်က ရို့(စ်) လက်ဖဝါးလေးကို ဆုပ်ကိုင်ထားရာက မလွှတ်ဘဲ ရေချိုးခန်းလေးအထိ ခေါ်ခဲ့သည်။

ရေချိုးခန်းထဲဝင်တိုင်း ချော်မလဲအောင် မောင်က အမြဲဂရုစိုက်ဖို့ မှာတတ်သလို ကိုယ်တိုင်လည်း ဖေးမတွဲခေါ်တတ်သည်။

မောင့်ရဲ့ယုယနွေးထွေးမှုတွေကတော့ ရို့(စ်)အပေါ်မှာ အမြဲတမ်း ပြည့်ဝနေခဲ့တာ ကြည်နူးစရာပါပဲ။

ရို့(စ်)ဟာ အချစ်နဲ့ပတ်သက်ပြီး ကံကောင်းလွန်းခဲ့သူတစ်ယောက်ပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ရို့(စ်) ပြတင်းတံခါးက ရပ်ကြည့်နေခဲ့တာ ကြာပြီ။

ကြည်ပြာနှင့်မောင် ခြံထဲက ခုံတန်းမှာ ထိုင်စကားပြောနေတာ ဆယ်မိနစ်တောင် မကတော့ပါ။

မောင့်ကားဟွန်းသံကို ခြံဝမှာ ကြားကတည်းက ရို့(စ်) လှဲအိပ် နေသော ဒရင်းဘတ်ပေါ်ထကာ ပြတင်းတံခါးရောက်ခဲ့တာ ဖြစ်သည်။

ဆင်ဝင်အောက်မှာ ကားရပ်ပြီး မောင် ရို့(စ်)ရှိရာကို အပြေ ရောက်လာတတ်တာဖြစ်သည်။ တစ်နေ့တာ အချိန်ပိုင်းလေး ခွဲခွာနေ တာကို အတိုးချကာ ရို့(စ်)ဆီရောက်လာပြီး မောင် စကားတွေပြောသည်

ရို့(စ်) ပါးလေးကို အနမ်းနှင့် နှုတ်ဆက်ပြီးမှ အဝတ်အစား ရေမိုးချိုးတတ်စမြဲ။ အခုတော့ မောင်သည် ရို့(စ်)အနားကိုတောင် ရော မလာဘဲ ကြည်ပြာအနားမှာ ရှိနေ၏။

ဘာတွေများ ဒီလောက် အရေးကြီးနေတာလဲမသိ။





ရယ်လိုက်မောလိုက်နှင့် စကားတွေက မဆုံးအောင်ပါပဲ။ ခုံတန်း လေးမှာ ထိုင်နေသော ကြည်ပြာသည် ခေါင်းလျှော်ပြီးစမို့ ဆံနွယ်တွေ ကို ဖားလျားလေးချထား၏။

နက်မှောင်သော ဆံနွယ်တွေက ခါးစပ်အနားထိတောင် ပြန့် ကျဲနေ၏။ ဝတ်ထားတာက အပြာနုရောင် ဘလောက်စ်အကျီပွပွလေး ကို ကွာတားဘောင်းဘီလေးနှင့်မို့ ကလေးဆန်နေသလိုပါပဲ။

ကြည့်နေရင်း ကြည်ပြာကို ဝန်တိုလာသလို မောင့်ကိုလည်း ရို့(စ်)ဒေါသတွေ တလိပ်လိပ်ထွက်လာသည်။

မောင် သိပ်လွန်နေပြီ။ ရို့(စ်)ကို အလေးအနက်မထားဘဲ စကားတွေ ဖောင်ဖွဲ့နေရအောင် အခုမှ ဆုံကြတွေ့ကြသူတွေ မဟုတ်ပါ။

အိမ်ရောက်နေတာပဲ တစ်ပတ်ကျော်ပြီ။

"မိဖြူ"

"ရှင် မမလေး"

ပြတင်းတံခါးကို ကျောခိုင်းလျှောက်ခဲ့ကာ အခန်းဝက ရို့(စ်) အသံမ်းအော်ခေါ်တော့ အောက်ထပ်က မိဖြူ ချက်ချင်း ပြန်ထူးသည်။

"ငါ့ဆီ တက်မလာခဲ့နဲ့၊ နင့်အစ်ကိုလေးကို သွားခေါ်စမ်း၊ မမ ခေါ်နေတယ်လို့"

"ဟုတ်ကဲ့ မမ"

တိုနေသောစိတ်ကြောင့် ရို့(စ်) လေသံတွေ မမာစဖူး မာနေ သည်။ တအောင့်မျှကြာတော့ မောင် ရို့(စ်) အခန်းထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီ(စ်) ခုတင်ပေါ်မှာ ငူငူကြီး ထိုင်နေတာကိုကြည့်ပြီး မောင်

အနားကို လျှောက်လာ၏။

"ရှီ(စ်) နိုးပြီလား"

ပြောရင်း ရှီ(စ်) နဖူးလေးကို မောင် ငုံ့နမ်းသည်။ နွေးထွေးသောအနမ်းကြောင့် ရှီ(စ်)စိတ်လေး ပျော့ချင်ချင်

"ကိုယ်ပြန်ရောက်ရောက်ချင်း ကြည်ပြာက ရှီ(စ်) အိပ်နေတယ် ပြောလို့ မနိုးသေးဘူးထင်နေတာ၊ မိဖြူ လာခေါ်မှ စကားပြတ်တော့တယ်"

"မောင့်ကားဟွန်းသံကြားကတည်းက ရှီ(စ်)က နိုးနေတာ"

"ဟာ ဒါနဲ့များ ဆင်းမလာဘူးကွာ၊ မိဖြူကို စောစော ခေါ်ခိုင်းပါလား၊ မောင် လာခဲ့မှာပေါ့"

မောင့်အသံလေးကြားရတော့လည်း ရှီ(စ်) စိတ်ဆိုးတာ ပြေချင်သည်။ ရှီ(စ်)ဘက်က တမင်ဝန်တိုနေခဲ့တာပဲလား။

"ကြည်ပြာနဲ့ရှီ(စ်)အကြောင်း ပြောနေတာ၊ ရှီ(စ်)အတွက် လိုအပ်တဲ့ အားဆေးတွေ ဘာတွေ မေးကြည့်နေတာလေ၊ ကြည်ပြာက ရှီ(စ်)ကို မေးပြီးပြီတဲ့၊ ရှီ(စ်)ရဲ့အိုကျီက စီစဉ်ပေးမှာဆို"

နေ့လယ်က ရှီ(စ်)ကို ကြည်ပြာ မေးခဲ့တာ အမှန်ပဲဖြစ်သည်။ မောင်နှင့်ကြည်ပြာ ထိုအကြောင်းတွေ ပြောနေသည်ဆိုတာ ရှီ(စ်) မသိ၍ ဝန်တိုဒေါသတွေ ဖြစ်နေတာတောင် နောင်တရချင်၏။

"ရှီ(စ်) မောင် ပြောနေတာကို ဖြေဦးလေ"

"ဪ အင်း ကြည်ပြာ ပြောပါတယ် မောင်၊ ရှီ(စ်) ကိုယ်





က ဒေါက်တာ ခင်မြတ်မွန်နဲ့ အပ်ထားတာဆိုတော့ လိုအပ်တာတွေ သူ အပြည့်အဝ တာဝန်ယူတယ်လေ၊ ကြည်ပြာက စောင့်ရှောက်ပေးဖို့ဆိုရင် အဆင်ပြေပါတယ်"

"အင်း မောင်က စိုးရိမ်လို့ မေးတာပါကွာ၊ ကဲ ဘာလုပ်နေတာလဲ ပုံစံကြီးက အိပ်ရေးမဝသေးသလိုပဲ"

မောင်က နဖူးပြင်က ဆံနွယ်တွေကို လက်နှင့်သပ်ကာပြောတော့ ရှီ(စ်) တစ်စုံတစ်ခုကို သတိရမိရင်း

"မောင့်ကို ပြောစရာရှိလို့"

"ဘာလဲ ရှီ(စ်) ပြောလေကွာ၊ မောင် နားထောင်နေတယ်"

"ဒီည ကေကေတို့ ဒင်နာဖိတ်ထားတာလေ"

"ဪ ဟုတ်သားပဲ ရှီ(စ်) ရေမိုးချိုး ပြင်ဆင်တော့လေ"

"မောင် လိုက်မှာလား မေးမလို့"

"ဟာ လိုက်မှာပေါ့၊ ကေကေက ရှီ(စ်)အခင်ဆုံး သူငယ်ချင်းပဲဥစ္စာ၊ မောင်တို့မင်္ဂလာပွဲတုန်းက သူတို့လာသေးတာပဲ၊ လိုက်ရမှာပေါ့၊ မောင် မလိုက်ဘဲ ရှီ(စ်)နဲ့ဘယ်သူ အဖော်လိုက်မှာမို့လဲ"

"ဘယ်သူမလိုက်လည်း တစ်ယောက်တည်း သွားမှာပေါ့"

ရှီ(စ်)ပြောတော့ မောင် မျက်လုံးကြီးပြူးကာ ရှီ(စ်)ကိုကြည့်သည်။

"မလုပ်လိုက်ပါနဲ့ဗျာ ဗိုက်ကလေးနဲ့ ကားမောင်းတာတော့ မောင် လက်မခံဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ လာပြန်ပြီ ဒီဗိုက်၊ ရှိ(စ်)မှာ ဘာဗိုက်မှမရှိသေးဘူး အခုမှ နှစ်လပဲ ရှိသေးတာကို မောင်နော်''

''နှစ်လက သုံးလ၊ ငါးလဖြစ်လာရင် ပူလာမှာပဲလေ၊ မောင်တောင် ဗိုက်ဖုံးအင်္ကျီလှလှလေးတွေ ဝယ်လာရဦးမယ်''

မောင့်စကားကြောင့် ရှိ(စ်) ရှက်မျက်နှာလေးရဲတော့ မောင်က ပန်းလေးကို ညင်သာဖွဖွဖက်ရင်း

''ရှက်စရာလား ရှိ(စ်)ရယ်၊ ကဲ ရေချိုးပြင်ဆင်တော့ ဗိုက်မထွက်သေးတဲ့ မောင့်ဇနီးအလှဆုံးပြင်ခဲ့၊ ဒင်နာမှာ အလှဆုံးဖြစ်အောင်လို့''

မောင်က ရှိ(စ်)ကို တွဲခေါ်ရင်း ကျေနပ်ပြုံးလေးနှင့်ပြောသည်။ မောင်နှင့်ကြည်ပြာအပေါ် အထင်လွဲ ဝန်တိုမိတာတွေ ချက်ချင်းမေ့ကာ ရှိ(စ်) ပျော်မိပြန်သည်။

မောင့်ကို ဝန်တိုမိတာ သိပ်ချစ်တဲ့အချစ်ကြောင့်ပါ မောင်ရယ်။ ရှိ(စ်)ကို အပြစ်မမြင်လိုက်ပါနဲ့ မောင်ရယ်။

■ ■ ■



## အခန်း (၂၂)

ဒေါက်တာ ခင်မြတ်မွန်က ရှိ(စ်)ကို အသေအချာလေး စမ်းသပ်စစ်ဆေးမေးနေတော့ ရှိ(စ်) ရင်လေးတွေတောင် တထိတ်ထိတ်ခုန်နေမိသည်။

နားကြပ်လေးနှင့် ထောက်နားထောင်နေသော ဒေါက်တာ ခင်မြတ်မွန်က ပြုံးပြုံးလေးကြည့်ရင်း

''ရှိ(စ်) ရင်တွေခုန်နေတာလား တုန်နေတာလား''

''ရှင် ဟိုလေ ရှိ(စ်) ဘယ်လိုဖြေရမှန်းတောင် မသိပါဘူး မမွန်ရယ်၊ ဟိုလေ ရင်ခုန်တာကော ရင်တုန်တာကောပါမယ်ထင်တယ်''

''မမ တစ်ခုမေးမယ်နော် ရှိ(စ်)''

''ဟုတ်ကဲ့ မေးပါ မမွန်''

''တခြားမဟုတ်ပါဘူးကွယ်၊ အခု ရှိ(စ်)လေးက ချစ်တဲ့သူနဲ့ အိမ်ထောင်တစ်ခု ပိုင်ဆိုင်နေပြီဆိုတော့ အိမ်ထောင်မပြုတော့ဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒနဲ့ သန္ဒေသားယူထားတဲ့ကိုစွကြီးက အနှောင့်အယှက်ဖြစ်မနေဘူး
လား''

မမမွန်အမေးက ရှီ(စ်)ကိုတွေတွေလေး ဖြစ်သွားစေတာတော့
အမှန်ပဲဖြစ်သည်။ ရှီ(စ်)ကို ငေးငေးလေးစိုက်ကြည့် အကဲခတ်နေရင်း
ဒေါက်တာ ခင်မြတ်မွန် တိတ်ဆိတ်နားစွင့်နေ၏။

''ဟိုလေ အမှန်ပြောရရင် ရှီ(စ်) မောင် အဲ သူ့ကိုချစ်မိသွား
အချိန်ကတည်းက ဒီကိုစွကြီးအတွက် နှောင်တအရမ်းရနေမိတာပါ မ
မွန်၊ ရှီ(စ်) ပြင်မရတဲ့ အမှားကြီးကျူးလွန်ခဲ့တာလို့ သိလိုက်ပါတယ်
ဒါပေမဲ့ ဒါကို မောင်က ခွင့်လွှတ်ပေးခဲ့လို့ ရှီ(စ်)တို့ လက်ထပ်ဖြစ်ခဲ့တာပါ''

''အင်း ညီသုတ ဆိုတဲ့ ကောင်လေးက ရှီ(စ်)လေးကို သိပ်
တာတော့ အမှန်ပဲလေ''

''ဟုတ်တယ် မမမွန်၊ သူ ရှီ(စ်)ကို တကယ်ချစ်သလို ရှီ(စ်)
လည်း မောင့်ကို အသက်မက ချစ်ခဲ့တာပါ''

''အင်း ရှီ(စ်)လေးတို့ မင်္ဂလာပွဲကို ရောက်လာကတည်းက
မမမွန် သတိထားမိပါတယ်၊ တကယ်ဆို သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦး
ဖြစ်တဲ့ ရှီ(စ်)နဲ့မောင်ညီသုတတို့က လိုက်ဖက်ညီပါတယ်၊ ချစ်စရာကောင်း
တဲ့ ရင်သွေးလေး ပိုင်ဆိုင်ရမှာလည်း ဝမ်းသာစရာပါကွယ်''

''ဟုတ်တယ် မမမွန်၊ မောင်က အရမ်းဝမ်းသာကျေနပ်ပြီ
ရှီ(စ်)ကို ဂရုစိုက်ကြင်နာလေလေ ရှီ(စ်) စိတ်ထဲက လိပ်ပြာမလုံသ
ခံစားရလေလေပဲ၊ တကယ်တမ်း ရှီ(စ်) ဝမ်းထဲက ရင်သွေးလေး





မောင်နဲ့ရှီ(စ်)တို့ ရင်သွေးလေးဖြစ်ရင် အရမ်းကောင်းမှာပဲ''

ရှီ(စ်) စကားကို မမမွန် ခေါင်းညိတ်ထောက်ခံရင်း

''သိပ်ဟုတ်တာပေါ့၊ ဒါဆိုရင် အနိုင်းမဲ့ ပျော်စရာကောင်းမှာပေါ့
ကွယ်''

''ဒါပေမဲ့ အခုလည်း ရှီ(စ်) စိတ်ချမ်းသာပါတယ် မမမွန်၊
မောင်က ရှီ(စ်) ရင်သွေးလေးကိုချစ်မှာ ရှီ(စ်) အကြွင်းမဲ့ယုံတယ်''

''အင်းလေ မမမွန်လည်း ဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းပါတယ်''

ပြောရင်း မမမွန်က နားကြပ်လေး ဖြုတ်ကာ သိမ်းဆည်းနေ
သော ရှီ(စ်) လှဲနေရာမှ ထထိုင်လိုက်ရင်း

''မမမွန် ရှီ(စ်) သောက်ရမယ့် ကလေးအားတိုးဆေးတွေ''

''မလိုအပ်သေးဘူး ရှီ(စ်)လေးရဲ့''

''ဟင် ဟုတ်လား အိမ်မှာ မောင့်သူငယ်ချင်း နာ့စ်မလေးက
ဟိုတစ်နေ့က မေးနေလို့လေ၊ ရှီ(စ်)က မမမွန် ဘာမှမပြောသေးဘူးလို့
ပြောထားတာ''

မမမွန် ပါဝါမျက်မှန်ထဲက မျက်ဝန်းလေးတွေ ပင့်တက်မော့
ကြည့်လာ၏။

''ရှီ(စ်)ကို သူက ဆေးတွေဘာတွေ တိုက်သေးလားဟင်''

''ဟင့်အင်း သူက ရှီ(စ်)ကို စောင့်ရှောက်ဖို့သက်သက် ရောက်
လာတာပါ မမမွန်နဲ့ အပ်ထားတာ သူ သိပါတယ်''

''ဟုတ်ပြီ မမမွန် ရှီ(စ်)ကို တစ်ခုကြိုတင်မှာထားမယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလိုအပ်သေးလို့ မမ ဘောမတိုက်တာပါ၊ ရှီ(စ်) ကိုယ်ဝန်ကလည်း နှစ်လပဲရှိသေးတာ''

''ဟုတ်တယ်နော် ဘာမှဗိုက်က မထူးခြားလို့ မောင်က ခဏ ခဏ မေးနေသေးတယ်''

''ရှီ(စ်)က အပျိုဗိုက်လေ၊ နှစ်လသုံးလနဲ့ သိသာထင်ရှားဖို့ မလွယ်ပါဘူးကွယ်၊ အချိန်တန်တော့ မပူချင်လည်း ပူလာမှာပေါ့ကွယ် အပယ်း ဟင်း''

မမမွန် ရယ်မောမောလေး ပြောတော့ ရှီ(စ်) ရှက်မျက်နှာလေး ပန်းနုရောင်သမ်းကာ ပြုံးမိသည်။

''မောင်က အရမ်း စိတ်ပူနေတာပါ၊ ဒါတောင် ဘွားမရှိလို့ ဘွားသာရှိရင် ပိုဆိုးမှာ မမမွန်ရဲ့''

''အားလုံး အဆင်ပြေပါတယ် ရှီ(စ်)ရဲ့၊ နှစ်ပတ်တစ်ခါတော့ မမမွန်ဆီ လာခဲ့နော် ဟုတ်လား''

''ဟုတ်ကဲ့ မမမွန်''

ရှီ(စ်) နှုတ်ဆက်ပြန်ခဲ့တော့ ကားနားကို မရောက်ခင်မှာပဲ ဟန်းဖုန်းလေးက ထမြည်သည်။

မောင့်ဆီက ထင်သည်။ ဖွင့်ကြည့်တော့ ထင်သည့်အတိုင်းပါ မောင့်ဆီက ဆက်လာတာ ဖြစ်၏။

''ရှီ(စ်) ရှီ(စ်) လား''

''ဟုတ်ပါတယ် မောင်''





''ဟာကွာ ရှီ(စ်) ဘယ်လိုလုပ်လိုက်တာလဲ၊ ရှီ(စ်) အိုဂျီကို သွားပြတာဆိုရင် မောင် လိုက်ပို့မှာပေါ့၊ မောင့်ကို ဘာလို့ မပြောတာလဲ''

မောင့်လေသံမှာ ဒေါသစိတ်လေးသင့်နေတာကို ရှီ(စ်) သိပါသည်။ တကယ်ဆိုလျှင် ရှီ(စ်) မောင့်ကို တမင်မပြောခဲ့တာပဲ ဖြစ်၏။

''မောင် ကြည်ပြာကို လိုက်ပို့စရာကိစ္စရှိနေတာပဲလေ ဒါကြောင့် မပြောတော့တာပါ''

''ဟာ ရှီ(စ်) အိုဂျီနဲ့ချိန်းထားတာရှိရင် မောင်က ကြည်ပြာကို ဘာလို့ လိုက်ပို့မှာလဲ၊ ကြည်ပြာဘာသာ သွားလို့ရတာပဲ၊ မောင်က ရှီ(စ်) ဘယ်မှမသွားဘူးထင်လို့ လိုက်ပို့ဖြစ်တာ''

မောင် ဖြေရှင်းနေတာကို ရှီ(စ်) နားထောင်ပြီးမှ လေသံအေးအေးလေးနှင့် ပြန်ပြောလိုက်၏။

''ကဲပါ မောင်ရယ်၊ အဲဒါ ဘာများဖြစ်လို့လဲ''

''ရှီ(စ်) အဲဒီလို မပြောနဲ့၊ ရှီ(စ်)ကို မောင် စိတ်မချဘူး''

''ရှီ(စ်) ဘာမှမဖြစ်ဘူး မောင်၊ အခုတောင် ပြန်လာနေပြီ''

''ဟင် ရှီ(စ်) ကားမောင်းရင်း ဖုန်းပြောနေတာလား၊ ဒါဆို ဖုန်းပိတ်လိုက်တော့မယ်၊ ကားကို ဖြည်းဖြည်းမောင်းပြီး ပြန်ခဲ့နော်''

စိုးရိမ်သံလေးနှင့်ပြောကာ မောင် ဖုန်းပိတ်သွားခဲ့သည်။ ရှီ(စ်) ကားပေါ်မှာ ထိုင်နေတာပဲရှိသည်။ မောင်းနေတာမဟုတ်ပါ။ မောင်က ကားမောင်းရင်း ဖုန်းပြောနေသည်ထင်ကာ မဆက်တော့တာ ဖြစ်၏။

မောင် ရှီ(စ်)အတွက် သည်လို စိုးရိမ်နေတာတွေ့တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိ(စ်)ရဲ့ မကျေနပ်စိတ်လေးတွေ ပြောပြန်ပါသည်။

တကယ်ဆို မနေ့က ရှိ(စ်) မမွန်ဆီ သွားမည့်ကိစ္စ မောင့်ကို ပို့နိုင်းမလို့ပဲဖြစ်သည်။ ဒါပေမဲ့ မောင့်ကို ရှိ(စ်) မပြောခင်မှာဘဲ ကြည်ပြာနှင့်မောင်တို့ စကားတွေကြောင့် မပြောဖြစ်ခဲ့တာပါပဲ။

"ညီသု နှင့် မနက်ဖြန် သွားစရာကိစ္စမရှိရင် ငါ့ကို လိုက်ပို့ပေးစမ်းပါ"

"ဘယ်ကိုပို့ပေးရမလဲ ကြည်ပြာ၊ ငါ သွားစရာမရှိပါဘူး"

"ပါရဂူကြီးတစ်ယောက်ရဲ့ဆေးခန်းဟ၊ လိပ်စာတော့ ရှိတယ် ငါ မသွားတတ်လို့"

"ရတယ်လေဟာ ငါပို့ပေးမှာပေါ့"

ရှိ(စ်) အနားမှာရှိနေတာကိုတောင် ဘာမှတစ်ချက်မမေးဘဲ မေးကြ ပြောကြတာကို နားထောင်ရင်း ရှိ(စ်) ဒေါသဖြစ်သွားခဲ့ရ၏။

ဒါကြောင့်လည်း ရှိ(စ်) အိုဂျီနှင့် ပြရမည့်ကိစ္စကို မပြောတော့ပါ။ ရှိ(စ်) တစ်ယောက်တည်း ထွက်ခဲ့တာကို စိတ်တိုနေမှာတော့ သိပ်သည်။

မောင်နှင့်ကြည်ပြာ မနက်ကတည်းက အိမ်က ထွက်သွားကြတာ အခု ပြန်ရောက်လို့ မောင့်ကို မိဖြူ ပြောတာထင်သည်။

အိမ်ကို တန်းပြန်ခဲ့ဆိုသော မောင့်စကားကို တမင်ဆန့်ကျင်ချင်တာမို့ ရှိ(စ်) မြို့ရှည်ပွဲတွေ ပါဆယ်ဝင်ဝယ်ဖြစ်လိုက်သေးသည်။

ထင်သည့်အတိုင်းပါပဲ။ ခြံရှေ့အထိ မောင်က ရှိ(စ်)ကို ထွက်မျှော်နေ၏။





"ရှိ(စ်)ရယ် မောင် စိတ်ပူလိုက်ရတာကွာ"

"ဒီမှာ မြို့ရှည်စားချင်လို့ ဝင်ဝယ်နေတာ မောင်"

"လုပ်ပြန်ပြီ စားချင်ရင် မောင့်ကိုပြောစမ်းပါ၊ မောင် ကိုယ်တိုင် ထွက်ဝယ်ပေးလို့ရပါတယ်၊ ကဲ ဟိုတက်ရွှေ့နော်"

ကားတံခါးဆွဲဖွင့်ကာ မောင် ဝင်ထိုင်သည်။ ခြံဝမှာ ဆင်ဝင်အောက်ပဲလိုတော့သော ခရီးကို မောင်ကိုယ်တိုင် မောင်းဝင်သည်။

ညှော်ခန်းထဲမှာ ကြည်ပြာလည်း ရှိနေ၏။ ရှိ(စ်)တို့ ကားလေး ရှေ့မှာ ရပ်တော့ ကြည်ပြာ တံခါးဝအထိ ထွက်လာရင်း

"ကဲ မောင်ကဲပို ရှင့်ဇနီးအတွက် ချာလည်ပြီး အရှူးမီးပိုင်းဖြစ်နေတာ အခုတော့ သက်သာပြီလား၊ ရှိ(စ်)ရေ နောက်ဆို ဘယ်သွားသွား ဘယ်လာလာ ရှိ(စ်)ရဲ့ကိုယ်ရံတော်ကြီးကို ခေါ်သွားစမ်းပါ၊ ဒီမှာ ထိုင်လိုက်ထလိုက်နဲ့ တကယ့် အရူးအတိုင်းပဲ"

"ကြည်ပြာရာ ငါက စိုးရိမ်လို့ပါဟာ၊ နင်ကလေ စာနာတတ်တဲ့စိတ်မရှိဘူး။ ဒါကြောင့် အပျိုဟိုင်းကြီးဖြစ်နေတာ"

"အံမယ် မဆီမဆိုင် ငါ့ကို လာခလုတ်တိုက်နေတယ်"

ကြည်ပြာ မျက်စောင်းလေးခဲရင်း သတင်းစာ ကောက်ယူကာ ထိုင်ဖတ်နေသည်။ ရှိ(စ်) မောင် အကဲပိုနေတာကိုကြည့်ကာ အသိမပေးစိတာကို ရှိ(စ်) ပြန်ပြီး နောင်တရမိသေးရဲ့။

အင်း ရှိ(စ်)ရဲ့ ဝန်တိုမှုတွေက လွန်ကျူးနေခဲ့ပြီလား။

ရှိ(စ်) တောင်းပန်ပါတယ် မောင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကြည်ပြာ ငါ့မိန်းမ အစားအသောက် ပုံမှန်ရော စားရဲ့လား

"မစားဘူးဟ"

"ဟင် ဟုတ်လား ရှီ(စ်)"

မောင် စိုးရိမ်သလိုကြည့်ကာ မေးတော့ ကြည်ပြာက ရှီ(စ်)
မျက်လုံးလေးမှိတ်ပြရင်း

"ဟုတ်တယ် နင့်မိန်းမ ပုံမှန်ဆိုရင် တစ်နေ့ သုံးနပ်ပဲစား
အခုတော့ ငါးနပ်ခြောက်နပ်လောက်ကို အုပ်နေတာဟ၊ ဟင်း တက
ကို အကဲပိုလွန်းတယ်"

မျက်စောင်းလေးဝင့်ကာ ကြည်ပြာ ပြောတော့မှ မောင် ရ
နိုင်တော့သည်။





"နင် တော်တော် နောက်တယ်နော် ကြည်ပြာ၊ ငါက စိုးရိမ်လို့ မေးတာဟ"

"ဟဲ့ အခုမှ ကလေးက အကောင်အထည်ပေါ်ရုံပဲရှိသေးတာ၊ နင်ကလေ ပိုလွန်းတယ်၊ 'မွေးလာတဲ့ကလေးက နင်နဲ့သာတူရင် အခက်ပဲ၊ တကယ့် ဂျစ်ပေပေနဲ့ ကောင်မလေးတွေရှုပ်တဲ့ စိုးရိမ်ပိုတတ်တဲ့ ပလောက်ပလောက်ညည်းတတ်တဲ့ကောင်လေးဖြစ်မှာ"

"ဟာ ပြောလိုက်ရင် ကောင်းကွက်တစ်ခုမှ မပါဘူး"

"ဟုတ်တယ်လေ နင့်သွေးသားပဲ၊ နင့်မျိုးရိုးဗီဇတော့ပါမှာပေါ့။ ဆန်းလို့လား"

ကြည်ပြာ့စကားကြောင့် ရှီ(စ်) မျက်ဝန်းလေးဝိုင်းကာ စိတ်ဝင်စားသွားမိ၏။ မျိုးရိုးဗီဇတဲ့လား။ ဒါဆို ရှီ(စ်)ဝမ်းထဲက သွေးသားလေးက ဘယ်လိုမျိုးရိုးဗီဇလဲဆိုတာ ရှီ(စ်) တွေးမိပြီ။

"ဒီမှာ ငါနဲ့တူတူ ရှီ(စ်)နဲ့တူတူ ခပ်ချောချောလေးမွေးမှာ သေချာတယ်"

"ဟုတ်ပါတယ် ဟုတ်ပါတယ် ရှီ(စ်)လို ချောချောလေးမွေးရင် တော်သေးတယ် နင့်လိုစိတ်ဓာတ်နဲ့ မတူဖို့ပဲလိုတယ်"

ကြည်ပြာကတော့ ညီသုတကိုချည်း ဦးတည်နှိပ်ကွပ်နေသည်။ ဒါပေမဲ့ ညီသုတက မျက်နှာလေးတစ်ချက် ပျက်မသွားခဲ့ဘဲ

"ဟေ့ ငါ့ကလေး ဘယ်သူနဲ့တူတူ ငါက ချစ်မှာပဲ"

"အေး ကပ္ပလီလေးလို မည်းမည်းတူးတူးလေးမွေးလည်း နင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရမှာလဲ''

''ဟာ ကြည်ပြာစုတ် တူစရာလား''

''ပြောလို့ မရဘူးလေ၊ နင့်မိန်းမ မွေးခါနီးမှာ စိတ်စွဲရ

တူသွားမှာပဲပေါ့ အဟင်း ဟင်း''

ကြည်ပြာ ရယ်ရယ်မောမောလေးပြောတော့ မောင် မျက်မှော

ကြီးကုပ်ကာ မကျေမနပ် စိုက်ကြည့်နေခဲ့သည်။ ရှိ(စ်)ကတော့ ကြည်ပြ

စကားကြောင့် ရင်လေးထိတ်ကာ ပူပန်သွားမိတာ အမှန်။

ရှိ(စ်) ဝမ်းထဲက သန္ဓေသားလေးက ဘယ်လိုမျိုးရိုးဗီဇန

သန္ဓေတည်မွေးဖွားလာမှာလဲ။

ကြည်ပြာပြောသလိုသာ အရှေ့တိုင်းသား ရုပ်သွင်လေး ပေါ

မလာလျှင်အခက်။ ရှိ(စ်)ရင်ထဲမှာ ပထမဆုံး စိုးရိမ်ပူပန်မှုကြီးက ဝ

ရောက်လာသည်။

''ကြည်ပြာ ရှိ(စ်)ကို ဂရုစိုက်ပေးပါဟာ၊ ကိုယ်ဝန်ဆောင်နို

မှာ အစားများများစားမှ မွေးတဲ့အခါ အားရှိမှာပေါ့၊ နင်ကလည်း နာ

တစ်ယောက်လုပ်နေပြီး နည်းနည်းပါးပါး ပြောဆိုရှင်းပြမှပေါ့''

မောင့်စကားကို ကြည်ပြာ ပန်းသီးအနီရဲရဲအလုံးကြီးကို အန

နွှာနေရင်းမှ မျက်စောင်းလေးထိုးကာ ကြည်သည်။

''နင်ကလည်း ငါ အကဲပိုနေတယ်ပဲထင်နေတယ်၊ ငါ့မှာဇ

ကိုယ့်အလုပ်တွေနဲ့ကိုယ် ရှုပ်ထွေးနေလို့ အိမ်မှာအမြဲမရှိနိုင်ဘူးလေဟာ

ဒါကြောင့် နင့်ကို ဂရုစိုက်စေချင်တာပါ''





''အမလေး ညီသုရယ် ငါကလည်း ဂရုစိုက်ပေးပါတယ်ဟာ၊

ချိုးချိုးတာကအစ ရှိ(စ်)ကို အရိပ်လိုကြည့်ပြီးသား၊ ကိုယ်ဝန်ကလည်း

သနုတဲ့အချိန်လေးမှာ ပျက်တတ်လို့ ဂရုစိုက်ရတာတွေ နည်းနည်း လရင့်

သာရင် ဘယ်လိုနေရမယ်ဆိုတာတွေ သင်ကြားပြောပြပြီးသားပါနော်''

''ဟုတ်လား ဆောရီး ဆောရီး ငါ့သူငယ်ချင်းကို ငါက အားကိုး

သို့ပါဟာ ရှိ(စ်) ကြည်ပြာစကားကို နားထောင်နော်''

မောင် ချက်ချင်း မျက်နှာချိုသွေးကာ ရှိ(စ်)ကိုလှည့်ပြီး ပြုံးပြုံး

ရွှင်ရွှင်ပြောနေတော့ ကြည်ပြာ ခပ်မဲ့မဲ့လေး လှမ်းကြည့်သည်။

''အား''

ရှိ(စ်)မှာ ကိုယ့်အတွေးနှင့်ကိုယ့်စိတ်တွေ ချောက်ချားနေရသည့်

အထဲမှာ ကြည်ပြာအော်သံကြောင့် ထိတ်ခနဲ ဖြစ်ကာ လှည့်ကြည့်မိသည်။

''ဟင် ကြည်ပြာ ဘာဖြစ်တာလဲဟ''

''ငါ ငါ့လက်ကို ဓားရှသွားလို့ဟ''

ကြည်ပြာ ဓားရှသွားသော လက်ညှိုးကို ကျန်လက်တစ်ဖက်နှင့်

ဆုပ်ကိုင်ဖျစ်ညှစ်ရင်း မျက်နှာလေး ရှုံ့မဲ့ကာ ပြောသည်။

သွေးတွေ ရဲခနဲ ယိုစီးကျလာတာကိုကြည့်ရင်း ရှိ(စ်)တောင်

ကြက်သီးလေး ထသွားရသည်။ မောင်က ကြည်ပြာအနားကို ချက်ချင်း

ရောက်သွား၏။

''ကြည့်စမ်း အတော်များတာပဲဟာ၊ နင်ကလည်းဟာ ဖြစ်ရ

ယ်''



www.burmeseclassic.com

www.burmeseclassic.com



ညီသုတ လေသံက ကရုဏာဒေါသနှင့် စာနာစိတ်လေး ရောစွက်နေသည်။ ကြည်ပြာ လက်ညှိုးလေးကို လှမ်းကိုင်ရင်း ညီသုတ ပျာယာခတ်လို့နေ၏။

ရှိ(စ်)အနားမှာ ရှိနေတာကို ထိုတဒင်္ဂလေးမှာ မောင် မေ့လျော့သွားခဲ့ပုံရပါသည်။

"လာ ကြည်ပြာ သွေးတွေ အရမ်းထွက်နေတယ် ရေဆေးလိုက်"

ညီသုတ ကြည်ပြာ လက်ကိုဆွဲခေါ်ကာ ဘေစင်မှာ ရေဘုံဘိုင်ခေါင်းလေးဖွင့်ကာ ပေကျံနေသော သွေးတွေကို ဆေးကြောပေးသည်။

"ညီသု ငါ့ကို ဆေးသေတ္တာ သွားယူပေးပါလားဟယ်"

ကြည်ပြာ ရှုံ့မဲ့မဲ့ မျက်နှာလေးနှင့်ပြောတော့ ညီသုတ ခေါင်းလေးညိတ်ကာ

"အေးပါ ယူပေးမယ်၊ ဘယ်မှာထားသလဲ ကြည်ပြာ"

"ငါ့အခန်းထဲက ဗီရိုအောက်ဆုံးမှာရှိတယ်"

ညီသုတ အခန်းထဲက ခပ်သုတ်သုတ်လေး ထွက်သည်။ ရှိ(စ်)ကိုတောင် ကသောကမျောလေး ရှောင်ကွင်းထွက်သွားခဲ့သည်။ ရှိ(စ်)စိတ်ထဲမှာ မောင် စိုးရိမ်ပိုလွန်းနေတာကို အလိုမကျချင်ပါ။

ဒါပေမဲ့ ကြည်ပြာအနားကို လျှောက်ခဲ့ရင်း အလိုက်အထိုက်တော့ မေးမိ၏။

"ဒဏ်ရာက တော်တော်များသွားလားဟင် ကြည်ပြာ"





"ဩော် သိပ်မများပါဘူး၊ နည်းနည်းပါ ရှိ(စ်)ရဲ့"

"ဒါဆို အခန်းထဲ ပြန်နားလိုက်လေ၊ လုပ်စရာရှိတာတွေ မိဖြူကိုပဲ လုပ်ခိုင်းလိုက်မယ်"

"ရတယ် ရှိ(စ်) ရှိ(စ်)များ ပန်းသီးစားချင်မလားလို့ ကြည်ပြာက အခွံနွှာနေတာ"

"ဆောရီး ကြည်ပြာရယ် ရှိ(စ်)ကြောင့်ဖြစ်သွားတာ"

ရှိ(စ်)တို့ ပြောနေတုန်းမှာ မောင် ဆေးသေတ္တာဆွဲကာ ပြန်ရောက်လာ၏။

"ကြည်ပြာ ဒီမှာ ဆေးသေတ္တာရပြီ"

ဆေးသေတ္တာကို ကြည်ပြာဆီ ကမ်းပေးနေသော မောင့်ကိုကြည့်ကာ ရှိ(စ်)နှုတ်ခမ်းလေးမဲ့ပစ်မိသည်။ ဝန်တိုစိတ်က ရင်ထဲမှာ အလိုလို ဖြစ်တည်နေတာ လွန်သလားလို့တောင် ရှိ(စ်) မခွဲခြားနိုင်ခဲ့ပါ။

"ပိုမယ့်ပို့ ကူးတို့ရောက်အောင်ပို့မှပေါ့ မောင်ရဲ့၊ ဟိုမှာ ဒဏ်ရာကြီးနဲ့ ဘယ်လိုဆေးထည့်လို့ အဆင်ပြေမှာလဲ"

"ဩော် အင်း ဟုတ်သားပဲ၊ ငါ ဆေးထည့်ပေးမယ် ကြည်ပြာ"

ရှိ(စ်) ရွဲ့ပြောတာကို မရိပ်မိဘဲ မောင် ဆေးသေတ္တာကိုယ်တိုင်ဖွင့်ကာ ဒဏ်ရာကို ဆေးထည့်ပေးသည်။ ပြီးတော့ ပလာစတာလေးကပ်ကာ ကူသပေးနေသည်။

ရှိ(စ်) လက်ကလေးဖိုက်ကာ ရပ်ကြည့်နေတာကို မောင်ကတော့ ရှုစိုက်မိပုံမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရဲ့ယုယကြင်နာမှုတွေ တစ်စုံတစ်ယောက်အပေါ် စုပုံနေ တာကို ရို့(စ်) နှလုံးသားက မမြင်ချင် မခံစားနိုင်ပါ။

ရို့(စ်) အချစ်ကပဲ အတ္တကြီးလွန်းနေတာကြောင့်လား။

■ ■ ■



## အခန်း (၂၄)

တိတ်ဆိတ်နေသော အခန်းထဲမှာ နံဘေးက မောင်ကတော့ ငြိမ်းချမ်းချမ်းလေး အိပ်ပျော်လို့နေသည်။

မျက်ဝန်းတွေ အိပ်စက်မရပါဘဲ ကြောင်တွေနေမိတာက ရို့(စ်) စ်ယောက်တည်းဖြစ်သည်။

အိပ်ချင်စိတ်တွေကို အတွေးတွေက ပိုင်စိုးထားသည်။ တကယ့် ချောက်ချားစရာကောင်းသော အတွေးတွေကို နေ့လယ်က ကြည်ပြာ ားတွေ ပြန်ကြားယောင်ရင်း ရို့(စ်)တွေးနေမိတာ ဖြစ်သည်။

ရို့(စ်)ဝမ်းထဲက သန္ဓေသားလေးက ရို့(စ်)နှင့်မောင်တို့ရဲ့ သွေး းမှ မဟုတ်ခဲ့ဘဲလေ။

ဘယ်လိုနည်းနှင့်မှ မောင်နှင့်တူစရာအကြောင်း မရှိသလို ရို့(စ်) ည်း တူစရာမရှိဟု ထင်သည်။ ပြီးတော့ ပျိုးရိုးဗီဇဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲပြားခြားနားနေမှာ သေချာလွန်းသည်။

မောင်နှင့်ရို့(စ်)တို့ရဲ့ သားဦးလေးက စစ်မှန်သော ရင်သွေး တစ်ယောက် မဟုတ်နိုင်တာတော့ ရို့(စ်) အသိဆုံးဖြစ်သည်။

ကြည်ပြာပြောသလိုသာ ရို့(စ်) ရင်သွေးလေးက ဘိုရုပ်သွင်လေး ပေါက်နေလျှင် ဒါမှမဟုတ် အရှေ့တိုင်းရုပ်သွင်နှင့် လုံးဝကွဲပြားနေလျှင်. . ။

ဟင့်အင်း တွေးမိရုံနှင့် ရို့(စ်) စိတ်တွေ ချောက်ချားမိပါသည်။ ဒီလိုအခြေအနေဖြစ်လာလျှင် မောင် လက်ခံနိုင်မည်လား။

"ဘုရားရေ ဒါ မင်းတို့ ကလေးလား"

"ညီသု နင့်ကလေးက နင်နဲ့မတူဘူး။ ရို့(စ်)နဲ့လည်း ဘယ်လိုမှ ကို မတူတာ အဆန်းပဲနော်"

ပတ်ဝန်းကျင်ရဲ့စကားသံတွေ ဝေဖန်သံတွေကို မောင် ခံနိုင်ပါ့မည်လား။ ရို့(စ်) ကိုယ်တိုင်ကော နာခံနိုင်မည်လား။

တွေးကြည့်ရုံနှင့် ရင်ထဲမှာ မောဟိုက်နုံးချိလာတာမို့ ရို့(စ်) ခုတင်လေးပေါ်က အသာပဲ ဆင်းလိုက်မိသည်။

ခြောက်ကပ်နေသော ပါးစပ်ထဲကို ရေသန့်ဘူးထဲက ရေတစ်ငုံ မော့သောက်လိုက်၏။ ရင်ထဲမှာ အေးချမ်းမသွားခဲ့ပါ။

ပင့်သက်ကြီးရှိုက်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မောင့်ကို ရို့(စ်) လှည့်ကြည့်မိသည်။ တကယ့်ကို အပြစ်ကင်းစွာ မောင် အိပ်ပျော် နေ၏။ ပေါ်လွင်ထင်ရှားသော မျက်ခုံးနှင့် တိုစိပ်စိပ်မျက်တောင်တွေ





ကစ်လျှစ်ပြီး အချိုးကျသော နှာတံ။ အနားသပ်လေးတွေ ပိပိရိရိ ပတ်ခမ်းတစ်ပိုက်မှာ စိမ်းမြမြသမ်းနေသော မုတ်ဆိတ်ပါးသိုင်းရာ ရေးရေး နှင့် မောင်သည် ယောကျာ်းပီသချောမောလွန်းပါသည်။

ရို့(စ်)ကို သိပ်ချစ်သောမောင်သည် ရို့(စ်)နှင့်မောင်တို့ရဲ့ ရင်သွေး လေးအတွက် မျှော်လင့်ချက်တွေ ကြီးမားတာ ရို့(စ်) သိပါသည်။

"သားသားလေးပဲဖြစ်ဖြစ် မီးမီးလေးပဲဖြစ်ဖြစ် မောင်က ချစ်မှာ ပဲ။ မောင်တို့ရင်သွေးလေးကို ပညာတတ်ကြီးဖြစ်အောင် မောင် ဂရုစိုက် ပြီးထောင်ပေးမယ် သိလား"

"မောင်ရယ် ရို့(စ်)လေ မောင့်ကို သိပ်ချစ်တယ် သိလား။ ဒါပေမဲ့ ရို့(စ်) ပထမဆုံးမွေးဖွားမယ့်ရင်သွေးလေးက မောင်နဲ့ရို့(စ်)ရဲ့ သွေးသားမဟုတ်"

"ဟာ ဘာတွေပြောနေတာလဲကွာ၊ ရို့(စ်) ဝမ်းနဲ့လွယ်မွေးရမှာ ရို့(စ်)ရဲ့ရင်သွေးပဲပေါ့၊ ဘယ်သူမှ မသိတဲ့ကိစ္စကြီးကို ရို့(စ်) ခေါင်းထဲက မေ့ပစ်လိုက်ကွာ၊ မောင်တောင် မေ့ထားတယ်"

မေ့ထားသည်တဲ့လား မောင်ရယ်၊ အမှန်တရားကြီးကို ဘယ်လို မှ မေ့ပစ်လို့မရနိုင်တာ သေချာပါတယ်။

တကယ်တမ်း မွေးဖွားလာမယ့် ရင်သွေးလေးက အများတကာ ရဲ့စရာကောင်းလောက်အောင် ရို့(စ်)တို့နဲ့ ကွဲပြားခြားနားနေတဲ့အခါ မောင် ဘယ်လိုခံစားရမှာလဲ။

ရေရာသော အဖြေတစ်ခုမရှိသော မေးခွန်းတွေနှင့် ချာသည်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရှိ(စ်) အခန်းထဲက အသာလေး ထွက်ခဲ့သည်။ ဝရန်တာလေးမှာ ရပ်ရင်း ခြံထဲကို အဓိပ္ပာယ်မဲ့ ကြည့်မိသည်။

နီယွန်မီးရောင်အောက်မှာ ညသည် တိတ်ဆိတ်အေးချမ်းနေသည်။ ရှိ(စ်)-နှစ်သက်သော နှင်းဆီရနံ့သင်းသည့် လေပြည်ကလည်း ရင်ကို မအေးမြစေနိုင်ပါ။

ဖြစ်နိုင်လျှင် ရှိ(စ်) အတိတ်ကို ပြန်သွားချင်သည်။ မှားခဲ့သော အမှားကြီးကို ပြင်လို့ရနိုင်လျှင် ပြင်ပစ်လိုက်ချင်၏။ ဒါပေမဲ့

ပြင်လို့မရသော အမှားကြီးကို ရှိ(စ်)တစ်ဘဝလုံး သောကတွေနှင့် ပွေ့ပိုက်ခံယူသွားရတော့မည်လား။

''ဟင် ရှိ(စ်) ဒီမှာ ဘာလာလုပ်နေတာလဲ''

ဝရန်တာလေးမှာ ရှိ(စ်) ရပ်နေတုန်း မောင် ရောက်လာသည်။ ရှိ(စ်)လှည့်ကြည့်ရင်း မပွင့်တပွင့်လေး ပြုံးပြမိ၏။

''အိပ်မရလို့ ခဏအပြင်ထွက်နေတာပါ မောင်''

''အပြင်က အေးတယ် ရှိ(စ်)ရဲ့''

ရှိ(စ်)ပခုံးလေးကို သိုင်းဖက်ရင်း မောင် ပြောသည်။ လေပြည်အေးအေးက မောင့်ရင်ခွင်ငွေ့အောက်မှာ နွေးထွေးသွားခဲ့၏။

''ရှိ(စ်) အိပ်မပျော်ဘူးလားဟင်၊ အိပ်ရေးပျက်ရင် မကောင်းဘူးနော်''

''တစ်ရေးနိုးတာပါ မောင်ရဲ့၊ နေ့လယ်ကလည်း အိပ်လာတယ်လေ''





မောင်က ရှိ(စ်) ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားရင်း ပါးချင်းအပ်ထား၏။

''ရှိ(စ်) အားဆေးတွေ ဘာတွေသောက်တာ မောင် မတွေ့ဘူး၊ အိုဂျီက ဘာမှဆေးမပေးဘူးလားဟင်''

''လနုသေးလို့ မလိုသေးဘူးတဲ့မောင်ရဲ့၊ မနက်ဖြန်တော့ မမမှန်ဆီ သွားဦးမယ်''

''ဟုတ်လား ဒါဆို မောင်ပါလိုက်ပို့ပေးမယ်လေ''

''မောင့်အလုပ်နားရက်မှ မဟုတ်တာ၊ လိုက်မပို့ပါနဲ့ ရှိ(စ်) ဘာသာ သွားမှာပေါ့''

''မရဘူး မောင်စိတ်မချဘူး''

''အဟင်း မောင်ကလည်း စိုးရိမ်ပိုလိုက်တာ၊ ဒါကြောင့် ကြည်ပြာက မောင့်ကိုပြောတာ''

ရှိ(စ်) ပြုံးပြုံးလေးပြောတော့ မောင် ခေါင်းလေးခါရင်း

''အလကား အဲဒီအပျိုကြီးက မောင့်ကို အမြဲနှိပ်ကွပ်ဖို့ ချောင်းနေတာ၊ သူ လင်ရသားမွေးမှ သိလိမ့်မယ်''

မောင့်စကားကြောင့် ရှိ(စ်) သဘောကျစွာ ရယ်မိသည်။ မောင်က ရှိ(စ်)နဖူးက ဆံနွယ်လေးတွေကို ညင်သာစွာ သပ်တင်ပေးနေ၏။

''မနက်ဖြန် မောင်လိုက်ပို့မယ်၊ အလုပ်က နေ့လယ်မှ သွားလို့ရတယ်၊ ရှိ(စ်)ရဲ့အိုဂျီနဲ့လည်း မောင် တွေ့ချင်တယ်''

''ဟင် ဘာလုပ်မလို့လဲ မောင်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ရှီ(စ်)ကို ေမှုရိုက်ဖို့ မှာရမှာပေ့ါ၊ ပြီးတော့ လိုအပ်တာတွေ
မေးရမယ်၊ မောင်နဲ့လည်း မဆုံဖူးသေးလို့လေ"

မောင် လိုလိုလားလားပြောနေတော့ ရှီ(စ်) မတားချင်တော့ပ
ရှီ(စ်)ကို မောင့်ရဲ့ ဂရုစိုက်ကြင်နာမှုတွေပိုလေလေ။ ရှီ(စ်) ကြည်နူးရလေ
လေ။ ဒါပေမဲ့ အများကြီးအတွက်လည်း ကြောက်ခွဲနောင်တက ရမိပြန်သည်

"ကဲ ရှီ(စ်) သိပ်အေးလာပြီကွာ အထဲဝင်နော်၊ အိပ်ရေး
အားရှိမှာကွ"

ရှီ(စ်) ခေါင်းလေးညိတ်ပြကာ မောင်နှင့်အတူ အိပ်ခန်း
ပြန်ဝင်ခဲ့သည်။ ရှီ(စ်)ကို ရင်ခွင်ထဲမှာပွေ့ထားရင်း မောင်က အိပ်စ
စေသည်။

မောင့်ရင်ခွင်အရိပ်က အရာရာပြည့်စုံ နွေးထွေးနေခဲ့သည
မျက်ဝန်းလေးတွေ မှိတ်ကာ ရှီ(စ်) အိပ်စက်ကြည့်သည်။

ဒါပေမဲ့ စိတ်က အိပ်စက်ခြင်းကို လက်မခံခဲ့ပါ။ မမြင်နိုင်
သော ဝမ်းထဲက ရင်သွေးလေးက ရှီ(စ်)ကို ခြောက်လှန့်နေခဲ့၏။

အရာရာကိုသာ တစ်ကာပြန်စခွင့်ရလျှင် ဘယ်လောက်ကော
မည်လဲ။

■ ■ ■



## အခန်း (၂၅)

ဒေါက်တာ ခင်မြတ်မွန်က နားကြပ်လေးထောက်ကာ ရှီ(စ်)ကို
ဗ်းသပ်နေတော့ မောင် အနားက မတ်တပ်လေးရပ်ကာ စောင့်နေသည်။

"အားလုံး ပုံမှန်ပါပဲ၊ ဘာမှ စိုးရိမ်စရာမရှိပါဘူးကွယ်"

မမွန်က ထုံးစံအတိုင်း အပြုံးချိုချိုလေးနှင့် ပြောသည်၊ ဒါပေမဲ့
မောင်က မကျေနပ်နိုင်ဘဲ

"ဟို ဟိုလေ ကျွန်တော် တစ်ခုမေးပါရစေ မမွန်"

"မေးလေ ညီသုတ၊ ဘာမေးချင်လို့လဲ"

"ဟို ကျွန်တော့်မိန်းမက နှစ်လရှိပေမယ့် ဗိုက်က မပူသလိုပဲ
နော်"

"အို မောင်ကလည်း ဘာတွေပြောနေမှန်းမသိဘူး"

ရှီ(စ်) မျက်နှာလေး ပန်းနုရောင်သမ်းကာ တားမိသည်၊ မမွန်



www.burmeseclassic.com

ကတော့ သဘောကျစွာ ရယ်မောရင်း

"သန္ဓေသားက ချက်ချင်း လက်ငင်းကြီးထွားလာတာမှ မဟုတ်ဘဲ ညီသုတရဲ့၊ တဖြည်းဖြည်း ပေါ်လွင်လာမှာပေါ့၊ နှစ်လဆိုတာ ထင်ထင်ရှားရှား ပေါ်လွင်လာတဲ့ကာလ မဟုတ်သေးဘူးလေ"

"ခင်ဗျာ ဟုတ်ကဲ့ ဟို ကျွန်တော်က စိုးရိမ်လို့ပါ၊ အဟဲ ဝယ်ထားတဲ့ဗိုက်ဖုံးအင်္ကျီတွေ ရှီ(စ်)ကို ဝတ်စေချင်ပြီ မမမွန်ရဲ့"

"အဟင်း မပူနဲ့ ဝတ်ချိန်တန်ရင် ဝတ်ရမှာပဲ၊ အခု လှလှပပလေး နေပါရစေဦးကွယ် အဟင်း ဟင်း"

"မောင်ကလည်း ရှီ(စ်)ကို ဗိုက်ကြီးတကားကားနဲ့ မြင်ချင်လား"

ရှီ(စ်) စကားကြောင့် အားလုံးရယ်မိကြပြန်ပါသည်။ မောင် မေးချင်တာတွေကို ထပ်မေး၏။

"မမမွန် ရှီ(စ်)အတွက် ဘာအားဆေးလိုသလဲဟင်၊ ကိုယ် ဆောင်အားဆေးတွေ ဘာညာမသောက်ရသေးဘူးလား"

"သောက်ဖို့ မလိုသေးလို့ပါ၊ ရှီ(စ်)လေးက ကျန်းမာရေး ပြီး အားရှိနေတာပဲကွယ်၊ လိုအပ်ရင် မမမွန် သောက်ခိုင်းမှာပေါ့"

"ဩော် ဟုတ်ကဲ့ မမ"

မောင် ကျေနပ်သွားသလို ခေါင်းညိတ်သည်။ ဒီတော့မှ ရှီ မောင့်ကို လက်တို့ကာပြောရ၏။

"မောင် အပြင်က ခဏစောင့်နော်"





"ဘာလို့လဲ ရှီ(စ်)ရယ် မောင် ဒီမှာပဲ စောင့်မှာပေါ့"

"ဘာ မောင်ကလည်း ဒီမှာ ရှီ(စ်) မမမွန်ကို မေးစရာလေး ရှိလို့ပါ၊ ခဏလေး အပြင်ကစောင့်နော်"

ဒီတော့မှ မောင် သဘောပေါက်သွားသလို ခေါင်းညိတ်ကာ ခန်းအပြင်ထွက်သွားခဲ့သည်။

"ရှီ(စ်) ဘာပြောချင်လို့လဲဟင်"

မမမွန်မေးတော့မှ ရှီ(စ်) လေသံတိုးတိုးနှင့်ပဲ သိချင်တာတွေကို လင်းစွာပဲ မေးမိ၏။

"ဟိုလေ ရှီ(စ်) ရင်ထဲမှာ မတင်မကျကြီးဖြစ်နေလို့ပါ မမမွန်"

"ဘာလဲ မမမွန်ကို ပြောလေ"

"ရှီ(စ်) ဝမ်းထဲက သန္ဓေသားလေးက အနောက်တိုင်းပြည်မှာ ပြုန်သန္ဓေနည်းနဲ့ ရယူခဲ့တာဆိုတော့ ရှီ(စ်) မွေးလာမယ့် ကလေးက ယ်လိုမျိုးရိုးဗီဇမျိုး ဖြစ်နိုင်မလဲဟင် ဟိုလေ ရှီ(စ်) သံသယဖြစ်နေတာ ရုပ်ရည်သွင်ပြင်အကျင့်စရိုက် ကွဲပြားနေမှာစိုးလို့ပါ"

ရှီ(စ်) စကားကြောင့် မမမွန် မျက်နှာလေးတည်သွားခဲ့ကာ ငြိမ်လေး စဉ်းစားနေခဲ့သည်။ ပြီးမှ

"အင်း မျိုးရိုးဗီဇဆိုတာတော့ ဘယ်တော့မှ ပျောက်လို့မရဘူး ရှီ(စ်)က မျိုးရိုးဗီဇဘက်က အလှူရှင်ရဲ့သုတ်ပိုးတွေနဲ့ သန္ဓေယူခဲ့ ဆိုတော့ အဲဒီအလှူရှင်တွေဗီဇကတော့ မလွဲမသွေ ပါလာမှာပဲ နှိမ့်အေကတော့ ကွဲပြားခြားနားမှာ သေချာတယ်"

www.burmeseclassic.com



"ဟင် ဒါဆိုရင် ရို(စ်) မွေးဖွားမယ့်ကလေးက အနောက်တိုင်းသားရုပ်မျိုး ဖြစ်နေမှာလား"

"အင်း သေချာသလောက်ရှိတယ်၊ သန္ဓေသားရဲ့မျိုးရိုးဗီဇပိုင်ရှင်ရဲ့ရုပ်သွင်အမူအကျင့်တော့ ပါလာမှာပဲပေါ့"

မမမွန်စကားကြောင့် ရို(စ်) ရင်လေး မောန်းသွားသည်။ ရို(စ်) စိုးရိမ်နေသော အခြေအနေကြီးကို မလွှဲမသွေ ရင်ဆိုင်ရတော့မည်ပေါ့

ရို(စ်) မျက်နှာလေးညှိုးကာ ငြိမ်သက်သွားတာကို မမမွန် အံ့ကဲခတ်စိုက်ကြည့်နေပြီးမှ

"ရို(စ်)"

"ရှင် မမမွန်"

"ရို(စ်) နောင်တရနေတာလားဟင်"

ရို(စ်) မဖြေနိုင်ပါ။ ဒီအချိန်ကျမှ ရို(စ်)ရဲ့နောင်တတွေက ပြုပြင်လို့မှ မရနိုင်တော့တာပဲလေ။ ရို(စ်)ရဲ့ဝမ်းထဲက သန္ဓေသားလေးက တည်နေခဲ့ပြီ။

"ရို(စ်) ဝန်ခံပါတယ် မမမွန်၊ ရို(စ်) စိုးရိမ်နေတာ တစ်ခုပဲ ရို(စ်)ရဲ့ရင်သွေးလေးက မောင်နဲ့ရို(စ်) လက်မခံနိုင်အောင် ကွဲပြားနေမှာကိုပဲ ကြောက်တာပါ"

"ညီသုံတက ဒါတွေသိပြီး ဖြစ်မှာပဲလေကွယ်၊ သူက ရို(စ်)လေးကို နားလည်ချစ်နိုင်တာပဲ"

မမမွန်စကားကို ရို(စ်) ခွန်းတုံ့မပြန်နိုင်ပါ။ မောင် ခွင့်လွှတ်နိုင်





တာ ရို(စ်) သိပါသည်။ ဒါပေမဲ့ ပတ်ဝန်းကျင်က ရိုက်ခတ်မှုတွေကို မောင် ခံနိုင်ပါ့မည်လား။ အခုချိန်မှာ ရို(စ်)နှင့်ပတ်သက်ပြီး မောင် အရာရာကို ခွင့်လွှတ်နိုင်သည်ဟု ကြွေးကြော်နေခဲ့သည့်တိုင်. . .။

ရို(စ်)ရဲ့ရင်သွေးလေး လူ့လောကကြီးထဲ ရောက်ရှိလာခဲ့လျှင် ရင်ဆိုင်ရမည့် အခြေအနေတွေက ရှုပ်ထွေးလွန်းပါသည်။

ကိုယ့်သွေးသားမဟုတ်သော ရင်သွေးကို မောင် သံယောဇဉ်ထားနိုင်မည်လား။ မောင်က ထားနိုင်သည်ပဲရှိစေဦးတော့ မောင့်မိဘတွေက ရင်သွေးကိုမြင်တွေ့လျှင် ဘာပြောကြမည်နည်း။ ရို(စ်)တို့ လိမ်ညာခဲ့သော အမှန်တရားကြီး ပေါ်သွားခဲ့လျှင်. . .။

"ရို(စ်) စိတ်တွေပူလောင်နေတာလားကွယ်"

ရို(စ်) ပခုံးလေးကို ဆုပ်ကိုင်ပြီး မမမွန်မေးမှ ရို(စ်)အတွေးမောကြီးကို ခေါင်းတွေခါရမ်း မောင်းထုတ်ပစ်ရင်း စိတ်ကိုတင်းလိုက်မိ၏။

"ရို(စ်) အရာရာကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသားပါ မမမွန်ရယ်"

ရို(စ်) အဖြေကြောင့် မမမွန်ရဲ့ပင့်သက်ရှိုက်သံကို ကြားသည်။

ရို(စ်)အဖြစ်ကြီးက မမမွန်အတွက်တောင် ပူလောင်စရာကြီး ဖြစ်နေပြီထင်သည်။

ရို(စ်)အမှားကို ရို(စ်) ရင်ဆိုင်ဖို့ ခွန်အားတွေ မွေးရပါဦးမည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''ရှီ(စ်) ဘာဖြစ်နေတာလဲဟင် မျက်နှာလည်း မကောင်းဘူးကွာ''

ညီသုတ အရိပ်လိုကြည့်နေမိသော ရှီ(စ်) မျက်နှာလေးကို စိတ်မချမ်းသာနိုင်စွာ မေးမိသည်။

ရှားရှားပါးပါး ရသည့်နားရက်ကလေးမှာ ရှီ(စ်) စိတ်ချမ်းသာ ကြည်နူးအောင် အပြင်ခေါ်ထုတ်ခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီးကို ဖူးဖြစ်သည်။ ရှီ(စ်)ကြိုက်သော မြီးရှည်နှင့် ဂဏန်းပေါင်းဟင်းကျွေးချင်တာမို့ ဆိုင်ကို ခေါ်ခဲ့သည်။

ဒါပေမဲ့ ရှီ(စ်) ဟုတ်တိပတ်တိ မစားဘဲ ငေးငေးလေး ရှိနေသည်။

''ရှီ(စ်) နေမကောင်းဘူးလားဟင်''

''ဟင် ကောင်းပါတယ် မောင်ရယ်''





တကယ်ဆို မနက်ကတည်းက အိမ်ကထွက်ခဲ့ကြတာဖြစ်သည်။ ဘုရားရင်ပြင်ပေါ် စောစောတက်ချင်တာမို့ အိမ်က ကော်ဖီတောင် မသောက်ဖြစ်ခဲ့ကြပါ။

ဘုရားပေါ်မှာတုန်းက ရှီ(စ်) မျက်နှာလေး ကြည်လင်နေပေမယ့် အခု စားသောက်ဆိုင်ထဲရောက်မှ ညှိုးသွားတာ နားမလည်နိုင်ပါ။

''ကိုယ်ဝန်ဆောင်သည်ဆိုတာ အစားပျက်အသောက်ပျက်တာမျိုး ရှိတတ်တယ်ဟ၊ ကိုယ်ဝန်ရှိစဆို ပိုဆိုးတာပေါ့၊ ချဉ်ခြင်းတက်တာတို့တောင် ဖြစ်တတ်တယ်၊ နင့်မိန်းမက ဒါမျိုးတော့ မရှိဘူး၊ တချို့ဆို ဗိုက်ကြီးနာစွဲပြီး မစားနိုင် မသောက်နိုင်ဘူးလေ''

ကြည်ပြာ ပြောခဲ့သော စကားတွေ ပြန်ကြားယောင်မိတော့ ရှီ(စ်) မျက်နှာလေးကို သူ အသေအချာ ကြည့်မိသည်။

နုနုညက်ညက် ပြည့်ပြည့်ဖြိုးဖြိုးလေး လှနေသော မျက်နှာလေးက ဘာမှမပြောင်းလဲဟု ထင်ပါသည်။ ကြည်ပြာပြောသလို အစားအသောက် ပျက်တာလားဟု စိုးရိမ်မိ၏။

''ရှီ(စ်) ဘာစားချင်လဲဟင်''

''ဟင် ဒီမှာ စားစရာတွေ အများကြီးလေ မောင်ရဲ့''

''မဟုတ်ပါဘူး ကြည်ပြာက ပြောဖူးတယ်၊ ကိုယ်ဝန်တည်စမှာ ချဉ်ခြင်းဖြစ်တတ်တယ်တဲ့၊ ရှီ(စ်) ဘာများစားချင်သလဲမေးတာ''

သူ့စကားကြောင့် ရှီ(စ်) နှုတ်ခမ်းလေးတွေ ပြုံးသွားသည်။ ပြီးမှ ခေါင်းလေးမော့ကာ စဉ်းစားဟန်ပြုရင်း



www.burmeseclassic.com

www.burmeseclassic.com



"ရှောက်သီးသုပ်စပ်စပ်လေးနဲ့ သံပုရာသီးကို ထက်ခြမ်းခွဲပြီး ဆားတို့အစိမ်းလိုက်စားချင်တာ"

"အာ"

ရို့(စ်) ကြော်ရှုံ့ပဲရှိသေးသည်။ သူ့မျက်နှာကြီးမဲ့ကျသွားခဲ့ကာ ပါးတွေတောင်၊ သွားတွေကျိန်းသွားမိသည်။

"အဟင်း ဟင်း သိဘူးလေ စားချင်တာပြောတာ"

"ရို့(စ်) ပြောတာနဲ့ မောင် သွားတွေကျိန်းလာလို့ပါ"

"အဟင်း နောက်တာပါ မောင်ရယ်၊ ဒီနေ့ ရို့(စ်) နည်းနည်းလေခံနေလို့ စားမရဖြစ်နေတာပါ မောင် စားလေ"

"ရို့(စ်)လည်း စားပေါ့၊ ရော့ ဒီမှာ ပါးစပ်ဟကွာ"

အစိမ်းကြော်ထဲက ကြက်အသည်းဖတ်လေး ခပ်ယူကာ သူ ခွံ့ကျွေးတော့ ရို့(စ်) ပြုံးပြုံးလေး ပါးစပ်ဟပေးသည်။

"ကဲ ရို့(စ်) စားကွာ၊ ပြီးရင် ဟက်ပီးဝေါလ် သွားရအောင်"

"ဟင် ဘာလုပ်မလို့လဲ မောင်ရဲ့"

"ရို့(စ်) စိတ်ပြေလက်ပျောက် ဖြစ်အောင်ပေါ့ကွ၊ ပြီးတော့ ရို့(စ်) ဝမ်းထဲက သားသားလေးမွေးလာရင် မျောက်ရှုံးအောင် ဆော့အောင်လို့ ကိုယ်က အရင်ကြိုပြီး ဆော့ပေးထားရင် ကောင်းမလားလို့"

သူ့စကားကြောင့် ရို့(စ်) သဘောကျကာ ရယ်သည်။ ရို့(စ်) မျက်နှာလေး ပြန်ရွှင်ပြုံးလာတော့ သူ ဝမ်းသာကျေနပ်ရပြန်ပါသည်။

ရို့(စ်) ပြုံးပျော်နေတာပဲ သူ မြင်တွေ့ချင်သည်။ ဒါ သူ့ရင်ထဲ





က ချစ်သောချစ်ခြင်းပဲ ဖြစ်သည်။

စားသောက်ပြီးတော့ ကားလေးကို သူ ဟက်ပီးဝေါလ်ဘက် မောင်းနှင်ခဲ့သည်။ ရို့(စ်) ကိုယ်ဝန်ကြီးနှင့်ဆိုလျှင် ဘယ်မှသွားလာလို့ အဆင်ပြေမှာမဟုတ်တာမို့ ကိုယ်ဝန်လေးမပေါ်တုန်းဘဲ သူ ပို့ပေးနိုင်တာ ဖြစ်၏။

ဟက်ပီးဝေါလ်ထဲရောက်တော့ ရို့(စ်) လက်ကလေးဆွဲကာ လျှောက်ကြည့်ဖြစ်ကြသည်။

ကလေးတွေ ပျော်ရွှင်စွာ ကစားနေတာကြည့်ရင်း ရို့(စ်)လည်း ပျော်နေသည်။ သူလည်း ကြည်နူးမဆုံးပါ။

ပြိုင်ကားလေးတွေ မောင်းနှင်ကစားနေသော ကလေးတွေကို သူနှင့်ရို့(စ်) ကြည့်မိကြသည်။ အသံမျိုးစုံ ဟစ်အော်လျက် လွတ်လပ်စွာ ပျော်နေသော ကလေးတွေကို သူ ငေးရင်း နံဘေးက တိတ်ဆိတ်နေသော ရို့(စ်)ကို မော့ကြည့်တော့

"ဟင်"

ရို့(စ်)အကြည့်တွေက ကစားကွင်းအပြင်ဘက်ကို ငေးနေသည်။ ရို့(စ်) မျက်ဝန်းတွေ ဦးတည်ရာကို သူ ကြည့်မိတော့ အသက်ငါးနှစ်ကျော်ခန့် ကောင်လေးကို ဖခင်ဖြစ်သူက ပွေ့ချီကာ ကလေးတွေ ကားမောင်းကစားနေတာကို ရပ်ကြည့်နေသည်။

ကရုဏာသက်စရာ မြင်ကွင်းက ထိုကလေးငယ်ရဲ့ ညာဘက်ခြေထောက်တွေက သေးသိမ်ကာ ဒုက္ခိတလေးဖြစ်နေ၏။ ဒါကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရို့(စ်) စာနာသနားနေတာ ထင်ရှား၏။

ရို့(စ်) မျက်နှာလေး ညှိုးနေတာမို့ သူ လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း

''ရို့(စ်) ကလေးလေးကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေတာလား''

''ဟုတ်တယ် မောင်ရယ်၊ သနားစရာနော် မွေးရာပါထင်တယ်''

''အင်း ပိုလီယိုအရိုးပျော့ရောဂါ ပါလာလို့ ထင်တယ်''

သူလည်း ကြည့်မြင်နေရတာ စိတ်မချမ်းသာသလို ရို့(စ်) မျက်နှာလေးသည်လည်း ညှိုးနေတာမို့ အသာလက်ဆွဲပြီး ခေါ်ခဲ့သည်။

အပန်းဖြေနားသည့် ခုံတန်းလေးမှာ ရို့(စ်)နှင့်နှစ်ယောက်သား အတူထိုင်မိကြချိန်အထိ ရို့(စ်) မျက်နှာလေး အပြုံးတွေပျောက်ဆုံးနေ၏။

''စောစောက ကလေးအတွက် ရို့(စ်) စိတ်မကောင်းဖြစ်နေတာလားဟင်၊ သူ့ရောဂါကသိလိုက်ပဲပေါ့ ရို့(စ်)ရယ်''

''ရို့(စ်) ကလေးရဲ့မိဘတွေနေရာက ခံစားကြည့်တာပါ မောင်ရယ်၊ သူ့သားသမီးအတွက် ဘယ်လောက် ကြေကွဲခံစားရရှာမလဲနော်၊ တခြားကလေးတွေ ကစားနေရပေမယ့် သူ့ခမျာ ကစားခွင့်မရရှာဘူး''

''ကဲပါ ရို့(စ်)ရယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ မောင်တို့ ရင်သွေးလေးကျရင် ကျန်းမာအောင် ရို့(စ်)က အားရှိအောင် ဂရုစိုက်နော်''

သူ ဆိုတော့ ရို့(စ်) မော့ကြည့်သည်။ မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ခုကို ရို့(စ်) စိုးရိမ်နေသည်လား။





''ရို့(စ်) ဘာပြောချင်လို့လဲဟင်''

''မောင့်ကို ရို့(စ်) တစ်ခုပြောချင်တယ်''

''ပြောလေ မောင် နားထောင်နေတာပဲ''

ရို့(စ်) မျက်နှာလေးတည်သွား၏။ မျက်ဝန်းအကြည့်တွေ သူ့မျက်နှာဆီက ဖယ်သွေကာ အဝေးမှာ ကစားနေသော ကလေးအုပ်စုဆီ ရောက်သွား၏။

ဒါပေမဲ့ ရို့(စ်) စိတ်အာရုံတွေက ခန္ဓာကိုယ်မှာ ပူးကပ်မှုမရှိသလိုရှိ၏။

''မောင် ရို့(စ်) ဝမ်းထဲက ကလေးလေးကို မောင် တကယ့်သားအရင်းလို ချစ်နိုင်ပါ့မလားဟင်''

''ဟာကွာ ဘာလို့ မချစ်နိုင်ရမှာလဲ၊ ဒါ ရို့(စ်)ရဲ့ရင်သွေးလေ မောင်ရဲ့ ရင်သွေးပဲပေါ့ကွ''

''ဟင့်အင်း ဒါ မောင်နဲ့ရို့(စ်)ပဲသိတဲ့ကိစ္စပါ၊ ရို့(စ်) စိုးရိမ်တာက ဒီရင်သွေးလေးက တစ်ပါးသူရဲ့သွေးသားပါ၊ ကြည်ပြာ ပြောသလို မွေးလာတဲ့အခါ မျိုးရိုးဗီဇအရ ရို့(စ်)တို့နဲ့ ကွဲပြားခြားနားနေခဲ့ရင် မောင် ဘယ်လိုခံစားရမလဲ''

''ဟင်''

ရို့(စ်) မေးခွန်းက သူ့ရင်ထဲအထိ စူးစူးနစ်နစ် တိုးဝင်စေသည်။ သူ တစ်ခါမှ မစဉ်းစားခဲ့သော ကိစ္စကြီးပဲဖြစ်သည်။

''စဉ်းစားကြည့်လေ ရို့(စ်)ရဲ့ သန္ဓေသားလေးက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးဗီဇတွေနဲ့ ပေါင်းစပ်တည်ခဲ့တာလဲဆိုတာ မသိနိုင်ဘူး''

သူ ဘာမှခွန်းတုံ့ပြန် မဆိုနိုင်အောင် မင်သက်နေမိသည်။ ဟုတ်ပါရဲ့ သူ ဘာလို့ မစဉ်းစားခဲ့မိတာလဲ၊ ရို့(စ်) ဝမ်းထဲက သန္ဓေသားလေးသည် ရို့(စ်)ရဲ့သွေးသားက ဖြစ်တည်လာတာ မဟုတ်သလို သူ့ရဲ့ သွေးသားလည်းမဟုတ်ခဲ့။

ဒါကို အရင်ကတည်းက လက်ခံပြီးဖြစ်ပေမယ့် ရို့(စ်)ကို မြတ်နိုး ချစ်စိတ်နှင့် သူ ဥပေက္ခာပြုထားခဲ့၏။

''မောင့်ကို ရို့(စ်) နားလည်ပါတယ် မောင်ရယ်''

ရှိုက်သံလေးနှင့် ရို့(စ်)ပြောတော့ သူ ရို့(စ်)ကို သနားမိပြန်၏။

''မ မဟုတ်ဘူး ရို့(စ်)၊ မောင် ရို့(စ်)ကိုချစ်တယ်''

''ရို့(စ်)လည်း မောင့်ကိုချစ်ပါတယ်၊ ဒါပေမဲ့ မောင့်ကို ရို့(စ်) လက်မထပ်သင့်ခဲ့ဘူး''

''ဟာကွာ ဒီလိုမပြောပါနဲ့၊ မောင် ဒါတွေသိရက်နဲ့ လက်ထပ် ခဲ့တာပဲ၊ အရေးကြီးတာ ရို့(စ်)နဲ့မောင်တို့ နှလုံးသားတွေပဲလေ''

''မဟုတ်ဘူး မောင်၊ ဒါ ရို့(စ်)နဲ့မောင်တို့နှစ်ယောက်နဲ့ပဲ သက် ဆိုင်တဲ့ ချစ်ခြင်းမေတ္တာပါ၊ အသေအချာ တွေးကြည့်ရင် ရို့(စ်)ရဲ့ရင်သွေး လေးမွေးလာခဲ့ရင် အမှန်တရားတွေက သိသာထင်ရှားလာမှာပဲ၊ နောက် ဆုံး မောင့်ရဲ့မေမေတို့က ရိပ်မိမှာပဲ၊ ပတ်ဝန်းကျင်ကလည်း သိမှာပဲ၊ အဲဒီအခါကျ မောင် ဘယ်လိုခံစားရမယ်ဆိုတာ ရို့(စ်) သိတယ်''

''ဟင့်အင်း မောင် အားလုံးကို လက်ခံနိုင်တယ်ကွာ၊ အဲဒါတွေ





ရို့(စ်) မေ့ထားလိုက်စမ်းပါ၊ ဘယ်သူတွေ ဘာပဲပြောပြော ရို့(စ်)က မောင့်ရဲ့ဇနီးမယားပဲ၊ မောင် လက်ထပ်ထားတဲ့ ဇနီးပဲလေ''

ရို့(စ်)ကို ရင်ခွင်ထဲမှာ တင်းတင်းပွေ့ဖက်ထားရင်း သူ ဆိုမိ သည်။ ရို့(စ်) ပါးပြင်က မျက်ရည်တွေကို သူ ပွတ်သုတ်ပေးနေမိသည်။

ရို့(စ်)ကို သူ့နှလုံးသား မြတ်နိုးစုံမက်တာတော့ အသေအချာပဲ ဖြစ်သည်။

ဒါပေမဲ့ ရို့(စ်) ပြောသလို ရင်သွေးလေးက အားလုံး လက် ခံနိုင်အောင် တစ်ခုခု လွဲချော်နေခဲ့လျှင်ကော. . .။

ချောက်ချားစရာအတွေးကြီးကို သူ့ခေါင်းထဲက မောင်းထုတ်ပစ် လိုက်မိပေမယ့် ရင်ထဲမှာတော့ ကတုန်ကယင် ခံစားချက်ကြီးက ဖြစ်တည် နေဆဲ။

မင်းကို မောင်သိပ်ချစ်တယ် ရို့(စ်)ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ကျွီ"

ကားစတင်းမှာ ကားကိုထိုးရပ်မိသည်နှင့် တံခါးဖွင့်ဆင်းကာ သူ အပြေးတစ်ပိုင်း ခြေလှမ်းတွေနှင့် ဦးတည်ခဲ့မိတာ ရှိ(စ်)ရဲ့အခန်းဆီ ဖြစ်သည်။

"ညီသု"

အခန်းဝမှာ မတ်တပ်ကလေးရပ်နေသော ကြည်ပြာ သူ့ကို ခေါ်သည်။ သူ့ခြေလှမ်းတွေ တုံ့ခနဲ ကြည်ပြာရှေ့မှာ ရပ်ပစ်ရင်း

"ရှိ(စ်) ရှိ(စ်)ကော ကြည်ပြာ၊ ဘာ ဘာလေးမွေးတာလဲဟင်"

"ရှိ(စ်) ကျန်းမာပါတယ် ညီသု၊ နင့်သားလေးလည်း ကျန်းမာပါတယ်ဟာ"

"ဟာ သားလေး ငါ့သားလေးမွေးတာပေါ့၊ ဝမ်းသာလိုက်တာဟာ"





သူ ဝမ်းသာအားရ ရေရွတ်ရင်း ကြည်ပြာ ပခုံးနှစ်ဖက်ကို လှုပ်ရမ်းပစ်မိသည်။ ကြည်ပြာ ခန္ဓာကိုယ်က တောင့်မတ်လျက် မျက်နှာပေါ်မှာ အရယ်အပြုံးတွေ ကင်းစင်နေတာ နားမလည်နိုင်ပါ။

"ကြည်ပြာ ငါ ရှိ(စ်)ကို ဝင်တွေ့လိုက်ဦးမယ်ဟာ"

ပြောရင်း အခန်းထဲကို ခြေလှမ်းတွေက ရောက်ပြီးဖြစ်နေ၏။ ခုတင်ပေါ်မှာ မျက်ဝန်းလေးတွေ မှေးစင်းကာ ရှိနေသော ရှိ(စ်)အနားကို သူ အရင်ဆုံးရောက်ခဲ့၏။

"ရှိ(စ်)"

ရှိ(စ်) မျက်ဝန်းလေးတွေ ဖွင့်ကြည့်သည်။ မျက်နှာလေး သွေးဆုတ်ဖြူလျော်နေပေမယ့် ရှိ(စ်) အသွင်က တက်ကြွနေခဲ့၏။

"နေကောင်းတယ်နော် ရှိ(စ်)"

"ကောင်းပါတယ် မောင်၊ မောင်လိုချင်တဲ့ သားလေး မွေးပေးနိုင်လို့ ရှိ(စ်) ဝမ်းသာပါတယ် မောင်ရယ်"

"မောင် အရမ်းကျေးဇူးတင်ပါတယ် ရှိ(စ်)ရယ်"

ရှိ(စ်) နဖူးပြေပြေလေးကို သူ ငုံ့နမ်းရင်း ဆိုနေတုန်းမှာ အခန်းထဲကို နာ့စ်တစ်ယောက် အနီးထုပ်ဖြူဖြူလေးပိုက်ကာ ဝင်လာသည်။

"သား ကျွန်တော့်သားလေးလား"

"ရှင်က ကလေးအဖေလား"

"ဟုတ်ပါတယ် ညီသုတပါ၊ သားရဲ့အဖေပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဂုဏ်ယူဝံ့ကြွ[illegible]သံနှင့်ပြောတော့ အပြာဝတ်နာ့စ်မလေး မျက်နှာက ပြုံးဖြီးဖြီးလေးဖြစ်သွား၏။

သူ ကလေးကို အပြေးလေးပွေ့ချီယူလိုက်သည်။ အနီးပိုင်းဖြူ ဖြူနှင့် ထွေးပွေ့ထားသော သားလေးမျက်နှာကို သူ ငုံ့မိုးကြည့်မိတော့

"ဟင် ဒါ ဒါ"

"အဲဒါ ရှင့်ကလေးပါ၊ မိခင်က တော်ဝင်ရို့(စ်)တဲ့"

သူ မျက်နှာရဲရဲနီကာ ခေါင်းကိုခါရမ်းနေမိသည်။ အနီးဖြူဖြူ နှင့်နက်မှောင်နေသော ကလေးလေးကို တုန်လှုပ်စွာ စိုက်ကြည့်မိပြန်၏။

ဆံနွယ်ကောက်ကောက်ကွေးကွေးလေးတွေက တွန့်လိမ်လျက် နက်မှောင်နေသော အသားအရေနှင့် ကလေးငယ်လေးက တကယ့် ကပ္ပလီလေးအတိုင်းပါပဲ။

"မ မဟုတ်တာဗျာ ဒါ ကျွန်တော့်သား မဟုတ်နိုင်ဘူး။ ဒီ လောက် အသားအရေ နက်မှောင်နေတာဗျာ မဖြစ်နိုင်ဘူး"

သူ သွေးရူးသွေးတန်းနှင့်ပြောရင်း ပွေ့ချီထားသည့်ကလေးကို နာ့စ်မလေးလက်ထဲ သူ ပြန်ကမ်းပေးမိတဲ့အထိ။ နာ့စ်မလေးက လက် တကာကာနှင့် ခေါင်းခါငြင်းနေ၏။

"ဆရာမ ဒါ ကျွန်တော့်ကလေး ဖြစ်နိုင်မလား၊ မဟုတ်ဘူး ဒါ ကျွန်တော့်သားမဟုတ်ဘူး။ ကလေးမှားသလားဗျာ"

"ဒါ မှားစရာလားရှင် ပြီးတော့ ဒီမနက် မီးဖွားတဲ့သူဆိုလို့ ရှင့်ဇနီးတစ်ယောက်ပဲရှိတယ်၊ ဒေါက်တာ ဦးမြင့်မောင်ကျော် ကိုယ်တိုင်





မွေးဖွားပေးခဲ့တာပါ"

"ဟာ မ မဟုတ်ဘူး"

"ညီသု"

သူ ခေါင်းတခါခါ ငြင်းဆိုနေတာကို အနားရောက်လာသော ကြည်ပြာက သတိပေးသလို တားမြစ်၏။

"ကြည်ပြာ ဒီမှာကြည့်ပါဦးဟာ ဒါ ငါ့သားတဲ့၊ ရို့(စ်)နဲ့ငါရဲ့ သားတဲ့၊ မဖြစ်နိုင်လိုက်တာဟာ"

"ဟုတ်တယ် ညီသု၊ ဒီကလေးကို ရို့(စ်) တကယ်မွေးခဲ့တာပါ ညီသုရယ်"

"ဟင်"

သူ မယုံနိုင်သလို ရို့(စ်)ကို လှမ်းကြည့်မိသည်။ ရို့(စ်) သူ့ကို ငေးငေးလေးစိုက်ကြည့် ပြုံးပြရင်း

"မောင် ဒါ ရို့(စ်)ရဲ့သားလေးပါ"

"ဟာကွာ"

သူ့နှုတ်က ချောက်ချားစွာ ဟစ်အော်ရင်း လက်ထဲက ကလေး ကို ကြည်ပြာ လက်ထဲ အထိတ်တလန့် ထိုးပေးလိုက်သည်။

"ညီသု"

"မပြောနဲ့ ထပ်မပြောနဲ့၊ ဒါ ငါ့သား မဟုတ်ဘူး။ မဖြစ်နိုင်ဘူး"

"မောင်"

သူ လှည့်မကြည့်ဖြစ်ပါ။ ရို့(စ်) အခန်းထဲက သွေးရူးသွေးတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်ခဲ့မိသည်။

ဆံပင်နီကျင်ကျင်တွေ ကောက်ကောက်ကွေးကွေးနှင့် နက်မှောင်လွန်းသော အသားအရေက ကပ္ပလီလေးတစ်ယောက်အတိုင်း။

ဒါက သူ့ရဲ့သားတဲ့လား။

ရို့(စ်) မွေးခဲ့တဲ့ ရင်သွေးတဲ့လား။

"ဟား ဟား ဟား"

"အဟင်း ခစ် ခစ် ခစ်"

ဝေါခနဲ ရယ်မောသံတွေ သူ့အနောက်က ပြေးလိုက်လာသလို နားစည်ထဲမှာ ပဲ့တင်သွားခဲ့သည်။ ရှက်စိတ်နှင့် လူက နေရာမှာ အငွေ့ပျံပျောက်သွားချင်မိသည်။

ကမူးရှူးထိုး ပြေးလာသော ခြေလှမ်းတွေက ကော်ရစ်တာ ချိုးအကွေ့တစ်ခုမှာ မျက်နှာချင်းဆိုင် လျှောက်လာသူတစ်ဦးနှင့် ရင်ဆိုင်တိုက်မိ၏။

"အွတ်"

"အာရေးရေး အားကိုကြီးရယ် နာ လာတယ်နော်၊ ဖြည်းဖြည်းလေး အားကိုကြီး ဝင်တိုက်တာ နာ့ ရင်ဘတ်ရိုးနော် ကျိုးပြီ အားကိုကြီး"

"ဟာ ဘာလဲကွာ သွား သွားစမ်း သွား"

မျက်နှာကြီးရှုံ့မဲ့ကာ သူ့ကို လက်ညှိုးတထိုးထိုး အပြစ်တင်နေသော အိန္ဒိယအမျိုးသားပုဂ္ဂိုလ်ကို သူ စောင့်တွန်းပစ်လိုက်သည်။ ဒါပေမဲ့





လူက အရှိန်မထိန်းနိုင်ဘဲ

"ဝုန်း"

■ ■ ■

"ဟင် မောင် မောင် ဘာဖြစ်တာလဲ"

စိုးရိမ်တကြီး ခေါ်သံလေးနှင့် ရို့(စ်) အသံကြားမှ သူ မျက်ဝန်းတွေကို အလန့်တကြား ဖွင့်ကြည့်မိသည်။

ခုတင်ပေါ်က ခြုံစောင်ကြီးနှင့် လုံးထွေးကျတာမို့ တော်သေးသည်။ ဒါတောင် မြီးညှောင့်ရိုးက နည်းနည်းနာနေသေး၏။ ရို့(စ်) ခုတင်လေးပေါ်က ဆင်းလာကာ သူ့ကိုစိုးရိမ်စွာ မေး၏။

"မောင်ရယ် အထိတ်တလန့်နဲ့ ဘာဖြစ်တာလဲဟင်"

"ဟို ဟို အဲ မောင်"

သူ အခန်းထဲကို ဝေ့ဝဲကြည့်ကာ မျက်လုံးလေး ပေကလပ်ပေကလပ်ဖြစ်နေ၏။ သူ ရောက်နေတာ ဆေးရုံမှမဟုတ်ဘဲ။ ဒါဆို သူ အိပ်မက်မက်နေတာပဲပေါ့။

"ဘာမှမဟုတ်ဘူး ရို့(စ်) မောင် အိပ်မက်မက်လို့ ဟား ဟား"

ပြောရင်း သူ့အိပ်မက်ကို သဘောကျစွာ ထရယ်နေတော့ ရို့(စ်) မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ကြည့်ရင်း

"ဘာအိပ်မက်တွေ မက်လို့လဲ မောင်ရယ်၊ တကယ့် အထိတ်တလန့်ပဲ"

ရို့(စ်)မေးတော့ သူ အရယ်မျက်နှာနှင့် ရို့(စ်)ကို မော့ကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညဝတ်ဂါဝန်ရှည်ကြီးအောက်မှာ ရို(စ်) ဝမ်းဗိုက်လေးတောင် ရှုထွက်မလာသေးဘဲ ကလေးမွေးသည်တဲ့။

ရယ်စရာကောင်းလွန်းသည့် အိပ်မက်ပါလား။

"ဟား ဟား မောင့်အိပ်မက်ထဲမှာ ရို(စ်) ကလေးမွေးတာ ယောက်ျားလေး၊ ဒါပေမဲ့ ကပ္ပလီလေးတဲ့ကွ ဟား ဟား"

"ဟင်"

ရို(စ်) မျက်နှာလေး မရယ်မောနိုင်ဘဲ ကွက်ခနဲ ပျက်သွားတာ မြင်မှ သူ ရို(စ်)ခန္ဓာကိုယ်လေးကို သိုင်းဖက်ရင်း

"အိပ်မက်က ရယ်ရတာ ရို(စ်)ရဲ့၊ ဆေးရုံမှာ ရို(စ်) ကလေး မွေးတာလန့်ပြီး ကိုယ် ထွက်ပြေးတော့ ဝင်တိုက်မိတာ ကုလားကြီးတင် ယောက်ကွ ဟား ဟား တော်တော် ရယ်ရတယ်"

သူ့မှာသာ အားပါးတရ ရယ်မောနေမိပေမယ့် ရို(စ်)ကတော့ မျက်နှာလေးပျက်ချင်နေပြီ၊ သူ့အိပ်မက်ကြောင့် ရိုစ်လည်း စိတ်ညစ်ညူး သွားစေသည်လား။

ရို(စ်)ကို သူ ဖွဖွလေးသိုင်းဖက်ရင်း နဖူးလေးကို နမ်းလိုက်မိ ၏။

"အလကားပါကွာ ရို(စ်) နေ့လယ်က ပြောခဲ့တာကို ပြန်တွေး ပြီး အိပ်ပျော်သွားလို့ပါ၊ မောင့်မိန်းမက ဒီလိုကလေးမျိုး မွေးမလား ဟား ဟား လာနော် ပြန်အိပ်လိုက်တော့ အိပ်ရေးပျက်ရင် ခေါင်းမူးမယ်"

ရို(စ်)ကို ခုတင်ပေါ် ပြန်တင်ပေးရင်း ခြုံစောင်လေး လွှမ်းပေး





လိုက်၏။ ရို(စ်) မျက်ဝန်းလေးတွေ မှိတ်ကာ အိပ်လိုက်ပေမယ့် အိပ်ပျော် နိုင်ပါ့မည်လား။ သူလည်း မျက်ဝန်းတွေကြောင်တွေနေတာတော့ အမှန်။

အိပ်မက်ထဲကလို ရို(စ်) ရင်သွေးလေး မွေးခဲ့လျှင်တော့ သူ ဘယ်လိုမျက်နှာနှင့် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရမည်လဲ။

သူ မရယ်မောနိုင်ဘဲ ပင့်သက်တွေပဲ အခါခါရှိုက်ရင်း. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သူ့စကားတွေကို ငြိမ်သက်စွာ နားထောင်နေရင်း နေစိုး ဘာမှ ပြောစကားမရှိတော့ပြီလား မသိ။ ရှေ့က ဘီယာပုလင်းကိုပဲ ငုငုကြီးကြည့်ကာ ကျောက်ရုပ်ကြီးဖြစ်နေ၏။

"ငါကွာ တော်တော် စိတ်ဆင်းရဲနေတယ်၊ ငါမက်တဲ့ အိပ်မက်ထဲကလို အခြေအနေမျိုး ကြုံလာရင် ခက်ပြီ ဟူး"

သူ ပင့်သက်ရှိုက်တော့ နေစိုး ခေါင်းမော့ကြည့်ကာ ပင့်သက်ကြီး ထပ်ရှိုက်သည်။ သူ စိတ်မရှည်နိုင်တော့ပါ။

"ပြောပါဦး နေစိုးရာ၊ ငါ ဘာဆက်လုပ်ရမလဲဆိုတာ, မင်းဆီက အကြံဉာဏ်လေး ရချင်လို့"

"ဟူး ငါလည်း ဘယ်လိုအကြံပေးရမှာလဲကွာ၊ မင်းတို့ကိစ္စကြီး





က တကယ့်သပွတ်အူပဲ"

"အေး ငါ အရင်တုန်းကတည်းက မတွေ့ခဲ့တဲ့ပြဿနာကြီး အတွက် အခုချိန်မှာ ငါ အရမ်းတုန်လှုပ်နေတယ်"

"ဘာမှ တုန်လှုပ်မနေနဲ့ကွာ၊ မင်း ရို(စ်)ကိုချစ်တာ မဟုတ်လား။ အရာရာကို ရင်ဆိုင်လိုက်ပေါ့"

"ငါ ရို(စ်)ကိုသိပ်ချစ်တယ်၊ ဒါပေမဲ့ ဒီကိစ္စကြီးက တော်တော် ငါ့ကို တုန်လှုပ်စေတယ်ကွာ၊ မင်း စဉ်းစားကြည့်၊ ရို(စ်) မွေးလာမယ့် ကလေးက ငါ့အိပ်မက်ထဲကလို မည်းကျုတ်နေတဲ့ ကပ္ပလီလေးမဟုတ်ရင်တောင်မှ မြန်မာလူမျိုးနဲ့မတူတဲ့ ဘိုရုပ်ပေါက်နေရင်ပဲ ရင်ဆိုင်ရမယ့် ပြဿနာတွေက အများကြီးကွ"

"ဒါတော့ကွာ တော်ဝင်ရို(စ်)က နိုင်ငံခြားမှာ သန္ဓေယူလာတာ ပဲ၊ သူ့ရဲ့သွေးသားက ဒီလူမျိုးပဲဖြစ်မှာ မဆန်းပါဘူး"

"ဟုတ်တယ် ငါက လက်ခံနိုင်တယ်ပဲထားဦး၊ ငါ့မိဘတွေသိရင် ဒီကိစ္စကို ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ဘူး"

နေစိုး စိတ်ရှုပ်ထွေးသွားသလို ခေါင်းကိုခါရမ်းရင်း ဖန်ခွက်ထဲ က ဘီယာတွေကို တစ်ဟုန်ထိုး မော့သောက်သည်။ သူလည်း ရှေ့က ဖန်ခွက်ကို ကောက်ကိုင်ပြီး မော့သောက်ကြည့်သည်။

ရှူးရှူးရှရှ ပြင်းထန်သော အရသာက လည်ချောင်းထဲ စီးဆင်း သွားပြီးမှ လှိုက်တက်လာ၏။ တကယ်ဆို ဘီယာ၏အရသာသည်ပင် သူ့ အတွက် စိမ်းသက်လွန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ညူးလွန်းတာကြောင့် နေစိုးကို ဖုန်းဆက်ခေါ်ကာ ဒီဘီယာဆိုင်ကို သူ ရောက်ခဲ့တာ ဖြစ်သည်။

လည်ချောင်းထဲက ပြန်ဆန်တက်လာသော လေချဉ်တွေကို အသားကင်တစ်ဖတ် ကောက်ယူဝါးကာ သူ ပြန်မျိုချရ၏။

"နေစိုး မင်း ငါ့ကို ဘာအကြံပေးနိုင်သလဲ"

နေစိုး ဟားခနဲ လေပူမှုတ်ထုတ်ရင်း ခေါင်းကို ခါရမ်းသည်။ ပြီးမှ အာလူးကြော်တစ်ဖတ်ကို ကောက်ဝါးရင်း

"ငါ ဘာမှမပြောတတ်တော့ဘူး ညီညီ၊ ဒီကိစ္စက မင်း ရွေးချယ်ဆုံးဖြတ်ခဲ့တဲ့ကိစ္စကြီးလေ"

"ဟား မင်းကို အားကိုးပြီး ဖုန်းဆက်ခေါ်ပါတယ်၊ ဘာမှ အကြံဉာဏ်လေးတောင် မရပါလား"

"ဟ မင်းကိစ္စကြီးက ငါ့ဘာမှ အကြံပေးလို့မရတဲ့ကိစ္စကြီးပဲကွ၊ မင်း မိန်းမ ကလေးမွေးလာတဲ့အခါ အားလုံးသံသယဖြစ်စရာ ဖြစ်နေရင်လည်း အမှန်အတိုင်း ဖြေရှင်းပြလိုက်ပေါ့၊ ဒါ မင်းမိန်းမ ဖောက်ပြားလို့ ဖြစ်တဲ့ပြဿနာမှ မဟုတ်တာပဲ"

"ဟာ အဲဒီလောက် မလွယ်ကူဘူးလေကွာ၊ ရို့(စ်)နဲ့ငါ လက်ထပ်ထားတာ တရားဝင်ကြီး၊ ဒီကိစ္စကြီးကို လျှို့ဝှက်ထားပြီးမှ ဖွင့်ချပြောရင်တောင် ငါ့မိဘတွေက ယုံဖို့ခက်လိမ့်မယ်"

"ဟား တော်ပြီကွာ ငါ စိတ်ညစ်သွားပြီ"

ပြောရင်း နေစိုး ဘီယာပုလင်းထဲက ဘီယာတွေငှဲ့ထည့်ကာ





တစ်ဟုန်ထိုး မော့သောက်သည်။ သူ့ရင်ထဲက ခံစားချက်တွေကို နေစိုးလည်း အကြံမပေးနိုင်တာ သူ နားလည်ပါသည်။

"ဟေ့ကောင် ဘာမှပြောမနေနဲ့တော့ သောက်၊ အဖြေက ရှင်းရှင်းလေးပဲ မင်းမိန်းမကို မင်း မချစ်နိုင်ရင် အချိန်မရွေး ကွာရှင်းပစ်လိုက်၊ မင်းတို့ရလာမယ့် ကလေးက မင်းသွေးသားမှ မဟုတ်တာ"

နေစိုး စကားက သူ့ရင်ထဲအထိ စူးနစ်ဝင်သော မြားတစ်စင်းလို စူးပုပ်နာကျင်စေသည်။ ရို့(စ်)ဝမ်းထဲက သန္ဓေသားသည် သူ့သွေးသားမဟုတ်တာ သူ မငြင်းချင်ပါ။ ဒါပေမဲ့ ရို့(စ်)ကို သူ သိပ်ချစ်သည်။ ဘယ်လိုမှ မုန်းလို့မရတာ သေချာသည်။

"ငါ ရို့(စ်)ကို သိပ်ချစ်တယ် နေစိုးရာ"

"ဒါဆို ရှင်းတာပဲ၊ ရို့(စ်)နဲ့ပတ်သက်သမျှ ကောင်းသမျှ ဆိုးသမျှ မင်း ခံယူလိုက်ပေါ့ကွာ"

နေစိုး စကားက ရှင်းပါသည်။ သို့ပေမယ့် သူ့ရင်ထဲမှာ တုန်လှုပ်ချောက်ချားနေသော အခြေအနေတစ်ခုအတွက် ဖြေဆေးတော့ မဟုတ်ခဲ့ပါ။

ရို့(စ်) ဝမ်းထဲက ရင်သွေးလေးကို သူ ချစ်ခင်ကြင်နာနိုင်သည်။ ဒါပေမဲ့ ထိုရင်သွေးလေးက သူ့သွေးသားမဟုတ်မှန်း မေမေတို့ သိသွားလျှင်ပဲ ပြဿနာတွေက တသီကြီး။

ပြီးတော့ သူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ သူသည် နွားတစ်ကောင်ဖြစ်သွားမည့်ကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကျမှ ရှီ(စ်)နှင့်ပတ်သက်သော အမှန်တရားကို သူ ထုတ်ဖော်ကြေညာတော့ကော ဘယ်သူက ယုံမှာတဲ့လဲ။

အားလုံးသည် ရှီ(စ်) မှားယွင်းခဲ့သော အမှားများသာဖြစ်သည်။ ထိုအမှားကြီးကို သူ ခွင့်လွှတ်နိုင်ခဲ့သည် ထင်ခဲ့ပြီးမှ သွေးပျက်ကြောက်လန့်နေခဲ့တာလည်း အမှန်ပဲဖြစ်သည်။

ရှီ(စ်)ရယ် မင်းဘဝမှာသာ ဒီအမှားကြီး မကျူးလွန်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

ကိုယ်နဲ့မင်းရဲ့ ရင်သွေးလေးဟာ မင်းနဲ့ကိုယ် မြတ်နိုးချစ်ခြင်းနဲ့ ပိုင်ဆိုင်ခွင့်ရတဲ့ ရင်သွေးလေးဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ။

အခုတော့ ကိုယ့်အဖြစ်က. . .။

■ ■ ■

မောင် အိမ်ပြန်လာတော့ အတော် ညဉ့်နက်နေပြီ။ မောင့်ဆီ ဖုန်းခေါ်တော့လည်း ဖုန်းပိတ်ထားသည်။

မောင့်အတွက် စိုးရိမ်စွာ ရှီ(စ်) ဧည့်ခန်းထဲမှာ စောင့်နေတော့ ကြည်ပြာကလည်း အဖော်အဖြစ် ဝိုင်းကူစောင့်ပေးသည်။

"ညီသု အရေးကြီးကိစ္စတစ်ခုရှိလို့ နောက်ကျတာ ဖြစ်မှာပါ ရှီ(စ်)ရယ်၊ အရမ်းလည်း စိတ်မပူပါနဲ့"

ကြည်ပြာက နှစ်သိမ့်စကားတွေ ပြောနေပေမယ့် အိမ်ပြန်နောက်မကျစဖူး မောင့်ကို ရှီ(စ်) စိတ်ပူမိတာ အမှန်။

ပြန်ရောက်လာတော့ မောင် ခေါင်းမထောင်နိုင်အောင် မူးလာသည်။ နေစိုးသာ ကားမောင်းပြန်မပို့လျှင် မောင့်အဖြစ်က တွေးရဲစရာမရှိ။

"အိုကေ အိုကေ ရဒယ် နေစိုး ငါ ဘာမှမဖစ်ဘူး"

ဗလုံးဗထွေးစကားတွေနှင့် ယိုင်ထိုးကာ ခေါင်းငိုက်စိုက်ကျနေသော မောင့်ကို နေစိုး တွဲခေါ်လာ၏။

"ရှီ(စ်)ရေ ဒီကောင် နည်းနည်းများသွားတယ်၊ ဆောရီး ဆောရီး ငါ အိမ်အရောက်ပို့ပေးခဲ့တယ်နော် တာဝန်ကျေပြီ"

နေစိုးလည်း အမူးရှိန်မြင့်နေပေမယ့် အိမ်ပြန်သွားနိုင်ခဲ့တာကိုပဲ ကျေးဇူးတင်ရတော့မည်။

"ညီသု နင် ဘာဖြစ်လာတာလဲ"

"အင် ဘယ်တူ့ရဲ ဘာလဲ"

"ဟဲ့ ငါ ကြည်ပြာလေ ဘာလဲ နင်က ငါ့ကိုတောင် မသိတော့အောင် မူးနေပြီလား"

"ဟာ ကြည်ပြာ နိုး နိုးနော်ပလမ် ဘာမှမဖြစ်ဘူး၊ ငါ အရမ်းခံစားရလို့ အရမ်းစိတ်ညစ်လို့ပါဟ"

"ဟဲ့ နင်က ဘာစိတ်ညစ်စရာရှိလဲ၊ ဒီမှာ နင့်မိန်းမက စိုးရိမ်ပြီး မျှော်နေတာ နင် သတိရသင့်တယ်"

"အန် ရှီ(စ်) ရှီ(စ်)လား ဆောရီး မောင့်ရင်ထဲမှာ ပူလောင်နေလို့ပါ ရှီ(စ်)ရယ်"

"ကဲပါ ကြည်ပြာရယ် မောင့်ကို အခန်းထဲအထိ ကူတွဲပို့ပေးပါနော်"





မိုးမိုး(အင်းလျား)

www.burmeseclassic.com

www.burmeseclassic.com



ရှိ(စ်)နှင့်ကြည်ပြာ မောင့်ကို တွဲခေါ်ကာ အိပ်ခန်းထဲအထိ ခေါ်ခဲ့ကြသည်။ မောင် ခေါင်းငိုက်စိုက်နှင့် စကားသံတွေ ဗလုံးဗထွေး ပြောလာသည်။

"ရှိ(စ်) ရှိ(စ်)ရယ် မင်းကိုမောင် သိပ်ချစ်တယ်၊ ဒါပေမဲ့ မောင် မောင် မင်းကြောင့် စိတ်ညစ်နေပြီ သိလား အေ့"

"ဟဲ့ ညီသု ဘာတွေပြောနေတာလဲ အိပ်တော့၊ ရှိ(စ်) သူ့ကို အဝတ်အစားလဲပေးပြီး အိပ်နိုင်းလိုက်တော့၊ နေဦး မနက်ကျမှ ကောင်းကောင်း ကောပစ်မယ်၊ သူ့မိဘတွေသိရင် ဒီကောင် မလွယ်ဘူး"

ကြည်ပြာက မောင်မူးနေတာကို စိတ်ပျက်သလိုကြည့်ရင်း ပြောသည်။ ရှိ(စ်)မှာသာ မောင့်ကို အဝတ်အစားတွေ လဲပေးရင်း မျက်ရည်တွေ အဝဲသားနှင့် ငုတ်တုတ်လေး ထိုင်ကြည့်နေခဲ့ရ၏။

"ရှိ(စ်) ရှိ(စ်) မင်းကိုမောင် သိပ်ချစ်တယ်"

ခုတင်ကြီးပေါ်မှာ မောင် ပက်လက်ကြီး လှဲအိပ်လျက် နှုတ်က ပြောချင်တာတွေ လျှောက်ပြောလို့နေသည်။

"ရှိ(စ်) မောင် သိပ်ဝမ်းနည်းတယ်၊ မင်းနဲ့ကိုယ့်ရင်သွေးလေး အစစ်အမှန်သာ မွေးခဲ့ရင် ကိုယ် အတိုင်းမသိ ဝမ်းသာမှာ ကွ၊ အခုတော့ အေ့ ကိုယ် ခံစားရတယ်ကွာ အေ့"

မောင့်ရင်ထဲက ခံစားချက်တွေကို ရှိ(စ်) အထင်အရှား မြင်တွေ့လိုက်သလိုပါပဲ။ မောင် ခံစားနေတာ ရှိ(စ်) ဝမ်းထဲက ရင်သွေးလေး အတွက်ပဲပေါ့။





ဝမ်းနည်းစိတ်ကြောင့် ရှိ(စ်) မျက်ရည်တွေ စီးကျလာတာကို မောင် မြင်နိုင်မှာမဟုတ်ပါ။

"ရှိ(စ်) ရှိ(စ်)ကို မောင် သိပ်ချစ်တယ်"

သိပ်ချစ်တယ်ဟု တဖွဖွဆိုရင်း ရှိ(စ်)ကို ဖက်ကာ မောင် နမ်းရှိုက်နေသော အနမ်းတွေကိုလည်း မျက်ရည်တွေကြားက ခံယူနေခဲ့ရ၏။

ရှိ(စ်) မြတ်နိုးခဲ့သော မောင့်အနမ်းတွေက အခုချိန်မှာ ရှိ(စ်) အတွက် ပူလောင်လွန်းပါသည်။

ရှိ(စ်)ရဲ့အမှားကြီးက မောင့်အတွက် ကြေကွဲခံစားစရာကြီး ဖြစ်နေခဲ့ပြီလား။ ရှိ(စ်)ကို ခွင့်လွှတ်နိုင်သည်ဆိုသော မောင့်ရင်ထဲမှာ သောကအပူတွေနှင့် လောင်မြိုက်နေပြီထင်သည်။

မမူးစဖူး မူးလာသော မောင်သည် ရှိ(စ်) ရင်ခွင်ထဲမှာ ငြိမ်သက်သွားခဲ့သည်။

ဒါပေမဲ့ အိပ်မက်ထဲမှာ မောင် ကြေကွဲနေဦးမည်လားမသိ။ မောင့်ကို ကြည့်ရင်း ရှိ(စ်) မျက်ရည်တွေပဲ စီးကျနေမိသည့်အဖြစ်မှာ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ခြံထဲမှာ လမ်းဆင်းလျှောက်မည်တွေးကာ ဆင်းလာမိသော ရို့(စ်) ခြေလှမ်းတွေ တွန့်ခနဲ ဖြစ်သွားခဲ့သည်။

နားထဲမှာ ကြားနေရတာ ကြည်ပြာရဲ့အသံ။ တစ်စုံတစ်ယောက် နှင့် ဖုန်းပြောနေတာဆိုတာ အသံနားထောင်ရုံနှင့် သိနိုင်သည်။ ရို့(စ်) ခြေလှမ်းတွေ ကြည်ပြာ အခန်းနား တိုးကပ်ရောက်ရှိသွားခဲ့သည်။

တံခါးမှာ အသာနားကပ်နားထောင်ကြည့်တော့ ကြည်ပြာ အသံ ကို ပီပီသသ ကြားရ၏။

''ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် နင် ဟန်ဆောင်ထိန်းချုပ်နိုင်ရမှာ ပေါ့ ညီသုရယ်''

''. . .''

''ဘာရယ် ငါနဲ့တွေ့ချင်တာများ နင် ဖုန်းဆက်ချိန်းစရာလား





တယ်၊ ဟုတ်ပါပြီ ဒါပေမဲ့ အခုချိန်မှာ ငါ မလာနိုင်သေးဘူး။ နင့်မိန်းမ မီးဖွားတဲ့အထိ ငါ့မှာ တာဝန်ရှိတာပဲလေ''

''. . .''

''အိုကေ ဟုတ်ပါပြီ နင်က ဘာလို့ ငါနဲ့သီးသန့်တွေ့ချင်တာလဲ''

''. . .''

ရို့(စ်) ကြားနေရသော စကားတွေကိုတောင် မယုံချင်ပါ။ မောင် က ကြည်ပြာ့ဆီ ဖုန်းဆက်ချိန်းဆိုနေတာလား။ ဒါ ဘာသဘောလဲ။

''ဟုတ်ပြီ ဟုတ်ပြီ နင် ငါနဲ့သီးသန့်တွေ့ချင်တယ်ဆိုရင် ငါ တစ်ရက်စီစဉ်ပေးမယ်''

ရို့(စ်) ကိုယ့်ခြေထောက်တွေပေါ်မှာ ကိုယ် မရပ်တည်နိုင် လောက်အောင် တုန်ယင်ချင်လာသည်။

ကိုယ့်တစ်ဘဝလုံးပေါင်းဖို့ ရည်ရွယ်ထားတဲ့မောင်က ငယ်ရည် စားနှင့် အိမ်ပေါ်မှာ သစ္စာပျက်ပြားနေသည့်အဖြစ်က ယုံနိုင်စရာတောင် မရှိ။

မောင် ရို့(စ်)အပေါ် ဒီလောက်အထိ သစ္စာမဲ့ရက်မည်မထင်ခဲ့ ပါ။ အခုတော့ ရို့(စ်) စိုးရိမ်သည့်အတိုင်း ဖြစ်ခဲ့ပြီ။

ဒါ ရို့(စ်)အပေါ်မှာ မောင့်ရဲ့နည်းလည်မှုတွေ ကုန်ဆုံးသွားလို့ပဲ ဖြစ်မည်ထင်သည်။ ရို့(စ်)ဆိုသော မိန်းမတစ်ယောက်ရဲ့ မဆင်မခြင် အမှားကြီးကို မောင် ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့ပြီပေါ့။

ကံကြမ္မာကို ဘယ်လိုနည်းနဲ့ ရို့(စ်) ရှောင်တိမ်းရမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်မှုမပေး မှားယွင်းခဲ့သော အတိတ်ကို ရှီ(စ်) ပြန်ပိုင်ဆိုင်ခွင့်သာ ရနိုင်ခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲ။

ညှတ်ခွေကျမတတ် ဒူးတွေကို အားယူထိန်းရင်း ညှော်ခန်းက ဆိုဖာထိုင်ခုံကြီးမှာ ရှီ(စ်) အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

မျက်ဝန်းတွေကို မှိတ်ထားရင်း နောက်မှီမှာ ခေါင်းကိုမှေးတင်ပြီး ရှီ(စ်) ငြိမ်သက်နေခိုက်

"ရှီ(စ်) နွားနို့သောက်မလားဟင်"

ကြားလိုက်ရသော ကြည်ပြာ့အသံကြောင့် မျက်ဝန်းတွေ ဖွင့်ကြည့်မိ၏။ ကြည်ပြာ ရှီ(စ်)ကိုငေးငေးလေး ပြုံးကြည့်ကာ မေးနေသည်။

ကြည်ပြာနှုတ်ခမ်းက အပြုံးတွေကို မယုံကြည်ရဲလောက်အောင် ရှီ(စ်) ရှုံ့ရှာနေမိတာတော့ အသေအချာပဲ ဖြစ်၏။ ဒါပေမဲ့လည်း ဟန်ဆောင်ခြင်းနှင့် မျိုသိပ်ပစ်ရင်း

"ဟင့်အင်း ရှီ(စ်) ဒီနေ့ ဘာမှမစားချင်ဘူး ကြည်ပြာ"

"နွားနို့ မသောက်ရင် ဘာစားမလဲ ရှီ(စ်) ပီဇာ စားမလားဟင်"

ရှီ(စ်) ခေါင်းကိုပဲ ခါလိုက်သည်။ ကြည်ပြာ အပြုံးလေးတွေ ကွယ်ပျောက်ကာ ရှီ(စ်) မျက်နှာကို အကဲခတ်ကြည့်နေခဲ့၏။

"ရှီ(စ်) အစားအသောက်ပျက်တာ မကောင်းဘူး။ စားချင်တဲ့ဟာပြောလေ ကြည်ပြာ သွားစီစဉ်ပေးမှာပေါ့"

ရှင် ကျွန်မရှေ့က ထွက်သွားရင် အကောင်းဆုံးပဲဟု ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ ရှီ(စ်) နှုတ်က ဘာစကားမှ ထွက်မလာခဲ





ကြည်ပြာ လက်ထဲက ဟန်းဖုန်းက မြည်လာ၏။

ကြည်ပြာ ဖုန်းလေးကို ဖွင့်ကာ နားထောင်နေတော့ ရှီ(စ်) စူးစူးနစ်နစ်လေး စိုက်ကြည့်နေလိုက်သည်။

"ဟဲလို ဟဲလို"

ကြည်ပြာ ခေါ်ပေမယ့် တစ်ဖက်က တုံ့ပြန်သံမကြားတော့ မျက်မှောင်လေးကုပ်ကာ ဖုန်းကို ပိတ်လိုက်ရင်း

"ဖုန်းကျသွားပြီ ထင်တယ်"

"ဘယ်သူ့ဆီက ဖုန်းလဲ ကြည်ပြာ"

"ညီသုဆီက ဖုန်းလေ ကြည်ပြာရဲ့၊ ဘာလို့လဲမသိဘူး ဖုန်းပြန်ပိတ်သွားတယ်"

ရှီ(စ်) ရင်ထဲမှာ ပိုလို့ နာကျင်သွားရသည်။ ဒီအခြေအနေထိတောင် ဖြစ်နေကြပြီတဲ့လား။ ကြည်ပြာမှာ ဖုန်းပါလာတာ မဟုတ်ပါဘဲ ဘယ်ကဖုန်းက လက်ထဲရောက်နေတာလဲ။

"အရင်က ကြည်ပြာ့မှာ ဖုန်းမမြင်မိပါဘူး"

"ဟုတ်တယ် ရှီ(စ်) ဒါ အိမ်မှာ အရေးအကြောင်းရှိရင် ဆက်လို့ရအောင်တဲ့ ညီသု ပေးထားတာလေ၊ နောက်ပြီး ကြည်ပြာ မိဘတွေ ဖုန်းဆက်သွယ်ရင်လည်း အဆင်ပြေအောင် ညီသု ပေးထားတာပါ"

ကြည်ပြာ့ဆီ ဖုန်းပေးခဲ့တာ ရှီ(စ်)တောင် ဘာမှမသိခဲ့။ ရှီ(စ်) မသိအောင် မောင် ပေးခဲ့တာတော့ သေချာနေပြီ။

"ဪ ကောင်းတယ် ကောင်းတယ် ကြည်ပြာကို သူက



www.burmeseclassic.com

www.burmeseclassic.com



တော်တော် သံယောဇဉ်ရှိ ဂရုစိုက်ရှာသားပဲနော်''

''ဟုတ်တယ် ရို့(စ်)ရဲ့၊ ကြည်ပြာတို့ မိဘတွေနဲ့ ညီသု မိဘတွေက သိပ်ရင်းနှီးကြတာလေ၊ ကြည်ပြာနဲ့ညီသုကလည်း အရမ်းခင်မင်တဲ့ သူငယ်ချင်းရင်းချာကြီးတွေပါ၊ ညီသုက ကြည်ပြာ့ဆို အမြဲအနိုင်ကျင့်တာ၊ ကြည်ပြာမှာလေ သူဆိုးသမျှ အမြဲခံခဲ့ရတာ အဟင်း''

''ဟုတ်လား အခုချိန်ထိလည်း သူ့ဒဏ်ခံနေရတုန်းပဲပေါ့နော်''

''ဟင်''

ကြည်ပြာ မျက်မှောင်လေးကုပ်ကာ ရို့(စ်)ကိုကြည့်တော့ ရို့(စ်) နှုတ်ခမ်းလေးတွေ ဟန်ဆောင်ပြုံးမိရင်း

''သြော် ဒီလိုလေ ကြည်ပြာရဲ့၊ အခုအရွယ်တွေ ကြီးလာတော့လည်း သူ့ရဲ့မိန်းမကို ကြည်ပြာပဲ ကျန်းမာရေးစောင့်ရှောက်မှုတွေ လာလုပ်ပေးနေရတယ် မဟုတ်လား''

''အဟင်း ဟင်း ဟုတ်တယ် ဟုတ်တယ် ညီသု မေမေက အကူအညီတောင်းတော့ ကြည်ပြာလည်း သင်တန်းတက်တာနဲ့ အံကိုက်လေ၊ ညီသုကို သံယောဇဉ်ရှိသလို ရို့(စ်)ကိုလည်း ကြည်ပြာ ခင်မင်ပါတယ်၊ ဒါကြောင့် ကူညီပေးရတာ ဝမ်းတောင်သာမိသေးတယ်''

ကြည်ပြာကတော့ ဟန်ဆောင်ကောင်းလွန်းစွာ ရယ်ရယ်မောမော ပြောပြနေသည်။

ရို့(စ်)ကတော့ စောစောကပဲ မောင်နှင့်ကြည်ပြာတို့ ဖုန်းစကားတွေ ကြားသိထားတာမို့ ကြည်ပြာ စကားတွေကို မယုံသလို ရွံရှာမိပါ





သည်။

''ကဲ ကြည်ပြာ လုပ်စရာရှိတာလုပ်ပါ၊ ရို့(စ်) ခဏလောက် နားလိုက်ချင်လို့''

တမင်စကားဖြတ်ကာ ကြည်ပြာ့ရှေ့က ထွက်ခဲ့မိသည်။ အခန်းထဲရောက်တော့ တံခါးပိတ်ကာ ရို့(စ်) ဝမ်းနည်းမျက်ရည်လေး ဝိုင်းလာမိသည်။

ကြည်ပြာနှင့်မောင်တို့ အခြေအနေတွေက ဒီလောက်အထိတောင် အခြေရောက်နေပြီထင်ပါသည်။

ရို့(စ်)ကို အသက်မကချစ်ပါသည်ဆိုသော မောင်သည် ရို့(စ်)ကို စွန့်ပစ်ဖို့ ကြိုးစားနေတာ ဘာကြောင့်လဲ။ မစဉ်းစားရဘဲ အဖြေက ရှင်းပါသည်။

ရို့(စ်) ဝမ်းထဲက သန္ဓေသားကြောင့်ပဲ ဖြစ်လိမ့်မည်။

မောင့်ကို မိုက်မဲစွာ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့မိတာ ရို့(စ်) မှားခဲ့တာတော့ သိပ်ကို သေချာပါသည်။

တကယ်ဆို ဘယ်ယောကျ်ားက သူနှင့်မသက်ဆိုင်သော ရင်သွေးအတွက် ဘဝတစ်ခုပုံကာ ပေးဆပ်မည်လဲ။

ရို့(စ်) နားလည်သင့်ဖို့ ကောင်းပါသည်။

အခုတော့ အရာရာသည် လွန်ခဲ့ပြီဖြစ်သလို မောင့်ကို စွန့်လွှတ်ဖို့လည်း ရို့(စ်) နှလုံးသားက သတ္တိမရှိပါ။

မောင့်ကို ရို့(စ်) မြတ်နိုးချစ်နေဆဲဆိုတာ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

"မောင် ရှင် ကြည်ပြာကို ဖုန်းပေးထားတဲ့ကိစ္စ ရို့(စ်)ကို ဘာလို့ မပြောတာလဲ"

ပျက်နေသော ကွန်ပျူတာ မော်နီတာကိုဖြုတ်ပြီးပြင်နေတုန်း အနားရောက်လာကာ ရို့(စ်)အမေးကြောင့် ညီသုတ ခေါင်းမော့ကြည့်သည်။

"ဘာဖြစ်လို့လဲ ရို့(စ်)ရဲ့၊ အိမ်မှာ ပိုနေတဲ့ဖုန်းတစ်လုံး သုံးဖို့ပေးထားတာလေ၊ ရေးကြီးခွင်ကျယ်ကိစ္စမှ မဟုတ်တာ၊ ရို့(စ်)ကို မောင် ဘာလို့ပြောရမှာလဲ"

ဆားကဒ်ပြားတွေကို စုတ်တံလေးဖြင့် ဖုန်တွေသုတ်ဆေးနေရင်း ညီသုတ ပေါ့ပေါ့ပါးပါးပဲ ပြောသည်။ ရို့(စ်)ကတော့ မကျေမနပ် မျက်နှာလေး မာတင်းတင်းနှင့် သူ့အနားမှာ ဝင်ထိုင်သည်။





"နေပါဦး မောင် အရေးကြီးကိစ္စမဟုတ်ဘူးဆိုတော့ ဘာက အရေးကြီးကိစ္စလဲ၊ ကြည်ပြာ ဖုန်းကိုင်ထားမှ ရို့(စ်) သိတာတော့ မဟုတ်သေးဘူး ထင်တယ်"

ဝေါက်ဆတ်ဆတ်လေသံမှာ ဒေါသရိပ်တွေ သင့်နေတော့ ညီသုတ လုပ်လက်စ အလုပ်ကိုရပ်ပြီး ရို့(စ်)ကို မော့ကြည့်သည်။

အဖြူမှာ အနက်စင်းပါသော ဆွဲသားဘလောက်စ်အကျႌ ခါးရှည်လေးနှင့် ရို့(စ်) မျက်နှာမှုန်ကုပ်ကုပ်လေးက မကျေနပ်ရိပ်တွေ ထင်ဟပ်နေဆဲ။

"ရို့(စ်)ရယ် ကိုယ့်အပေါ် ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ ကွာ"

"မကျေနပ်တာ အမှန်ပဲ မောင်၊ အခုတလော အားလပ်တဲ့ အချိန်တွေမှာတောင် မောင် ရို့(စ်)ဘေးမှာ အချိန်ပြည့်မရှိတော့ဘူး၊ ရို့(စ်)ကို အရင်ကလိုတောင် ဂရုမစိုက်တော့သလိုပဲ"

ရို့(စ်)အသံလေးက ဝမ်းနည်းသံလေးစွက်ကာ အဖျားခတ်တုန်နေသည်။ ရို့(စ်)ရဲ့သံသယတွေအတွက် သူ တကယ် စိတ်ညစ်သွားမိသည်။ တကယ်ဆို ဒီရက်တွေမှာ သူ အလုပ်တွေနဲ့ပိနေတာ ရို့(စ်) သိသင့်သည်။

ရို့(စ်)မှာ အပြင်ထွက်သွားလာတာမျိုး မရှိသလောက်မို့ သူပဲ ရို့(စ်)ရဲ့အလုပ်တွေကို ဦးဆောင်စီမံပေးရသည်။ ပြီးတော့ သူ့အလုပ်ကိစ္စတွေကလည်း တစ်ဖက်မှာရှိသည်။

ဒါကို ရို့(စ်) သိရက်နှင့် ပြောနေတာတော့ မဟုတ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။

''မဟုတ်သေးဘူး ရို့(စ်)ရယ်၊ ရို့(စ်) တစ်ဖက်သတ် အထင်လွဲနေတာပဲ၊ မောင့်ဘက်က အခုချိန်အထိ မရိုးသားတာမျိုး ဘာတစ်ခုမှ မလုပ်ခဲ့ဘူး''

ရို့(စ်) နှုတ်ခမ်းလှလှလေးတွေ မဲ့ချပစ်သည်။

''တော်ပါတော့ မောင်၊ လျှာအရိုးမရှိတိုင်း ရှင် လျှောက်မပြောပါနဲ့၊ လိမ်ညာတဲ့သူတွေဆို ရို့(စ်) အထင်မကြီးတတ်ဘူး၊ မောင့်ခြေလှမ်းတွေ အမူအရာတွေ ပျက်နေတာ ရို့(စ်) သိတယ်၊ ရို့(စ်)က ခပ်တုံးတုံး မိန်းမမဟုတ်ဘူး မောင်''

ရို့(စ်) စကားတွေ စွပ်စွဲချက်တွေက ပိုမိုပြင်းထန်လာသည်။ ညီသုတ မျက်မှောင်ကြီးကုပ်ကာ ခေါင်းကိုခါမိသည်။

တကယ်ဆို ဒီရက်တွေမှာ သူ့စိတ်တွေ ညစ်ညူးနေတာတော့ အမှန်။ အလုပ်ကိစ္စတွေက တစ်ဖက်၊ ရို့(စ်)နှင့်ပတ်သက်သော ခံစားချက်ကြီးကလည်း သူ့စိတ်ကို ညစ်ညူးနောက်ကျိစေ၏။

''ရို့(စ်)ရယ် သိပ်ပြီး ဒေါသမကြီးစမ်းပါနဲ့၊ ရို့(စ်)မှာ ကိုယ်ဝန်ကြီးနဲ့နော်၊ အဲဒီလို မျက်နှာကြီး ရှုပုပ်နေရင် မွေးလာမယ့် ကလေးက အရုပ်ဆိုး အကျည်းတန်လိမ့်မယ် သိလား''

သူ ရယ်မောမော နောက်ပြောင်ပြောင်ပြောရင်း ရို့(စ်)ပါးလေးကို ညင်သာစွာ လိမ်ဆွဲတော့ ရို့(စ်) မျက်နှာလေး တစ်ဖက်လှည့်ကာ သူ့လက်ကို ပုတ်ထုတ်ပစ်သည်။





''ဟုတ်တယ် ကျွန်မ မွေးတဲ့ကလေးက အကျည်းတန် ရုပ်ဆိုးချင်ဆိုးမှာပဲ၊ အဲဒီကလေးအတွက်လည်း ရှင် စိုးရိမ်ပူ သောကရောက်နေတာလည်း ရို့(စ်) သိတယ်၊ ရှင် ရို့(စ်)ကို ယူလိုက်မိတဲ့အတွက် အကြီးအကျယ် နောင်တရနေတယ်ဆိုတာ ကျွန်မ သိတယ်''

''ဟာကွာ ဘာတွေ ပြောနေတာလဲ''

''အမှန်တွေ ပြောနေတာ မောင်၊ အဲဒီအတွက် တစ်နေရာရာမှာ ရှင့်စိတ်ရဲ့ ထွက်ပေါက်တစ်ခု ရှာနေတယ်ဆိုတာလည်း ကျွန်မ သိပါတယ်၊ ဒီတော့ ကျွန်မတို့ ပွင့်လင်းသင့်ပြီ မောင်၊ ရို့(စ်)ကို မပေါင်းသင်းချင်တော့ဘူးဆိုရင် ပွင့်ပွင့်လင်းလင်း ပြောပါ ကွာရှင်းပေးမယ်''

ပြောရင်း ရို့(စ်) မျက်ရည်တွေ ဝဲတက်လာသည်။ သူ ရို့(စ်)ကိုကြည့်ရင်း ခေါင်းတခါခါ စုတ်တသပ်သပ်နှင့် စိတ်ညစ်ညူးနေမိ၏။

''မင်း ဘာတွေပြောနေတာလဲ ရို့(စ်)၊ မင်းစိတ်တွေ ကယောင်ချောက်ချား ဖြစ်နေပြီလား''

''ရို့(စ်) ကယောင်ချောက်ချားဖြစ်နေတာ မဟုတ်ဘူး၊ မောင်ကသာ မွေးလာမယ့် ရို့(စ်) ရင်သွေးလေးအတွက် စိတ်ထင်ရာတွေးပြီး သွေးပျက်နေတာ ရို့(စ်) သိတယ်၊ ပတ်ဝန်းကျင်အလယ်မှာ ရင်ဆိုင်ရမယ့်အရေးတွေးပြီး အိပ်မက်တွေမက် ထိတ်လန့်နေခဲ့တာပါ''

သူ မက်ခဲ့သော အိပ်မက်ကို ရို့(စ်) သိနေတာမို့ သံသယတွေနှင့် အပြစ်မြင်နေတာကို သူ နားလည်လိုက်ပါသည်။

တကယ်ဆို သူ့စိတ်တွေ ကယောင်ကတမ်း ဖြစ်ခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရို(စ်)ကို မြတ်နိုးချစ်စိတ်နှင့် သူ မမုန်းနိုင်ခဲ့။ မစွန့်လွှတ်နိုင်ခဲ့ပါ။

"ရို(စ်)"

ရို(စ်) ပခုံးလေးကို သူ ဆုပ်ကိုင်နှစ်သိမ့်ဖို့ ကြိုးစားတာကို ရို(စ်)က အထိမခံဘဲ ယိမ်းနွဲ့ရှောင်တိမ်းသည်။ သူ့စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်သွား၏။

"ရှင် ရို(စ်)ကို မထိပါနဲ့၊ တော်ဝင်ရို(စ်)ဆိုတဲ့ မိန်းမက ရွံရှာစရာကောင်းတဲ့ မိန်းမပါ"

"ဟာကွာ အေး ဟုတ်တယ်၊ မင်းထင်ချင်သလိုသာ ထင်တော့ကွဲ ကျေနပ်ပြီလား၊ ကိုယ်ရှင်းပြတာကို မင်း နားမထောင်နိုင်မှတော့ မင်းဆန္ဒ သဘောအတိုင်းပဲ ရို(စ်)"

ညီသုတ ခပ်ရွဲ့ရွဲ့ပြောပြီး ရို(စ်)အနားက ထထွက်သွားခဲ့သည်။ ဒီလိုကျတော့ ရို(စ်) နှလုံးသားက မခံနိုင်ပါ။

ရို(စ်) ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။ မောင့်ရဲ့ခါးသီးသော ဆက်ဆံမှုတွေကို ရို(စ်) မခံစားနိုင်တာတော့ အသေအချာပါပဲ။

မခံချင်စိတ်တွေနှင့် ရို(စ်) ဘယ်လိုပဲ ပေါက်ကွဲပြောမိပါစေ။ မောင့်ဘက်က စိမ်းကားစွာ ဆက်ဆံမှုကိုတော့ ရို(စ်) နည်းနည်းလေးတောင် ခံနိုင်ရည်မရှိခဲ့ပါ။

တကယ်တမ်း မောင်သာ ရို(စ်)အနားက ထွက်ခွာသွားခဲ့လျှင် ရို(စ်) ဘယ်လိုရင်ဆိုင်ရမည်လဲ မတွေးရဲပါ။

အခုတော့ မျက်ရည်နိုင်လွန်းပါသည်ဆိုသော ရို(စ်) မျက်ရည်

နိုးနိုး ၀၇၄ပ



တွေ ရစ်ဝဲနေခဲ့မိတာ ချစ်တတ်လွန်းသော နှလုံးသားကြောင့် ထင်ပါရဲ့။

အားလုံးဟာ ရို(စ်)ရဲ့ မဆင်မခြင် အမှားတစ်ခုကြောင့်ပါပဲ။

■ ■ ■

နိုးနိုး ၀၇၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ညီသု နင်နဲ့ရို(စ်) အခုတလော ပြဿနာဖြစ်ထားကြလား ဟင်"

သူ အလုပ်နားသည့်တစ်ရက် ခြံထဲမှာ ဒရင်းဘတ်နှင့်ဆင်းထိုင်နေတော့ ကြည်ပြာ ရောက်လာကာ မေးသည်။ သူ စိတ်မပါဘဲ ထိုင်ဖတ်နေမိသော ဂျာနယ်ကို ရှေ့ကစားပွဲပုလေးပေါ် လှမ်းတင်လိုက်ရင်း

"အေးဟာ ငါတို့ စကားများ ရန်ဖြစ်ထားလို့"

ကြည်ပြာ ခေါင်းလေးညိတ်ကာ ခွေးခြေခုံလေးမှာ ဝင်ထိုင်သည်။ ပြီးမှ ခေါင်းလေးတညိတ်ညိတ် ရှိနေခဲ့ရင်း

"အေး ငါ ထင်တော့ထင်သားဟဲ့၊ ငါ့ကိုလည်း သိပ်ပြီးစကားကောင်းကောင်း မပြောဘူး၊ အင်း နင့်သူငယ်ချင်းဆိုတော့ ငါ့ကိုလည်း





နင့်ဘက်ပဲပါမှာဆိုပြီး သိပ်မကြည်တာ ဖြစ်မှာပေါ့"

ကြည်ပြာရဲ့ထင်မြင်ချက်ကို သူ ဘာမှ ခွန်းတုံ့မပြန်မိဘဲ နှုတ်ဆိတ်နေမိသည်။ တကယ်ဆို ကြည်ပြာ ဘာမှမသိသေးတာ အမှန်ဖြစ်သည်။

အမှန်တရားကြီးက သူနှင့်ရို(စ်)ပဲ သိထားကြသောကိစ္စကြီးဖြစ်သည်။ ထိုအမှန်တရားကြီးကြောင့်ပဲ သူနှင့်ရို(စ်)ကြားမှာ အဆင်မပြေမှုတွေ ဖြစ်လာလိမ့်မည်ဟု သူ ဘယ်တုန်းကမှ တွေးမထင်ထားခဲ့ပါ။

အခုတော့ သူ့စိတ်တွေ ညစ်ညူးရှုပ်ထွေးနေသည်။ မနေ့ကပဲ မေမေ့ဆီက ဖုန်းလာသည်။ ရို(စ်)ကို ဂရုစိုက်ဖို့တွေ သူနှင့်ရို(စ်)ရဲ့ရင်သွေးလေး မွေးခါနီးမှာ မေမေတို့ ရန်ကုန်လာကြမည်ဆိုသည့်အကြောင်းတွေ ပြောသည်။

မေမေ့ကို သူ အလိုက်အထိုက် ပြန်ပြောနေခဲ့ရပေမယ့် ရင်ထဲမှာတော့ စိုးရိမ်ချောက်ချားခြင်းတွေ ပြည့်နေခဲ့သည်။

ရို(စ်)သာ ရင်သွေးလေးမွေးခဲ့လျှင် ဟန်ဆောင်မရနိုင်သောကိစ္စကြီးကို မေမေတို့လည်း သိရှိသွားကြမှာသေချာသည်။ ထိုအခါ ရင်ဆိုင်ရမည့်အရေးတွေက စဉ်းစားမိတိုင်း သူ့ကို ရင်မောပူလောင်စေ၏။

"ဟဲ့ ညီသု"

ခပ်ဆောင့်ဆောင့်လေး ခေါ်လိုက်သော ကြည်ပြာအသံကြောင့် သူ အတွေးစတွေပြတ်ကာ မော့ကြည့်မိသည်။ မျက်မှောင်ကြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေသော ကြည်ပြာ မျက်ဝန်းတွေက သူ့ကိုအကဲခတ်ကြည့်နေခဲ့၏။

"နင့်စိတ်တွေ ဘယ်ရောက်နေတာလဲ ငါ ဒီလောက်ခေါ်နေတာတောင် နင် မကြားဘူးလား"

"ဆောရီးဟာ အခုတလော ငါ့စိတ်တွေ ညစ်ညူးနေတယ်"

"ဘာလဲ နင့်မိန်းမနဲ့ အဆင်မပြေတာကြောင့်လား။ နင် သူ့ကို ချော့လိုက်ပေါ့ဟယ်၊ မိန်းမဆိုတာ အချော့ကြိုက်တဲ့အမျိုးဟဲ့၊ နင် မချော့မချင်း သူ့စိတ်ထဲမှာ ကသိကအောက် ဖြစ်နေမှာပေါ့၊ သနားပါတယ်ဟာ"

ရှီ(စ်)ကြားက ပြဿနာသည် ထိုထက်မက ကြီးမားနေတာကို ကြည်ပြာ လုံးဝမသိရှာတော့ အခက်။

"ဟဲ့ ငါ ပြောတာ နင် သဘောပေါက်သလား"

"အင်း အေးပါဟာ ငါ ချော့မှာပါ"

ပြောရင်း သူ ဒရင်းဘက်မှာ မှီလှဲလိုက်တော့ မျက်ဝန်းတွေက အိမ်ရဲ့ဝရန်တာဆီ မရည်ရွယ်ဘဲ အကြည့်ရောက်သွားခဲ့သည်။

ဝရန်တာလေးမှာရပ်ကာ သူတို့နှစ်ယောက်ကို လှမ်းကြည့်နေသော ရှီ(စ်)ရဲ့အရိပ်လေးကို တွေ့လိုက်ရ၏။

ရှီ(စ်) ချာခနဲ အကြည့်လွှဲကာ အိပ်ခန်းထဲ လှမ်းဝင်သွားခဲ့သည်။ သူ ပင့်သက်မောကို ချမိသည်။

ရှီ(စ်)ရဲ့သံသယတွေကတော့ သူနှင့်ကြည်ပြာအပေါ်မှာ ပိုလို့ကြီးမားတော့မှာ သေချာ၏။

တကယ်ဆို ရှီ(စ်) အထင်လွဲနေတာကို ဖြေရှင်းပြဖို့ထက် သူ့





မှာ ညစ်ညူးစရာတွေသာ များနေခဲ့ခြင်းဖြစ်သည်။

ဟိုတစ်ရက်က သူ ကြည်ပြာကို ဖုန်းဆက်ခဲ့တာ အမှန်။ ဒါပေမဲ့ သူ့ရည်ရွယ်ချက်က ကြည်ပြာနှင့်နှစ်ယောက်ချင်းတွေ့ကာ သူနှင့် ရှီ(စ်)တို့ကိစ္စကို ပြောပြချင်တာကြောင့် ဖြစ်သည်။

ဒါပေမဲ့ နောက်ပိုင်းမှာ သူတို့အစီအစဉ်ကို ဖျက်ပစ်ခဲ့သည်။

သူနှင့်ရှီ(စ်)ပဲ သိသည့်ကိစ္စကြီးကို ကြည်ပြာကို ဖွင့်ပြောလို့ မဖြစ်ပါ။ ရှီ(စ်) သိလျှင် ပိုလို့ အထင်လွဲနိုင်သည်။

သူနှင့်ကြည်ပြာက ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖက်တွေဆိုတာ ရှီ(စ်)မှမသိနိုင်ဘဲ။

ရင်ဖွင့်ပြောပြခွင့်မရှိသော ပြဿနာကြီးကို ရင်ထဲမှာ တအုံနွေးနွေး သူ ခံယူနေခဲ့သည့်အဖြစ်က ကြာလျှင်ကောင်းမည်မထင်ပါ။

■ ■ ■

ဝမ်းနည်းစိတ်တွေက ရှီ(စ်) ရင်ထဲဖို့ကဲ့ဖိုတက်လာသည်။

စောစောက ခြံထဲမှာ မြင်ခဲ့ရသော မြင်ကွင်းကြီးက ရှီ(စ်)ရင်ကို နာကျင်စေ၏။ မောင်နှင့်သူမကြားက အဖုအထစ်ကြီးကတော့ ကြီးမားလာပြီထင်သည်။

မောင်နှင့်ရှီ(စ်) စကားများပြီးကတည်းက တစ်ယောက်နှင့်တစ်ယောက် တစ်အိမ်တည်းရှိနေလျက် သူစိမ်းဆန်နေခဲ့တာ ကြာပြီဖြစ်သည်။

နှစ်ဦးဆုံလျှင်တောင် အရင်လို ရင်းနှီးချစ်ခင်စွာ စကားမပြော ဖြစ်ကြတာ လေးငါးရက်မကတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာတောင် နှစ်ဦးစကားမပြောဘဲ တိတ်ဆိတ်စွာ ထိုင်မိကြသည်။ ညဘက် မောင် သူ့ရဲ့အလုပ်စာရင်းတွေ လုပ်နေချိန်မှာ ရို့(စ်) တမင်ပဲ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

မောင် အိပ်ရာဝင်တာလည်း သိသည်။ ရို့(စ်)ကိုသိုင်းဖက်ကာ မောင် နှစ်သိမ့်ချော့မော့ စကားဆိုလာမည်လား၊ မျှော်လင့်မိပေမယ့် မောင် အိပ်မောကျသွားခဲ့သည်။

ထိုအခါတိုင်း ရို့(စ်) မျက်ရည်လေးဝိုင်းကာ အိပ်မောကျနေသော မောင့်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မိတတ်စမြဲ။

မောင့်ရဲ့ချစ်ခင်ကြင်နာခြင်းတွေက ရို့(စ်)အပေါ်မှာ တဖြည်းဖြည်း လျော့ပါးသွားခဲ့သည်လား။ တစ်နေ့မှာ ဒီလို အခြေအနေတွေ ရင်ဆိုင်လာရမှာကို ရို့(စ်) ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။

နှစ်ရက်တစ်ခါလောက် ရို့(စ်)ဆီ ဘွားဖုန်းဆက်တိုင်း မေးတတ်သော ဘွားရဲ့အမေးကို ရို့(စ်) လိမ်ညာဖြစ်နေခဲ့တာ ဘွား စိတ်ဆင်းရဲမှာစိုးတာကြောင့် ဖြစ်၏။

''ဘွား သမီးကို သတိရတယ်၊ မောင်သုနဲ့သမီး အဆင်ပြေကြတယ် မဟုတ်လား''

''ဟုတ်ကဲ့ ဘွား''

''အေး အေး ဘွား ယုံတယ်၊ မြေးလည်း ကိုယ့်ရင်သွေးကို ဂရုစိုက်နော်၊ လနုသေးတယ်ဆိုပြီး ပေါ့ပေါ့မနေနဲ့ မောင်သုကော ဂရုစိုက်ရဲ့လား၊ မပန်းချစ်တို့က နှာ့စ်လေး လွှတ်ပေးထားတယ်ဆို''





''ဟုတ် မောင်လည်း ဂရုစိုက်ပါတယ် ဘွား၊ ရို့(စ်)အတွက် ဘာမှမပူပါနဲ့ ဘွားပဲ နေကောင်းအောင်နေပါ''

''အေး အေး ဘွား မကြာခင် ပြန်လာမှာပါ မြေးရယ်''

ဘွားကတော့ ဖုန်းဆက်တိုင်း ရို့(စ်)နှင့်မောင့်အကြောင်း မေးတတ်သလို မိန်မိန်ကလည်း ရို့(စ်)ကို မေးတတ်ပါသည်။

''ရို့(စ်) နင်တို့အဆင်ပြေကြတယ်မို့လား၊ ဘွားကတော့ နေ့တိုင်း နင်တို့အကြောင်းပြောနေတာ ဒီမှာ သုံးလပြည့်အောင်တောင် နေပါ့မလား မသိဘူး''

''ငါ့အတွက် မပူပါနဲ့ဟယ် နင် ဘွားကိုဂရုစိုက်ပါ''

''အေးပါ နင်လည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်၊ ငါ ပြန်လာရင် နင့်ရဲ့ကိုယ်ဝန်ကို ဂရုစိုက်ပေးမယ်၊ ကလေးလား ကမလေးလား ငါ ရင်ခုန်နေတာဟ အဟင်း ဟင်း''

ဘွားကော မိန်မိန်ပါ ရို့(စ်)ရဲ့ရင်သွေးအတွက်ပဲ ပြောနေကြသည်။ ဒါတွေကြားတိုင်း ရို့(စ်) ရင်မှာ ခံစားရ၏။

ဒီအမှားကြီးကြောင့်ပဲ မောင်နှင့်ရို့(စ်)ကြားမှာ အဟုအထစ်ကြီး ဖြစ်ခဲ့တာ ဘွားတို့ မသိကြပါလား။ တွေးရင်း ရို့(စ်) မျက်ရည်တွေ ဝဲလာမိ၏။

ရို့(စ်) ဝမ်းထဲမှာ မောင့်ရဲ့ရင်သွေးအစစ်အမှန်သာ တည်ရှိနေခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲ။

ပြင်မရသော နောင်တကြီးနှင့် ရို့(စ်) နေ့စဉ် နောင်တရ ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



နေရသည့်အဖြစ်ကြီးက ဘယ်လိုအဆုံးသတ်မည်လဲ။ ကြိုမတွေးရဲလောက်အောင် ရှီ(စ်) ရင်မှာ ထိတ်လန့်ခြင်းနှင့်အတူ တစ်နေ့နေ့မှာ မောင့်ရဲ့ အချစ်တွေကို ရှီ(စ်) ဆုံးရှုံးရလျှင်...။

ဟင့်အင်း ရှီ(စ်) သေလိမ့်မယ် မောင်ရယ်။

■ ■ ■





## အခန်း (၃၂)

ကြည်ပြာ အကဲခတ်နေခဲ့တာ ကြာပြီ။

ညီသုနှင့်ရှီ(စ်)ရဲ့ အခြေအနေတွေက ထူးခြားမလာတာ သတိထားမိနေ၏။ တစ်အိမ်တည်းအတူနေကြသည့် လင်မယားတွေ ဒီလောက်အထိ စိတ်ဆိုးနေတာတော့ မဖြစ်သင့်ဟု ထင်သည်။

သတိထားကြည့်မိတော့ ရှီ(စ်)နှင့်ညီသုတို့ တစ်ယောက်နှင့်တစ်ယောက် စကားပြောတာတောင် မတွေ့ရပါ။ ဒါပေမဲ့ နှစ်ဦးစလုံးရဲ့ မျက်ဝန်းတွေထဲမှာ ခါးခါးသီးသီး မုန်းနေတာမျိုးမရှိတာလည်း သိသည်။

ဒါတွေကို တွေ့နေတော့ ကြည်ပြာ စိတ်တိုဒေါသထွက်မိတာက ညီသုကိုပဲဖြစ်သည်။

တကယ်ဆို သူက အိမ်ထောင်ဦးစီးယောကျ်ားရင့်မာကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်။ ပြီးတော့ ကိုယ်ချစ်လို့ ယူထားတဲ့မိန်းမနဲ့အပြိုင် လိုက်စိတ်ကောက်နေတာ မဖြစ်သင့်ဟု ထင်သည်။

အခုတော့ သင်းက ရို(စ်)နှင့် ထိပ်တိုက်မဆုံအောင် ကြိုးစားနေသလိုလုပ်နေတာက ဆိုးသည်။ ခါတိုင်းဆို မိန်းမအနားမှာနေ့ ထင်ထင်ရှားရှား မပေါ်သေးသော မိန်းမ ဝမ်းဗိုက်ကို အရိပ်တကြည့် ရှိနေတတ်သည့်သူ။

အခုမှ ဥပေက္ခာပြုသလို လုပ်နေတာ ဘာသဘောလဲ။

ကြည်ပြာ တွေးနေတုန်းမှာ ခြံထဲကိုမောင်းဝင်လာသော ညီသုရဲ့ကားမီးရောင်ကို မြင်လိုက်ရ၏။

အရင်ကဆို ညီသု ဘယ်အချိန်ပြန်လာလာ ရို(စ်) ညှော်ခန်းထဲမှာ လည်တဆန့်ဆန့်နှင့် မျှော်နေတတ်ပေမယ့် အခုတော့ အခန်းထဲကတောင် မဆင်းပါ။

"ကျွီ"

ဆင်ဝင်အောက်မှာ ထိုးရပ်သွားသောကားပေါ်က ညီသု ဆင်းလာသည်။ ကားတံခါးကို တမင်အသံမြည်အောင် ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်တော့ ကြည်ပြာ မျက်မှောင်ကုပ်ရပ်ကြည့်နေမိ၏။

"တောက်"

ကားတံခါးဆောင့်ပိတ်တာနဲ့ အားမရဘဲ တက်ခေါက်လိုက်တာကြောင့် ကြည်ပြာ မျက်မှောင်တွန့်ထားတာ မလျော့ဘဲ ခါးထောက်ရပ်စောင့်နေလိုက်သည်။





ရှူးခနဲ နှာဝဆီတိုးဝင်လာတာ ချဉ်စူးစူး ယမကာရနံ့က အရင်ဆုံးဖြစ်၏။ ညီသု သောက်စားလာပြန်ပြီ ထင်သည်။

"ညီသု"

ခပ်ပြတ်ပြတ်စူးစူး ခေါ်လိုက်တော့ ညီသု မှုန်တေတေ ပြန်ကြည့်သည်။ မျက်နှာကရဲရဲနီလျက် သေသေသပ်သပ် အမြဲရှိတတ်သော ဆံပင်တွေက ဘုတ်သိုက်ဖြစ်နေ၏။

"နင် အရက်တွေသောက်လာတာလား ညီသု"

"အရက် နီး ဘီယာပါဟာ နည်းနည်းပါ"

ပြောရင်း ဆိုဖာထိုင်ခုံကြီးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်သည်။ ရှပ်အင်္ကျီကြယ်သီးတွေက ဟင်းလင်းပွင့်လို့၊ ဆံပင်တွေထဲ လက်ချောင်းတွေထိုးသွင်းကာ ခေါင်းငိုက်စိုက်ပုံက ထုရိုက်ပစ်ချင်စရာ။

"ဘီယာလည်း အရက်ပဲ ညီသု၊ ပြောစမ်း နင် ဘာလို့ ဒီအချိုးတွေ ဖြစ်နေတာလဲ၊ ငါ တကယ် နင့်ကို ပေါက်ကွဲနေတာ"

"အန် ဘာလို့လဲ"

"ဟဲ့ နင်လုပ်နေတာတွေမှ မဟုတ်ဘဲ၊ နင် ရို(စ်)ကိုတစ်ချက်လေး ဂရုမစိုက်ဘဲ ထင်ရာစိုင်းနေတာ ကောင်းသလား"

ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ကာ ညီသု ခေါင်းကိုခါသည်။ ပြီးမှ သူမကို မော့ကြည့်ရင်း

"ငါ အရမ်းခံစားနေရတာ နင် မသိပါဘူး ကြည်ပြာရယ် နင် မသိဘူး ဖူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါဘာမသိတာလဲ မသိတာ မရှိပါဘူး၊ နင့်အချိုးတွေ ပြောင်းနေတာ လုံးဝ မဟုတ်သေးဘူး"

"ကြည်ပြာ နင် ဘာမှမသိဘူး"

"လာပြန်ပြီ ဒီစကား၊ ငါ ဘာမသိတာလဲ ကဲ နင်ပြောစမ်း"

ကြည်ပြာ ဒေါသလေးဆူဝေလာကာ ညီသုရှေ့အထိ လျှောက်သွားပြီး မေးလိုက်မိသည်။

"ကြည်ပြာ ငါ ဆုံးဖြတ်ပြီးပြီ၊ ငါ နင့်ကို ဖွင့်ပြောမယ်ဟာ၊ ဒါပေမဲ့ ဒီအကြောင်းတွေကို ငါ အေးအေးဆေးဆေး ပြောချင်တယ်၊ ဒီလိုလုပ်ဟာ မနက်ဖြန် နင် အချိန်ပေးနိုင်မလား"

"အပိုတွေ ပြောမနေနဲ့ ညီသု၊ နင့်အတွက် ငါ ဘာလို့ အချိန်မပေးနိုင်စရာရှိမှာလဲ"

"အိုကေ ကျေးဇူးဟာ မနက်ဖြန် ငါ အလုပ်ပိတ်ရက်လေ၊ နင်နဲ့ငါ တစ်နေရာသွားပြီး ငါ ပြောပြမယ်၊ ငါ့ကို နင် နားလည်မယ် ထင်တယ်"

ညီသု လေးနက်စွာပြောနေတော့ ကြည်ပြာ ခေါင်းညိတ်ပြလိုက်၏။ ဒီအချိန် ဒီလိုအခြေအနေကြီးမှာ ညီသုနှင့်လည်း စကားတွေ အကြာကြီး ပြောမနေချင်တော့ပါ။

"အေး ငါ မနက်ဖြန် နင့်အတွက် အသင့်ရှိနေမယ် ကဲ နင် အိပ်တော့ အမူးပြေသွားအောင် နားလိုက်တော့"

ရို့(စ်) လှေကားထိပ်မှာရပ်နေရာက အသာပြန်လှည့်ကာ အခန်း





ဘက် ခပ်သုတ်သုတ် ထွက်ခဲ့သည်။

မောင့်ကားသံကိုကြားကတည်းက ရို့(စ်) မောင် ပြန်ရောက်ပြီဟု သိ၏။ မောင် တော်တော်နှင့် အခန်းဘက်ရောက်မလာမှ ရို့(စ်) ထွက်ခဲ့တာဖြစ်၏။

ရို့(စ်) မြင်တွေ့ကြားလိုက်ရသည်က မောင်နှင့်ကြည်ပြာတို့ ချိန်းဆိုနေကြသော စကားတွေဖြစ်သည်။

မောင်ရယ် ရက်စက်လိုက်တာ။

ရို့(စ်) တစ်ယောက်လုံး ရှိနေခဲ့တာတောင် မောင်တို့က အလေးမထား ဂရုမစိုက်တော့တဲ့ ထင်ရာစိုင်းနေကြတဲ့ အခြေအနေရောက်နေခဲ့ပြီပေါ့။

ရို့(စ်) နှလုံးသားတွေကို တဖွဲဖွဲ ပဲ့ကြွေအောင် မောင် ကြံစည်နေခဲ့တာလား။ ရို့(စ်)နှင့်ပတ်သက်သမျှ အရာအားလုံးကို ခွင့်လွှတ်နိုင်သည်ဟု ဆိုခဲ့သောမောင် ဘာကြောင့် ပြောင်းလဲသွားခဲ့တာလဲ။

အသေအချာ စဉ်းစားကြည့်တော့ အဖြေက ရှင်းလင်းပြတ်သားလွန်းပါသည်။ ရို့(စ်) ဝမ်းထဲက သန္ဓေသားလေးက မောင့်ရဲ့သွေးသား မဟုတ်တာကြောင့်ပဲဖြစ်သည်။

ရို့(စ်)ကိုယ်တိုင်ကလည်း ထိုအခြေအနေကြီးကို ကြိုတင်တွက်ဆသိထားပြီးလျက်နှင့် မောင့်ကို ငြိတွယ်သွားခဲ့တာ မဟာအမှားကြီးပါပဲ။

မောင့်ကိုမုန်းလို့မရအောင် ချစ်မိနေခြင်းက ရို့(စ်)အတွက်တော့ ဝေဒနာကြီးကို မွေးမြူထားရသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရို့(စ်) နားလည်လိုက်ပါပြီ မောင်ရယ်။

ပစ္စုပ္ပန်ဘဝကြီးထဲက ရို့(စ်) ရှန်းထွက်ဖို့အတွက် ရို့(စ်) နှလုံးသားကို ကိုယ်တိုင်ပဲ နင်းချေပစ်သင့်ပြီဆိုတာ။

■ ■ ■

ရို့(စ်) ဖျတ်ခနဲ နိုးလာတော့ မောင်သည် အနားမှာရှိမနေခဲ့ပါ။ မျက်ဝန်းတွေ ကသောကမျော ဖွင့်ကာ ရို့(စ်) လူးလဲထားလိုက်မိ၏။

မောင့်ရဲ့ခေါင်းအုံးလေးက သည်အတိုင်းပဲရှိကာ မောင့်နေရာက အိပ်ရာခင်းက ပြန့်ပြန့်လေး ရှိနေဆဲ။ သေချာတာက မောင် ညက ရို့(စ်)အနားမှာ မအိပ်ခဲ့ဘူးပေါ့။

ရင်ထဲမှာ စူးခနဲ နာကျင်မှုတွေနှင့် ရို့(စ်) ခုတင်ပေါ်က ဆင်းလိုက်တော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားတာမို့ ခုတင်ပေါ်မှာ ငုတ်တုတ်လေး ပြန်ထိုင်လိုက်ရသည်။

"ဟင် ရို့(စ်) ဘာဖြစ်တာလဲ"

အခန်းထဲ လှမ်းဝင်လာသော မောင် ရို့(စ်)ကို စိုးရိမ်တကြီးမေးကာ ပခုံးလေးကို ဆုပ်ကိုင်လာ၏။ ရို့(စ်) ချာခနဲ ခေါင်းမော့ပြီး မောင့်လက်တွေကို ပုတ်ချပစ်လိုက်သည်။

"ရှင် ရို့(စ်) အခန်းထဲ ဘာလို့ဝင်လာတာလဲ ညီသုတ"

"ဟင်"

ရေမိုးချိုးပြီး မွေးပွသဘက်ကြီးနှင့် ခေါင်းကဆံပင်တွေကို ပွတ်သုတ်နေသော မောင် ရို့(စ်)ကို မျက်လုံးပြူးကြည့်၏။





"ဟုတ်တယ် ဒီအခန်းထဲကို ရှင် မဝင်ပါနဲ့တော့၊ တော်ဝင်ရို့(စ်) ဆိုတဲ့ ခပ်ကြောင်ကြောင် မိန်းမတစ်ယောက်ကို ရှင် ရွံရှာနေပြီလား"

"ဟာကွာ ဘာတွေပြောနေတာလဲ"

"ညက ရှင် ကျွန်မအခန်းထဲ ဝင်မအိပ်ဘူးလေ၊ ရှင် ဘယ်မှာသွားအိပ်တာလဲ၊ အဲဒီအခန်းမှာပဲ ရှင် တစ်သက်လုံး အိပ်လိုက်ပါ"

"ဟာ ရို့(စ်) ဘာတွေပြောနေတာလဲ၊ ကိုယ် ညက အခန်းအပြင်ဘက်မှာ ဒရင်းဘက်နဲ့အိပ်တာ၊ ကိုယ့်ဘီယာနံ့တွေက မင်း ရှူရှိုက်မိရင် ဗိုက်ထဲက ကလေးကို ထိခိုက်မိမှာစိုးလို့ကွ"

"တော်စမ်းပါ ရှင့်စကားတွေကို ရို့(စ်) မယုံကြည်တော့ဘူး ညီသုတ၊ ကျွန်မ မျက်စိရှေ့မှောက်မှာတင် ရှင်တို့ ဂရုမစိုက်တဲ့ ဖောက်ပြန်နေတာ ကျွန်မ သိတယ်"

"ဟာ ရို့(စ်) မင်း မင်း ငါ့သိက္ခာကို မစော်ကားနဲ့"

မောင် ရှူးရှူးရှဲရှဲ ဒေါသထွက်သွားကာ မျက်နှာကြီးရဲရဲနီသွားခဲ့သည်။ အနာပေါ်တုတ်ကျ ခံစားလိုက်ရသည်လား။

"ဘာလဲ ညီသုတ အနာပေါ်တုတ်ကျ ခံစားရလို့လား၊ ရှင်တို့က အချစ်ဆုံး အခင်ဆုံး သံယောဇဉ်အရှိဆုံး သူငယ်ချင်းတွေဆိုတော့"

"ရို့(စ်) မင်း တော်တော့ ငါကွာ"

မောင့်လက်တစ်ဖက် မြှောက်တက်သွားခဲ့သည်။ ရို့(စ်) အံကိုတင်းတင်းကြိတ်ရင်း မောင့်ကို စူးစူးနစ်နစ် ကြည့်လိုက်၏။

"ရိုက်လေ ရိုက်စမ်းပါ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိ(စ်) ရှိ(စ်) မင်း တော် တော်ကွာ တောက်"

မောင် ခေါင်းတွေခါကာ ချာခနဲ အခန်းထဲက ထွက်သွားခဲ့သည်။ ရှိ(စ်) မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာ၏။

မောင် လက်နှင့်ရှယ်ပြီး မရိုက်ဖြစ်ခဲ့ပေမယ့် ရှိ(စ်) နှလုံးသားမှာတော့ စူးစူးနစ်နစ် နာကျင်လှသည်။

မောင့်ရဲ့မျက်ဝန်းတွေမှာ ရှိ(စ်)ကို ကြင်နာယုယခဲ့သော နွေးထွေးမှုတွေ တကယ်ပဲ မရှိတော့ဘူးပေါ့။ ပြီးတော့ ထိုအရာအားလုံးက ကြည်ပြာဆီမှာပဲ စုပုံသွားခဲ့ပြီလား။

ရှိ(စ်) မည်မျှကြာအောင် ရှိုက်ငိုနေမိသည်မသိပါ။ မောင့်ရဲ့ကားမောင်းထွက်သံကိုကြားမှ သတိဝင်လာကာ အခန်းထဲက လှမ်းထွက်လိုက်သည်။

"ဟင်"

အခန်းအပြင်မှာ ရှိနေသော ဒရင်းဘက်နှင့်ခြုံစောင်တစ်ထည်က ဒီအတိုင်းရှိနေသည်။ ညက မောင် အပြင်မှာအိပ်ခဲ့တာ အနေနဲ့ပဲပေါ့။

ရှိ(စ်) ဖေဖေဝါတွေးရင်း အိမ်အောက်ထပ်ကို ဆင်းခဲ့သည့်အခါမှာပဲ မိဖြူနှင့်ဆုံသည်။

"မိဖြူ နှင့်အစ်ကိုလေးကော"

"အခုပဲ မမကြည်ပြာကို ခေါ်ပြီး အပြင်ထွက်သွားပြီ မမလေး"

"ဟင်"

ရင်ထဲမှာ ဟာလာဟင်းလင်းနှင့် အရာအားလုံးကို ဆုံးရှုံးသွားခဲ့





သလိုပါပဲ။ ရှိ(စ်) ရင်ထဲမှာ ပူလောင်စူးနစ်သော ဝေဒနာနှင့်အတူ ရှိ(စ်) နားလည်လိုက်ပါပြီ မောင်။

အားလုံးကို ရှိ(စ်) အရှုံးပေးလိုက်ပါပြီ မောင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

''နှင် နှင်ပြောနေတာတွေ တကယ်ပဲလား ညီသု''

ကြည်ပြာ အံ့ဩမျက်ဝန်းလေးတွေ ဝိုင်းစက်ကာ မယုံသလို မေးသည်။ သူ ခေါင်းကိုပဲ ညိတ်ပြမိသည်။

မေမေတို့ကိုတောင်  အသိမပေးဖြစ်သောကိစ္စကြီးကိုတော့ ကြည်ပြာကို သူ ဖွင့်ပြောမိခဲ့ပြီ။ မျိုသိပ်ထားလို့မရအောင် ရင်ထဲမှာ မွန်းကြပ်နေပြီ။ ပြီးတော့ သူနှင့်ရို(စ်)ကြားမှာ ပြဿနာတွေက တစ်ခုပြီးတစ်ခု ရင်ဆိုင်နေရပြီ။

''ငါ ဘယ်သူ့မှ ဖွင့်မပြောချင်ဘူးဟာ၊ မေမေတို့တောင် မသိဘူး။ ရို(စ်) ဝမ်းထဲက သန္ဓေသားက နိုင်ငံခြားက ယူလာတဲ့ ဖန်ပြွန်သန္ဓေသားလေ၊ ဘယ်သူ ဘယ်ဝါရယ်မသိပေမယ့် နိုင်ငံခြားသားတွေရဲ့ မျိုးရိုးဗီဇဘက်ကဆိုတော့ ငါ ငါ မွေးလာမယ့်ကလေးကို လက်ခံဖို့ ခက်ခက်





ဖြစ်နေတယ်ဟာ''

သူ့ရင်ထဲက ခံစားချက်တွေကို အခင်မင်ဆုံးသူငယ်ချင်း ကြည်ပြာကိုပဲ ဝန်ခံပြောမိသည်။

ကြည်ပြာ တစ်ငုံမျှ မသောက်ရသေးသော ကော်ဖီခွက်ကို ငူငူကြီး ငေးကြည့်နေခဲ့သည်။ မှာထားသော ကော်ဖီတွေကို မသောက်ဖြစ်သေးတာတော့ နှစ်ဦးစလုံးပါပဲ။

''ညီသုရယ် တကယ်ပဲ ငါ အံ့ဩတယ်၊ ရို(စ်)က အဲဒီလောက် အထိတောင် ဆုံးဖြတ်လုပ်ခဲ့တာလား''

''ဟုတ်တယ် ကြည်ပြာ၊ သူနဲ့ငါ ဆုံမိချိန်မှာ သူ့ကိုငါ သိပ်ချစ်သွားခဲ့တယ်၊ သူကလည်း ငါ့ကိုသိပ်ချစ်တာ ငါ သိတယ်''

''ငါသဘောပေါက်ပြီ ညီသု၊ နှင် ရို(စ်)ကို ခွင့်လွှတ်နားလည်နိုင်လို့ လက်ထပ်ခဲ့တာ မဟုတ်လား''

''သိပ်သေချာတာပေါ့ ကြည်ပြာ၊ ရို(စ်)ကို ငါ့ဘဝ ငါ့နှလုံးသားပုံအပ်ချစ်ခဲ့တာပါ၊ ရို(စ်)ကလည်း နောင်တကြီးရနေတာပဲ၊ ငါ ခွင့်လွှတ်ပြီး ချစ်နိုင်ခဲ့တယ်၊ ဒါကြောင့် မေမေတို့မသိအောင် လက်ထပ်ခဲ့တာ''

ကြည်ပြာ သူ့ကိုငေးစိုက်ကြည့်ရင်း ခေါင်းလေးညိတ်သည်။

''ဒါဆို ဘာကြောင့် နှင်က အခုမှ ပြောင်းလဲသွားတာလဲ ညီသု''

''ငါ ပြောင်းလဲတာ ရို(စ်)ကိုချစ်တဲ့ ချစ်ခြင်းတွေ လျော့ပါးသွားတာမဟုတ်ဘူး ကြည်ပြာ၊ နှင်ပဲ စဉ်းစားကြည့်၊ ဒီကလေးရဲ့မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဇီဇက ငါတို့နဲ့ ဘယ်လိုမှ တူမှာမဟုတ်ဘူးလေ၊ ဒါကို ငါ လက်ခံဖို့ခက်နေတာ၊ မေမေတို့ သိရင်လည်း ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ ပြီးတော့ ပတ်ဝန်းကျင်ကို ငါ ဘယ်လိုမျက်နှာပြ ရင်ဆိုင်ရမလဲ''

''မဟုတ်သေးဘူး ညီသု၊ ရို့(စ်) ဝမ်းထဲက သန္ဓေသားက လူသားလေးတစ်ယောက်လို့ နင် တွေးကြည့်ပါ၊ ပြီးတော့ ဘာမှမသိတဲ့ အပြစ်ကင်းစင်တဲ့ ကလေးလေးပါဟယ်၊ ရို့(စ်)က ဒီရင်သွေးလေးကို ဝမ်းနဲ့လွယ်ပြီး ကိုးလလွယ် ဆယ်လဖွားမှာ၊ ဒါ ရို့(စ်)ရဲ့သွေးသားနဲ့ ကြီးထွားလာတဲ့ ကလေးပဲလေ၊ နင့်အသက်မကာ ချစ်တဲ့ ရို့(စ်) ရင်သွေးကို နင် လက်မခံနိုင်ဘူးလား''

ကြည်ပြာ စကားတွေက သူ့ရင်ထဲအထိ စူးစူးနစ်နစ် တိုးဝင်သည်။ ရို့(စ်) ဝမ်းထဲက ရင်သွေးလေးက ရို့(စ်)ရဲ့သွေးသားနဲ့ ကြီးထွားရှင်သန်မွေးဖွားလာမယ့် ရင်သွေးတဲ့လား။

''ငါ လက်ခံနိုင်တယ် ကြည်ပြာ၊ ဟုတ်တယ် ရို့(စ်) မွေးတဲ့ ကလေးလေးက လူမျိုးခြားလေးပဲဖြစ်ဖြစ် အိုဟာ ကပ္ပလီလေးပဲဖြစ်ဖြစ် ငါ ချစ်တယ်''

''ဒါဆို နင် အားလုံးကို ရင်ဆိုင်ဖို့ သတ္တိရှိပေါ့ဟာ နင် ကိုယ်တိုင်က တွန့်ဆုတ်နေရင် ရို့(စ်)က ပိုခံစားရမှာပေါ့၊ ရို့(စ်)ခမြာ သန္ဓေသားလေးကို တည်ထားရတဲ့အချိန်မှာ လင်ယောကျ်ားဖြစ်တဲ့ နင့်ရဲ့ယုယမှုတွေ ကင်းဝေးနေတာ မဖြစ်သင့်ဘူး''

''ကြည်ပြာ နင့်ကို ငါ အရမ်းကျေးဇူးတင်တယ်၊ ဟုတ်တယ်





ရို့(စ်)အတွက် ငါ ဘယ်လိုအခြေအနေမျိုးကိုမဆို ရင်ဆိုင်မယ်ဟာ၊ ရို့(စ်)ရှေ့မှာ ငါ ရှိနေမယ်''

သူ ရဲရဲဝံ့ဝံ့ဆိုတော့ ကြည်ပြာ ကြည်နူးစွာ ပြုံးသည်။

''မလိုပါဘူး ညီသုရယ်၊ ငါက နင်တို့နှလုံးသားတွေကို မြင်သိခံစားနိုင်တယ်လေ၊ ရို့(စ်)က နင့်ကို သိပ်ချစ်ပါတယ်''

''ငါ အကြွင်းမဲ့ယုံတယ်၊ ငါလည်း ရို့(စ်)ကို ချစ်တယ်ဟာ''

ကြည်ပြာ မျက်စောင်းလေးထိုးသည်။ ဒါပေမဲ့ နှုတ်ခမ်းလေးတွေက ပြုံးနေဆဲဖြစ်ကာ

''အစွဲအလန်းတွေနဲ့ နင်တို့တုန်လှုပ်နေတာတွေ မေ့ပစ်လိုက်စမ်းပါ စိတ်ချ နင့်မိဘတွေ လက်ခံနားလည်လာအောင် ငါလည်း ပြောပြမှာပေါ့ဟာ၊ ချက်ချင်းကြီး လက်မခံနိုင်တောင် ကြာရင် သူတို့မြေးကို ချစ်လာမှာပါ''

''ဟုတ်တယ် ငါ အားလုံးကို ရင်ဆိုင်ရဲတယ်၊ အရေးကြီးတာ ရို့(စ်)ရဲ့ရင်သွေးလေးအပေါ်မှာ ငါနဲ့ရို့(စ်) ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ပြည့်ဝတဲ့မိဘမေတ္တာကို ပေးစွမ်းနိုင်ဖို့ပါပဲဟာ''

''ကောင်းတယ် ညီသု၊ နင်ကော ရို့(စ်)မှာပါ အဲဒီ နားလည်မှု ရှိခဲ့ရင် အရာရာ နိုင်မြဲသွားမှာပါ''

ကြည်ပြာကတော့ သူ့အတွက် အကောင်းဆုံးသော သူငယ်ချင်းပါပဲ။ အခုလည်း သူနှင့်ရို့(စ်)ကြားမှ ပြဿနာကြီးကို ကြည်ပြာ အကြံဉာဏ်ကောင်းတွေ ပေးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရို့(စ်)နှင့်သူတို့ နှလုံးသားတွေ ထပ်တူညီနေမှတော့ ဘယ်လို အရာက နှစ်ဦးကို ဝေးစေနိုင်မှာလဲ။

ရို့(စ်)ရယ် မောင့်ချစ်ခြင်းကို အကြွင်းမဲ့ယုံပါ။

■ ■ ■

"ဘာ ဘာပြောတယ် မိဖြူ ရို့(စ်) ထွက်သွားတယ် ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ အစ်ကိုလေး ဒီမှာ ဒါတွေပေးခဲ့တယ်"

"ဟင်"

မိဖြူ ကမ်းပေးနေသော စာရွက်တွေကို သူ လှမ်းယူလိုက်တော့ ကွာရှင်းစာချုပ်မှာ ရို့(စ်) လက်မှတ်ထိုးထားသည်။

"ဟာကွာ အဓိပ္ပာယ်မရှိတာ"

ရို့(စ်)လက်ရေးနှင့် စာခေါက်လေးကို သူ ဖွင့်ဖတ်ကြည့်တော့

မောင်

မတည်ဆောက်သင့်တဲ့ ဘဝတစ်ခုကို အချစ်တစ်ခုအတွက်နဲ့ ရို့(စ်) တည်ဆောက်ဖို့ ကြိုးစားခဲ့မိတယ်။

ဒါ မိုက်မဲခြင်းဆိုတာ ရို့(စ်) သိလိုက်ပါပြီ။ တကယ်ဆို အမှားကြီးကို ကျူးလွန်ခဲ့သူက ရို့(စ်)ပါပဲ။ ဘယ်ယောက်ျားကိုမှ မချစ်ဘူးဆိုတဲ့ ကြွေးကြော်ချက်နဲ့ ထင်ရာစိုးခဲ့တဲ့ ရို့(စ်) မောင်နဲ့မှ အချစ်ကို ရူးရူးနှစ်နှစ် ခံစားတတ်ခဲ့တာပါ။

ဒါပေမဲ့ ရို့(စ်) မဆင်မခြင်ပြုခဲ့တဲ့ကိစ္စကြီးကပဲ ရို့(စ်)နှလုံးသား





ကို ပေးဆပ်လိုက်ရပြီဆိုတာ နားလည်လိုက်ပါပြီ မောင်။ မောင့်ကို ရို့(စ်) အပြစ်မတင်ရက်ပါဘူး။ နားလည်နိုင်ပါတယ် မောင်။

ရို့(စ်)ကြောင့် မောင် စိတ်မဆင်းရဲရအောင် ရို့(စ်) ကွာရှင်းပေးခဲ့ပါတယ်။ ရို့(စ်)ကို လိုက်မရှာပါနဲ့။

အမှားတစ်ခုရဲ့ဒဏ်ကို ရို့(စ်) တစ်သက်လုံး ရင်ဆိုင်သွားမှာပါ။

ရို့(စ်)

စာလေးအဆုံးမှာ သူ့ရင်ထဲ ဟာလာဟင်းလင်းဖြစ်သွားခဲ့သည်။ ရို့(စ်) သူ့ကို စွန့်ပစ်သွားခဲ့ပြီတဲ့လား။

ဟင့်အင်း ရို့(စ်) မောင့်အနားက ထွက်မသွားပါနဲ့။

"ဗြဲ ဗြဲ"

ကွာရှင်းစာချုပ်လေးကို သူ အပိုင်းပိုင်း စုတ်ဖြဲပစ်လိုက်၏။ ကြည်ပြာက သူ့ကိုငေးကြည့်နေခဲ့သည်။

"ကြည်ပြာ ငါ ရို့(စ်)ကို လိုက်ရှာဦးမယ်"

"သူ ဘယ်သွားမယ်လို့ နင် ထင်သလဲ"

"မသိဘူး သူ အဝေးဆုံးကို ရှောင်ထွက်သွားမှာ သေချာတယ်၊ အဝေးပြေးကားဂိတ်တွေမှာ လိုက်စုံစမ်းရမှာပဲ"

စကားအဆုံးမှာ သူ ပြေးထွက်ခဲ့သည်။ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေးပေါ်တက်ကာ မောင်းထွက်ခဲ့၏။

ရင်ထဲမှာ ပူလောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ခံစားသည်တကူမေ့ အလွယ်တကူ ဖျောက်ဖျက်ပစ် လို့ရတဲ့အရာမှ မဟုတ်ဘဲ ရှီ(စ်)ရယ်။

မင်းတစ်ဖက်သတ်ကြီး မောင့်ကို မထားရစ်ခဲ့ပါနဲ့။ မင်းကို မောင် ဘယ်လောက်မြတ်နိုးချစ်ခဲ့တယ်ဆိုတာ . . ။

■ ■ ■

သူ အိမ်ပြန်ရောက်တော့ အမှောင်ရိပ်သမ်းနေပြီ။ ကြည်ပြာနှင့် မိဖြူတို့ သူ့ကိုစိုးရိမ်တကြီး စောင့်မျှော်နေကြ၏။ ကြည်ပြာက သူကားပေါ်က မဆင်းခင် အပြေးလေးရောက်လာရင်း

"ရှီ(စ်) ရှီ(စ်)ကို တွေ့ခဲ့သလား ညီသု"

"ဟင့်အင်း လုံးဝမတွေ့ခဲ့ဘူး ကြည်ပြာ၊ ငါ ကားဂိတ်တွေ ဘူတာတွေအနှံ့ ရောက်ခဲ့ပြီးပြီ"

"အေး ငါလည်း ဖုန်းဆက်ပြီး အားလုံးမေးကြည့်တယ် ရှီ(စ်) ဘယ်မှာမှ သတင်းမရဘူး။ ရှီ(စ်)ရဲ့ အိုကိုဒေါက်တာ ခင်မြတ်မွန်ဆီလည်း ဖုန်းဆက်ကြည့်သေးတယ်"

"ရှီ(စ်) ရှီ(စ်) မလာဘူးလားဟင်"

"ဟင့်အင်း သူ မရောက်လာဘူးတဲ့"

"ဟား"

သူ ဆိုဖာကြီးပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်၊ ရင်ထဲမှာ မောဟိုက်မှုလောင်လုံ့ပြီ။

ရှီ(စ်) သူ့ကိုဥပေက္ခာပြု ရက်စက်ရက်ပြီလား။





"ညီသု နင် ထွက်သွားပြီးမကြာဘူး ရှီ(စ်)ဘွားဆီက ဖုန်း လာတယ်"

"ဟင် ဘွားဆီက"

"အေး နောက်နှစ်ပတ်လောက်ကြာရင် သူတို့ ပြန်လာတော့ မယ်တဲ့၊ နီးမှ ရက်အတိအကျကို ဖုန်းဆက်မယ်တဲ့"

ကြည်ပြာ စကားကြောင့် သူ ရင်မောရပြန်သည်။ ဘွားရောက် လာလျှင် သူဘယ်လိုရှင်းပြရမည်လဲ။

ရှီ(စ်)သည် အားလုံးကို ဥပေက္ခာပြု စိမ်းကားသွားခဲ့ပြီလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၄)

"ရှီ(စ်) နေကောင်းလား"

အခန်းထဲမှာ ရှီ(စ်)တစ်ယောက်တည်း ငေးငေးလေး ထိုင်နေတုန်း စိမ်းမြရောက်လာကာမေးတော့ ခေါင်းလေးညိတ်ပြရင်း

"ကောင်းပါတယ် စိမ်းမြ"

စိမ်းမြ သူမ နံဘေးမှာ ငြိမ်ငြိမ်လေး ဝင်ထိုင်ရင်း ကရုဏာမျက်ဝန်းတွေနှင့်ကြည့်ကာ ပင့်သက်လေးရှိုက်သည်။

"ရှီ(စ်)ရယ် နင့်အကြောင်းတွေ ငါ ကြားရတာ တကယ်အံ့သြမိသလို စိတ်လည်းမကောင်းဘူးဟာ၊ ငါတို့က နင်နဲ့ညီသုတို့ မင်္ဂလာပွဲတုန်းက သိပ်လိုက်ဖက်ညီတာလို့ ချီးကျူးနေကြတာဟ"

စိမ်းမြစကားကြောင့် ရှီ(စ်) ရင်ထဲမှာ ငိုချင်ချင်ဖြစ်ရပြန်သည်။ ထိုစဉ်တုန်းက ရှီ(စ်)ရင်ထဲမှာလည်း အပျော်တွေနှင့်အရာရာကို မေ့ထားခဲ့တာပဲဖြစ်၏။

အခုတော့ ရှီ(စ်)အဖြစ်က အိပ်မက်ထဲက လန့်နိုးသူလိုပါပဲ။





ရှီ(စ်)ရဲ့ရင်သွေးလေးရယ် မောင်ရယ် ပျော်စရာကောင်းသော မိသားစုဘဝလေးကို တစ်သက်လုံးပိုင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သမျှသည်

"ရှီ(စ်) နင် သိပ်ဝမ်းနည်းနေလားဟင်"

"ငါ ငါ ခံစားရတာ အမှန်ပဲ စိမ်းမြရယ်၊ မောင့်ကိုငါ သိပ်ချစ်တယ်ဟာ"

"ဒါဆို နင် ဘာလို့ အိမ်ကထွက်ခဲ့တာလဲ နင်တို့ တရားဝင်လက်ထပ်ထားတာပဲဟာ၊ သူ သစ္စာမဲ့တယ်ထားဦး နင် ချော့မော့သိမ်းသွင်းပြုပြင်သင့်တယ်"

"ဟင့်အင်း အမှားကြီးကျူးလွန်မိတာက ငါပါ၊ ငါ့ရဲ့အမှားကြီးကြောင့်ပဲ မောင် ခံစားခဲ့ရတာပါ၊ မောင် ခံစားနေတာလည်း ငါ မကြည့်ရက်ဘူး၊ ဒါကြောင့် ငါ ရှောင်ထွက်ခဲ့တာ"

"နင့်ကို ငါ ဘာပြောရမှန်းမသိဘူး၊ ငါ အကြံမပေးတတ်ဘူးဟယ်"

ရှီ(စ်)အဖြစ်ကြီးက ဘယ်သူမှ မကယ်တင်နိုင်သည့်အဖြစ်ကြီးဆိုတာကို ရှီ(စ်) သိပါသည်။

ရှီ(စ်) မောင့်ကို မမုန်းနိုင်ပေမယ့် မောင့်အရိပ်က ထွက်ပြေးခဲ့တာ မောင့်ကိုထပ်ပြီး ဒုက္ခတွေ၊ သောကတွေ မပေးချင်တော့လို့ပါ။

ရှီ(စ်)အတွက်တော့ မောင်နှင့်ပတ်သက်သည့် အလွမ်းတွေကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ။

မောင်ကတော့ ရှီ(စ်)အဝေးကို ထွက်သွားပြီဟု ထင်မှာသေချာ



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ ဒါပေမဲ့ ရှို(စ်) အဝေးကြီးကို ထွက်ခဲ့တာ မဟုတ်ပါ။ သူငယ်ချင်းဖြစ်သူ စိမ်းမြရဲ့ ခြံလေးထဲမှာပဲ လာခိုနေတာ ဖြစ်၏။

ရှို(စ်) ရည်ရွယ်ချက်က ဘွား ပြန်ရောက်လာလျှင် ဘွားနှင့်ပဲ ရှို(စ်) ဘဝကိုရှင်သန်တော့မည်။

ရှို(စ်) ဘာတွေပဲမှားခဲ့ မှားခဲ့ ဘွားက ခွင့်လွှတ်မှာ ယုံကြည်သည်။ တစ်ချိန်လောကကြီးထဲမှာ ဘွားမရှိတော့လျှင်တော့ ရှို(စ်) ရင်သွေးလေးနှင့် အမေရိကားမှာပဲ ဘဝကို အဆုံးသတ်ရှင်သန်တော့မည်။

တကယ်ဆို ထိုစိတ်ကူးကြီးက ရှို(စ်) ခက်ခဲစွာချခဲ့ရသော ဆုံးဖြတ်ချက်ကြီးသာ ဖြစ်သည်။

ရှို(စ်) ဘယ်တော့မှ မြန်မာပြည်ကို မခွဲဘူးဟု ဆုံးဖြတ်ထားပေမယ့် ရှို(စ်) ရင်သွေးလေးအတွက် အသင့်တော်ဆုံးနေရာကို ရှို(စ်) ရွေးချယ်ရတော့မှာပဲ ဖြစ်သည်။

ရှို(စ်) အမှားကြီးကြောင့် မောင့်အချစ်ကို ဆုံးရှုံးခဲ့ပြီ။ ဒီအမှားကြီးကြောင့်ပဲ ရှို(စ်) ရင်သွေးလေး အနာဂတ်မှာ အရိပ်မည်းကြီး မထင်ရစ်စေချင်ပါ။

"ရှို(စ်) မနက်ကတည်းက နင် ဘာမှမစားရသေးဘူး။ လာဟာ တစ်ခုခုသွားစားရအောင်"

စိမ်းမြ ရှို(စ်) ပခုံးလေးကိုဖက်ကာ ကြင်နာသံလေးနှင့် ခေါ်နေတော့ ရှို(စ်) မငြင်းချင်တော့ပါ။ ခေါင်းလေးညိတ်ကာ ခုံတန်းလေးက ထရပ်မိ၏။

"အိုး အမေ့"





"ဟင် ဘာ ဘာဖြစ်လို့လဲ ရှို(စ်)"

စိမ်းမြ မေးတာကို ရှို(စ်) ချက်ချင်း မဖြေနိုင်ပါ။ ရင်ထဲမှာ ထိတ်ခနဲ ချောက်ချားစိတ်နှင့် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့၏။

"ငါ ငါ ဟို ဟို"

ရှို(စ်) ဂါဝန်လေးကိုမကာ အသံတုန်တုန်လေးနှင့် ဆိုမိသည်။ စိမ်းမြ ရှို(စ်)ကို မျက်လုံးလေးတွေ ဝိုင်းကြည့်ရင်း

"နင် နင် ဘာဖြစ်လို့လဲ"

"ငါ ငါ့ရင်သွေးလေး တစ်ခုခုဖြစ်ပြီထင်တယ် စိမ်းမြရယ်"

"ဘုရားရေ"

စိမ်းမြ အထိတ်တလန့် ဘုရားလေးတသည်။ ရှို(စ်) ရင်ထဲမှာ ကြောက်လန့်စိတ်ကြီးနှင့် စိမ်းမြ လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ရင်း

"စိမ်း စိမ်းမြ ငါ့ကို မမမွန်ဆီ လိုက်ပို့ပေးပါဟယ်"

■ ■ ■

ခုတင်လေးထက်မှာ ပက်လက်ကလေးလှဲရင်း ရှို(စ်) ရင်ထဲမှာ ဝမ်းနည်းစိတ်တွေ တရိပ်ရိပ် တိုးလာ၏။

ရှို(စ်)ရဲ့ဝမ်းထဲက သန္ဓေသားလေး ပျက်စီးခဲ့ပြီတဲ့လား။ ဒေါက်တာ မမမွန်ကတော့ ရှို(စ်)ကို ဘာမှမကြောက်လန့်ဖို့ ပြောကာ ခုတင်လေးပေါ်မှာပဲ လှဲနေစေ၏။

"မ မမမွန် ရှို(စ်) ရှို(စ်) ရင်သွေးလေး ပျက်ကျတာလားဟင်"

"ခဏလေး လှဲနေလိုက် ရှို(စ်)လေး၊ ဘာမှမစိုးရိမ်နဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးစောင့် နော်''

မမမွန် နှစ်သိမ့်ကာ ရို့(စ်)ကို ဘာမှပြန်မဖြေခဲ့ပါ။ မိနစ်ပိုင်းမျှ ကြာတော့ အခန်းထဲဝင်လာတာ

''ဟင် မောင်''

''ရို့(စ်) အချစ်ရယ်''

မောင်က ရို့(စ်)ကို အပြေးလေး ခုတင်စွန်းမှာထိုင်ကာ လက်ဖဝါးလေးကို ဆုပ်ကိုင်ထား၏။ ကြည်ပြာကလည်း နှစ်လိုဖွယ် အပြုံးလေးနှင့် ပြုံးကြည့်ရင်း

''ရို့(စ်)နဲ့ စောစောတွေ့တာ ညီသုက်ကောင်းတယ်၊ နို့မို့ဆို ခံစားနေတဲ့ ဝေဒနာက ဆေးမတိုးဘူး၊ ဒီကောင် အသည်းကွဲသေမှာ ရို့(စ်)ရဲ့''

''ဟုတ်တယ် ရို့(စ်) ဘာလို့ မောင့်ကိုခွဲသွားတာလဲ၊ မောင် ရို့(စ်)ကို သိပ်ချစ်တာပါကွာ ကြည်ပြာကလည်း မောင်တို့ကိစ္စတွေ ပြောပြတော့ အကောင်းဆုံး အကြံတွေပေးတယ်၊ ဒါပေမဲ့ ရို့(စ်)က မောင်ယုယကြင်နာမှုတွေကို လက်မခံဘဲ ထွက်ပြေးတယ်၊ ရို့(စ်) မရှိရင် မောင်လည်း သေလိမ့်မယ် သိလား''

မောင် ရို့(စ်)ကို တတွတ်တွတ် ပြောနေသည်။ ကြည်ပြာကလည်း ပြုံးလို့ မမမွန်ကလည်း ရို့(စ်)တို့ကို ပြုံးကြည့်နေ၏။

ရို့(စ်)မှာသာ ရို့(စ်) ရင်ဆိုင်ခံစားနေရသော ခံစားမှုဝေဒနာကြီးနှင့် တုန်လှုပ်နေခဲ့ကာ

''မောင် ရို့(စ်)၊ ရို့(စ်)ရဲ့ရင်သွေးလေး ဘာဖြစ်သွားတာလဲ၊





ရို့(စ်)ကို ပြောစမ်းပါ ရို့(စ်) မှားခဲ့ပေမယ့် ဒီရင်သွေးလေးကို မရက်စက်ရက်ခဲ့ပါဘူး''

ရို့(စ်) စကားကြောင့် ဒေါက်တာ မမမွန် ပြုံးပြုံးလေး ခေါင်းခါရင်း

''ဟင့်အင်း ရို့(စ်)လေးမှာ ဘာကိုယ်ဝန် ဘာသန္ဓေသားမှ မရှိဘူး''

''ရှင် ဘယ်လို မဟုတ်တာ''

''မမမွန် ရှင်းပြမယ် ရို့(စ်)၊ အမေရိကားမှာ မမမွန်ရဲ့အစ်မ ဒေါက်တာ ခင်မေလွင်နဲ့ ဖန်ပြွန်သန္ဓေသားယူဖို့ ရို့(စ်) ကြိုးစားခဲ့တယ် မဟုတ်လား''

''ဟုတ်ကဲ့ မမမွန်''

''ရို့(စ်) စိတ်ထက်သန်နေပေမယ့် မမ ခင်မေလွင်က ရို့(စ်) ဆန္ဒကို မဖြည့်ဆည်းပေးခဲ့ပါဘူးကွယ်''

''ရှင် ဘယ်လို''

''ဒါ မြန်မာမိန်းကလေးတွေနဲ့ မအပ်စပ်တဲ့ကိစ္စကြီးလေ၊ ဒါကြောင့် မမခင်မေလွင်က ရို့(စ်) ကျေနပ်အောင် လိမ်ညာပြောပြီး မြန်မာပြည်ကို ပြန်လွှတ်လိုက်တာ၊ ဒါတွေကို မမမွန် အစောကြီးကတည်းက သိနေခဲ့တယ်''

ရို့(စ်) ခေါင်းလေးရှုပ်ထွေးသွားသည်။ ရို့(စ်) ဝမ်းထဲမှာ သန္ဓေသားလေး ရှိနေတာ တကယ်မဟုတ်ဘူးတဲ့လား။

''မ မမမွန် ပြောတော့ ရို့(စ်)မှာ သန္ဓေသားရှိနေပြီဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟို ရှိ(စ်)မှာ တကယ်မလာတာ သုံးလ''

ရှိ(စ်) မေးရင်း အနားမှာရှိနေသော မောင်ကြောင့် စကားသံလေး ရပ်သွားသည်။ ကြည်ပြာက ပြုံးရင်း

''ရှိ(စ်) အဲဒီလို သုံးလကြာအောင် မမွန်က ဆေးထိုးပေးထားခဲ့တာပေါ့ ရှိ(စ်)ရဲ့ အင်း ညီသုရေ့မှာ ပြောရတာတောင် မျက်နှာပူလိုက်တာ အဟင်း''

မောင်မျက်နှာကြီးရဲကာ ခေါင်းကြီးငုံ့သွား၏။ ရှိ(စ်)ကတော့ အခုမှ အမှန်တရားကြီးကို သိလိုက်ရတာမို့

''ဒါ ဒါဆို ရှိ(စ်) ရှိ(စ်)မှာ ကိုယ်ဝန်တကယ်မရှိဘူးပေါ့ အခု ဖြစ်တာက ပုံမှန်သွေးပေါ့ ဟုတ်လား''

မမွန် ခေါင်းလေးညိတ်သည်။ ရှိ(စ်) ရင်ထဲမှာ ဝမ်းသာကြည်နူးခြင်းတွေ လှိုက်တက်လာ၏။ ပြင်မရသောအမှားကြီးကို ကျူးလွန်ခဲ့ပြီဟု ထင်မှတ်ထားခဲ့သမျှ...။

''ရှိ(စ်)လေး မမွန်နဲ့ မမ ခင်မေလွင်ကို အပြစ်မမြင်ပါဘူးနော်''

''အို မမွန်ရယ် ရှိ(စ်) အခုချိန်မှာ အရမ်းကျေးဇူးတင်နေမိတာပါရှင် ရှိ(စ်) ရှိ(စ်) တကယ် မမှားခဲ့ဘူးပေါ့နော်''

''ရှိ(စ်) တကယ်မှားပြီး သန္ဓေသားလေး တည်နေရင်တောင် မောင်က တစ်သက်လုံး မြတ်နိုးချစ်ခင်သွားမှာပါ၊ အခုတော့ ဘွားပြန်လာရင်တောင် ရှိ(စ်) ဘယ်လိုပြောမလဲ''

မောင့်စကားကြောင့် ရှိ(စ်) ပြုံးမိသည်။ ဘွားကို လိမ်ခဲ့ညာခဲ့





တာတွေအတွက် ရင်ဆိုင်ဖို့တောင် ခပ်ခက်ခက်။

''ဟုတ်ပ့ါ ရှိ(စ်) ဘွားက မြစ်လေးဆစ်ယောက် မျှော်လင့်နေရှာတာ''

ကြည်ပြာ ပြောတော့ မောင်ကရယ်ကျဲကျဲမျက်နှာနှင့် မော့ကြည့်ရင်း

''ဘွား ဆန္ဒတွေ ပြည့်မှာပါ၊ မကြာခင် ရှိ(စ်)နဲ့ကိုယ်ရဲ့ ရင်သွေးစစ်စစ်ကို ဘွား မြင်ရမှာပေါ့ နော် ရှိ(စ်)''

''အို မောင်ကလည်း''

''ညီသုနော် အရှက်ကိုမရှိဘူး ကဲ ကဲ ဒီမှာ မမွန်ကိုလည်း အားနာကြဦး၊ ရှိ(စ်) ပြန်လိုက်ခဲ့တော့နော်''

မမွန်ကို နှုတ်ဆက်ပြီး သူတို့တွေ ပြန်ခဲ့ကြသည်။ ရပ်ထားသော ကားလေးဆီရောက်တော့

''ကြည်ပြာ နင်နဲ့စိမ်းမြ တက္ကစီနဲ့ ပြန်ခဲ့ကြဟာ၊ ငါနဲ့ ရှိ(စ်) စကားတွေအများကြီးပြောချင်လို့''

''အမလေး ကိုပိုရယ် ကြွပါ ကြွပါ၊ ဘုရားပြီးငြမ်းဖျက်ဆိုတာ ဒါမျိုးပေါ့ ဟွန်း''

ကြည်ပြာ မကျေမနပ်လေး ပြောပေမယ့် မျက်နှာလေးက ကျေနပ်စွာ ပြုံးနေခဲ့ပါသည်။

မောင်က ရှိ(စ်) လက်ကလေးကိုဆွဲကာ ကားထဲဝင်သည်။ ပြီးတော့ မောင်ကိုယ်တိုင် ကားလေးကို မောင်းထွက်ခဲ့သည်။

''ရှိ(စ်)''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မောင်"

"မောင့်ကို ဘယ်တော့မှ ခွဲမသွားနဲ့နော်"

"ဘယ်တော့မှ မခွဲပါဘူး မောင်ရယ်"

မောင့်ပခုံးလေးကို မှီကာ ရို့(စ်) ပြောတော့ မောင် ရို့(စ်)နား အနားကပ်ကာ တိုးတိုးလေးပြောသည့်စကားကြောင့် ရို့(စ်) မျက်နှာလေး ရဲသွားခဲ့၏။

"နော် ရို့(စ်) မောင်ကော ဘွားကော ကျေနပ်စိတ်ချမ်းသာတဲ့ မိသားစုဘဝလေး ပိုင်ဆိုင်ချင်တယ်"

ရှက်မျက်နှာလေးနှင့် ရို့(စ်) ခေါင်းညိတ်ပြရင်း မောင့်လက်မောင်းမှာ ခေါင်းလေးမှီထားလိုက်ပါသည်။

အနာဂတ်လှလှလေးမှာ မောင်နဲ့ရို့(စ်)တို့ရဲ့ သာယာလှပသော ဘဝလေးက အသေအချာ စောင့်ကြိုနေမှာပါ။

အဲဒီဘဝလေးထဲမှာ မောင်ရယ်၊ ရို့(စ်)ရယ်၊ မောင်နဲ့ရို့(စ်)ရဲ့ ချစ်စရာကောင်းတဲ့ စစ်မှန်သော ရင်သွေးလေးတွေရယ်။

ဘယ်လောက် ငြိမ်းချမ်းသာယာလိုက်မလဲ။

ပရိသတ်အတွက်

အမြဲတမ်း

ဗျူး



www.burmeseclassic.com